www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို

## အချစ်စစ်တစ်ခုအကြောင်း


တမူခွင့်ပြုချက်အမှတ် – ၅၀၁၃၁၄၀၉၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၃၁၃၀၉၀၉

၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ

ပထမအကြိမ်

တန်ဖိုး – ၁၀၀၀/-

အုပ်ရေ – ၅၀၀အုပ်

ထုတ်ဝေသူ … ဦးကျော်လှိုင်(၀၃၈၈၇)၊ စေတနာစာပေ အမှတ်(၅၉)၊ ၁၉–လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ … ဦးကျော်လှိုင်(၅၅၇၃)၊ စေတနာ-OFFSET အမှတ်(၅၉)၊ ၁၉–လမ်း၊ ရန်ကုန်။

၈၉၅.၈၃

လမင်းမိုမို

အချစ်စစ်တစ်ခုအကြောင်း/လမင်းမိုမို–ရန်ကုန်။

စေတနာစာပေ၊ ၂၀၁၀။

၂၈၈– စာ၊ ၁၂x၁၈ စင်တီ။

(၁) အချစ်စစ်တစ်ခုအကြောင်း


## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







## ၁

ရှီးမက မီးသဂြိုဟ်ခန်းမဘက်ဆီမှ တစ်လှမ်းချင်း ပြန်လျှောက်လာခဲ့သည်။ လူတစ်ယောက်ဘဝဟာ အဆုံးသတ်ပြီး ဆုံးသွားချိန်မှာ ဘာအစအန အမှိုးအငွေ့မှ မကျန်ရစ်တော့ပါလား။ နောက်ဆုံး ကြွင်းကျန်ရစ်တဲ့ အမှိုးအငွေ့တို့သည်ပင် မိနစ်နှမြေမှ အတွင်း လေထုထဲ ရောနှောပျံ့ကြီကုန်ကာ ဒါဟာ မေမေ့ရဲ့ဂိုကြည့် အငွေ့ပါလို့ ပြန်ဖမ်းယူ ဆုပ်ကိုင်ပြလို့ မရအောင် ပျောက်ကွယ်နေသေး သွားပြီပဲ။ :ပါ ဆံပင်

"ရှီးမ" ိ် ဘာမှမရှိ

"အေး"

သူငယ်ချင်း ဇော်လွင်က ရှီးမ ပခုံးကို တစ်ချက်ဟတ်၍ ညစ်ကာ ... ဆံစင်း

www.burmeseclassic.com



"မင်း ကားပေါ်တက်နှင့်၊ သိမ်းစရာ ယူစရာရှိတာလေးတွေ ငါ ယူပြီးလာမယ်"

"မေမေ့ဓာတ်ပုံကလွဲရင် ဘာမှ ယူစရာမရှိပါဘူးကွာ"

"အေးပါ ... ကဲ ... သွားနှင့်၊ ဟိုမှာ ဓေယျကား"

ရိုးမ လှမ်းကြည့်လိုက်တော့ သူငယ်ချင်း ဓေယျက ကားနားရပ်နေရာမှ လက်လှမ်းပြသည်။ ရိုးမက ခေါင်းညိတ်ပြလိုက်ပါသည်။

"ရိုးမ"

တိုက်က လုပ်ဖော်ကိုင်ဖက်တွေ အနားကပ်လာကာ သူ့ကို လက်ဆွဲတဲ့သူဆွဲ၊ အားပေးဖြီး ဖြီးတဲ့သူဖြီး၍ နှုတ်ဆက်ကြပါသည်။

"ငါတို့ သွားတော့မယ်နော် ရိုးမ"

"ဟုတ်ကဲ့ ... ကျေးဇူးပါပဲဗျာ။ ရက်လည်နေ့ကျရင် တစ်တိုက်လုံး လာဦးနော်၊ ကျွန်တော်လည်း ဒီကြားထဲ ရုံးရောက်ဦးမှာပါ"

"ရုံးလာမနေနဲ့တော့လေ၊ ရက်လည်တဲ့နေ့အထိ မင်းကို ဦးသစ်က ခွင့်ပေးထားတာပဲ"

ဦးသစ်က ရိုးမတို့ မဂ္ဂဇင်းနှင့် ဂျာနယ်တိုက်မှ naging editor ဖြစ်ပါသည်။





"ဦးသစ်က ခွင့်ပေးပေမယ့် ကျွန်တော်က ရက်လည်နေ့ မရောက်ခင်အထိ ကြားထဲက သုံးရက်တောင် အိမ်မှာတစ်ယောက်တည်းထိုင်ပြီး ဘာလုပ်နေရမှာလဲဗျာ၊ အိမ်မှာလည်း ဘာမှလုပ်စရာရှိတာ မဟုတ်တာ၊ ရက်လည်မတိုင်ခင်တစ်ရက်ကျမှပဲ ကျွန်တော် ဘုန်းကြီးကျောင်းက ပန္နည်းလေးဘာလေး ငှားတာ နောက်နေ့အတွက် ပြင်ဆင်တာလေးလုပ်ဖို့ရှိတာ၊ ဒီကြားထဲတော့ ဘာမှအလုပ်မရှိဘဲ အိမ်မှာထိုင်နေရမယ့်တူတူ တိုက်ကိုပဲ လာထိုင်နေတာကမှ စိတ်ပြေလက်ပျောက် ရှိဦးမှာ အစ်ကိုရ"

"အေး ... ဒါလည်း ဟုတ်တယ်၊ ကဲ ... ငါတို့သွားကြမယ်"

"ဟုတ်ကဲ့ ... ကျေးဇူးပါပဲ၊ အားလုံး"

ရိုးမသည် မေမေ့ကို ထားရစ်ရတဲ့ ဤသုသာန်မြေမှ ချက်ချင်း မပြန်ရက်သေးသလို သံယောဇဉ် တငင်ငင်နှင့် ဟိုကြည့် ဒီကြည့် ရပ်နေမိပါသည်။ လွန်ခဲ့တဲ့ သုံးရက်က အိမ်မှာရှိနေသေးတဲ့ မေမေဟာ အခုတော့ ဒါမေမေ့ရဲ့အရိုးပါ အသားပါ ဆံပင်ပါ မေမေ့အနိုးအငွေ့ပါလို့ ဘာတစ်ခုမှ ပြလို့မရအောင် ဘာမှမရှိတော့ပြီဆိုတာ မယုံချင်စရာပင်။

မေမေ့ကို လိုက်ပါပို့ဆောင်တဲ့ မိတ်ဆွေသင်္ဂဟတို့ရဲ့ကားအချို့၊ ရပ်ကွက်ထဲက ကားအချို့၊ တစ်စင်းပြီးတစ်စင်း

www.burmeseclassic.com



ပြန်ပြီ။ ဆွေမျိုးနည်းပါးတဲ့ ရီးမတို့ရဲ့ မေမေ့ဘက်က အမျိုးနည်းနည်းဟာလည်း အားလုံးစုပေါင်းပြီးလာတဲ့ ရီးမငှားပေးတဲ့ ဟိုက်အေ့စ်ပစ်ကပ်ပ်ကားနှင့်ပြန်ဖို့ စုပြုံတက်ကြပြီ။ မေမေ့ဆွေမျိုးတို့က သိပ်မချောင်လည်ကြတဲ့သူများ ပါသည်။

"ရီးမ"

"ဟုတ်ကဲ့ ... ဘကြီး"

မေမေ့ အစ်ကိုဝမ်းကွဲ ဘကြီးက အနားကပ်လာကာ ...

"ငါတို့ပြန်ကြမယ်ဟေ့"

"ဟုတ်ကဲ့ ဘကြီး၊ ကျေးဇူးတင်ပါတယ်၊ ရက်မလည်ခင် တစ်ရက်ကတည်းက လာကြမယ် မဟုတ်လား"

"လာမယ် ... လာမယ်၊ ကူစရာရှိတာ လာကူဦးမယ်၊ ဒါပေမဲ့ ဒီကြားထဲ တစ်ရက် ငါ့ဆီလာခဲ့ဦး ရီးမ"

"ဟုတ်ကဲ့"

"ဆက်ဆက်လာခဲ့၊ မင်းအမေ မရှိတော့ဘူးဆိုတော့ ငါ မင်းကို အရေးကြီးတာ ပြောစရာရှိတယ်"

"ဟုတ်ကဲ့"

ထိုဘကြီးဟာ မေမေချစ်ခင်ရှိသေတဲ့ ဘကြီးဝမ်းကွဲ။ မေမေက မောင်နှမရင်းချာ မရှိသူဖြစ်၍ ဝမ်းကွဲတွေကို အရင်းအချာလို ချစ်ခင်သူ ဖြစ်ပါသည်။ ဒီဘကြီးကမှ ခုမှ ငါးဆယ့်



ငါးနှစ်လောက် ရှိသေးတာ။ မေမေက ဘကြီးထက် ရှစ်နှစ်တောင် ငယ်ပါသည်။ ခုမှ လေးဆယ့်ခုနစ်နှစ်။

"လာဖြစ်အောင် လာနော် ရီးမ"

"ဟုတ်ကဲ့ ... နက်ဖြန် ရုံးကအပြန် ဝင်ခဲ့ပါ့မယ် ဘကြီး"

"အေး ... သွားပြီဟေ့"

"ဟုတ်ကဲ့"

ရီးမက ငြိမ်ငြိမ်သက်သက် ရပ်ကျန်ရစ်သည်။ မေမေ့အသုဘကို လိုက်ပို့တဲ့ကားတွေ သုသာန်ဝင်းအတွင်းက တစ်စီးပြီးတစ်စီး မောင်းထွက်သွားသလို သုသာန်ဝင်းထဲကို တခြားသော အသုဘတွေရဲ့ကားတွေ တစ်စီးပြီးတစ်စီး မောင်းဝင်လာနေပါသည်။ ဝင်တဲ့ကားကဝင် ထွက်တဲ့ကားကထွက်။

လောကကြီးထဲကိုလည်း ဒီလိုပဲ ဝင်တဲ့သူကဝင်လာ ထွက်တဲ့သူက ထွက်သွားပဲပေါ့။ ရီးမက သက်ပြင်းရှိုက်ရင်း သူ ရပ်နေတဲ့နေရာရဲ့ နောက်ဘက်ကခန်းမကို လှည့်ကြည့်လိုက်ပါသည်။ အသုဘမချရသေးတဲ့ ခန်းမတစ်ခု။ ရပ်ကလပ်ပြင်ထားတဲ့အနား ခုမှ ဖယောင်းတိုင် အမွှေးတိုင်တွေ ထွန်းညှိတုန်းဖြစ်သည်။

အသုဘစင်နံဘေး လက်ပိုက်၍ တောင့်တောင့်ရပ်နေတဲ့ မိန်းကလေးတစ်ဦးက မြင်ကွင်းထဲမှာ ထင်းနေပါသည်။

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



ရီးမ မျက်ခုံးတွေ ပင့်တက်သွားပြီး သားတစောင်း မြင်နေရတဲ့ မိန်းကလေးရဲ့ မျက်နှာကို ဒီထက်ပိုမြင်ရအောင် နေရာရွှေ့ရပ်လိုက်ပါသည်။

တီရှပ်အဖြူပေါ် ဆွယ်တာအကျီအနက် လက်ရှည်လေးနှင့်၊ ထဘီက အနက်ပေါ် အဖြူရောင် စံပယ်ပွင့်လေးတွေအဆင်။ အရပ်မြင့်မြင့် သွယ်သွယ်လေးနှင့် အရိုးအစားကျတဲ့ ကိုယ်ခန္ဓာ၊ ခါးလောက်ရောက်တဲ့ ဆံပင်ရှည်ရှည်။

"နုပျို"

ရီးမနှုတ်ကထုတ်ကာ ရေရွတ်လိုက်မိသည်။ သူမရဲ့ နာမည်အပြည့်အစုံကတော့ "လှနုပျို"ပေါ့။ တစ်ချိန်လုံး သူတဖွဖွ ခေါ်ဖူးခဲ့တဲ့ နှုတ်ကျိုးရင်းစွဲ အခေါ်ဝေါ်ကတော့ "နုပျို"ပေါ့။

ငယ်သူငယ်ချင်းလေး။ ငယ်သူငယ်ချင်း ဆိုတာထက်ကိုပိုပြီး သူ့အတွက်တော့ တန်ဖိုးမဖြတ်နိုင်တဲ့ "ငယ်ချစ်ဦးလေး"။ တကယ်တော့ ကိုယ့်တစ်ဖက်အတွက်သာပါ။ သူ့ဘက်ကတော့ အဲသလို မဟုတ်ပေဘူးပေါ့။ ဆယ်တန်းနှစ်မှာ စပြီးကွဲကွာသွားခဲ့ကြတာ ဆိုတော့ ခုချိန်မှာ ကွဲကွာခဲ့တာ ဆယ့်တစ်နှစ် ဆယ့်နှစ်နှစ် ရှိနေပြီ။

ရီးမရဲ့အသက် နှစ်ဆယ်ခုနစ်မို့ နုပျိုရဲ့အသက်လည်း နှစ်ဆယ့်ခုနစ်နှစ်ပဲ ရှိနေပြီပေါ့။ အသက်နှစ်ဆယ့်ခုနစ်ဆိုတာ အိမ်ထောင်ရက်သား ကျပြီးလည်း ဖြစ်ချင်ဖြစ်နေလောက်





တဲ့ အရွယ်ပဲ။ ဒါဖြင့် အခု နုပျို အပျိုပဲလား၊ အိမ်ထောင်သည်လား။

ဘယ်လောက်ဝေးကွာကွာ ဘယ်တော့မှ မမေ့ခဲ့တဲ့ နုပျိုကို ခုလိုပြန်အတွေ့မှာ ရီးမရဲ့နှလုံးသားတွေက ပူနွေးလှုပ်ရှားခုန်ပေါက်လာခဲ့ပြီ။ အရင်တုန်းကလောက် မပိန်တော့တာတစ်ခုပဲ ပြောင်းလဲသွားတာရယ်လို့ရှိကာ အရင်ကပုံစံလေးအတိုင်း ရှိနေတဲ့ နုပျိုကို အကြာကြီး ရပ်ငေးနေမိပါသည်။

ဘယ်သူ ဆုံးလို့ပါလိမ့်။

ခုတင်နံဘေး မလှုပ်မယှက် ရပ်နေပုံထောက်တော့ ဆွေမျိုးသားချင်းထဲက တစ်ယောက်ယောက်ပဲ နေမှာပေါ့။ ရီးမက ခန်းမအဝက သံဆိုင်းဘုတ်လေးမှာ ကပ်ထားတဲ့ စက္ကူဖြူတွင် အမည်ကို ကြည့်လိုက်ပါသည်။

ဦးလင်းဆွေ။

အသက်(၅၄)နှစ်။

"ဟင်"

ဦးလင်းဆွေ ဆိုတာ နုပျိုရဲ့အဖေပဲ။ နုပျိုအဖေဆုံးတာပေါ့။ ရီးမက ကိုယ်နှင့်ပါနှိုင်းစာကာ ရင်ထဲ အတော်မကောင်းဖြစ်သွားရပါသည်။ တိုက်တိုက်ဆိုင်ဆိုင်။ ကိုယ့်အမေနှင့် သူ့အဖေ အသုဘချရက်ချင်း တူနေရတယ်လို့။ သုံးရက်ထားတာချင်းတူလျှင် ကွယ်လွန်တဲ့ရက်ပါ အတူတူပဲပေါ့။ တိုက်ဆိုင်လှချည်လား။



www.burmeseclassic.com

www.burmeseclassic.com



ဆယ့်တစ်နှစ် ဆယ့်နှစ်နှစ် ကွဲကွာနေတဲ့ သူတို့ချင်း ပြန်ဆုံစည်းဖို့ ကံကြမ္မာက စေစားဖန်တီးခဲ့တယ် ဆိုရင်လည်း ဒီလိုမလှပသော အကြောင်းတိုက်ဆိုင်မှုမျိုးကြီးနဲ့တော့ ပြန်မဆုံစည်းစေသင့်ပါဘူး။

ရီးမက နပျိုထံသွားဖို့ ဆုံးဖြတ်ပြီး ခန်းမထဲလှမ်းဝင်လိုက်ပါသည်။ အခန်းဝနားက လူရွယ်လေးကကမ်းတဲ့ ယပ်တောင်ကို လှမ်းယူလိုက်သည်။ ယပ်တောင်မှာ ရက်လည်ဆွမ်းကျွေးတရားနာ ဖိတ်စာလေး ကပ်ထားတာမို့ နပျို အခုရှိနေတဲ့ အိမ်လိပ်စာပါတာပေါ့။

ရီးမသည် နပျိုရဲ့နံဘေးနား ကပ်လာသည်။ ရှေ့ဆုံး ပလတ်စတစ်ခုံတစ်ခုံမှာ ပါးစပ်ကို လက်ဝါးနှင့်အုပ်ပြီး တအီအီ ငိုညည်းနေတဲ့ အမျိုးသမီးကို သူ မသိပါ။

"နပျို"

ရီးမက ခပ်တိုးတိုး ခေါ်လိုက်သည်။ ဖြည်းဖြည်းကလေး လှည့်လာတဲ့ နပျိုရဲ့မျက်နှာပေါ်မှာ မျက်ရည်ရှိမနေပါ။ မျက်လုံးများကတော့ နာကျင်ကြေကွဲတဲ့ ဒဏ်ရာဒဏ်ချက်နှင့် ဆွေးမြည့်နေသည်။

"မှတ်မိလား နပျို"

နပျိုက အကြာကြီး အံ့ဩငေးမော စိုက်ကြည့်နေပြီး ...





"နင် ... ရီးမ မဟုတ်လား"

ရီးမက ခေါင်းညိတ်လိုက်ရင်း ...

"ဟုတ်တယ်၊ နင် မှတ်မိသားပဲ"

"မမှတ်မိစရာ ဘာရှိလဲ၊ ခုနစ်နှစ် ရှစ်နှစ် ကျောင်းတူတူ တက်ခဲ့တာပဲ၊ ပြီးတော့ နင်က ရုပ်လည်းမပြောင်းပါဘူး"

"နင်လည်း မပြောင်းဘူး"

နပျိုက ရီးမကို စူးစူးစိုက်စိုက်ကြည့်ရင်း ...

"နင် ငါ့အဖေဆုံးတာ ဘယ်လိုလုပ်သိပြီး ရောက်လာတာလဲ"

ရီးမက ခေါင်းခါလိုက်ရင်း ...

"ငါ မသိပါဘူး"

ထို့နောက်တော့ မရှိတဲ့အပြုံးလေးနှင့် ...

"ငါဟာငါ လာတာပါ၊ ခုနကပဲ ငါ့အမေကို သဂြိုဟ်တယ်လေ"

"ဟင်"

ရီးမက သူ့ကိုကမ်းထားတဲ့ ယပ်တောင်ကစာကို ဖတ်ရင်း ...

"တိုက်ဆိုင်လိုက်တာဟာ၊ နင့်အဖေနဲ့ ငါ့အမေက တစ်နေရာစီမှာ တစ်ရက်တည်း ဆုံးကြပြီး တစ်နေရာတည်းမှာ တစ်ရက်တည်း တစ်ချိန်တည်း သဂြိုဟ်ဖို့ရောက်လာကြ



www.burmeseclassic.com

www.burmeseclassic.com



တဲ့အတွက် ငါတို့ ပြန်ဆုံကြတယ်နော်၊ မတွေ့ကြတာ ဆယ့်တစ်နှစ်၊ ဆယ့်နှစ်နှစ်၊ ပြန်ဆုံကြတဲ့ အဖြစ်အပျက်ကလည်းဟာ"

ရီးမရဲ့ ဆွေးညည်းညည်း အပြောကို နပျိုကလည်း တအံ့တဩ နားနားကျင်ကျင်ကလေး ငေးမောနားထောင်နေပါသည်။

ရီးမ ...။

ကွဲကွာသွားတဲ့ နှစ်တွေအတွင်း လူကြီးတစ်ယောက် ဖြစ်နေပြီပေါ့။ မကြာ မကြာ သတိရမိတာ အမှန်ဖြစ်ပေမယ့် ဟိုးတုန်းက ကြုံဆုံခဲ့ဖူးပြီး ကွဲကွာသွားတဲ့သူတွေအကြောင်း၊ အတိတ်အကြောင်း၊ ပြီးခဲ့သမျှတွေကို တ,သနေဖို့ ပြန်တွေးနေဖို့ နပျိုမှာ အချိန်မရှိခဲ့။ စဉ်းစားနေဖို့ ဦးနှောက်ထဲ နေရာလွတ်မရှိခဲ့။ လောလောဆယ် ပစ္စုပ္ပန်အခြေအနေ ကိုယ့်ရပ်တည်မှုအတွက်သာ စဉ်းစားနေရလွန်းတဲ့အတွက် အပိုတွေ (အပိုတွေလို့ပဲ ထားပါတော့)အတွက် နေရာ အချိန် မပေးနိုင်ခဲ့ပါ။

ဒါပေမဲ့ ဖျတ်ခနဲ သတိရလိုက်ခြင်းမျိုးကတော့ မအားလပ်တဲ့အတွက် အချိန်မပေးနိုင်တဲ့အတွက် သတိရမနေတော့ပါဘူးလို့ တားမြစ်ထားလို့မှ မရတာ။ အာရုံထဲ ဖျတ်ခနဲဝင်လာလျှင် သတိရမိလိုက်ပြီပေါ့။ အဲဒီထဲမှာ ရီးမတစ်ယောက် အမြဲပါတတ်ခဲ့ပါသည်။





ဟိုးတုန်းက ကျောင်းစိမ်းပုဆိုးနွမ်းနွမ်း၊ ရှပ်အင်္ကျီဖြူနွမ်းနွမ်းနှင့် အမေ မုဆိုးမသား ရှိခဲ့တဲ့ ကောင်ကလေး ရီးမ၊ အခုတော့ တစ်ကောင်ကြွက် ဖြစ်ပြီပေါ့။ ခုတော့ သူ တံတောင်ဆစ်ထိ လက်ခေါက်ဝတ်ထားတဲ့ ရှပ်အင်္ကျီကလေးဟာ ဖြူစင်သစ်လွင်ပါရဲ့။ ကချင်ကွက်ပုဆိုး အစိမ်းပုပ်လေးကလည်း ပြောင်ယောင်ပါရဲ့။

မပြောင်းလဲတဲ့ အရာက နပျိုကိုကြည့်တဲ့ မျက်ဝန်းလေးတွေ။ မရဲတရဲနဲ့ အမြဲတမ်း ရှန်းစိုလက်ဖြာစွာ မြတ်နိုးနှစ်လိုတဲ့ မျက်လုံးလေးများ။ ခုထိ ဒီအတိုင်းပါလား ရီးမရေ။ နင့်ကို ဒီလိုရက် ဒီလိုအချိန် ဒီလိုနေရာမှာ ပြန်တွေ့လိုက်ရတဲ့အတွက် ငါလည်း ဝမ်းသာပီတိတစ်မျိုးနဲ့ အားရှိမိပါတယ်။

"ဦးက ဘာနဲ့ဆုံးတာလဲ"

"ဦးနှောက်သွေးကြော ပြတ်တာ၊ ရုတ်တရက် ဆုံးတာပေါ့ဟာ"

တစ်မနက်ခင်းလုံး ငိုလို့မရခဲ့တဲ့ နပျို၊ ဝမ်းနည်းစိတ်ဆိုက်ခနဲဆိုကာ မျက်ရည်တွေ မျက်လုံးအိမ်ထဲ ပြည့်လျှံလာသည်။

"နင့်အမေရော"

"မေမေက အစကတည်းက ရင်ကျပ်ရောဂါ ရှိတာဟ။ နောက်ပိုင်းကျတော့ နှလုံးပါ ထိလာတယ်၊ ခုတစ်ခါလည်း ရင်ကျပ်အမောဖောက်နေတာ လေးငါးဆယ်ရက်ရှိပြီပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ဆေးခန်းမြဲသွား ဆေးသောက်ထားပေမယ့် သူ မသက်သာဘဲ တော်တော်ကျပ်နေတာ ငါ့ကို သေချာမပြောဘူး၊ ငါ ရုံးသွားနေတုန်း ရေချိုးခန်းကအထွက် ရင်ကျပ်ပြီး မောပြီး လဲကျတာ၊ ချွဲဆို့ပြီး ဆုံးသွားတာဟ၊ အိမ်နီးချင်းက ဖုန်းဆက်ခေါ်လို့ ငါ ရုံးကပြန်ရောက်လာတော့ အသက်မမီတော့ဘူး၊ ဆုံးပြီဟ"

"နင်အမေက ငယ်ငယ်လေး ရှိသေးတာ မဟုတ်လား"

"အင်း ... လေးဆယ့်ခုနစ်နှစ်"

"ငါ မှတ်မိတယ်၊ နင့်အမေက ငယ်ငယ်လေးနဲ့ ချောချောလေးဆိုတော့ ငါတို့က နင့်အစ်မအကြီးလို့ မှတ်နေကြတာလေ၊ နင့်အမေဆိုတာ မယုံနိုင်ခဲ့ကြတာ၊ လေးဆယ့်ခုနစ်နှစ်ဆိုတာ အရမ်းငယ်သေးတာပဲ"

တကယ်တမ်းဆိုရင် မေမေ့အသက် (၅၄)နှစ်ဆိုတာလည်း အရမ်းငယ်နေသေးတာပါပဲ။ နေမယ်ဆိုရင် အများကြီးနေလို့ ရသေးတဲ့အရွယ်ပါ။ ဒါပေမဲ့ နပျို့ အလူးအလဲ ပူဆွေးငိုကြွေးမနေမိသည်မှာ "မေမေ ဝဋ်ကျွတ်သွားရှာတာပေါ့"ဆိုတဲ့ အတွေးမျိုး တွေးမိနေလို့ပါ။

တကယ်ပဲ မေမေ ဝဋ်ကျွတ်တာပါ။ ဝဋ်မကျွတ်သေးတာ နပျို့ပဲလေ။

"နင့်အမေရော နေကောင်းရဲ့လား"



"မေမေက ဆုံးတာ ကြာပြီပဲ"

"ဟုတ်လား၊ ငါ လုံးဝမသိပါလား"

"ဟုတ်တယ်၊ နင် ဘယ်သိမလဲ၊ ငါတို့ ဆယ်တန်းတက်ကြတဲ့ နှစ်စမှာ ငါတို့ပြောင်းသွားတာလေ၊ ရန်ကုန်ပြောင်းသွားပြီး ဘာမှမကြာဘူး နှစ်လပဲ ရှိသေးတယ်၊ မေမေ ဆုံးသွားတာ၊ မေမေ့ကို နင် မြင်ဖူးလား"

"မြင်ဖူးတာပေါ့ဟ၊ နင့်အမေက ဖြူဖြူဝဝကြီးလေ"

"အင်း ... မေမေက ဆီးချိုရောဂါသည်။ ဆီးချိုတွေတအားတက်တာ၊ အစားလည်း မရှောင်ဘူး၊ လူကိုသာကြည့်တော့၊ ဆီးချို ငါးရာလောက်ဖြစ်ပြီး ဆုံးတာ"

"ဩော်"

အင်း ... အဲဒီနောက် ...။

အဲဒီနောက်ကိုတော့ စကားဆက်ပြီး မပြောချင်တော့ပါဘူးလေ။ အဲဒီနောက် ဖေဖေက နောက်အိမ်ထောင်ပြုလိုက်တယ်လေ။ ဖွန်လ ကျောင်းဖွင့်စပဲ ရန်ကုန်ကို ပြောင်းလာကြပြီး မေမေ ကွယ်လွန်တာက ဩဂုတ်လထဲမှာ။ ဖေဖေ နောက်မိန်းမယူတာ ဇန်နဝါရီလ တစ်ရက်နေ့။

ဒါတောင် "နင့်မိန်းမသေတာ နှစ်လေးမှ ကူးပါစေဦး လင်းဆွေရယ်"လို့ ဆွေမျိုးတွေက ဝိုင်းပြောလို့ နှစ်ကူးအောင် စောင့်ရတာ။ နောက်နှစ်ထဲ ကူးတယ်ဆိုတာနဲ့ တစ်ရက်နေ့မှာပဲ

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်သစ် ထူခဲ့တဲ့ ဖေဖေ။ သမီးဖြစ်သူဟာ မတ်လထဲမှာ ဆယ်တန်းစာမေးပွဲ ဖြေဆိုရဦးမှာပါလားရယ်လို့တောင် တွေးဖော် မရခဲ့တဲ့ ဖေဖေ။

လက်ထပ်ရက်ကို မတ်လကုန်လောက်အထိ သုံးလ တောင်မှ မစောင့်နိုင်ခဲ့တဲ့ ဖေဖေ။ မိန်းမသေအပြီး လေးလကျော် မှာ နောက်အိမ်ထောင်ပြုတယ်ဆိုတော့ မသေခင်ကတည်းကများ ငြိစွန်းနေကြသလားတောင် တွေးစရာရှိပေမယ့် မဟုတ်ပါ။ ဖေဖေ ဟာ လူရိုး လူအေး လူကောင်း။ အဲသလို ရိုးအေးလွန်းလို့လည်း မိန်းမတစ်ယောက်ကြော့ကွင်းထဲ လေးလနှင့် ဖွပ်ခနဲ မြုပ်တာပေါ့။

မိထွေးဟာ အရှင်းဆုံး စကားတစ်လုံးတည်းနှင့်ပြော ရလျှင် "မိန်းမလည်သိန်းကြွယ်"။ ဒီနာမည် သူနှင့်သိပ်လိုက်ပါ သည်။ လည်လိုက်တာ မှတ်သလား မမေးပါနှင့်။ မိထွေးနှင့် လင်ပါသမီးတို့ ပညာချင်းပြိုင်ကြသည်မှာ လေးငါးလ။ ထိုလေး ငါးလလွန်သော် ရှုံးနိမ့်မြားဝပ်၍ ခေါင်းမဖော်စတမ်း ငုံ့ချထား လိုက်ရသူဟာ နုပျို။

ဒါတွေ ဖေဖေ မသိ။ မသိအောင် ဟော ... အ တစ်မျက်နှာ၊ ဟော... တော်ကြာ နောက်တစ်မျက်နှာနှင့် မျက်နှာ ပြောင်ပြောင် ဗလောင်းဗလဲ တတ်လွန်းသည့် မိထွေးတော်က လေးငါးလနှင့်ပင် နုပျိုထိတ်လန့် ကြောက်ရွံ့စွာ လက်နက်ချလိုက် ရတာပါ။





အဲသလိုမှ လက်နက်မချလိုက်ရင် မကြာခင် အဖေ ကိုသော်လည်းကောင်း ဆုံးရှုံးရလိမ့်မည်။ အိမ်ပေါ်ကသော်လည်း ကောင်း အဆေးလွှင့်ရလိမ့်မည်ဆိုတာ ကိုယ့်အသိဉာဏ်နှင့်ကိုယ် နုပျို သိလာခဲ့လို့ပင်။ ဖေဖေဟာ သူ့ဟာနှင့်သူ၊ သူ့အလုပ်မှာ လူတော်ဖြစ်ပေမယ့် အိမ်ထောင်တွင်း ဗေဒတွင် လူရော်။ လူအ။

ဖေဖေသိအောင် နုပျိုက ပြောပြပစေဦး၊ တစ်ချိန်မှာ ဖေဖေက နုပျိုကပဲ မိထွေးကို မလိုတမာ ကုန်းတိုးလာတယ်လို့ ထင်စရာ ဖြစ်ကိုဖြစ်မည့် ကျားကွက်မျိုးကို မိထွေးက ဆင်ထား ပါသည်။ ပညာလည်းမတတ်၊ အဆင့်အတန်းလည်းမမြင့်၊ ရုပ် လည်းမလှ၊ အပိုးလည်းမကျိုး၊ ဣန္ဒြေလည်းမရ၊ မိန်းမလည်း မပီသ။ ကောင်းကွက် တစ်ကွက်မှ ရှာမရသည့် မိထွေးသည် ဖေဖေ့ကိုတော့ တုတ်တုတ်မလှုပ် ငြိမ်နေအောင် ပါးစပ်ပိတ်ပြီး အ,နေအောင် ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်ထားနိုင်ပါသည်။

နှစ်ပေါင်းများစွာ ကိုယ့်သမီးကြီးချက်သည့် ဟင်းကို စားပြီး ကိုယ့်သမီးကြီး လျှော်ဖွပ်ပေးလို့ ဖြူစင်သန့်ပြောင်နေတဲ့ အင်္ကျီဝတ်၍ ရုံးသွားရတဲ့ ဖေဖေက မျက်နှာလေး ညိုညိုနှင့် ...

"သမီးရယ် ... အားရင် သမီးအန်တီကို နည်းနည်းပါးပါး ကူပါကွယ်၊ အန်တီက ကလေးတစ်ဖက်နဲ့မို့လား၊ သူ့ခမျာ အိမ်မှုကိစ္စ ပင်ပန်းရှာပါတယ် သမီးရယ်၊ ဖေဖေ့အတွက် ကူလုပ်ပေးတယ် သဘောထားပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



လို့ တောင်းတောင်းပန်ပန် လေသံမျိုး ဆိုလာတဲ့ အခါ မျက်လုံးဝိုင်းကြီးနှင့် ဖေဖေ့ကို ကြည့်နေမိပြီး ထိုမျက်လုံးဝိုင်းကြီးထဲ မျက်ရည်ပြည့်လျှံလာချိန်မှာတော့ ဖေဖေ မမြင်အောင် တစ်ဖက်လှည့်မိလျက် ...

"ဟုတ်ကဲ့ ဖေဖေ"လို့ အသံတိမ်တိမ်နှင့်သာ တုံ့ပြန်မိခဲ့ပါသည်။ အိမ်မှာ ဘယ်သူချက်ပြုတ်နေရတာလဲ၊ ဘယ်သူ လျှော်ဖွပ်နေရတာလဲ ဖေဖေ မသိတော့အောင် ဖေဖေ စားခါနီးကျ ပျာယာတွေခတ်၊ ဟင်းနွေးပြရတာနှင့် ယပ်တဖျပ်ဖျပ်ခတ်ပြပြီး မောနေရတာနှင့်၊ "မင်းလည်း တစ်ခါတည်းစားလေ"လို့ ဖေဖေက ပြောလျှင် ...

"မီးဖိုထဲ ဟင်းနံ့ကျွေးနံ့တွေနဲ့ နပန်းလုံးနေရတော့ စားချင်စိတ်ကို မရှိတော့တာပါ အစ်ကိုရယ်၊ အမောပြေမှစားပါ့မယ်" ... တဲ့။

အဦးအဖျား အကောင်းဆုံး အသားတုံးနှင့် တနင့်တပိုးစားသောက် ဗိုက်တင်းနေပြီးနေလို့ ထပ်ပြီး မျိုမချနိုင်တော့တာကို မသိရှာတဲ့ ဖေဖေက သူ့မိန်းမ ပင်ပန်းရှာလေခြင်းလို့ ကရုဏာ သက်ရှာသည်။ "ဒါက ဒီလိုပါ"လို့ အမှန်ကို ဖော်ပြီး ဖေဖေ့ကို ရှင်းပြဖြစ်သည့် ပညာပြိုင်ဆဲ ကာလတွေက လွန်မြောက်ခဲ့ပြီပဲ။





သူက လိမ်နေတာ၊ ငါက အမှန်ပြောနေတာ၊ ငါက ဘာလို့မနိုင်ရမှာလဲလို့ အဖြောင့်တွေးခဲ့သော ကာလတွေ လွန်ခဲ့ပြီလေ။ ဒီနည်းနှင့် နိုင်လို့လား။ ရှုံးနိမ့်ပြားပြားဝပ်ပြီးပြီမို့လား။ နုပျိုသည် နောက်ပိုင်းတွင် "ဖေဖေ ... အမှန်က ဘယ်လိုပါ"လို့ လုံးဝဖြေရှင်းမပြတော့။ ရှင်းလေ ရှုံးလေ၊ ကိုယ့်ရှူးကိုယ်ပတ် မဖြေတတ်ဖြစ်အောင် မိတွေး လုပ်ပုံကိုင်ပုံ ပိုင်လှ၍ တိတ်တိတ်ကျိတ်လို့သာ သူ့နည်းနာအတုခိုး အားကျရုံမှတစ်ပါး တခြားမလုပ်တတ်တော့ပြီ။

ဒါတွေ ... ဒါတွေ ...။

အင်း ... ဒါတွေလောက်အထိတော့ ခုမှပြန်တွေ့တဲ့ ရီးမကို ပြောပြဖို့ မလိုပါဘူး မဟုတ်လား။ သူနဲ့ကိုယ်က ဘာဆိုင်လို့လဲ။ ကိုယ့်ကို ငယ်ငယ်ကတည်းက တိတ်တခိုး ကျိတ်ပိုးအချစ်ကြီး ချစ်ရှာတဲ့ ရီးမ ဆိုတဲ့ ကောင်ကလေးဟာ အခု အသက်နှစ်ဆယ့်ခုနစ်နှစ် အရွယ်မှာ ကလေးတစ်ယောက် နှစ်ယောက်လောက်တောင် ရချင်ရနေတော့မယ် မဟုတ်လား။

နုပျိုက ရီးမကို မျက်လွှာစင်းစင်းလေးနှင့် တစ်ချက် မော့ကြည့်လိုက်ပါသည်။ ငယ်ငယ်ကထက်တော့ သန့်ပြီးတောက် ပြောင်နေပါသည်။

"နင် အခု ဘယ်မှာလုပ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



နုပျိုက မေးခွန်းထုတ်လိုက်ပါသည်။

"ငါလား ... ငါ ... ဟို ... စာအုပ်တိုက်မှာ တစ်တိုက်မှာ"

"ဩော် ... အင်းလေ၊ နင်က အစကတည်းက စာရေးဆရာ လုပ်ချင်တဲ့သူပဲဟာ"

"စာရေးဆရာတော့ မဖြစ်နိုင်သေးပါဘူးဟာ"

"ဒါပေမဲ့ စာအုပ်တိုက်မှာ အလုပ်လုပ်တော့ နီးစပ်မှုတော့ ရှိတယ် မဟုတ်လား၊ ဖြစ်ရင်လည်း ဖြစ်လာမှာပေါ့"

နုပျို ကြည့်ရတာ စာအုပ်တိုက်မှာ ဘာအလုပ်လဲ ဘာလဲ၊ စိတ်ဝင်စားတတ် တွေးတတ်ပုံ မပေါ်ပါ။ ငယ်ငယ်က သူ ပြောခဲ့တဲ့ "ငါက ကြီးလာရင် ဆရာဝန်ကတော်လုပ်မှာ"ဆိုတဲ့ စကားအတိုင်း ဆရာဝန်မဟုတ်၍ ထိပ်ကြီးစိတ်ဝင်စားလှပုံ မပေါ်။

"နင်ရော ... နင်ဖြစ်ချင်တဲ့ တက္ကသိုလ်က ဆရာမ ဖြစ်နေပြီလား နုပျို"

နုပျိုက ပြုံးလိုက်ပါသည်။ သူ သတိရသားပဲ။ မှတ်ထားသားပဲ။

ကဲ ... မှတ်မိတဲ့သူက မေးပြီ။ ဘယ်လိုဖြေမလဲ၊ နုပျိုက သရော်တော်တော်လေး ပြုံးမိကာ ...

"အေး ... ဟုတ်တယ်၊ ဆရာမ ဖြစ်နေပြီ"





"နင်က တော်ပါတယ်၊ ငယ်ငယ်ကတည်းက ရည်မှန်းချက်ကြီးတာပဲ၊ ဖြစ်အောင်လည်း လုပ်တယ်၊ နင့်ကို ချီးကျူးပါတယ်ဟာ"

"အဟင်း ... ဒီလိုပေါ့ဟာ၊ မချီးကျူးပါနဲ့"

"ဒါ ... ဒါနဲ့ ... နင် အိမ်ထောင်တွေ ဘာတွေ ကျနေပြီလား"

နုပျိုက မပွင့်တပွင့်ကလေး မဲ့ပြုံးမိသည်။ စိတ်ထဲ ရှိတဲ့အတိုင်း ငါက အိမ်ထောင်ကျချင်နေတာလို့ အမှန်အတိုင်း ပြောချလိုက်ရ မကောင်းဘဲ ရှိဦးတော့မည်။ ကိုယ့်ကို တာဝန်ယူမယ့် ကိုယ်အားကိုးရမယ့် အိမ်ထောင်ဖက်တစ်ယောက်ကို အမှန်တကယ်ကို လိုချင်နေတာလေ။

မျက်ဝန်းထဲက အရောင်တောက်အောင် အဖြေကို စိတ်ဝင်တစား နားစွင့်နေတဲ့ ရီးမကို နုပျိုက ခေါင်းလေးတစ်ချက် ယမ်းပြရင်း ...

"မကျသေးပါဘူးဟာ"

ရီးမရဲ့မျက်နှာက သူ့ကိုယ်သူပင် သတိမထားမိဘဲ ဝင်းလက်ပြုံးမြသွားမိပါသည်။ အင်း ... ဒီနေ့အဖို့တော့ ဝမ်းနည်းဝမ်းသာလို့ ပြောရမှာ။ မေမေ့ကို သင်္ဂြိုဟ်ရတဲ့နေ့၊ ဝမ်းနည်းရတဲ့ ပူဆွေးရတဲ့နေ့မှာမှ နုပျိုနှင့် ပြန်ဆုံရသည်။ ဝမ်းသာ ရင်ခုန်စရာနှင့် ကြုံကြိုက်ရသည်။

"နင်လည်း မကျသေးဘူးမို့လား"



www.burmeseclassic.com

www.burmeseclassic.com



"နင် ဘယ်လိုလုပ်သိလဲ"

"နင်သာ မိန်းမရနေပြီဆိုရင် ငါ့ကိုလာမေးမှာ မဟုတ်ဘူးလေ"

"အင်း ... ဟုတ်တယ်"

"နင်လည်း နင့်အမေ ဆုံးသွားတော့ တစ်ကောင်ကြွက်ဖြစ်ပြီပေါ့နော်၊ ငါလည်း တူတူပဲ၊ မေမေလည်း မရှိတော့ဘူး၊ ဖေဖေလည်း ဆုံးပြီ၊ ငါတစ်ယောက်တည်း ကျန်ခဲ့ပြီဟ"

ဝမ်းနည်းစိတ်ကို အံလေးကြိတ်ထိန်းရင်း နယ်မြူက မလှမ်းမကမ်းက ပလတ်စတစ်ကုလားထိုင်မှာ ညည်းညည်းညူညူ ငိုနေတဲ့ မိထွေးကို လှမ်းကြည့်လိုက်ပါသည်။ ဆယ့်တစ်နှစ်လုံးလုံး ဖေဖေ့ကို လေချိုကလေးနှင့် ဗိုလ်ကျနိုင်စားလာခဲ့သော မိန်းမကြီး၊ တကယ်တော့ လှည့်ကိုမကြည့်ချင်။ သို့ပေမယ့် အောင့်ပြီးနမ်းရပါဦးမည်။

ဒီအချိန်မျိုးမှာ ရိုးမကို ပြန်ဆုံတွေ့ရတာ တကယ်ကို ဝမ်းသာအားတက်မိပါရဲ့။ သူဟာ ဘယ်လိုမဆို ကိုယ့်ဘက်ကလူဆိုတာ စိတ်ထဲက ယုံကြည်စိတ်ချပြီး ဖြစ်နေခဲ့သည်။ ဆယ့်တစ်နှစ် ဆယ့်နှစ်နှစ် ကွဲကွာခဲ့ပေမယ့် စိမ်းသက်အေးစက်ခြင်းကို မခံစားရဘဲ နွေးထွေးရင်းနှီးစိတ် ရင်ထဲရှိနေဆဲဖြစ်တာ ထူးတော့ ထူးဆန်းသည်။

❣ ✧ ❣





## ၂

"ရော့ ... အဲဒါ မင်းအမေ ဓာတ်ပုံပဲ"

ဘကြီးက ရိုးမရှေ့သို့ ဓာတ်ပုံတစ်ပုံ ပစ်ချလိုက်ပါသည်။

ရိုးမဓာတ်ပုံကို ကောက်ယူကြည့်လိုက်သည်။ ဓာတ်ပုံထဲက မေမေ့ပုံဟာ နုနယ်အပြစ်ကင်းစင်လှသည်။ မေမေ့ရုပ်သွင်ကိုကြည့်ခြင်းဖြင့် ဒီပုံရိုက်ချိန်ဟာ သူ မမွေးလောက်သေးဘူးလို့ ခန့်မှန်းရသည်။ မေမေက ဆယ့်ရှစ်နှစ်အရွယ်လောက်ပဲ ရှိသေးတာလေ။

ရိုးမကို ထောင့်ကိုးရာရှစ်ဆယ့်နှစ်ခုနှစ် မွေးတာမို့ အဲဒီအချိန်မတိုင်မီကရိုက်တဲ့ ဆေးရောင်စုံပုံဟာ ဆေးကွက်တချို့ ပျက်တချို့ ဖြစ်နေပြီ။ ဓာတ်ပုံထဲက အမျိုးသားလူရွယ်က မေမေ့ပခုံးကို ဖက်ထားပါသည်။ မေမေကလည်းချော၊ အဲဒီလူကလည်းချော။ စုံတွဲပုံလေးဟာ ချစ်စရာ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အဖေကလည်း ရုပ်ရှင်မင်းသား နေထွင့်နဲ့တူ လိုက်တာ"

"အေး ... အဲဒါ နေထွင့်ပဲ"

"ဗျာ"

ရီးမက ပြုံးပြုံးရယ်ရယ် မှတ်ချက်ချလိုက်တာကို ဘကြီးက ကောက်ကာငင်ကာ ထောက်ခံလိုက်တဲ့အတွက် အလန့်တကြား ဖြစ်သွားရပါသည်။ ဘကြီး နောက်တာလားလို့ ဘကြီး မျက်နှာကို စေ့စေ့လှမ်းကြည့်မိပေမယ့် ဘကြီးဟာ နောက်နောက် ပြောင်ပြောင် နေတတ်တဲ့သူ မဟုတ်တာ အစကတည်းက သိပြီး သားပင်။

"ဗျာ ... ဘကြီး"

"မင်းအဖေက နေထွင့်ပဲ ရီးမ"

"ကျွန်တော့် အဖေက ! ကျွန်တော့်အဖေက ရုပ်ရှင်မင်းသား နေထွင့်၊ ဟုတ်လား ဘကြီး၊ တကယ်လား"

"ဟုတ်တယ်"

"ဟာ"

ရုပ်ရှင်မင်းသား နေထွင့်ဟာ ဟိုးအရင်ကတော့ မင်းသားငယ်ပေါ့။ မင်းသားအငယ်အဖြစ် ရိုက်နေရာက အသက် အရွယ်တစ်ခု ရလာချိန်မှာ မသိမသာ နှစ်အပိုင်းအခြားတချို့ လောက် တိမ်မြုပ်ပျောက်ကွယ်သွားဖူးသေးသည်။ မကြာခင်ဘဲ





သူ့ကို မင်းသားကြီးအခန်းက ရိုက်မည့်သူတွေ ပြန်ရှိလာကာ ရုပ်ရှင်ဗီဒီယိုလောကထဲ ခပ်မော်မော်ပဲ ပြန်ဝင်လာပါသည်။

အောက်ကနေ ပြန်ဝင်လာရတာ မဟုတ်။ အမြင့်ဆုံး မဟုတ်တော့ပေမယ့် အလယ်အလတ်ကပင်။ ပြန်ဝင်ရောက်လာတော့လည်း ကားတွေ ဆက်တိုက်ပြန်ရိုက်ရတာပင်။ အခုထိပဲ။ ခုချိန်ထိ သူဟာ ရုပ်ရှင်ဗီဒီယိုလောကမှာ အားလုံး လန့်ဖျားလေးစားရတဲ့ အနုပညာရှင် မင်းသားကြီးတစ်လက် ဖြစ်နေဆဲ။

ခုချိန်ထိ ရုပါစတားဖြစ်ဆဲ။ သူ့ပရိသတ်က သူ့မှာ အခိုင်အမာဖြစ်သည်။ လျှမ်းလျှမ်းတောက် အောင်မြင်စဉ်က သူ့တစ်ခေတ် ဖြစ်ခဲ့ဖူးသေးကာ ခုတော့ ခေါင်းဆောင်မင်းသားငယ်တွေ အများကြီး ထပ်ပေါ်ပေါက်လာပေမယ့် သူက အဖေခန်းလောက်က ပါရရုံ မင်းသားကြီးမျိုးမဟုတ်။ အရေးပါတဲ့ အဓိက ဇာတ်ဆောင်မင်းသားတစ်လက် အဖြစ်က မကျဆင်းသေးပါ။

"အေး ... မင်းတော့ အံ့သြနေမှာပဲ၊ မင်းအမေက ရီးတို့ ရိတ်တိတ်လေးတောင် တစ်ခါမှ မပြောခဲ့ဖူးတာကိုး"

"နေထွင့်ကားတွေ ကျွန်တော် အိမ်မှာကြည့်နေလည်း ဘာမှတောင် မေမေက ပြောဖော်မရခဲ့ဘူး"

အနုပညာသည်ဆိုတော့ အသက် ဘယ်လောက်ရင့်ရင့် ကြီးကြီး "ဦး"တွေ "ဒေါ်"တွေ တပ်မခေါ်ဖြစ်ဘဲ နာမည် စာလုံးရင်းကိုသာ နှုတ်ကျိုးနေကြတာဖြစ်သည်။ ကိုယ်တိုင်လည်း



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို "ဦးနေထွန်း"လို့ ဘယ်တုန်းကမှ မခေါ်ဖြစ်ခဲ့။ နေထွန်းပဲ ခေါ်ပါ။ ဆိုင်မှာ ပြောရင်လည်း နေထွန်းကား အသစ်ထွက်လား၊ အဲသလိုပေါ့။ ရိုင်းတဲ့သဘော မဟုတ်ဘဲ အနုပညာအမည်ကိုပဲ နှုတ်ထဲမှာ စွဲနေတာဖြစ်သည်။

မျက်နှာချင်းဆိုင် စကားပြောဆိုဖို့ ကြုံကြိုက်လာရင်တော့ "ဦး"တို့ "ကို"တို့ မထည့်မဖြစ် ထည့်ရမှာပေါ့လေ။ ကွယ်ရာမှာ ပြောဆိုရမှာတော့ အလွယ်တကူပင် ဒါတွေမထည့်ဖြစ်ဘူးပေါ့။

"မင်းအမေက လုံးဝ ခေါင်းထဲက ထုတ်ထားလိုက်တာပေါ့ကွာ"

ပိရိလှပါသည်။ မေမေ ပိရိလိုက်တာက နည်းနည်းကလေးတောင် ရိပ်မိချင်စရာ အစွန်းအစ မထွက်ပါ။

"မေမေနဲ့ ဘယ်မှာ ဘယ်လိုတွေ့တာလဲ မသိဘူးနော် ဘကြီး"

ရီးမက မယုံနိုင်သလို မေးမိသည်။

"တောမှာ ..."

"တောမှာ ! ! "

"အဲဒီအချိန်ကာလလောက်မှာ မင်းအမေကလည်း ဆယ်တန်းစာမေးပွဲအပြီး တောကဆွေမျိုးတွေဆီ အလည်အပတ်သဘော နွေရာသီ အလည်ခရီးပေါ့ကွာ၊ သွားတဲ့အချိန်၊





မင်းအမေရယ် မင်းအဘွားရယ် နှစ်ယောက်တည်း၊ မင်းအဘွားအမျိုးတွေက အဲဒီ ပဲခူးရိုးမနားက ရွာကလေးတွေမှာ အတော်များများ ရှိကြတယ်လေ၊ နေထွန်းကလည်း ရုပ်ရှင်ရိုက်ဖို့ တောကားရိုက်ဖို့ တောရွာဘက် ရောက်နေတဲ့အချိန် ...

အဲဒီအချိန်မှာ စတွေ့ခဲ့ကြတာပဲ"

"ဪ"

ရီးမ တအံ့တသြ ဖြစ်ရသည်။ ယုံကြည်ဖို့ပင် ခက်ခက်ပါ။ ကိုယ့်ရှေ့မှာ ဒီရုပ်ရှင်မင်းသား နေထွန်းနှင့် မေမေတို့ ပခုံးဖက်ရိုက်ထားတဲ့ဓာတ်ပုံ ရှိပေလို့ပဲ။ မင်းသားနှင့် ပရိသတ်၊ မင်းသမီးနှင့် ပရိသတ် ဓာတ်ပုံတွဲရိုက်တာမျိုးတွေ ရှိတတ်ပေမယ့် ခုပုံကတော့ အဖြစ်သဘော တွဲရိုက်ထားတာ မဟုတ်ပါ။

နေထွန်းက မေမေ့ပခုံးကို သိုင်းဖက်ထားတာအပြင် မေမေ့ငယ်ထိပ်ဆံဖျားပေါ် မေးစေ့လှမ်းတင် မှီထားပုံက ချစ်စနိုး။ မေမေကလည်း သူ့ခါးကို နောက်ဘက်မှ ပြန်ဖက်ထားသည်။ အိနေရှိုးအေးတဲ့ မေမေမို့ ရီးမအတွက် အံ့အားသင့်စရာ ဖြစ်နေပါသည်။

"အေးကွာ ... ယုံရခက်ခက်တောင် ဖြစ်နေမှာပဲ၊ ဖူးစာပဲ ပြောရမှာပဲ ရီးမ၊ မိသက်က အဲဒီအချိန်က ဖြူဖြူစင်စင် ကလေးလေးလို နေနေတုန်းပါ၊ မင်းသားနဲ့မှ သွားကြိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုပေမယ့် အနေအထိုင်မတတ် ဆတ်ကော့ လတ်ကော့လည်း မဟုတ်ဘူး၊ မိသက်အဖို့ နေထွင့်က ရည်းစားဦး အချစ်ဦး ဒီတစ်ယောက်ပဲ ချစ်မိပြီး ဒီတစ်ယောက်ပဲ ပတ်သက်ခဲ့တာ ...

သူနဲ့ကွဲပြီးနောက်လည်း ဘယ်သူ့ကိုမှ ထပ်ချစ်ကြိုက်တော့တာ မရှိဘူး၊ မိုင်းကောင်းကျောက်ပီနဲ့ပဲ ရိုးရိုးကုပ်ကုပ် ဣန္ဒြေရှိရှိ နေသွားတာပဲ၊ မင်း သိတတ်လာတဲ့အရွယ်ရဲ့နောက်မှာလည်း မင်းအမေ နေပုံထိုင်ပုံ မင်းအသိပဲလေ၊ အမေကိုတော့ စိတ်ထဲမပြစ်မှားနဲ့ အပြစ်မမြင်နဲ့”

“မမြင်ပါဘူး ဘကြီး၊ မေမေက ကျွန်တော်မြင်ဖူးသမျှမိန်းမတွေထဲမှာ ဣန္ဒြေအရှိဆုံး အနေအထိုင် အပိရိဆုံး အမျိုးသမီးတစ်ယောက်ပါ”

“အေး ... ဝဋ်ကြွေးရှိလို့ ဖြစ်ရတယ်ပဲ သဘောထားပါကွာ”

“ဝဋ်ကြွေး ! ဘာဖြစ်ခဲ့လို့လဲ ဘကြီး”

“မင်းအမေနဲ့ တွေ့ချိန်မှာ နေထွင့်က အိမ်ထောင်နဲ့ သားမယားနဲ့ဆိုပါတော့ကွာ”

“ဩော်”

ရိုးမ မျက်နှာက အနည်းငယ်တော့ ထူပူစပ်ဖျဉ်းသွားခဲ့ပါသည်။ မေမေက အိမ်ထောင်ရှိတဲ့ ယောကျ်ားတစ်ယောက်



နဲ့ သွားပတ်သက်ခဲ့တာတဲ့လား။ ဒါကိုသိရတဲ့အတွက် သူ့ရင်ထဲ ခပ်နင့်နင့်တော့ ခံစားရသည်။

“အဲဒီခေတ်က မင်းသား မင်းသမီးတွေက ခုခေတ်မင်းသား မင်းသမီးတွေလို သူတို့ရဲ့အချစ်ရေး အိမ်ထောင်ရေးတွေကို စာစောင်တွေမှာ ပေါ်ပေါ်ထင်ထင် ဖွင့်ချပြထားတာ မဟုတ်ဘူးကွ၊ အိမ်ထောင်ပြုတာကိုတောင် အမှောင်ချပြီး ဖုံးကွယ်ထားတဲ့ခေတ်၊ ဘယ်သူ့မှာဖြင့် အိမ်ထောင်ရှိတယ်၊ ဘယ်သူကဖြင့် လူပျိုအပျို၊ ဘယ်သူနဲ့ ဘယ်သူက ကြိုက်နေကြတယ်ဆိုတာမျိုးတွေ စာစောင်မဂ္ဂဇင်းတွေက အလကားနေရင်း ရေးနေကြတာ မဟုတ်ဘူး ...

အနုပညာသည်တွေရဲ့မိသားစုတွေကိုလည်း ပရိသတ်က သိကြတာ မဟုတ်ဘူး၊ အခု မင်းတို့ခေတ်မှာတော့ အနုပညာသည်ရဲ့ဇနီးရော၊ သားရော၊ သမီးရော အားလုံးရဲ့ ရုပ်ပုံတွေပါ ပရိသတ်က မြင်ဖူးကြတာလေ၊ ဟိုခေတ်ကတော့ ဒီလိုမဟုတ်တော့ နေထွင့် ဆိုတာလည်း အိမ်ထောင်ရှိလေသလား၊ မရှိလေသလား ဂဃနဏ မသိကြရဘူးပေါ့၊ နီးစပ်တဲ့ အသိုင်းအဝိုင်းတွေလောက်ပဲ သိကြတာ ...

မင်းအမေလည်း တိုတိုပြောရရင် နေထွင့် အိမ်ထောင်ရှိမရှိ မသိရှာဘူး၊ ရိုးရိုးကုပ်ကုပ်နေတဲ့ မိသားစုမဟုတ်လား၊ ရွာမှာ ရှုတင်ရိုက်ကွင်းကရှိနေတော့ တစ်နေ့ တစ်နေ့

www.burmeseclassic.com

www.burmeseclassic.com



မိုးလင်းက မိုးချုပ် ဒါပဲသွားသွားကြည့်နေရင်း မင်းအမေကို နေထွန်းကမြင်ပြီး သဘောကျတယ် ဆိုပါတော့ကွာ"

"ခြော်"

"လျှမ်းလျှမ်းတောက် အောင်မြင်နေတဲ့ နာမည်ကြီးမင်းသားချောက ချဉ်းကပ်တာ ခေတ်ရဲ့တန်ရဲ့ ဘယ်မိန်းကလေးက ငြင်းဆန်နိုင်ပါ့မလဲကွာ၊ အတွေ့အကြုံမရှိရှာတဲ့ မိသက်လည်း မင်းသားကို အသည်းပေါက်မတတ် ပြန်ချစ်မိရှာတာပါပဲ၊ လနဲ့ချီ အနေနီးစပ်ပြီးတဲ့နောက် မင်းသားဘက်မှာလည်း သူ့ ဒါလိုချင် အသင့် ဆိုတာမျိုး ပံ့ပိုးမှုတွေက အားကောင်းခဲ့တော့ တိုတိုပြောရရင် ငြိစွန်းမိကြတယ်ပေါ့ သားရယ်"

ရိုးမက မျက်လွှာချ၍ ငြိမ်သက်နေမိသည်။

သူသိခဲ့တာကတော့ သူ့အမေဟာ သာမန်ရိုးရိုးသားသား လူတစ်ယောက်နဲ့ပဲ အိမ်ထောင်ရက်သားကျကာ သူ့အဖေဖြစ်သူက စောစောစီးစီး ကွယ်လွန်သွားတဲ့အတွက် မေမေဟာ ငယ်ရွယ်တဲ့ မုဆိုးမလေး ဖြစ်ခဲ့ရတယ်လို့ပင်။ မှတ်ပုံတင်နှင့် လိုအပ်သမျှ စာရွက်စာတမ်းတွေမှာ ရိုးမရဲ့အဖအမည်မှာ ဦးနေဝင်းဖြစ်ပါသည်။ လက်စသတ်တော့ ရုပ်ရှင်မင်းသား နေထွန်းရဲ့ငယ်နာမည် မှတ်ပုံတင်အမည်က "နေဝင်း"ပဲ။ ဒါကိုတော့ ကိုယ်လည်း ကြားဖူးနားဝ ရှိသားပဲ။



"အချိန်တန်တော့ သူလည်း ရန်ကုန်ပြန်၊ ကိုယ်လည်း ဇာတ်ပွဲခုံကို ပြန်ပေါ့လေ၊ စာအသွားအပြန်နဲ့ တစ်ခါတစ်ရံ နေထွန်း ကိုယ်တိုင် ပွဲခုံကို လာချိန်းတွေ့တာနဲ့ သူတို့အချစ်ဇာတ်လမ်းက ဆက်နေတုန်း နေထွန်း အိမ်ထောင်ရှိတယ် ဆိုတာကို ဘဘကပဲ မိသက်ကို အသိပေးခဲ့တာ"

"ဘကြီးကတော့ သိတာပေါ့"

"ငါလည်း ကြားဖူးနားဝပေါ့ကွာ၊ နောက်မှ ငါ့နှမ ရန်ကုန်ကကောင်တစ်ကောင်နဲ့ ချိန်းတွေ့တယ် သတင်းကြားလို့ စုံစမ်းတော့ လား လား ... နေထွန်းပါလားဟ ဆိုပြီး ဒီမင်းသားအကြောင်း မရမက လိုက်စုံစမ်းရတော့တာကိုး၊ အဲဒီတော့ စုံစုံစေ့စေ့ သိလာတာ ...

နေထွန်းက အဲဒီတုန်းက အသက်က သုံးဆယ်နားနီး၊ မင်းအမေထက် ဆယ်နှစ်လောက်ကြီးတယ်၊ သူ့မိန်းမက ရောဂါသည်၊ နှလုံးရောဂါသည်တဲ့၊ သားတစ်ယောက်တော့ ရှိတယ်၊ ငါးနှစ်သားလောက် ရှိနေပြီ၊ ဇနီးလုပ်တဲ့သူက ဒီသားတစ်ယောက် မွေးပြီးကတည်းက အိပ်ရာထဲမှာ လူမမာလို ဖြစ်နေရှာတာ၊ ခပ်ယဲ့ယဲ့ပေါ့ ...

ဒီမိန်းမကလည်း လူကြီးတွေ စီစဉ်ပေးစားခဲ့တဲ့ သူဌေးသမီးဆိုတာ သိရတယ်၊ တကယ်တမ်းမှာ နေထွန်းက မိန်းမဇာတ်လမ်းရှုပ်တဲ့လူစား မဟုတ်ပါဘူး၊ မင်းအမေ

www.burmeseclassic.com



နဲ့နောက်လည်း ဘာဇာတ်လမ်းမှ မရှိတော့တာပဲလေ၊ ယူဆရတာတော့ မင်းအမေ မိသက်ကို သူလည်းပဲတကယ် ချစ်မိသွားခဲ့တယ် နေပါလိမ့်မယ်"

"နောက်တော့ ဘယ်လိုဖြစ်ကုန်လဲ ဘကြီး"

ရှီးမ သိချင်စိတ်က စောလာပါသည်။

"မင်းအမေကို ငါက ပြောပြရတာပေါ့၊ နေထွဋ်မှာ ဇနီးနဲ့ သားနဲ့ ရှိတဲ့အကြောင်း၊ မင်းအမေ ငိုရှာတာပေါ့ကွာ၊ အရှီးအ,အလေးကိုးကွ၊ ဒါပေမဲ့ မင်းအမေက လုပ်သင့်လုပ်ထိုက်တာကိုလုပ်ဖို့ စိတ်ဓာတ်ခိုင်မာပါတယ်၊ အသည်းမာတယ်ပေါ့ကွာ၊ သူ ရှောင်လိုက်တယ်၊ တစ်နေရာကို ရှောင်ပုန်းနေလိုက်ပြီး နေထွဋ်ဆီက စာတွေကိုမပြန်၊ နေထွဋ်ရှိန်းတာ သွားမတွေ့၊ အဲသလို ယတိပြတ်ရှောင်လိုက်တယ်"

ရှီးမက မေမေ့ကို သဘောတကျနှင့် ခပ်ပြုံးပြုံး ခေါင်းညိတ်မိသည်။

"နေထွဋ်လည်း အရှုံးမီးဝိုင်းပါပဲ၊ သူ့ထမည့်တွေနဲ့ မိသက်ကို ကျိတ်ရှာသေးတယ်၊ နောက်ဆုံးတော့ အကျယ်အကျယ်နဲ့ သတင်းတွေပျံ့ပွမှာစိုးတော့ ဘဘကတစ်ဆင့် သူ့ကို မိသက်မှာတဲ့စကား သွားပြောရတယ်ပေါ့ကွာ၊ သူ့မှာအိမ်ထောင်ရှိတဲ့အတွက် သူတစ်ဝါးသိုက်မြုံအိမ်ရာ မဖျက်ဆီး





ချင်ပါဘူးပေါ့နော်၊ ဒါကြောင့် သူ့ကို လာမတွေ့နဲ့တော့ သူ ရှောင်တယ်ပေါ့ ...

နေထွဋ်ဟာ မိသက်ကို လက်ထပ်ယူမယ်အထိ ပြောပါတယ်၊ သဘောကတော့ မယားပြိုင်ပေါ့ကွာ၊ ယူလို့ ရတယ်ပေါ့၊ ဒါပေမဲ့ မိသက်ကတော့ မယားပြိုင်ဆိုတာ ဥပဒေအရ တရားဝင်တယ်ဆိုပေမယ့် သူများအသည်းကိုခွဲမှရတဲ့နေရာ ဖြစ်တယ်တဲ့၊ သူ ဝင်လည်းမလည်ချင်ဘူး၊ သူ့ဇနီးတွေ သားတွေအပေါ်လည်း ရက်ရက်စက်စက် နေရာမလုရက်ဘူးတဲ့၊ လုံးဝစိတ်ခိုင်ခဲ့တယ်"

"မေမေ့ကို ကျွန်တော့်တစ်သက်လုံး မြင်ခဲ့ရတာ အသည်းကွဲနေပုံလည်း မရခဲ့ဘူးနော် ... ဘကြီး"

"ဟုတ်တယ်၊ မိသက်က သူ့အသည်းမကွဲဘူးတဲ့၊ နေထွဋ်က လက်ထပ်ချင်ရက်နဲ့ သူကသာ ငြင်းတာ၊ နေထွဋ်ကလည်း သူ့အသည်းကို မခွဲခဲ့ဘူးတဲ့၊ နေထွဋ် သူ့ကိုတကယ်ချစ်တယ် ဆိုတာလည်း သူ သိခွင့်ရတဲ့အတွက် သူ့ဘဝကို သူ ကျေနပ်စိတ်ချမ်းသာနေတယ်တဲ့၊ နေထွဋ်ကို အတွေ့မခံဓာတ်မြှုပ်လိုက်တာကတော့ ကိုယ့်စိတ်ကိုယ် မနိုင်မိမှာစိုးလို့ သက်သက်ပဲ၊ စိတ်နာလို့လည်း မဟုတ်ဘူးလေ၊ နေထွဋ် မွေးနေ့တွေ ဘာတွေဆိုလည်း သူ ဘုန်းကြီးဆွမ်းကပ် ဘာညာ လုပ်နေတာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



မင်းအမေက သေတဲ့ထိ အေးအေးချမ်းချမ်းပဲ နေထွင်ရှ်ကို ချစ်သွားတာပါ၊ သူ မင်းကိုပြောပြဖို့ မျက်နှာပူတာ ရှက်တာမျိုး အမေတစ်ယောက်အနေနဲ့ ဝန်လေးလို့သာ မပြောခဲ့ပေမယ့် သူ မရှိရင်တော့ သားကို ပြောပြပါလို့ ငါ့ကို မှာတယ်”

ရှိုးမ ဝမ်းနည်းသွားရပါသည်။

“ကျွန်တော် သိတော့ရော ဘာလုပ်ရမှာလဲ ဘကြီးရယ်”

“မင်း ဆက်သွယ်ရမှာပေါ့ ရှိုးမ”

“အာ ... မဆက်သွယ်ချင်ပါဘူး ဘကြီးရာ”

“ဆက်သွယ်ရမယ် သားရဲ့၊ နေထွင်ရှ်ဇနီးက ဆုံးသွားတာ ဆယ့်ငါးနှစ်တောင်ရှိပြီ၊ ဒီဇနီးဆုံးတုန်းကတောင် ငါက မိသက်ကို ပြောသေးတယ်၊ နေထွင်ရှ်ဆီ ဆက်သွယ်ဖို့၊ မိသက်က ငြင်းတယ်၊ နေထွင်ရှ် သဘောထားက သူ့အပေါ် ဘာရှိသလဲ မသိဘဲနဲ့ မဆက်သွယ်ချင်ဘူးတဲ့၊ ခုလောက်ရှိ မေ့မေ့ပျောက်ပျောက်နဲ့ သံယောဇဉ်ကျွံပါးသွားတာမျိုးလည်း ဖြစ်နိုင်တယ်ပေါ့၊ သူက ဆက်သွယ်လိုက်မိမှ အားတုံ့ အားနာနဲ့ပဲ ပြန်ပတ်သက်ရမလို ဘာလိုလို ဖြစ်နေပါ့မယ် ဆိုပြီး တိုက်တွန်းလို့ကို မရဘူး ...

ဒါပေမဲ့ မင်းကိုတော့ သူက ဆက်သွယ်စေချင်တယ်၊ မင်းနဲ့က သားအဖလေ၊ သူ့အပေါ်တော့ ငယ်ငယ်ကလို





မချစ်နိုင်တော့ဘူးဆိုတာ ဖြစ်နိုင်ပေမယ့် မင်းကိုတော့ သူ့သားမို့ သူ သံယောဇဉ်ရှိမှာပဲလေ၊ သားအဖဆိုတာ သွေးကစပ်ပြီး တော်စပ်ပတ်သက်နေတာ၊ မတော်စပ်လို့မှ မရတာ ...

ဒါ ငါ့အဖေအရင်းပဲဆိုတဲ့ စိတ်ကို မင်း ရင်ထဲထည့် လိုက်ပါ ရှိုးမ၊ သူက မတော်ချင်ဦး ကိုယ့်တာဝန်ကျေတယ် ပေါ့၊ သူက အေးတိအေးစက် ဖြစ်နေရင်တော့ ပြီးတာပဲ ပေါ့ကွာ၊ သူက တစ်နေ့ရာရာမှာ ငါ့သားရင်းချာတစ်ယောက် ရှိနေသေးတယ်ဆိုပြီး သတိတရ တ,သနေတယ်ဆိုရင်တော့ အဖေနဲ့သား ဆုံစည်းထိုက်ပါတယ် ရှိုးမရာ၊ မင်းအမေရော ဘာဘာရော ဆက်သွယ်လိုက်စေချင်တယ်၊ ဆန္ဒရှိတယ် တိုက်တွန်းတယ်၊ ဆုံးဖြတ်တာကတော့ မင်းသဘောပါ၊ မင်းပဲ ဆုံးဖြတ်ပါ ရှိုးမ”

❣ ◇ ❣



www.burmeseclassic.com

www.burmeseclassic.com



# ၃

စာပေးစာယူနဲ့ ဘွဲ့ကလေးတစ်ခု ရထားရုံရှိပြီး တခြားဘာသင်တန်းမှလဲ မတက်ခဲ့ မအောင်ခဲ့တဲ့ သူတစ်ယောက် အနေနှင့် လောက်လောက်လားလား အလုပ်တစ်ခု ရဖို့ဆိုတာ အင်မတန်မှ မလွယ်ကူတာပင်။ ရတော့လည်း လခက ချောက်တီး ချောက်ချက်နဲ့ လမ်းစရိတ်နုတ်ရင်း ပင်ပန်းတာ အချိန်ကုန်တာနဲ့ မကာမိတဲ့အတွက် မလုပ်ဖြစ်ပြန်ခဲ့။

ဖေဖေရှိစဉ်ကတော့ ဘာအရေးလဲ။ ကိုယ့်အဖေတစ် ယောက်လုံးက ရှာကျွေးနေတာပဲဆိုပြီး မိထွေးမျက်နှာသာသာ မသာသာ အလုပ်ကိုရွေးနေခဲ့သည်။ လခလေးတစ်သောင်းခွဲ နှစ် သောင်းလောက်နဲ့ အရောင်းစာရေးမတို့ ဘာတို့ကျတော့ ဘယ် လိုလုပ် လုပ်မလဲ၊ ကားခအသွားအပြန် တစ်လ ခုနစ်ထောင် ရှစ်





ထောင် ပြန်ကုန်ကာ အဝတ်အစားဖိုးလည်း ကုန်ရဦးမှာ။ ကိုယ် သုံးစရာ ဘာမှမကျန်။

နုပျိုက အိမ်မှတော့ ညဘက် ရပ်ကွက်ထဲက နှစ် တန်း သုံးတန်းကလေးတချို့ကို ကျူရှင်ပြသည်။ ဒီကရတဲ့ ငွေ ကြေးလေးကပဲ နုပျိုရဲ့အသုံးစရိတ် မုန့်ဖိုးပေါ့။ မိထွေးက မီးဖို ချောင်စရိတ် ဘယ်လောက်ကြီး ကြီးပါတယ်လို့ ညည်းညည်း ဖေဖေတစ်ယောက်လုံးက ဒီစရိတ်ကို ပေးနေတာမို့ အားနာစရာ မလိုခဲ့ဘူးပေါ့။

ခုတော့ ...။

အခြေအနေချင်း မတူတော့ပြီလေ။ ဖေဖေကမရှိ တော့။ ဖေဖေရှိတုန်းကတည်းက ပွဲစားအလုပ် တစ်ပိုင်းတစ်ဝက် လုပ်နေတဲ့ မိထွေးက ပုံမှန်မဟုတ်ပေမယ့် သူ့ဝင်ငွေနှင့်သူ မြိုးမြိုးမြက်မြက် ရသားပင်။ ရက်လည်နေ့က မိထွေးက ပြော ပါသည်။

“နင် ငါတို့နဲ့ ဆက်နေဦးမယ်ဆိုရင် အိမ်စရိတ် တစ်ဝက်ခံ ရမယ်”

“အိမ်စရိတ်တစ်ဝက်က ဘယ်လောက်လဲ”

မိထွေးက ရေဖိုး၊ မီတာဖိုး၊ မီးသွေးဖိုး၊ ဆန်ဆီဖိုး၊ ဈေးဖိုးတွေ စိတ်မှန်းနှင့် ချတွက်ပြီးသကာလ ...



www.burmeseclassic.com

www.burmeseclassic.com



"တစ်သိန်းလောက်တော့ ပေးရမယ်"

"တစ်သိန်း ! "

"ဟုတ်တယ်၊ ဒီမှာကြည့်လေ၊ စာရင်းချတွက်ထားတာပဲ"

"ဒီထဲမှာ ယံယံရဲ့မုန့်ဖိုးတို့ ကျူရှင်ဖိုးတို့ ကျောင်းကားခတို့ပါ ပါနေပါလား"

"ပါတာပေါ့၊ ဒါလည်း စရိတ်ပဲဟာ၊ ယံယံက ညည်းမောင်အရင်း မဟုတ်လို့လား၊ တွက်ကပ်စရာလား"

"တွက်ကပ်တာ မဟုတ်ဘူးလေ အန်တီ၊ နုပျိုမှာ ဘာဝင်ငွေမှ မယ်မယ်ရရ မရှိတာလည်း အန်တီသိသားနဲ့"

"အေးလေ ... ဝင်ငွေ မယ်မယ်ရရရှိအောင် အရိုးမျှားသလေး၊ ချွေးခါးသလေး လုပ်မနေဘဲ ဘာအလုပ်ရရ ဝင်လုပ်ပေါ့၊ အလုပ်ကို ဓရွေးပြီး ညည်း တစ်နေ့ တစ်နေ့ အိမ်မှာ ဘာလုပ်နေမှာလဲ၊ အလုပ်ဝင်လိုက်၊ တစ်လနှစ်လနေ ပင်ပန်းတာနဲ့ လမ်းစရိတ်နဲ့ မကိုက်ဘူးဆိုပြီး ထွက်လိုက် လုပ်မနေနဲ့ပေါ့"

"ဘယ်လောက်ပဲ နဖူးကချွေး ခြေကျအောင်လုပ်လုပ် နုပျိုရဲ့ပညာအရည်အချင်းနဲ့ ဘယ်သူကမှ တစ်လတစ်သိန်း မပေးဘူး၊ ကွန်ပျူတာတွေ ဘာတွေလည်း တတ်တာမဟုတ်ဘူး၊ အရင်က နုပျိုက သင်တန်းတက်မယ် ပူဆာရင် အန်တီပဲ ကုန်ကျစရိတ်တွေ များတယ်၊ သင်တန်းကြေး





အပိုအကုန်မခံနိုင်ဘူး၊ မိန်းကလေးပဲ အိမ်မှာပဲနေပေါ့ဆို၊ သမီးအဖေ လုပ်ကျွေး ရှာကျွေးနေတာပဲ သမီးဘာမှလုပ်ဖို့ မလိုဘူး၊ သင်တန်းတွေလည်း တက်မနေနဲ့ဆို"

မိထွေးမျက်နှာက ရှုပုပ်သွားပြီး ...

"ဒါက အရင်က၊ အခုက အခုပဲ၊ အခု ညည်းအဖေမရှိတော့ဘူး၊ ငါလည်း ပွဲစားဆိုတာ ဝင်ငွေမှန်တာ မဟုတ်ဘူး"

"ဖေဖေ ရှာဖွေထားတာတွေထဲက စုစုဆောင်းဆောင်းနဲ့ ရွှေဖြစ်တာတွေလည်း အတော်ရှိတာပဲဟာ၊ နုပျိုအလုပ်ကောင်းကောင်း တစ်ခုခုရဖို့ ကွန်ပျူတာနဲ့ အင်္ဂလိပ်ရှိတက်ချင်တယ်၊ အန်တီ ပိုက်ဆံမရှိရင်တောင် အဲဒါလေးတွေထဲက တစ်ခုခုရောင်းပြီး သင်တန်းအပ်ပေးပါ"

"အလိုတော် ... ရွှေက ဘယ်လောက်များ ဖြစ်ခဲ့လို့လဲ၊ အရှက်မရရှိတဲ့မယ် ဝတ်ရရုံ ကိုယ်ပေါ်ကဟာပဲ ရှိတာ"

"ဒီလောက် မကပါဘူး အန်တီရယ်၊ နုပျိုလည်း သိနေတာပဲ"

"ဘာမှမရှိဘူး၊ ဘာမှတက်မနေနဲ့၊ ဒီအနေအထားအတိုင်းနဲ့ပဲ ရတဲ့အလုပ် ဝင်လုပ်ပါ၊ ညည်းကိုက ဇီဇာကျယ်တယ်၊ ညည်းကိုယ်ညည်း ဘာမှတ်နေလဲ၊ ဟိုအလုပ်လည်း ကိုယ်နဲ့မတန်ဘူး ထင်ရတာနဲ့၊ ဒီအလုပ်လည်း ပင်ပန်းရတာနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မတန်တာ မဟုတ်ပါဘူး၊ ရမှာနဲ့ လမ်းစရိတ်နဲ့ အချိန်သုံးရမှာနဲ့ မတန်တာကို ပြောတာပါ"

"ညည်းမှာ အချိန်တွေက ပိုနေတာပဲဟာ၊ အချိန်သုံးရတော့ ဘာဖြစ်လဲ"

"ဘယ်လိုပဲဖြစ်ဖြစ် တစ်လတစ်သိန်းတန် အလုပ်လည်း နပျို မရနိုင်ဘူး၊ တစ်လတစ်သိန်းလည်း မပေးနိုင်ဘူး အန်တီ၊ မသကာ အန်တီကနှစ်ယောက်စာထည့်ပြီး နပျိုကို သုံးပုံတစ်ပုံ ထည့်ခိုင်းရင် တော်သေးတယ်"

"ယံယံက ညည်းမောင်ပဲဟာ"

"အန်တီ့သားလေ"

"သူ့စရိတ် ညည်းတစ်ဝက် ငါတစ်ဝက် ရှာထည့်တော့ ဘာဖြစ်မှာလဲ၊ မတရားဘူးလား"

ဘယ်တရားပါ့မလဲ။ နပျို စိတ်ထဲကပဲ ကျိတ်အော်ငြင်းနေမိသည်။ ပါးစပ်ကထုတ်ပြီး ပြောပါများလျှင် ယံယံကြားပြီး အစ်မအပေါ် အထင်မှား အမြင်မှားနှင့် မုန်းမှာကိုလည်း နပျိုကြောက်သည်။ ကိုယ်တကယ် မတတ်နိုင်လို့ ငြင်းရတာကို ကလေးက နားလည်မှုလွဲနိုင်သည်။ မလွဲလွဲအောင်လည်း ကြားထဲက ဒီမိထွေးက လုပ်ကိုလုပ်မှာပင်။

"အန်တီက ဟိုနေ့ကပြောတော့ ဒီအိမ်ရောင်းဖြစ်ရင် အန်တီကတစ်ဝက်၊ ကျန်တဲ့တစ်ဝက်ကို ယံယံတစ်ဝက် နပျိုတစ်





ဝက်ဆို၊ ငါ့တို့သားအမိက လေးပုံသုံးပုံ၊ ညည်းက လေးပုံတစ်ပုံဆို၊ အခု ရှာကျွေးဖို့ကိစ္စကျမှ ယံယံ့စရိတ်တစ်ဝက်ပါ နပျို ခံရမယ် ဟုတ်လား၊ ခွဲပုံစိတ်ပုံက တစ်မျိုးနဲ့ တစ်မျိုး မတူပါလား"

"ဘယ်တူမလဲ၊ တူပါ့မယ့်လို့ရော ငါ ကတိပေးထားလို့လား၊ ကိစ္စချင်းမှ မတူတာ၊ ကဲပါ လျှာမရှည်ပါနဲ့အေ၊ အလုပ်သာရှာပါ၊ ညဘက်လည်း ခုလိုပဲ ကျူရှင်ပြ၊ နှစ်ခုပေါင်းရင် ထည့်နိုင်လာမှာပေါ့"

နပျိုသည် ဒီစကားတွေ ပြောနေရတာ ရှက်လည်းရှက်၊ ဝမ်းလည်းနည်း၊ အသည်းလည်းနာ။ ဆက်ပြောမနေချင်တော့၍ စကားဖြတ်ရသည်။ နပျိုရဲ့သူငယ်ချင်း နီလာ အဆောင်မှာနေ အလုပ်လုပ်ပြီး ကိုယ့်ဟာကိုယ်စားတဲ့သူပင် ပိုက်ဆံခြောက်သောင်းလောက်နှင့် လောက်အောင်နေသည်။

နီလာ့လို အဆောင်ထွက်နေပြီး ခြစ်ကုပ်ခြီးခြီစားရင်မှ ခြောက်သောင်းလောက်ရရင် လောက်နိုင်ဦးမည်။ ကိုယ့်အိမ်ကိုယ်နေပြီး စရိတ်တစ်သိန်းပေးဖို့ ဖြစ်နိုင်ချေလမ်းတော့ မမြင်ပါ။ နပျိုတစ်ကိုယ်လုံးမှာလည်း လည်ပင်းက ဆွဲကြိုးလေးအပြင် ဘာမှမပိုင်။ နားပေါက်တောင်မပါ၍ နားကပ်မရှိ။ ဒီဆွဲကြိုးဖြုတ်ရောင်းပြီးတော့ပဲ ကွန်ပျူတာသင်တန်းလေး ဘာလေး တက်ရင်ကောင်းမလား။



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်ရမယ် မသိဘဲ ခေါင်းတွေသာ ထူပူလာတဲ့ အထဲ အသုဘချတဲ့နေ့က ရီးမနှင့် တွေ့တာ တွေးမိတော့ ပြုံးရပါ သေးသည်။ နင်ဖြစ်ချင်တဲ့ တက္ကသိုလ်ကဆရာမ ဖြစ်နေပြီလား တဲ့ … ဟား ဟား။ နပိုကြ မငြင်းလိုက်ပါ။ ခေါင်းပဲညိတ်လိုက် မိပါသည်။ ဟုတ်တယ်လေ … ဆရာမတော့ ဆရာမပဲ။ တစ်တန်း၊ နှစ်တန်း၊ သုံးတန်းတို့ရဲ့ ကျူရှင်ဆရာမ။

ဘာမှမသိတဲ့ ရီးမကတော့ နပိုကြိုတော်သတဲ့။ ရည်မှန်းချက်ကြီးသတဲ့။ ရယ်စောင်ရယ်ချင်သေးသည်။ ခုထိ ကိုယ်ဟာ ဘာဆို ဘာမှမဟုတ်သေးတာ ရီးမလို ကိုယ့်အပေါ် အထင်ကြီးနေသူကို ပြောမပြလိုပါ။ သူနဲ့မတွေ့တော့ချိန်ကစပြီး ဘဝက ကမောက်ကမ ဖြစ်ပျက်ပြောင်းလဲကုန်တာ သူသိရင် သနားနေမှာကိုလည်း အလိုမရှိပါ။

ဖေဖေ မရှိတော့ဘူးဆိုတာနဲ့ ကိုယ့်ဘဝတော့ မလွယ် ဘူးဆိုတာကို နားလည်ပြီးသားပါ။ ကိုယ့်အပေါ် တစ်စက်မှမကောင်း တဲ့ စေတနာမရှိတဲ့ မိထွေးနှင့် ကျန်ရစ်ခဲ့ရတော့တာလေ။ အိမ် ပေါ်ပဲ ဆက်နေရကောင်းမလား၊ အဆောင်ရှာပြီး ပြောင်းနေရ ကောင်းမလား။ နပိုကြိုကို ချစ်ခင်ရင်းနှီးသူများကတော့ …

"ကိုယ့်အိမ်ပဲကိုယ်နေ၊ နင် အိမ်ပေါ်ကဆင်းလိုက်တာနဲ့ ဘုံပျောက်သွားလိမ့်မယ်၊ အဲဒီအိမ်တန်ဖိုးထဲက နင်ရမယ် ဆိုတဲ့ လေးပုံတစ်ပုံလေးတောင်မှ ဝေးသွားလိမ့်မယ်နော်"



ဒီအတိုင်း ပြောကြပေမယ့် နပိုကြ အိမ်ပေါ်မှာ နေ ချင်စိတ်မရှိ။ စိတ်ညစ်သည်။ မိထွေးရဲ့အပြောအဆိုတို့ကို စဖား နည်းရန်စဲဆိုပြီး သည်းခံနေခြင်းဟာလည်း အတိုင်းအတာတစ်ခု ဆီရောက်ရင် အစွမ်းကုန်သွားမှာပဲ။ ဖေဖေမရှိတော့တဲ့အတွက် မိထွေးနှင့် လင်ပါသမီး သတ်ဖြတ်ဝှန်းဒိုင်းကြဲကြတယ် ဆိုတာမျိုး ဖြစ်ရမှာကိုလည်း နပို ရှက်ပါသည်။

နပိုကြ အတွေးတွေ တလေးတပင်နှင့်ပင် ဆိုင်လေး တစ်ဆိုင်ထဲ လှမ်းဝင်လိုက်ပါသည်။

"မင်္ဂလာပါ၊ ကြွပါ အစ်မ"

ဒူးလောက်စကတ်နှင့် ကောင်မလေးတစ်ယောက်က ဆီးကြိုဂါရဝပြုကာ နပိုကြိုကို စားပွဲတစ်ခုဆီ ညွှန်ပြပါသည်။

"ဩော် … အစ်မက ဒေါ်ခင်သိန်းတန်နဲ့ တွေ့ဖို့လာတာပါ ညီမ"

"ဘာကိစ္စပါလဲရှင်"

"အလုပ်လျှောက်ထားတာ ဒီနေ့ လာတွေ့ခိုင်းလို့ပါ"

"ဩော် … အန်တီက ဒီကိုပဲလာမှာပါ၊ အစ်မ စားပွဲတစ်ခု မှာပဲ ဝင်ထိုင်စောင့်နေလိုက်ပါ၊ နာရီဝက်လောက်နေရင် အန်တီ ရောက်လာမှာပါ"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



နပို့ကျက နီးရာလွတ်တဲ့ စားပွဲတစ်ခုမှာ ဝင်ထိုင်လိုက်ပါသည်။ ကော်ဖီ၊ အအေး၊ shake မျိုးစုံ၊ ဒါတွေနှင့် တွဲဖက်စားတဲ့ မုန့်မျိုးစုံရောင်းတဲ့ဆိုင်ပင်။ ဒါတောင် နီလာ့သူငယ်ချင်းရဲ့ ညီမလေးတစ်ယောက် လုပ်နေကာ လူတစ်ယောက် လိုနေတယ်ဆိုတာ သူ့ထံကတစ်ဆင့်တစ်သင့် သိရ၍ ခုလို အလုပ်လျှောက်ဖြစ်တာ။

နပို့ကျက စားပွဲမှာ ခပ်ငူငူပဲ ထိုင်နေမိတာ အနားကို လူရိပ်တစ်ခု ရောက်လာပြီး စားပွဲမှာ ဝင်ထိုင်လိုက်တဲ့ အထိပင်။

"ဟင်"

"နှင်း"

"ရီးမ ... နင် ဘယ်ကရောက်လာတာလဲ"

"ငါ ဒီမှာရှိနေတာ၊ ဟိုစားပွဲမှာ ထိုင်နေတာ၊ ဒီမှာ နင်တစ်ယောက်တည်း ထိုင်ငေးနေတာမြင်လို့ လာထိုင်တာ၊ ချိန်းထားတာလား"

နပို့ကျက ရီးမ ရောက်လာတဲ့အတွက် စိတ်ကျဉ်းကျပ်သွားပါသည်။ သူ့ကို နှစ်လိုပေမယ့် ကိုယ့်ကိစ္စတွေ မသိစေလိုပါ။

"အင်း ... ဆိုင်ရှင်နဲ့ပါ၊ ကိစ္စလေးတစ်ခုရှိလို့၊ နင်ရော တစ်ယောက်တည်းလား"

"အင်း ...၊ ငါ လူတစ်ယောက်နဲ့ချိန်းထားလို့"





ရီးမက နာရီကို တစ်ချက်ကြည့်လိုက်ပါသည်။ သူချိန်းထားတာ ရုပ်ရှင်မင်းသားနေထွဋ်ရဲ့မန်နေဂျာနှင့်ပါ။ ဖုန်းလှမ်းဆက်ကာ ဦးနေထွဋ်နဲ့ အနုပညာကိစ္စ မီဒီယာကိစ္စမျိုးမဟုတ်တဲ့ ကိုယ်ရေးကိစ္စတစ်ခု ပြောချင်လို့ပါလို့ ချိန်းတော့ မန်နေဂျာက သူနှင့်အရင်တွေ့ဖို့ ချိန်းတာပင်။ သူတို့ထံ ခေါ်ပေမယ့် ရီးမက အပြင်မှာပဲ တွေ့ချင်သေးတာကြောင့် နေရာတစ်နေရာ ရွေးလိုက်တာ။

"ယောက်ျားလား မိန်းမလား"

လွတ်ခနဲ မေးလိုက်မိပြီးမှ နပို့ကျက သူ့ကိုယ်သူ ရှက်လန့်သွားပါသည်။ ဘာဖြစ်လို့ ဒါမျိုးသွားမေးရတာလဲ။ သူက ဘာထင်မလဲ။ တကယ်တော့ နပို့သည် တကယ့်ကို သိချင်စိတ်ပေါ်ကာ ပေါ်ပေါ်ချင်း နှုတ်တလှစ်ခနဲ လွတ်ထွက်သွားတာဖြစ်သည်။ ထွက်သွားပြီးသော စကားလုံးတို့ကို ပြန်ဖမ်းယူလို့မရတော့သော်လည်း ချက်ချင်းပဲ နောက်တစ်မျိုးထပ်ကာ ...

"အလုပ်ကိစ္စလား"

"အင်း ... ဆိုပါတော့ဟာ၊ အလုပ်ကိစ္စပေါ့"

နပို့ကျက ရီးမကို စိုက်ကြည့်နေမိသည်။ ကိုယ်က ရဲရဲစိုက်ကြည့်ရဲပေမယ့် သူက မလုံမလဲ မျက်နှာခပ်လွှဲလွှဲ ကြည့်လိုက် မျက်လုံးလွှဲဖယ်လိုက်။ ရယ်ရတယ်။ ငယ်ကတည်းက ပျော



www.burmeseclassic.com

www.burmeseclassic.com



ယာခတ်ပုံဟာ ခုထိမပျောက် နပျိုကိုမြင်လျှင် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိတဲ့ပုံစံနဲ့ ထိုကောင်ကလေးကို နပျိုကိုယ်တိုင်လည်း ချစ်စနိုးရှိမိတာတော်ခဲ့တာ ကိုယ်တိုင်အသိဆုံး။

ခပ်နွမ်းနွမ်းကြေကြေနဲ့ စာလည်း တော်ပုံမရလှတဲ့ ထိုကောင်လေးဟာ နပျိုစိတ်ကူးယဥ်ထားတဲ့ အမျိုးသားပုံစံထဲ မပါတာမို့ ခပ်တမ်းတမ်းပဲ ဆက်ဆံခဲ့ပေမယ့် သူ့အပေါ် ငယ်ကတည်းက နပျိုငြိတွယ်ပါသည်။

နပျိုလိုချင်တဲ့ပုံစံက စာတော်တဲ့ ကောင်လေး၊ အမ်စီဝင်ကာ ဆရာဝန်ဖြစ်မယ့် ကောင်လေး၊ ပိုက်ဆံလည်းချမ်းသာတဲ့ကေ··င်လေး။

ဒီလိုဟာမျိုးတွေထဲက တစ်ယောက်ယောက်ပေါ့။ သုံးချက်လုံးနှင့် ရိုးမက မကိုက်ညီလေတော့ နပျိုက အရေးအဖက်တယ်မလုပ်ခဲ့လှ။

အရွယ်မရောက်တရောက်လေးကစပြီး နပျိုကို တန်းတန်းစွဲ ချစ်ကြိုက်ဂရုစိုက်လာတဲ့ ကောင်ကလေးတစ်ယောက်အဖြစ် နပျို ခေါင်းထဲ ရိုးမက အမြဲရှိခဲ့ပါသည်။ ဟိုးတုန်းက ငယ်ဘဝပြန်တွေးမိတိုင်း ကျောင်းအကြောင်း စဉ်းစားမိလျှင် တောက်လျှောက်တွဲခဲ့တဲ့ သူငယ်ချင်း စံစံနှင့် တန်းတူ ခေါင်းထဲ ဦးဆုံးဝင်လာတတ်တဲ့ ရိုးမပါ။





ချစ်တဲ့ ကြိုက်တဲ့ တခြားယောကျ်ားလေးတွေရှိပေမယ့် ဘယ်သူ့ကိုမှ အာရုံထဲမစွဲ။ သူ့ကိုတော့ မမေ့မလျော့ အာရုံထဲ တရစ်ဝဲဝဲ ခုထိစွဲခဲ့တာ သူ့ကို ပြောပြဖို့လည်းမလို၊ သူသိဖို့လည်း မလိုဘူးမို့လား။

ဟိုးတုန်းက မုဆိုးမငယ်ငယ်လေးရဲ့သား ခပ်နွမ်းနွမ်းလေးဟာ ခုဆိုရင် မုဆိုးမအမေပါ မဲ့သွားပြီ။ သပ်ရပ်တောက်ပြောင်လာပေမယ့် ပြည့်စုံချမ်းသာပုံတော့လည်း မဟုတ်ပါ။ ဟိုအရင်ကတော့ နပျိုသည် ကိုယ့်အလှကို မာန်ခပ်တက်တက်နှင့် ယောကျ်ားတစ်ယောက် ရွေးမည်ဆိုမှဖြင့် ကိုယ့်အတွက် ရနိုင်သမျှထဲက အကောင်းဆုံးကိုတော့ ရွေးရမှာပဲလို့ ဈေးတွက်တွက်အရှုံးအမြတ်တွက် တွေးခဲ့တာ။

မရနိုင်ရင်တော့ တစ်မျိုးပေါ့။ ကိုယ်လည်း ရုပ်ရည်လေးနှင့် အသင့်အတင့် အဆင့်အတန်း ရှိတာမို့ ရနိုင်တဲ့သူပဲဟာ။ အညံ့အစုတ်ကို ဘာကြောင့် ရွေးချယ်ရမှာလဲရယ်လို့ ကိုယ်ရွေးချယ်မည့် ယောကျ်ားတစ်ယောက်ရဲ့စံတွေကို စိတ်ကူးယဉ်ခဲ့တာ။

ငယ်စိတ်နှင့် ဒီစံတွေကို သူငယ်ချင်းတွေကြားမရှက်မကြောက် ချပြောခဲ့ဖူးတာ။ ဒါကြောင့် နပျိုရဲ့မာန်မာနကို ကြည့်မရ အမြင်ကတ်ကြတဲ့ ယောကျ်ားလေးတို့က ကွယ်ရာမှာ နပျိုကို အမည်ပြောင်ခေါ်ကာ "ဆရာဝန်ကတော်"တဲ့လေ။ ဒါက ဟိုတုန်းက၊ ထားပါတော့။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ နုပျို အခြေအနေက ငွေတွေ ဂုဏ်တွေကို မမက်မဖြစ် မက်ရတော့မည့် အနေအထား ရောက်နေပြီမို့ ကိုမက်ကိုမက်ရတာ။ အိမ်တန်ဖိုး လေးပုံတစ်ပုံပေးမည် ဆိုတာကပင် ဘယ်အချိန် ဘယ်ကာလမှာမှ ဖြစ်လာမယ်မှန်း မသိတဲ့ကိစ္စ။ သူနဲ့ ဆက်နေမည်ဆိုရင် အိမ်စရိတ် တစ်သိန်းထည့်ရမည်ဆိုတဲ့ မိထွေးရဲ့လက်မှ နုပျို ရုန်းထွက်ချင်နေပြီ။ မိထွေးရဲ့မောက်မာ အထက်စီးယူမှုအောက်မှာ ငုံ့ပြီး ဆက်လက်မရှင်သန်လို။

ဖေဖေရှိတုန်းကတော့ မိထွေးက ကွယ်ရာမှာ ဘာပြောနေနေ ဘာလုပ်နေနေ ဖေဖေ့ရှေ့ရောက်လျှင် သမီး ... သမီးနှင့် ဗလောင်းဗလဲတော့ လုပ်ပြဖော်ရသေးသည်။ မိထွေးရဲ့နှိပ်ကွပ်လိုမင်းထက်မှုတွေ အနိုင်ကျင့်မှုတွေ ခံစားနေရပေမယ့် ငါ့အဖေတစ်ယောက်လုံး ရှိနေသေးတာပဲဆိုတဲ့ အားရှိမှုက နည်းနည်းနောနောမှ မဟုတ်တာ။

ခုတော့ ဘယ်လိုမှ မိထွေးနှင့်နေဖို့ အဆင်မပြေနိုင်။ မိထွေးလက်ကို ရှာလို့ရသမျှ တစ်ပြားတစ်ချပ်မကျန် အပ်ပြီး အခိုင်းအစေလို ပြားပြားဝပ်ရိုကျိုးမနေချင်။ နုပျိုရဲ့ လွတ်လမ်းဟာ ဘာပါလဲ။ အသင့်အတင့် လခနှင့် အလုပ်မျိုး ရှာရဖွေရခက်ခဲလာချိန်မှာ နုပျိုခေါင်းထဲ အလိုလိုဝင်လာတဲ့ မျှော်လင့်ချက်က အိမ်ထောင်ဖက်ကောင်းကောင်း တွေ့ဖို့ပင်။





ရိုးမကို ပြန်တွေ့ရတာ ဝမ်းသာရင်ခုန်ပြီး တစ်မျိုး
သေး အားရှိရပေမယ့် သူဟာ နုပျိုမျှော်လင့်သလောက် အခြေ
အနေမျိုး ပိုင်ဆိုင်ထားတဲ့ အိမ်ထောင်ဖက်ကောင်းတော့ဖြင့် မဖြစ်
နိုင်ဘူးလို့ အလိုလို သိနေတဲ့အခါ အားနာပါးနာနှင့်ပင် သူ့ကို
ခပ်စွာစွာကလေး ဆက်ဆံဖို့ စိတ်ကူးရသည်။

"နင် ဒီဆိုင်ရှင်နဲ့ ဘာကိစ္စရှိလို့လဲ"

ရိုးမက ငြိမ်သက်တွေးငေးနေတဲ့ နုပျိုကို မေးလိုက်
ပါသည်။

"ဒီလိုပါပဲ၊ ကိစ္စလေးတစ်ခုပေါ့"

"နင်နဲ့ခင်လား"

"ခင်တယ်တော့ မဟုတ်ပါဘူး၊ နင်က ဘာလို့စပ်စုနေတာ
လဲ"

နုပျိုရဲ့ခပ်စွာစွာ လေသံကြောင့် ရိုးမက ပခုံးတွန့်
ပြ ရယ်ကျဲကျဲ လုပ်လိုက်မိသည်။ ဒီဆိုင်ပိုင်ရှင် အစ်မကြီး
ဒေါ်ခင်သိန်းတန်နှင့် ရိုးမက ခင်ပါသည်။ အစ်မကြီးက စာနယ်
ဇင်းတွေ အနုပညာသည်တွေနှင့် ခင်ခင်မင်မင် နေတတ်သူဖြစ်ကာ
တချို့သော အနုပညာကိစ္စပွဲသေးလေးတွေကို ဆိုင်မှာလက်ခံကျင်း
ပပေးလေ့ရှိသည်။

ရိုးမနှင့်လည်း ခင်မင်နေတော့ ရိုးမက အင်တာဗျူး
လုပ်စရာတချို့တို့ တွေ့ဆုံစရာကိစ္စတချို့တို့ကို ဒီမှာလာလုပ်လေ့



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ အိမ်မှာ တခြားမှာတွေ့ဖို့ အဆင်မပြေတဲ့ အနုပညာသည်ကို ဒီမှာချိန်းဆိုတွေ့ဆုံ စကားပိုင်းလုပ်ဖြစ်လို့ ကျေးမွေးဧည့်ခံရတဲ့စရိတ်ဟာလည်း ကိုယ်ရှင်းခဲ့ဖို့ မလိုဘဲ တိုက်ရဲ့အသုံးစရိတ်အဖြစ် တိုက်ကိုသာ Bill ရောက်သွားစမြဲပင်။

"နင့်အလုပ်ကိစ္စကကော ဘာလဲ"

"ငါလား ... အင်း ... ငါက ဟိုလေ ဦးနေထွန်းရဲ့မန်နေဂျာနဲ့ ဒီမှာချိန်းထားတာကို စောင့်နေတာ"

"သြော်"

ရီးမက သူ့ကိစ္စကို အနည်းငယ် မျက်နှာပူနေကာ နပျိုကို ပြောပြဖို့ စိတ်ကူးမရှိပါ။

"နင့်အလုပ်က Celebrities တွေနဲ့ တွေ့ရတာပေါ့နော်"

"အင်း"

"စာအုပ်တိုက်မှာ လုပ်တာဆို"

"ငါတို့ပိုင်ရှင်သူဌေးက ရီးရီးစာအုပ်တွေလည်း ထုတ်တယ်၊ မဂ္ဂဇင်းတစ်စောင်နဲ့ ဂျာနယ်နှစ်စောင်လည်း ထုတ်တယ်ဟ၊ မဂ္ဂဇင်း ဂျာနယ်သတင်းတွေအတွက် အနုပညာသည်တွေနဲ့ တွေ့ရတာပေါ့"

"နင်က Interviewer (အင်တာဗျူးမေးမြန်းသူ)လား"

"အဲလိုတော့ မဟုတ်ပါဘူး"

"ဘာရာထူးလဲ"





"ရာထူးနာမည်ကတော့ စီနီယာအယ်ဒီတာပဲ၊ ဒါပေမဲ့ ငါက စဝင်ဝင်ချင်းတုန်းက ရီပို့တာအနေနဲ့ ဝင်လာတာ၊ နည်းနည်းကြာတော့ စီနီယာရီပို့တာပေါ့ဟာ၊ အဲဒီကနေ အယ်ဒီတာ၊ စီနီယာအယ်ဒီတာဆိုပြီး ဖြစ်လာပေမယ့် ငါတို့တိုက်က ဝန်ထမ်းနည်းနည်းနဲ့ တစ်ယောက်ကို တာဝန်များများယူတဲ့စနစ်ဆိုတော့ အရေးကြီးတဲ့သတင်းတွေလည်း ကိုယ့်ဟာကိုယ် ထွက်ယူလိုက်တာပဲ၊ အရေးကြီးတဲ့ အင်တာဗျူးဆိုရင်လည်း ငါ လုပ်တယ်၊ သတင်းထောက်အငယ်တွေရဲ့ သတင်းတွေလည်း Edit လုပ်ပေးရတာ ပါတာပေါ့"

"လခများတာပေါ့ ! "

နပျိုရဲ့ပွင့်ပွင့်ကြီး မေးပုံကို ရီးမက အံ့အားသင့်သွားပါသည်။ နပျိုဟာ တစ်မျိုးကြီးပါလား၊ ငွေရေး ကြေးရေးကိုဘဲတိုးကြီးဖွင့်စပ်စုဖို့ အားမနာပါလား။ သို့သော် နပျိုဆိုတာဟာ ရီးမရဲ့ရင်ထဲမှာ နှစ်သက်ကြာကြာ တမ်းတမ်းစွဲနေခဲ့ရတဲ့ ရတနာတစ်ပါးဖြစ်ရာ ရီးမက အပြစ်တော့ မမြင်ပါ။ အံ့အားသင့်ရုံသာ။

"အင်းပေါ့"

တကယ်တော့ စီနီယာအယ်ဒီတာတစ်ယောက်ဖြစ်တဲ့ ရီးမရဲ့လစာဟာ ဒီတိုက်မှာ လေးသိန်း ရပါသည်။ အိုဗာတိုင်ကြေး ဘိုးနပ်စ်တွေ သပ်သပ်ရပါသည်။ မဂ္ဂဇင်းရော ဂျာနယ်နှစ်စောင်လုံးပါ အောင်မြင်နေတာမို့ သူဌေးက ရီးမတို့လို ဖင်ပြင်



www.burmeseclassic.com

www.burmeseclassic.com



နှင့် အပြောင်းအရွှေ့ အခုန်အကူး မလုပ်တဲ့ ဝါရင့်ဝန်ထမ်းတွေကို ထိုက်တန်တဲ့လစာ ပေးထားသည်။ အယ်ဒီတာချုပ်ကို ဆိုရင် လစာခုနစ်သိန်းခွဲ ပေးထားပါသည်။ လူနည်းနည်းနှင့် အလုပ်ကတော့ ဒလစပ်လုပ်ရသည်။

"ဒါပေမဲ့ဟာ ငါတို့က ပြေးလွှားခုန်ပေါက်နေရတာပါ နင်တို့တက္ကသိုလ်က ဆရာမတွေလို ကြော့ကြော့လေးနဲ့ ဂုဏ်ရှိနေတာမျိုးလောက်တော့ မသက်သာဘူးပေါ့ဟာ ဒီမှာ ငါ့ကတ်၊ တိုက်လိပ်စာရော အိမ်လိပ်စာရောပါတယ်"

"အဟင်း ဟင်း"

နပျိုက ကတ်ကိုလှမ်းယူရင်း ရယ်ချင်စိတ်ပေါက်ကာ ခပ်တိုးတိုးရယ်သည်။ တမင်တကာ ကြွားဝါပြီး လိမ်လည်ထားလိုစိတ် အလျဉ်းမရှိပေမယ့် ရည်ရွယ်သလို ဖြစ်မလာတဲ့ ကိုယ့်ဘဝအကြောင်းကိုလည်း စေ့စေ့စပ်စပ် ဖြေရှင်းအသိပေးချင်လိုစိတ်လည်း မရှိတဲ့အတွက် ဘာမှပြောမနေတော့တာပါ။ ရီးမရဲ့ လိပ်စာကတ်လေးကိုသာ ဖတ်ကြည့်နေမိသည်။

တကယ်ဆို ယယ်ယယ်က နပျိုက လေလုံးခပ်ကြကြီး မာန်ခပ်တက်တက် မဟုတ်လား။ ကိုယ်ပြောထားသလိုတွေ ဖြစ်မလာတဲ့အခါ ဒါကို ဝမ်းနည်းရှက်ရွံ့စိတ်ကလည်း ဒီအကြောင်းတွေ စကားမစချင်ဘဲ ရှိစေသည်။

"နင် ဒီနေ့ ကျောင်းမသွားရဘူးလား"





"ဟင့်အင်း"

နပျိုက ခပ်တိုတိုပဲ ဖြေသည်။

"ရက်လည်နေ့တုန်းကတောင် ငါ နင့်ဆီလာမလားလို့ စဉ်းစားသေးတယ်"

"နင်ကလည်း ... နင့်မှာလည်း ရက်လည်တစ်ဖက်နဲ့ဟာကို"

"ဒါပေမဲ့ နင့်ကိုလည်း သတိရနေလို့၊ အခု ဒါနဲ့ နင်ဘယ်သူနဲ့ နေနေလဲဟင်၊ အိမ်မှာ အိမ်သားမိသားစု ဘယ်သူရှိလဲ"

နပျိုက သက်ပြင်းရှိုက်ရင်း ...

"မိထွေး"

"ဪ ... ဟုတ်လား"

ရီးမ စိတ်မကောင်း ဖြစ်သွားရပါသည်။

"ဖေဖေက နောက်အိမ်ထောင် ပြုတယ်လေ၊ ပြီးတော့ မောင်လေးတစ်ယောက်လည်း ထပ်မွေးထားသေးတယ်၊ မောင်လေးက အခု ဆယ်နှစ်ရှိပြီ၊ ငါ့တန်း"

"ဪ ... တော်သေးတာပေါ့"

"ဘာတော်သေးတာပေါ့လဲ"

"ငါက နင့်အမေလည်း ဆုံးသွားပြီ၊ အခု အဖေလည်းဆုံးပြီဆိုတော့ နင် တစ်ယောက်တည်း ဘယ်သူနဲ့နေမလဲလို့

www.burmeseclassic.com



တွေးပူနေတာ၊ အခု ဘာပဲဖြစ်ဖြစ် မိတွေးနဲ့ မောင်လေးရှိ
တယ်ဆိုတော့ အထီးကျန် မဟုတ်ဘူးပေါ့ဟ၊ မိသားစု
ကျန်သေးတာပဲလေ”

နပျိုက အကောင်းမြင်သမားလေးကို ခပ်ပြုံးပြုံးပဲ လှမ်းကြည့်လိုက်ပါသည်။ ဘာမှမဖြေရှင်း မပြောပြနေတော့ပါ။ ငါ့ဘဝကို နင့်ဆီ ရင်မဖွင့်ချင်သေးပါဘူး ရီးမရယ်။ နင်က ငါ အပြီးတိုင် အားကိုးမှီခိုရမယ့်သူ မဖြစ်နိုင်လို့ပါ။ အလကားနေရင်း ကိုယ်အတွင်းရေး သိရုံမျိုးတော့ ညည်းညူမနေတော့ပါဘူး။

“ဟိုဟာ နင်တွေ့မယ့် လူများလား”

နပျို စကားကြောင့် ရီးမက လှည့်ကြည့်လိုက်လျှင် ဦးနေထွဋ်ရဲ့မန်နေဂျာ ဦးစောဝင်းကို တွေ့ရပါသည်။

“နင့်ကို ကြည့်နေလို့”

“အေး ... ဟုတ်တယ်၊ ငါ စကားပြောလိုက်ဦးမယ်”

ရီးမက နပျိုရဲ့စားပွဲမှထ,လာကာ ဦးစောဝင်းနှင့် စားပွဲတစ်ခုမှာ ထိုင်လိုက်ပါသည်။ အဲဒီတုန်းပဲ ဒေါ်ခင်သိန်းတန်လည်း ဆိုင်ထဲဝင်လာကာ ရီးမကို အဝေးကပဲ ပြုံးပြနှုတ်ဆက်ပြီး ဝင်သွားသည်။ ခဏကြာတော့ ဒေါ်ခင်သိန်းတန်လည်း နပျိုစားပွဲမှာ ဝင်ထိုင်နေလိုက်တာကို ရီးမ လှည့်ကြည့်ပြီး သိရသည်။

ဦးစောဝင်းကိုတော့ ရီးမက ဦးနေထွဋ်နှင့် သတင်းကိစ္စ မီဒီယာကိစ္စ မဟုတ်ဘဲ ပုဂ္ဂိုလ်ရေး သီးသန့်တွေ့ချင်တာ



ဖြစ်ကြောင်း၊ ဦးစောဝင်းနှင့် တွေ့ရုံနှင့်လည်း မပြီးနိုင်တဲ့အကြောင်း၊ အကြောင်းရင်းကိုလည်း ပြောပြဖို့ မဖြစ်နိုင်တဲ့အကြောင်း စေ့စေ့စပ်စပ် ရှင်းပြပြီး ဦးနေထွဋ်နှင့် မေမေ့ရဲ့ဓာတ်ပုံလေးကို ကမ်းပေးလိုက်ပါသည်။

ခင်မင်ရင်းနှီးပြီးသား ဦးစောဝင်းက ...

“ဟာ ... ဒီဓာတ်ပုံက ဘာလဲ။ ဘယ်ကပြဿနာလဲဗျ၊ ခင်ဗျား Balck mail (ငွေညှစ်ခြင်း)တွေ ဘာတွေတော့ မဟုတ်ပါဘူးဗျနော် အယ်ဒီတာလေး”

“မဟုတ်ရပါဘူးဗျာ၊ ဒီပုံကိုသာ ဦးနေထွဋ်ကို ပြလိုက်ပါ”

“ပြပြီး ဘာပြောရမှာလဲ၊ တော်ကြာ ဘိုးတော်က ကျုပ်ကို ကိုင်နေပါဦးမယ်”

“ဦးနေထွဋ်က စိတ်မဝင်စားဘူး ဆိုရင်တော့ ဘာမှဆက်မလုပ်တော့ပါဘူး၊ ဓာတ်ပုံလေးသာ ကျွန်တော့်ကို ပြန်ပေးပါ၊ သူ စိတ်ဝင်စားတယ် ဆိုရင်တော့ ကျွန်တော့်ကိုတွေ့ဖို့ သူ ချိန်းပါလိမ့်မယ်ဗျာ၊ အဲဒါလေးပါပဲ”

“အယ်ဒီတာလေးက လူကို ခေါင်းလာစားနေပြန်ပြီ၊ ကဲ ... ကဲ ... ပေး၊ ဒီပုံပြလိုက်မယ် ဟုတ်ပြီလား၊ သန်ဘက်ခါ ပုဂံကိုခရီးထွက်ဖို့ ရှိတယ်ဗျ၊ ဒီနေ့ပဲ ဒီပုံကို ပြလိုက်ပါမယ်၊ သူ စိတ်မဝင်စားလည်း ဓာတ်ပုံကို ပုဂံကပြန်လာမှ

www.burmeseclassic.com



ပေးတော့မယ်၊ စိတ်ဝင်စားရင်လည်း ပုဂံက ပြန်လာမှပဲ တွေ့နိုင်မှာပဲ”

အဲဒီနောက်တော့ ရှီးမက ဒေါ်ခင်သိန်းတန်နှင့် စကားမပြတ်တဲ့ နှပ်ပို့ကို နှုတ်ဆက်မနေတော့ဘဲ တိတ်တိတ်ဆိတ်ဆိတ်သာ ပြန်လာခဲ့ပါတော့သည်။





## ၄

“မင်းအမေ ဆုံးတာကို ဘာဖြစ်လို့ အကြောင်းမကြားတာလဲ သား”

စိုစွတ်လာတဲ့ ဦးနေထွန်း မျက်လုံးများကိုကြည့်လျက် ရှီးမရင်ထဲလည်း လှိုက်သွားပါသည်။ သူက ရုပ်ရှင်မင်းသားတစ်ယောက်မို့ပဲလား။ ကြေကွဲတဲ့အရိပ်သဏ္ဌာန်ဟာ မျက်နှာပြင်မှာ ထင်းထင်း ထင်ရှားနေသည်မှာ သေးလှုပါ ကူးစက်ခံစားရင်နင့် ချင်စရာ ကောင်းနေသည်။

“ဒီတုန်းက ကျွန်တော် မသိသေးလို့ပါ”

“သားက ဘယ်တော့မှ သိတာလဲ”

“မေမေဆုံးပြီးမှ ဘကြီး ပြောပြလို့ သိတာပါ၊ ဒီဓာတ်ပုံတောင် ဘကြီးဆီကပဲ ရတာပါ၊ မေမေ့ဆီမှာ ဒီလိုဓာတ်ပုံတွေ တစ်ခါမှ မတွေ့ဖူးပါဘူး၊ ဘကြီး သိမ်းထားတဲ့ ဓာတ်ပုံပါ”



www.burmeseclassic.com

www.burmeseclassic.com



"ဘကြီးဆိုတာ ကိုသိန်းထွန်းလား"

"ဟုတ်ကဲ့"

"ကိုသိန်းထွန်းရော နေကောင်းလား"

"ဟုတ်ကဲ့ ... ကောင်းပါတယ်"

ဦးနေထွန်းရဲ့ခေါင်းထဲမှာ ဘကြီးရဲ့နာမည်ကိုပင် ချက်ချင်း သိသိမှတ်မှတ် ရှိတာကို ရီးမ သတိပြုမိပါသည်။

"မင်းအမေ မဆုံးခင်က ပြန်ဆက်သွယ်မိကြဖို့ ကောင်းတယ်"

"မေမေ့ဆီက ရီးတို့ရိပ်တိတ်တောင် တစ်ခါမှ မကြားဖူးခဲ့ပါဘူး၊ မေမေက ဘာမှမပြောခဲ့ဖူးဘူး၊ ကျွန်တော့်အဖေက ကျွန်တော်မွေးတဲ့အချိန်လောက်ကပဲ ဆုံးသွားပြီဆိုတာကိုပဲ ငယ်ငယ်ကတည်းက သိခဲ့ရတာပါ။ ကျွန်တော့်အဖေဆိုတာ သက်ရှိထင်ရှား ရှိနေလိမ့်မယ်လို့ အခုအချိန်ထိကို လုံးဝသိမထားခဲ့တာပါ"

ဦးနေထွန်းက ခေါင်းတညိတ်ညိတ်နှင့် အတော်ကြာ မချိတင်ကဲ ခံစားနေရပုံ ရှိပါသည်။ သူ့ရဲ့အမူအရာက ရီးမရဲ့ရင်ကိုတောင် နာကျင်စေလာသည်။ ရီးမက သူ့ရဲ့အဖေလို့ တအံ့တဩ အလန့်တကြား သိလိုက်ရတဲ့ ဦးနေထွန်းကို မသိမသာ အကဲခတ် ငေးကြည့်နေမိပါသည်။





သူ ငယ်ငယ်ကတည်းကနေ ကြီးပြင်းခဲ့တဲ့ ဘဝတစ်လျှောက်လုံး ဘယ်လိုမှ မရိပ်မိ မသိရှိခဲ့ရတဲ့အရာ။ အောင်မြင်နေတဲ့ ရုပ်ရှင်မင်းသားတစ်ယောက်ဟာ သူ့အဖေ ဖြစ်နေလိမ့်မယ်လို့ ဘယ်သူကများ ယောင်မှားတွေးမိခဲ့ပါမလဲ။ အိပ်မက်တစ်ခုပဲ မက်နေသလိုလို၊ ပုံပြင်တစ်ပုဒ်ထဲပဲ ရောက်နေသလိုလို။

ဦးစောဝင်း ပြောသွားတော့ သန်ဘက်ခါ ဦးနေထွန်း ပုဂံသွားမှာမို့ စိတ်ဝင်စားတယ်ဖြစ်စေ မဝင်စားဘူးဖြစ်စေ ပုဂံက ပြန်လာမှပဲ ဆက်သွယ်လိုက်မယ်လို့ ပြောခဲ့တာ။ ခုတော့ ဒီလို မဟုတ်ပါ။

ဦးစောဝင်းနှင့် ရီးမ ချိန်းဆိုတွေ့ဆုံပြီး နောက်တစ်နေ့ မနက်စောမှာပဲ ဦးစောဝင်း သူ့ကို ဆက်သွယ်ခဲ့တာ။

"အယ်ဒီတာလေး၊ ဆရာသမားက ဒီနေ့ မဖြစ်ဖြစ်တဲ့နည်းနဲ့ ခင်ဗျားနဲ့တွေ့မယ်တဲ့၊ ရအောင်ချိန်းဆိုလို့ ဆက်ရတာဗျ၊ နက်ဖြန်ခရီးသွားမယ်ဆိုတော့ ရှေ့ကားကလည်း မနေ့ကညက ဖြတ်တယ်၊ ဒီနေ့တစ်နေ့ကုန် ဘိုးတော်အားနေတယ်၊ လုပ်စမ်းပါဦးဗျာ၊ ခင်ဗျားရော အားလား၊ အားအား မအားအား ရအောင်အားလိုက်စမ်းပါ၊ အိမ်ကိုပဲ လာခဲ့ပါ၊ အိမ်မှာပဲ ချိန်းခိုင်းတယ်၊ ဒီနေ့ သူ ခင်ဗျားနဲ့ မတွေ့ရရင် ကျုပ် ခေါင်းကိုက်ချိန်းလိမ့်မယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



ရိုးမက ကျပ်ကျပ်တည်းတည်း အလုပ်တွေကြား ကပင် နေ့တစ်ဝက် ခွင့်ယူခဲ့ပါသည်။ သူလည်းပဲ "အဖေ"ဆိုတဲ့ ဦးနေထွန်းနှင့် တွေ့ချင်နေတာပဲလေ။ ပိတ်ကားပေါ်မှာ ဖန်သား ပေါ်မှာ အကြိမ်ရာထောင် မြင်ဖူးတာက တစ်မျိုး။ ခုလို ကိုယ့် အဖေရယ်လို့ မယုံကြည်နိုင်လောက်အောင် သိခွင့်ရလိုက်အပြီးမှာ တွေ့ရတဲ့ ခံစားချက်က တစ်မျိုးမဟုတ်လား။

"မင်းနာမည်က ရိုးမ တဲ့လား"

"ဟုတ်ကဲ့"

"အေး ... ငါနဲ့ မင်းအမေ စ,တွေ့ခဲ့ကြတာ၊ ရိုးမနားက ရွာကလေးတစ်ရွာမှာပဲလေ၊ ဟူး ... ဘာဖြစ်လို့များ မဆက် သွယ်ခဲ့ပါလိမ့်"

ဦးနေထွန်း ခေါင်းတယမ်းယမ်းနှင့် မချိတင်ကဲ ဖြစ်နေသည်။

"ဒီကိစ္စတွေ မင်း ဘယ်လောက်သိထားလဲ"

"ဘကြီး ပြောသလောက် အကြမ်းဖျဉ်း သိပါတယ်"

"ကိုသိန်းထွန်းက သူ အားလုံးသိတာပဲ၊ သူပြောသမျှဟာ အမှန်တွေချည်း ဖြစ်မှာပါ၊ တကယ်ဆို ငါ့ဓနီးဆုံးသွားတာ သတင်းစာမှာ စာစောင်မဂ္ဂဇင်းတွေမှာ အကျယ်တဝင့် လူ သိရှင်ကြားပဲကွာ၊ ဒီအချိန်မှာ သက်က ငါ့ဆီ ဆက်သွယ် ခဲ့သင့်ပါတယ်"





"ဟို ... ဒီတစ်ဖက်က ဘယ်လိုသဘောထားရှိမလဲ မရှိ ဘူးလဲ မသိတော့တာနဲ့ တမင် မဆက်သွယ်လိုက်တော့ တာလို့ ဘကြီး ပြောပြပါတယ်၊ ဒီဘက်ကများ အဆက် အသွယ် ပြန်မလုပ်ချင်တော့ဘူးဆိုရင် မေမေ ဆက်သွယ် လိုက်တာက သက်သက်မဲ့ ..."

"ငါ့ဘက်က မဆက်သွယ်ချင်ဘဲ ရှိပါ့မလား သား၊ ဘယ် လိုလုပ်ပြီး မဆက်သွယ်ချင်ပဲ နေပါ့မလဲကွာ"

ဦးနေထွန်း လေသံကြောင့် ရိုးမပင် ဝမ်းနည်းသွား ပါသည်။

"လက်ထပ်ယူပါရစေဆိုတာကို သက်က ငြင်းခဲ့တယ်၊ ဒါနဲ့ ငါ ဓာတ်ဖြုတ် သူ စိတ်ပြောင်းမလား စောင့်ပါ တယ်၊ နောက်တစ်ကြိမ် ဆက်သွယ်တဲ့အချိန်မှာ သူတို့က နေရပ်လိပ်စာတွေလည်းပြောင်း ခြေရာပျောက်ဖောက်မြှုပ် ကုန်ပြီ၊ သက် သားကလေးတစ်ယောက် မွေးသွားခဲ့တယ် ဆိုတာကိုတော့ ပြန်သိရတယ် ...

ငါ ဘယ်လောက်များ ခံစားရမလဲ မင်း တွေးကြည့် စမ်း ငါ့သား၊ ငါ့ရဲ့သားကလေးဆိုတာကို ရှိမှန်းသိလိုက် ရပြီး မြင်တောင် မမြင်ဖူးလိုက်ရဘူး။ ဒီကြားထဲ နှစ်ပေါင်း အစိတ်ကျော်မှာ ရောက်လေရာအရပ်မှာ မင်းသားနေထွန်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ရုပ်ချင်းတူတဲ့ကလေးရယ်လို့ ရပ်ထဲ ရွာထဲက ပြောသံကြားရင် ငါ အရူးလိုပဲ ခေါင်းတောင်ကြည့်မိခဲ့တယ် ...

ငါ့သားလေးများ ဖြစ်နေမလား၊ သက် မွေးခဲ့တဲ့သားများ ဖြစ်နေမလားလို့၊ သူ့မိသူ့ဖနဲ့ သူ့ဟာသူရှိတာတွေ ဖြစ်နေကြလို့၊ တစ်ချိန်လုံး အခုထိ ငါ့ရဲ့သားဆိုတာကို တွေ့ချင်မြင်ချင်စိတ် အချိန်တိုင်းပြည့် ရှိခဲ့တယ်သား"

ဦးနေထွန်းက ရိုးမကို စေ့စေ့စပ်စပ်ကြည့်ရင်း ...

"မင်းက မင်းအမေနဲ့ ပိုတူတယ်၊ ဒါပေမဲ့ မျက်ခုံးနဲ့နှုတ်ခမ်းက ငါနဲ့တူပါတယ်၊ ရှုံကြည့်လိုက်ရင်သာ အမေတူတာ၊ ဒါနဲ့ မင်းမှတ်ပုံတင်ထဲက အဖေနာမည်က ဘာတဲ့လဲ"

"ဦးနေဝင်းပါ"

ဦးနေထွန်း ရင်ထဲမှာ ဆို့နင်နာကျင်နေပုံ ရပါသည်၊

"မင်း ငါ့ကို အဖေတစ်ယောက်အဖြစ် လက်ခံနိုင်ရဲ့လားသား"

ရိုးမသည် အနည်းငယ် ရှက်ရွံ့အနေခက်သလိုနှုက ...

"လက်ခံနိုင်ပါတယ်"

ခပ်တိုးတိုး ခပ်တုံ့တုံ့ ဖြေမိပါသည်။

"လက်ခံနိုင်ရင် ငါ့ကို အဖေလို့ ခေါ်ပါဦးလားကွာ"



ရိုးမ မျက်ရည်ပင် လည်လာပါသည်။ သူ့ဘဝမှာ တစ်ကြိမ်မှ မခေါ်ခဲ့ဖူးတဲ့ နာမ်စားပင်။

"ကျွန် ... ကျွန်တော် ဖေဖေနဲ့ တွေ့ရတာ ပြောပြလို့မရအောင် ဝမ်းသာပါတယ်၊ အခုလို အလွယ်တကူလေးနဲ့ပဲ သားတစ်ယောက်အဖြစ် အသိအမှတ် ပြုပေးတာကိုလည်း ကျေးဇူးတင်ပါတယ်၊ ဘကြီးဆန္ဒအရ မေမေသိရင်လည်း ဝမ်းသာလိမ့်မယ်ထင်ပြီး ဖေဖေ့ကို ဆက်သွယ်လိုက်တာ တစ်ခုကလွဲရင် ကျွန်တော် တခြားဘာကိုမှ တွေးမထားပါဘူး၊ ခုလို ဖေဖေကလည်း ငါ မင်းရဲ့အဖေပဲလို့ ယုံယုံကြည်ကြည် လှိုက်လှိုက်လှဲလှဲ နားလည်လက်ခံ ဖွင့်ပြောပေးတဲ့အတွက် ကျွန်တော့်အတွက် ပြည့်စုံသွားပါပြီ"

ရိုးမ မျက်ဝန်းအိမ် ထောင့်စွန်းမှ မျက်ရည်ဥက ...လိုလို စီးကျလာပါသည်။ သူ တို့သုတ်လိုက်ချိန်မှာ ဦးနေထွန်း...ည်း မျက်ရည်သုတ်နေရပါသည်။

"အေး ... သိပ်ဝမ်းသာတယ် သား၊ ဖေဖေ မျှော်လင့်ထားတာ ပြည့်ဝသွားပါပြီ၊ ယုံကြည်ထားတာလည်း ဖြစ်လာပါတယ်၊ တစ်နေ့တော့ မင်းတို့သားအမိနဲ့ ပြန်ကိုတွေ့ရမယ်လို့ ယုံကြည်ထားတာ၊ ခုတော့ တွေ့ရတယ်၊ ဒါပေမဲ့ မင်းအမေတော့ ပါမလာတော့ဘူး၊ ဒါကတော့ ဖေဖေ့အတွက် ပြောမပြနိုင်တဲ့ ဆုံးရှုံးမှုပဲ၊ ခုလို ဖေဖေ့ဆီ မင်းလာမဆက်

www.burmeseclassic.com

www.burmeseclassic.com



သွယ်ခဲ့ရင် ငါ့အနေနဲ့ ရှာရမလွယ်ကူနိုင်ဘူး သား၊ ခုလ ရောက်လာပေးတဲ့အတွက် ကျေးဇူးတင်တယ်၊ သိပ်ကျေးဇူ တင်တယ်သား"

"မလိုပါဘူး ဖေဖေ၊ ကျွန်တော်က ကျေးဇူးတင်ရမှာပါ"

"မင်းက ဘာဖြစ်လို့ ကျေးဇူးတင်ရမှာလဲ၊ မဟုတ်တာဘ ငါကသာ မျှော်လင့်နေတဲ့သူ၊ ဘဝထဲမှာ ကွက်လပ်တစ် လစ်လပ်နေတဲ့သူ၊ ဒါကြောင့် သားကို ကျေးဇူးတင်တာ ယုံချင်မှတော့ ယုံပေါ့ကွာ၊ ငါ့ဘဝမှာ မင်းအမေက င အမြတ်နိုးဆုံး မိန်းမပါ ...

ဘယ်သူယုံယုံ မယုံယုံ ဘာမှမထူးတော့တဲ့ စကာ ဖြစ်ပေမယ့် ငါ့ဘဝအတွက်တော့ သစ္စာစကားတစ်ခုဖြ တယ်၊ အရေးပါတဲ့ စကားတစ်ခွန်းဖြစ်တယ်၊ ဒီနေ့စိ တွေ လှုပ်ရှားရတယ်ကွာ၊ ဝမ်းလည်းသာတယ်၊ ကဲ ...

ဦးနေထွဋ်က သူ့ပေါင်နှစ်ဖက်ကိုပုတ်ကာ "ကဲ" အသံပေးလိုက်တာမို့ ရိုးမက အလိုက်တသိပင် ...

"ကျွန်တော်လည်း ပြန်တော့မယ် ဖေဖေ၊ ဖေဖေ မန ခရီးသွားရမှာ အနားယူပါဦး"

"ဟုတ်တယ်၊ မင်း ပြန်၊ အခုပြန်ပြီးတော့ မင်းပစ္စည်းေ အားလုံးသယ်ပြီး ဒီကိုပြောင်းရွှေ့ခဲ့တော့ သား"

"ဗျာ"





"ဒီနေ့ပဲ ရွှေ့ခဲ့၊ ဘာမှလိုတာမှ မဟုတ်ဘဲ၊ ဒီမှာသားကိုပေးဖို့ အခန်းအသင့်ရှိတယ်၊ အရင်တော့ ဧည့်သည်တည်းခိုတာ လာတာ ဘာညာထားတာပေါ့၊ ပရိဘောဂအစုံနဲ့ သုံးလေးခန်းရှိတယ်၊ သားကြိုက်တဲ့အခန်းမှာ ဒီနေ့ပဲ ပြောင်းနေ၊ အဝတ်အစားပဲသယ်ခဲ့၊ ဖေဖေ နက်ဖြန်ခရီးမသွားခင် မင်းကို အိမ်ပေါ်မှာ အထာတကျ မြင်သွားချင်တယ်"

"ဟို ... အဲဒါက ..."

"မင်း အခု တစ်ယောက်တည်းနေတာ မဟုတ်ဘူးလား"

"ဟုတ်ကဲ့၊ တစ်ခါတလေ သူငယ်ချင်းတစ်ယောက် နှစ်ယောက်လည်း အတူလာနေ လာအိပ်ပါတယ်"

"သူတို့ကိုပဲ ပေးနေခိုင်းရင်လည်း ခိုင်းခဲ့၊ အိမ်ပိတ်ရင်လည်း ပိတ်ခဲ့၊ အဲဒါတော့ မင်းသဘောပေါ့၊ သားကတော့ ဖေဖေ့ အိမ်မှာပဲ အတူလာနေပါ၊ ဘာဖြစ်လို့လဲ၊ မင်း ငါနဲ့မနေ ချင်ဘူးလား"

"မနေချင်တာ မဟုတ်ပါဘူး ဖေဖေ၊ ချက်ချင်းကြီးက

"ချက်ချင်းမဟုတ်လည်း တော်ကြာ ရောက်ရမှာပဲဆိုမှ ငါ စိတ်ချမ်းသာအောင် ချက်ချင်းသာ ပြောင်းခဲ့ပါကွာ၊ မင်းကို ငါ့အိမ်ပေါ် ငါ့အရိပ်အာဝါသအောက်မှာ မြန်မြန် မြင်ရရင် ငါ တာဝန်မြန်မြန်ကျေတယ်လို့ ဂုဏ်ယူချင်စိတ်

www.burmeseclassic.com



ဖြစ်ချင်လို့ပါ၊ အဖေ့အိမ်နေတယ် ဆိုပေမယ့် နေတာထို တာ သွားတာ လာတာ ဝင်တာ ထွက်တာ မင်းစိတ်ကြိုက် ပါ၊ ကြိုက်သလိုနေပါ၊ ငါ့အိမ်မှာ စည်းမျဉ်းကန့်လန့်မ ကြီးတွေ မရှိပါဘူး"

ရိုးမက စိတ်ပင် အနည်းငယ် ကျဉ်းကျပ်မိကာ

"ဖေဖေ့မှာ ..."

"သားကြီးလား၊ မင်းရဲ့အဖေတူ အမေကွဲ အစ်ကိုကို ညကပဲ ပြောပြပြီးပြီ၊ မင်းကိုခေါ်မယ်ဆိုတာ သဘော ထားပြီးပါပြီ၊ သားကြီးက ဟိုးအရင်ကတည်းက မ လောကမှာ ရှိတယ်ဆိုတာကို သိပါတယ်"

ရိုးမ ဘာဆက်ပြောရမည် မသိပေ။

"ဖေဖေ့ရဲ့သားအကြီးက နာမည်က စွမ်းထွန်းတဲ့၊ ဆရာ တစ်ယောက်ပေါ့၊ ဆေးခန်းနဲ့ ဓာတ်ခွဲခန်းကြီးကြီးတစ် တွဲဖွင့်ထားတယ်"

ဒါတွေကို ဟိုးအရင်ကတည်းက ရိုးမ သိပြီးသားပ ၁ွန်ခဲ့တဲ့ နှစ်အနည်းငယ်က ဒေါက်တာစွမ်းထွန်း ဆိုသူရဲ့ဆေး ခန်းနှင့် ဓာတ်ခွဲခန်း အသစ်ဖွင့်လှစ်ပွဲကို စာနယ်ဇင်းအဆော မျိုးမျိုး တက်ရောက်ဖြစ်လိုက်ကြပါသေးသည်။ ဒေါက်တာစွ ထွန်းဆိုတာဟာ မင်းသားနေထွန်းရဲ့သား ဖြစ်နေလို့ပင်။





ကိုယ်နှင့်ပတ်သက်စရာ အကြောင်းရှိလာလိမ့်မယ် ဟို လုံးဝမသိခင်ကပင် ကြားဖူး မြင်ဖူးခဲ့ပြီးသားပါ။ ခုတော့ ထို ဒေါက်တာစွမ်းထွန်းဟာ ကိုယ်နဲ့ အဖေတူ အမေကွဲ ညီအစ်ကို အရင်းကြီး ဖြစ်နေတယ်ဆိုတဲ့ အဖြစ်အပျက်က ထူးဆန်းလှပါ သည်။

"သူက စိတ်သဘောထား နူးညံ့သိမ်မွေ့တယ်၊ အေးတယ်၊ မင်းတွေ့ရင် သိမှာပါ၊ မင်းနဲ့ မပြေမလည် ဖြစ်စရာ ဘာ အကြောင်းမှ မရှိဘူး၊ သဘောကောင်းကောင်း လူတစ် ယောက်ပါ"

"ဟုတ်ကဲ့"

"သူ့အမေဆုံးပြီးချိန်ကတည်းက ငါ့မှာ ဇနီးတစ်ယောက် သားတစ်ယောက် ရှိနေသေးတယ်ဆိုတာ သူ့ကို ဖွင့်ပြော ထားတာပါ၊ သူကလည်း နားလည်မှုရှိရှိနဲ့ လက်ခံထားပြီး သားပါ"

"ဟုတ်ကဲ့"

"မင်း ဒီနေ့ပဲ ရွှေ့ခဲ့ပြီး မင်းတို့ ညီအစ်ကို့ကို ဒီညပဲ ဆုံ ပေးမယ်၊ မိတ်ဆက်ပေးရမယ်"

ရိုးမက သက်ပြင်းတစ်ရှိုက်နှင့် ခေါင်းညိတ်လိုက် ပါသည်။

www.burmeseclassic.com



"ဟုတ်ကဲ့၊ မေမေက ပြောင်းခဲ့ဆိုရင် ဒီညနေပြောင်းခဲ့
မယ်"

"အေး"

"မေမေ"လို့ ခေါ်ရတာ နှုတ်ဖျားမှာ လေးလေးပင်
စီးစီးပိုင်ပိုင်နှင့် တနင့်တပိုး အားရှိလှတာတော့ အမှန်ပါပဲ
ဒီအသက် ဒီအရွယ်ထိ တစ်ကြိမ်တစ်ခါမှ မခေါ်ခဲ့ဖူးတဲ့ အခေ
အဝေါ်လေ။

"မင်းရဲ့အစ်ကို,ကိုလည်း ကိုယ့်အစ်ကိုအရင်း အစ်ကိုအဖြ
တစ်ယောက်အနေနဲ့ မင်းက အလေးထားပြီး ဆက်ဆံပေး
လို့ မေမေက ပြောချင်တယ်"

ရီးမက ခေါင်းညိတ်လိုက်ပါသည်။

"ဟုတ်ကဲ့ပါ မေမေ၊ စိတ်ချပါ"

ဦးနေထွန်းက ကျေကျေနပ်နပ် ပြုံး၍ ခေါင်းတစ်ချ
ဆတ်လိုက်ပါသည်။

"အေး ... ဝမ်းသာတယ် ငါ့သား"

ကြည့်ကောင်းလှတဲ့ အဖေဖြစ်သူကို ရီးမက ငေးငေး
နစ်မြောကြည့်နေမိပါသည်။

❣ ◇ ❣





မမျှော်လင့်တဲ့ အပြောင်းအလဲ အချိုးအကွေ့က
မကို စိုင်ကော်လို့ ချူပေါ်ရောက် ဆိုတာလို အမြင့်တစ်နေရာကို
စ်လွှင့်တင်လိုက်သလိုပင်။ မေမေနှင့် အတူနေခဲ့တဲ့ အိမ်လေးကို
ခြရာလက်ရာမပျက် ဒီအတိုင်း ထားခဲ့ပါသည်။ သူငယ်ချင်း
ော်လွင်က အဆောင်မှာနေတဲ့ ဂရပ်ဖစ်ဒီဇိုင်နာဖြစ်ကာ မကြာ
ော ရီးမထံ လာအိပ်တတ်သူပါ။

ခုတော့ ဇော်လွင့်ကို အဆောင်မှာ မနေတော့ဘဲ
ိမ်မှာလာနေဖို့ ခေါ်ယူထားခဲ့ရပါသည်။ အကျိုးအကြောင်းကို
ခင်မင်ဆုံး သူငယ်ချင်းနှစ်ယောက်ဖြစ်တဲ့ ဇော်လွင်နဲ့ ဇေယျာကို
ပြာပြခဲ့ပေမယ့် တခြားဘယ်သူ့ကိုမှ ထပ်မံပြောမပြဖို့ကိုတော့
တ်ပိတ်ထားသည်။

ကိုယ့်အဖြစ်ကလည်း ရမ်ကွက်ထဲသတင်းပွလျှင်ပင်
င်ဘာတ်စည်တီး အံ့ဩဘနန်း ဖြစ်ချင်စရာကြီး။

"မင်းအစ်ကို အခန်းဘေးမှာ တစ်ခန်းယူပြီး နေလိုက်"

"အောက်ထပ်မှာတင် အခန်းတွေက အများကြီး၊ မေမေ့
အိမ်က အကျယ်ကြီးပဲ၊ ကျွန်တော် အောက်ထပ်မှာပဲ နေ
ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်မှာက ဖေဖေ့အခန်း၊ ကိုကို့အခန်း ဖေဖေ့အဝတ်အစားခန်း၊ တခြားအခန်းပိုတွေ။ အောက်ထပ်မှာ အားကစားခန်းတွေ၊ ဓာတ်ဝင်ခန်းသုံးဖို့ ပစ္စည်းတွေထားတဲ့ အခန်းတွေအပြင် ဂျာကူဇီအခန်းတောင် ရှိသေးသည်။ တစ်ခါတစ်ခ ဒီအိမ်ကိုလည်း ရှုတင်အိမ်အဖြစ် သုံးသေးသည်။

အားဘက်ခြံထဲကို တံခါးဖွင့်ဆင်းလို့ရတဲ့ အခန်းငယ် တစ်ခု အိမ်ရဲ့ထောင့်စွန်းတစ်ဖက်မှာရှိရာ အဲဒီအခန်းကိုပဲ ရီးမ ယူလိုက်သည်။

အခန်းငယ်လို့သာ တခြားအခန်းတွေနှင့် ယှဉ်ပြော ရပေမယ့် ရီးမအဖို့က ဘာပစ္စည်းမှမပါဘဲ အဝတ်အစား စာအုပ် စာတမ်းတချို့သာပါရာ ကျယ်တောင် ကျယ်နေပါသေးသည်။

ဗီရိုအကြီးကြီးထဲ ကိုယ့်အဝတ်လေးနည်းနည်း အ ချောင်ချောင် ထည့်ထားရတာကပင် ရယ်စရာ ဖြစ်နေသည်။

စွမ်းထွင့်ဆိုတဲ့ "ကိုကို"ကတော့ ရီးမ အံ့အားသ ရလောက်အောင်ပင် သဘောထား ပြည့်ဝအေးဆေးသူပင်။

"ညီတစ်ယောက် ရှိတယ်ဆိုတာ တွေးကြည့်ရင် တကယ် တအားပဲကွ၊ ငါလည်း တစ်ယောက်တည်း သိပ်ကြောင်စီ ပျင်းခြောက်ခြောက်နိုင်တယ်၊ မေမေရှိတုန်းကလည်း မေမေ က မကျန်းမာတော့ အမြဲအိပ်ရာထဲပဲ၊ ငါက အထိန်းတွေ နဲ့ပဲ အချိန်ကုန်ခဲ့ရတာ၊ ကစားဖော်လည်းမရှိ၊ ပျင်းပျင်းနဲ





စာပဲဖိဖတ် ဖိကျက်ရင်း ဆရာဝန် ဖြစ်လာရတာကွ ... ဟား ဟား ..."

သူက စိတ်ရင်းကောင်းလှ၍ ရီးမကလည်း မြင်မြင် ချင်းပင် အစ်ကိုအပေါ် နှစ်လိုသံယောဇဉ်တွယ်ပါသည်။

"မင်းကလည်း မင်းအလုပ်နဲ့မင်း အောင်မြင်နေတာဆိုတော့ ခေါ်ရခက်တာပေါ့။ နို့မို့ရင် ဆေးခန်းမှာ မင်းကို အုပ်ချုပ် သူ လုပ်စေချင်တာ၊ ငါက ဆေးပဲကုချင်တာ ရီးမရ၊ ဆေးခန်း ဓာတ်ခွဲခန်းပိုင်ရှင်အဖြစ်နဲ့ Management အလုပ် ပါ တွဲလုပ်နေရတာ ဝါသနာမပါဘူး"

"ကျွန်တော်က အောင်မြင်နေတယ်တော့လည်း မဟုတ်ပါ ဘူး၊ ဒါပေမဲ့ ဒီအလုပ်ထဲတော့ ကျွန်တော်က ဝါသနာကို ပါလို့ နှစ်မြှုပ်ထားတာပါ"

"အောင်မြင်တာပေါ့ကွ၊ မင်းကို ငါ့ညီလို့ လုံးဝမသိခဲ့ရဘဲ နဲ့ ရီးမဆိုတဲ့ လူနာမည်ကို မဂ္ဂဇင်းဂျာနယ်တွေမှာ ငါသိ နေခဲ့တာပဲ၊ နာမည်ရပြီးနေပါပြီ၊ ဒီနာမည်တစ်လုံးရဖို့ နှစ်နဲ့ချီ ကြိုးစားရင်းနိုးလာပြီးမှ အလွယ်လေး ဒီလောက က ထွက်ဖို့ဘယ်လွယ်မလဲ ..."

ဖေဖေလည်း ဒီလိုပဲပေါ့၊ အမှန်တော့ ကိုယ်လည်း အသက်အရွယ် ရလာပြီ၊ စုဆောင်းနိုင်ခဲ့တာလည်း ပြည့်စုံ တာထက်တောင် လျှံထွက်နေပါပြီ၊ နားမယ်ဆိုရင် နားသင့်



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့၊ ဒါပေမဲ့ ဘယ်သူအလှယ်လေး နားလိုက်နိုင်မလဲ၊ သူ ရယူအောင်မြင်သိမ်းပိုက်ထားတဲ့ နာမည်တစ်လုံးကို မစွန့်လွှတ်နိုင်ဘူးပေါ့ ....

အနုပညာသမားဆိုတော့ ကိုယ့်ကို ပြည်သူကပါ ပိုင်ဆိုင်ပတ်သက်နေတာ၊ အလှယ်တကူ နှုတ်ထွက်ဖို့ ဘယ်ဖြစ်ပါ့မလဲ။ ကိုယ် နားချင်တိုင်း နားလို့မရတော့ဘူးကွ၊ ဖေဖေ့ကို ကြည့်ပါလား၊ ပင်ပန်းပေမယ့် ပျော်နေတာပဲ”

ရိုးမ ရုတ်တရက် ရလိုက်တဲ့ မိသားစုအသစ်လေးဟာ နွေးထွေးပါသည်။ နေရခက်လောက်အောင်ကို ဖေဖေကလည်း ဖြည့်ဆည်းသည်။

“ဟောကောင် ... ငါ့အိမ်မှာ နဂိုကတည်းကကို ကားလေးစီးရှိတာ၊ တစ်စီးက ငါစီးတယ်၊ နောက်တစ်စီး မင်းအစ်ကိုစီးတယ်၊ ဟိုတစ်စီးက ရှုတင်ကိစ္စလိုရင် အကြမ်းသုံးတယ်၊ ဒီကားတစ်စီးက တကယ်ကို ပိုနေတာပါကွ၊ အလဲအလှယ် လုပ်စီးနေတာပဲ ရှိတယ် ...

မင်း ရှိလာလို့ တမင် အပိုထပ်ဝယ်ရတာလည်း မဟုတ်၊ အသုံးမရှိဘဲ ရပ်ထားရတာများတဲ့ တစ်စီးကို မင်းကို စီးခိုင်းတာပါကွ၊ အဲဒါကို မင်း ဘာမှအားနာနေစရာ မရှိပါဘူး သားရာ”



“ဟို ... ဒါပေမဲ့ ...”

“နှစ်အစိတ်ကျော် နှစ်ဆယ့်ခုနစ်နှစ် တာဝန်ကျေမပေးနိုင်ခဲ့တဲ့ သားအပေါ် ဖေဖေ တာဝန်လေး နည်းနည်းပါးပါး ကျေပါရစေ၊ ဒါမှ ငါ့စိတ် လုံခြုံစိတ်ချမ်းသာနိုင်မှာမို့လို့ ကူညီပါ သား၊ သား ဒီကိုရောက်လာတာ ငါခေါ်လို့ရောက်လာတာ၊ မင်းဘကြီးလည်း လွှတ်လို့၊ မင်းစိတ် မင်းသဘောနဲ့ဆို မင်း ခုလိုရောက်လာပြီး အတူနေမှာတောင် မဟုတ်ဘူး”

“ဖေဖေ ... အဲဒါက ဘာကြောင့်မှ မဟုတ်ပါဘူး၊ ဒီအသက်အရွယ်ရောက်ပြီးမှ ဖေဖေ့ကို ရုတ်တရက် ပေါ်လာပြီး အလုပ်ရှုပ်စေတာ ဒုက္ခပေးတာမျိုးတွေ မဖြစ်စေချင်တာ သက်သက်ပါ”

“အဲဒါ ငါ့ကို စိတ်ချမ်းသာစေတာ၊ ပြီးပြည့်စုံစေတာကွ၊ ဒုက္ခပေးတာ မဟုတ်ဘူး”

ဦးနေထွန်းဟာ သူ့ကိုကြည့်ပြီး တစ်ခုမဟုတ် တစ်ခု တစ်ခုပြီးတစ်ခု ဖြည့်ဆည်းတော့မယ်ဆိုတာသိ၍ ရိုးမက ဟန်းဒ်ဖုန်းတစ်လုံးပင် ကိုယ့်ဟာကိုယ် ဝယ်ယူလိုက်ရပါသည်။

မေမေက ဟိုးငယ်ငယ်ကတည်းက ကလေးတွေ စာပြသည်။ ရိုးမကို မွေးအပြီး ကျောင်းပြန်တက်ကာ မေမေက အင်္ဂလိပ်စာ ဘာသာရပ်ဖြင့် ကျောင်းပြီး၍ အင်္ဂလိပ်စာ ကောင်းပါသည်။ ငါး

www.burmeseclassic.com



တန်း ခြောက်တန်း ခုနစ်တန်းကလေးတွေကို အင်္ဂလိပ်စာကျူရှင်ပြခဲ့တာ နှစ်ရှည်လများ။

ဆုံးမည့်ဒီနောက်ဆုံးနှစ်အထိ ကျူရှင်ပြသွားတာပါ။ ရီးမရဲ့လခနှင့်ဆိုတော့ သူတို့သားအမိက နောက်ပိုင်း ချောင်လာည်ပါသည်။ သို့သော် ငယ်ကတည်းက ဖြိုးခြစ်စစ်စီလာတဲ့အကျင့်ကစွဲနေ၍ ရီးရီးကုပ်ကုပ်ပဲ နေကြတာပါ။ စုဆောင်းထားနိုင်တဲ့ ငွေကြေးအတန်အသင့်ရှိသည်။ ဒါကိုလည်း ရင်ကျပ်တတ်တဲ့ မေမေ့အတွက် ကျန်းမာရေးစရိတ်အဖြစ် ရီးမ ရည်ရွယ်ပြီး မတို့ထိခဲ့တာ။

ခုတော့ မေမေက ဆေးတောင် သေချာမှကုလိုက်ရဘဲ ရုတ်တရက် ဆုံးခဲ့ရပါသည်။

ဂျာနယ်တိုက်မှာ အယ်ဒီတာလုပ်နေပြီး ဟဲန်းဒ်ဖုန်းလေးတစ်လုံးတောင် မရှိဘူးဆိုပြီး ဖေဖေ ဝယ်ပေးဦးမှာ သေချာနေတာမို့ ကိုယ့်ဟာကိုယ်ပဲ အမြန်ဝယ်လိုက်ရပါသည်။ ခုတော့ ရီးမသည် အလုပ်တိုက်ကိုသာလျှင် ကားကိုယ်တိုင်မောင်း၍ ဟဲန်းဒ်ဖုန်းကလည်းကိုင်၍။

မင်းသားရဲ့သားတစ်ယောက် အဖြစ်ကို ဘွားခနဲ ရောက်ကာ ကားနဲ့ဖုန်းနဲ့ အခန့်သား အစွင့်သား ဖြစ်နေရတာကို ရှက်၍ ရီးမသည် တိုက်နားမှာ ကားကို ဘယ်တော့မှမရပ်။ အဝေးကြီးသွားရပ်ကာ တိုက်အထိ လမ်းပြန်လျှောက်လာသည်။





ဖုန်းကို လူမြင်အောင် ခါးတွေ ဘာတွေမချိတ်။ သူ့ရဲ့စလွယ်သိုင်းရော်ဒါးနီးအိတ်ထဲ ဖွက်ထည့်ထားကာ အသံပိတ်ပြီး တုန်ခါမှုပဲဖွင့်ထားသည်။

ဖေဖေ့အိမ်မှာ သူ့ အထိုင်ကျပြီးတဲ့အခါ မတွေ့တာကြာတဲ့ နုပျိုကို တွေ့ချင်လာပါသည်။ တက္ကသိုလ်မှာ ဘယ်ဌာနမှာ လုပ်နေပါလိမ့်။ ဘာနှင့် ကျောင်းပြီးပါလိမ့်။ နုပျိုကို တွေ့နိုင်ဖို့ရာဆိုရင် သူ့အိမ် လိုက်သွားဖို့မှတစ်ပါး တခြားဖြစ်နိုင်ချေမရှိ။

သွားဖို့ကလည်း မျက်နှာပူ ဝန်လေးဖွယ် ဖြစ်နေပေမယ့် အောင့်အည်းပြီး ဘယ်လိုမှ မနေနိုင်တဲ့ အဆုံးမှာတော့ အိမ်ကိုပဲသွားဖို့ ဆုံးဖြတ်ရပါသည်။ သေသေချာချာ သိမ်းထားတဲ့ ယပ်တောင်ဟာ ဟိုအိမ်မှာ။ ဟိုအိမ်ကိုပြန်၊ ဗီရိုထဲက နုပျိုအဖေရဲ့ နာရေးယပ်တောင်ကိုယူပြီး လိပ်စာကို ကိုယ်နဲ့မကွာပါတဲ့ တိုလီမိုလီ မှတ်တဲ့ စာအုပ်လေးထဲ ရေးမှတ်ရသည်။

လှနုပျို ...။

မင်းကတော့ နေနိုင်လိုက်တာ။ ငါကတော့ မနေနိုင်ပါဘူး လှနုပျိုရေ။ မတွေ့ခဲ့ရတာ နှစ်ပေါင်းများစွာတုန်းက ဖြစ်အောင်နေခဲ့တာပဲ ဖြစ်ပေမယ့် ပြန်တွေ့ရ ဆုံရပြီးတဲ့နောက်မှာတော့ ထပ်ခါ ထပ်ခါကို တွေ့ချင်နေတော့တာ။ အရင်လိုလည်း ထပ်အကွဲကွာ မခံလိုပါ။



www.burmeseclassic.com

www.burmeseclassic.com



နုပျို့ဘက်ကတော့ ဘယ်လိုဆိုတာ ရိုးမ ခန့်မှန်းရခက်လှသည်။ အတူစကားပြောနေရင်းကပင် သံယောဇဉ်မပြတ်တဲ့ နွေးထွေးသော မျက်ဝန်းလေးတွေ ရွှန်းတောက်လာလိုက်၊ မိနစ်ပိုင်းတစ်ထိုင်တည်းအတွင်း အမူအရာက ခပ်အေးတိအေးစက် ပေါ့ရွှတ်ရွှတ် ဖြစ်သွားလိုက်။

ငယ်ငယ်ကလို (အရမ်းကြီး ဘာမှလဲ မဟုတ်လှပေမယ့်) မာနတံခွန် တလူလူ ဖြစ်နေတဲ့ ပုံစံမျိုးတော့ မဟုတ်တော့ဘဲ မျက်ဝန်းထဲမှာ ဒဏ်ရာဒဏ်ချက်တချို့ရဲ့ နာကျင်သော ဝေဒနာ ခံစားချက်ကို လှစ်ခနဲ မြင်ရတတ်တယ်လို့ ထင်မိတဲ့အခါ သွားကို သွားမယ်လို့ အားတင်းဆုံးဖြတ်လိုက်ပါသည်။

❣ ✧ ❣





## ၁

နေ့ဗီပြာ ကိုယ်တိုစပို့ရှပ်နှင့် ဂျင်းဘောင်းဘီမွဲမွဲကို ဝတ်ထားတဲ့ ရိုးမကို အမျိုးသမီးက တံခါးမဖွင့်ခင် ခြေဆုံးခေါင်းဆုံး အကဲခတ်လိုက်ပါသေးသည်။ ရိုးမက "ဒါ ... လှနုပျို့တို့ အိမ်လား" မေးထားတာမို့ ...

"အင်း ... ဟုတ်တယ်၊ ဘာကိစ္စရှိလို့လဲ"

"သြော် ... ကျွန်တော် သူ့သူငယ်ချင်းပါ၊ ဒီဘက်ရောက်ရင်း ... ဟို ... ခဏဝင်လာတာပါ"

လက်ထဲက လိမ္မော်သီးဝယ်လာတဲ့အိတ်ကို အကြောင်းကြောင်း မြှောက်ပြမိရင်း ရိုးမက ပြောသည်။ အမျိုးသမီးကြီးက တံခါးဖွင့်လိုက်ရင်း ...

"လှနုပျို့ မရှိဘူး၊ လာ ... ထိုင်ဦးလေ"



www.burmeseclassic.com

www.burmeseclassic.com



ရီးမက အိမ်ထဲ လှမ်းဝင်ကာ ဧည့်ခန်းက ဆက်တီများမှာ ဝင်ထိုင်လိုက်ရင်းက လိမ္မော်သီးအိတ်ကို စားပွဲပေါ် လှမ်းတင်လိုက်ပါသည်။ အူကြောင်ကြောင် မှီးတိုးမှန့်တန့်နှင့် နေရ ထိုင်ရ ခက်နေသော ရီးမကို အမျိုးသမီးကြီးက အကဲခတ်ရင်း ...

"လှနုပျိုနဲ့ ဘယ်တုန်းက သူငယ်ချင်းလဲ၊ ဘယ်မှာခင်တာလဲ၊ တစ်ခါမှ မတွေ့ဖူးပါလား"

"ငယ်ငယ်တုန်းက ကျောင်းတုန်းက သူငယ်ချင်းပါ ခင်ဗျ၊ ဟိုတလောကမှ အသုဘမှာ ပြန်တွေ့တာပါ"

"ဪ ... နာမည် ဘယ်လိုခေါ်လဲ"

"ရီးမပါ ခင်ဗျ"

"ဘာလုပ်လဲ"

"ဗျာ ... ဟို မဂ္ဂဇင်းတိုက်မှာ အယ်ဒီတာပါ"

"ဪ ... အယ်ဒီတာဆိုတော့ စာရေးဆရာလား"

အင်း ... တယ်ခက်ပါလား။ ဘယ်လိုဖြေရပါ့ စဉ်းစားနေတုန်း သူမက အဖြေကို မစောင့်ဘဲ မေးခွန်းပဲ ထပ်ထွက်လာပြန်သည်။

"ခု ဘာကိစ္စရှိလို့လဲ"

"ဘာကိစ္စရယ်တော့ မဟုတ်ပါဘူး၊ အရေးတကြီး မရှိပါဘူး မတွေ့တာကြာလို့ လာလည်လိုက်တာပါ"





"သူက လိပ်စာပေးထားတာပေါ့"

"နာရေးတုန်းက ယပ်တောင်က ဖတ်ထားတာပါ"

ရီးမက ကျွဲမြီးနည်းနည်း တိုချင်လာပြီ။ မလွန်လွန်းဘူးလား။ သူသိချင်တာတွေချည်းပဲ မေးနေတော့တာ။

"နုပျို ဘယ်သွားလဲ ခင်ဗျ"

ဖွတ်ပင် ကိုယ့်ဘက်က မေးခွန်းလှုထုတ်လိုက်ရသည်။

"သူက ဒီမှာ မနေတော့ဘူး၊ အဲဒါကို မပြောဘူးလား"

"မပြောဘူး ဆိုတာ နာရေးရဲ့နောက်မှာ သိပ်မတွေ့လို့ပါ၊ ဒီမှာမနေဘူးဆိုတော့ ဒါ သူ့အိမ်တော့ ဟုတ်ပါတယ်နော်"

အမျိုးသမီးကြီးက မျက်နှာတင်းကာ ...

"သူ့အဖေအိမ်လေ"

"အန်တီက သူ့မိထွေး ထင်တယ်"

"အေး ... ဟုတ်တယ်"

"ဒါဖြင့် သူက အန်တီနဲ့ပဲ အတူနေရမှာ မဟုတ်လား၊ ဒီမှာမနေတော့ဘူးဆိုတော့ ဘယ်မှာနေလို့လဲ ခင်ဗျ"

"အဆောင်မှာနေသတဲ့"

ရီးမက နုပျိုရဲ့မိထွေး မျက်နှာရိပ် မျက်နှာကဲကို အကဲခတ်ကာ သိပ်ပြီး ဘဝင်မကျလှပါ။ နုပျိုအပေါ် မိခင်နေရာ



www.burmeseclassic.com

www.burmeseclassic.com



မျိုး မဟုတ်တောင် အဒေါ်သားချင်းစိတ်မျိုးမှ ထားနိုင်သူ ဟုတ်ရဲ့လား။

"သူက မိသားစုစိတ်ဓာတ် မထားနိုင်ဘူးလေ"

မိထွေးက ဘယ်လိုပဲပြောနေနေ အဖေဆုံးပါးပြီး မကြာခင် အိမ်မှာမနေနိုင်အောင် လွှင့်ရတဲ့အဖြစ်က နပျို့ အပြစ်တော့ မဖြစ်နိုင်ပါ။

"အဆောင်က ဘယ်မှာလဲ ခင်ဗျာ"

"ကမာရွတ်မှာပဲ၊ အန်တီလည်း အတိအကျ မေးမနေပါဘူး၊ သွားကတည်းက ကိုယ်သဘောတူတာမှ မဟုတ်တာ၊ အဆောင်ဖုန်းတော့ ရှိတယ်၊ ဖုန်းသိရင် ပြီးတာပဲ၊ အရေးရှိ ဆက်သွယ်လို့ရရင် ပြီးရောပေါ့၊ အဖေက ဆုံးတာမကြာဘူး၊ သမီးက အတူမနေတော့ဘူး၊ လူတွေက ဘယ်လိုပြောမလဲ၊ မိထွေး မကောင်းလို့ပဲ ပြောကြမှာပဲလေ၊ ပြောရဆိုရ လက်ပေါက်ကပ် ခေါင်းမာတာ၊ အရေးမထားတာ မလေးစားတာတွေ ဘယ်သူက သိမှာလဲ"

"ကျွန်တော့်ကို အဆောင်ဖုန်းများ ပေးနိုင်မလား ခင်ဗျာ"

မိထွေးတော်က ရိုးမကို မျက်စောင်းချိတ်သလိုနှင့်

"မင်းက ဘယ်သူမှန်းမသိ ဘယ်ဝါမှန်းမသိ ငါက ဖုန်းနံပါတ် ဘယ်လိုလုပ် ပေးမလဲ၊ ဘာကိစ္စလဲ ပွင့်ပွင့်လင်းလင်း ပြောပေါ့"





"ပြောစရာကို ဘာကိစ္စမှကို မရှိတာပါ အန်တီ၊ ငယ်သူငယ်ချင်းချင်း အသုဘကျမှ ပြန်တွေ့လိုက်ရပြီး နောက်လည်း သေချာထပ်မတွေ့ဖြစ်တော့ ဒီဘက်လာရင်း လမ်းကြုံဝင်လာတာပါ၊ ဒါပေမဲ့ နောင်လည်း ဆက်သွယ်ချင်ရင် ဆက်သွယ်နိုင်အောင် ဖုန်းနံပါတ် တောင်းတာပါ"

နပျိုရဲ့မိထွေးက မပေးဘူး ပြတ်ပြတ်ငြင်းလို့လည်း မကောင်းတတ်တာမို့ ဖုန်းနံပါတ်တစ်ခုကို ရွတ်ပြလိုက်ပါသည်။

"သူငယ်ချင်းချင်းဆိုလို့ ပေးတာနော်၊ တော်ကြာ တွေ့ကရာလူကို သူ့အဆောင်ဖုန်း ပေးရသလားဆိုပြီး ကျေးဇူးရှင်မက ပြဿနာလုပ်နေပါဦးမယ်"

ရော ...။ အပြောအဆိုတွေက တစ်မျိုးပါလား။ အရပ်စကားတွေ ဆန်လိုက်တာ။ ရိုးမက ဖုန်းနံပါတ်ကို မြန်မြန်ရေးမှတ်လိုက်ပြီး ထပြန်မည်ပြင်ပေမယ့် ...

"ဘယ်မှာနေတာလဲ"

"ကျွန်တော် အလုံမှာပါ"

"မိဘတွေကရော"

"ဆုံးသွားပါပြီ ခင်ဗျ"

"ဒါဖြင့် ဘယ်သူနဲ့နေလဲ"

"တစ်ယောက်တည်းပါပဲ၊ သူငယ်ချင်းတွေလည်း တစ်ခါတလေ အိမ်လာနေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



စသဖြင့် လူကြီးသူမတွေ မေးလေ့မေးထရှိသည့် မေးခွန်းမျိုးတွေကို ကြည့်ကျက်ပြီး ဖြေနေရပါသေးသည်။ အဖေက ရုပ်ရှင်မင်းသား နေထွန်းပါ ခင်ဗျလို့တော့ တိတိကျကျ ပြောပြဖို့ မသင့်သည့် သူမျိုးမို့ သင့်တင့်လျောက်ပတ်သည့် အဖြေမျိုးတွေကိုပဲ ပေးရပါသည်။

နပျိုကို လာမေးတဲ့ ယောကျ်ားတစ်ယောက်ရဲ့အခြေအနေ အဆင့်အတန်း နောက်ခံဘက်ဂရောင်းတို့ကို စိတ်ဝင်စားလှပုံနှင့် အတော်ကို နိုက်နိုက်ချွတ်ချွတ် မေးသမျှ ကြည့်ကျက်လှည့်ပတ်ဖြေပြီး ဖင်တကြွကြွနှင့် ပြန်ဖို့အရေး အတော်ထ,ယူရပါသည်။

❣ ✧ ❣

"လှနပျိုတဲ့ ... ဖုန်းလာတယ်"

အောက်ထပ်မှ လှမ်းအော်သံကြောင့် နပျိုက ခုတင်ပေါ်မှာ လှဲလျောင်းနေရာမှ လူးလဲပြီး ထ,လိုက်ရပါသည်။ ကြမ်းပြင်ကို နင်းလျှောက်လိုက်တိုင်း ညောင်းပြီးကျိန်းနေတဲ့ ခြေဖဝါးတို့နှင့် အောက်ထပ်ကို ခြေကုန်လက်ပန်းကျစွာ ဆင်းလာရပါသည်။ ဒူးတွေလည်း ညောင်းကိုက်ကာနေသည်။

ကိုယ်က ဒီလောက်ကြီးနတဲ့သူ မဟုတ်ပေမယ့်လည်း အတွေ့အကြုံ မရှိတာမို့ ခုထိ ခံနိုင်ရည် မရှိသေးဘဲ ငိုချင်နေမိပါ





သည်။ ဝမ်းနည်းတာမှ ဘာကိုဝမ်းနည်းနေမှန်းလဲမသိ။ မေမေ့ကိုသတိရ ဖေဖေ့ကိုသတိရ ကိုယ့်ဘဝကိုယ် နာကြည်းမိကာ လူလည်းဆယ့်ပေါင်လောက်တောင် ကျသွားပြီလား မသိပါ။

ဖုန်းကိုလည်း တကယ်တော့ ပြောနေချင်စိတ်မရှိ။ ဒီအဆောင်ဖုန်းနံပါတ်ကို ပေးထားသည်မှာ သူ အလုပ်လုပ်တဲ့ စတိုးဆိုင်ရယ်၊ ကျူရှင်ပြတဲ့ နှစ်အိမ်ရယ်၊ မိထွေးရယ် ဒါပဲလေ။ စတိုးဆိုင်ကလည်း ညနေကမှ ပြန်ခဲ့ကာ ကျူရှင်နှစ်အိမ်ကလည်း ခုနကမှ ပြန်ခဲ့၍ သူ့တို့ထံက ဖုန်းလာစရာ အကြောင်းမရှိနိုင်။

မိထွေးဆီကဖုန်းပဲ ဖြစ်မှာပဲလို့ တွေးကာ ဆင်းပြောလိုစိတ်ကို မရှိတာပါ။ ဒါပေမဲ့ မရှိဘူး ပြောရင်လည်း ဒီအချိန်ထိ ဘယ်သွားနေလို့လဲ ဖြစ်ဦးမည်။ မပြောဘူး ငြင်းလို့ကလည်း မဖြစ်လေတော့ ပြောရတော့မှာပေါ့။

"ဟယ်လို"

"နပျို"

"ဟယ်လို"

"နပျိုလား၊ ငါပါ"

"ဟင် ... ရီးမလား"

သူနှင့် ဖုန်းတစ်ခါမှ မပြောဖူးပါး၊နှင့် ဘယ်လိုကြောင့် ဒါဟာ ရီးမရဲ့အသံပါလားလို့ ချက်ချင်းသိနိုင်ခဲ့သလဲ နားမလည်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"အေး"

"နင် ငါ့အဆောင်ဖုန်း ဘယ်လိုလုပ်သိလဲ ရိုးမ"

"ငါ ဒီနေ့ နင်တို့အိမ် ရောက်ခဲ့တယ်"

"ငါတို့အိမ် ! ဘာကိစ္စလဲ"

"ဘာကိစ္စမှ မဟုတ်ပါဘူး၊ နင်နဲ့ မတွေ့ဖြစ်တာနဲ့ တွေ့ချင်လို့ ငါသွားလိုက်တာပါ၊ နင့်မိထွေးနဲ့ တွေ့ခဲ့တယ်၊ သူ့ဆီက ဖုန်းနံပါတ် တောင်းခဲ့တာ"

"ငါ့ကိုတွေ့ရင် ဘာလုပ်ဖို့လဲ"

"ဘာမှမလုပ်ပါဘူး"

"အခုဖုန်းဆက်တာကကော"

"ဒါလည်း နင်နဲ့ စကားပြောချင်လို့ တမင်တကာ ဆက်လိုက်တာပါ၊ ဘာမှ အကြောင်းကိစ္စမရှိဘူး၊ မတွေ့ဖြစ်လို့ သတိရလို့ ဆက်လိုက်တာ"

နပျိုက မျက်ခုံးလေးမြှင့်ရင်း ...

"ဟိုးအရင်ကကော ငါတို့က တွေ့ဖြစ်တာမို့လို့လား"

"လုံးဝမတွေ့ကြဘဲ ကွဲကွာနေတုန်းကတော့ တစ်မျိုးပေါ့၊ နင် ဘယ်ရောက်နေလဲ၊ နင့်ကို ဘယ်မှာစုံစမ်းရမလဲ မသိ ဘူးလေ၊ အခုကတော့ ပြန်ဆုံရပြီးပြီဆိုတော့ ထပ်တွေ့ချင် လာတာပေါ့"

နပျိုက ပြုံးလိုက်မိပါသည်။





"ထပ်တွေ့တာ မတွေ့တာမှာ ဘာထူးခြားမှုရှိလို့လဲ"

"နင်ရော ငါ့ကို မတွေ့ချင်ဘူးလား"

"မတွေ့ချင်ဘူးတော့ မဟုတ်ပေမယ့် တွေ့ချင်လိုက်တာ လို့တော့ ငါ မစဉ်းစားမိဘူး၊ ငါ့အလုပ်နဲ့ငါ ရှုပ်နေတာ ရိုးမရဲ့၊ အရမ်းပင်ပန်းလို့ဟာ"

"နင် ဘာတွေပင်ပန်းနေလဲ"

"ဒီနေ့ဆိုရင် တစ်နေကုန် မတ်တတ်ရပ်နေရတယ်၊ လုံးဝ မထိုင်ရဘူးဟာ၊ အဲလိုပေါ့၊ ငါ့ခြေထောက်တွေ ထုံကျင် သြောင်းကိုက်နေတာပဲ၊ ခုနပဲ ဦးစိုင်းဆေးတွေ လိမ်းထားရ သေးတယ်"

အခုရထားတဲ့ စတိုးဆိုင်ရဲ့ အရောင်းစာရေးမ အလုပ်ဟာ ခုတလော နပျိုလိုက်လံရှာဖွေခဲ့သမျှ အလုပ်တွေထဲမှာ အဆင်အပြေဆုံးပါ။ လခက လေးသောင်း။ နံနက်ရှစ်နာရီကနေ ညနေငါးနာရီထိ အလုပ်ချိန် ကိုးနာရီအတွင်း နေ့လယ်ဘက် ထမင်းစားချိန် နာရီဝက် Break ပေးပါသည်။

အဲဒီနာရီဝက်ကို အရှူးတစ်ပိုင်း မက်မောခုံမင်နေမြော တာသစ္စာ မျှော်လင့်ပိုင်ဆိုင်ရသည်။ ဘာကြောင့်လဲဆိုရင် အဲဒီနာရီ ဝက်ပဲ ခုံမှာထိုင်ခွင့်ရလို့ပါ။ ကျန်တဲ့အလုပ်ချိန် တစ်ချိန်လုံး လုံးဝ တစ်မိနစ်မှ ထိုင်ခွင့်မရှိပါ။ ရှေ့ဘက်အရောင်းခန်းမှာ ထိုင်စရာ ဘာခုံ ဘာခွေးခြေမှ မရှိ။



www.burmeseclassic.com

သွားတောင့်ကာ ခြေထောက်တွေ ညောင်းလွန်းအား ကြီးတာမှ ငိုချင်လာတဲ့အထိပင်။ ပထမဆုံးနေ့ကဆို ဒူးတွေ တဆတ်ဆတ် တုန်လာသည်။ ထိပ်ကောင်တာမှာပဲ ဆိုင်ရှင်က အမြဲရှိနေ၍ ဘယ်လိုမှ ထိုင်လို့မဖြစ်။ တစ်ခါတစ်ရံ သူ့အာရုံ အပြင်ဘက်ရောက်တာမျိုး ခဏတဖြုတ်လစ်လျှင် စင်ကိုကွယ်၍ ခဏကလေး ဆောင့်ကြောင့်ခိုးထိုင်ရသည်။

"စာသင်ချိန်တွေ ဆက်နေလို့ပေါ့၊ ဟုတ်လား"

ရိုးမရဲ့ မသိသားဆိုးရွားတဲ့ မေးခွန်းကြောင့် ရယ်ရမလို ငိုရမလိုပင်။ ခုချိန်ထိ နပျိုကို တက္ကသိုလ်က ဆရာမတစ် ယောက်လို့ပဲ တစ်သမတ် ယုံကြည်နေတော့တာပါလား။ ဒါလည်း နပျိုကမှ အမှန်ကို ရှင်းမပြတာ။ သူ ထင်ချင်သလို ထင်နေမှာ ပေါ့။ နပျိုကလည်း ရှင်းကိုပြမနေချင်တော့ပါ။

"ရိုးမ"

"ဟင်"

"မတ်တတ်ရပ်ရင်း အရမ်းညောင်းလာတယ်၊ ထိုင်လို့လည်း မရဘူးဆိုရင် အညောင်းပြေအောင် ဘယ်လိုလုပ်ရမလဲဟင်"

"နင်ကလည်း ခဏတော့ ထိုင်လိုက်ပေါ့ဟ"

"သြော် ... ထိုင်လို့မရဘူးဆိုရင်လို့ ထည့်မေးထားတယ် လေ"





"အင်း ... အဲလိုဆိုရင်တော့ ဒီလိုလုပ်လေ၊ နင့်ခြေထောက် ကို နောက်ဖက်ကို ဒူးကွေးပြီးမြှောက်လိုက်ပေါ့၊ ပြီးရင် ခြေဖဝါးကို ပေါင်နောက်ဖက်မှာ ကပ်မိတဲ့အထိ ဆွဲကပ် လိုက်၊ လက်နဲ့ဆွဲပြီး ခဏကပ်ထား၊ ပြီးမှပြန်လွှတ်ပြီးခြေ ထောက်ပြန်ချ၊ တစ်ဖက်ပြီးတစ်ဖက် အဲသလိုလုပ် ...

နောက်တစ်မျိုးက ဒူးကို အပေါ်ကိုမြှောက်ပြီး စစ်ချီ တက်သလို လမ်းလျှောက်၊ ဒူးကို တော်တော်မြင့်တဲ့ အထိ မြှောက်ယူ၊ ပြန်ချ၊ အဲဒါလည်း အညောင်းပြေ တယ်ဟ"။

"အေး ... နင့်နည်းတွေ မဆိုးဘူး၊ ငါ အရမ်းညောင်းရင် အဲသလို လုပ်ကြည့်မယ်"

"နင်ကလည်းဟာ၊ ကျောင်းသားတွေရဲ့ရှေ့ကနေ အဲသလို လုပ်နေရင်တော့ ဘယ်ကြည့်ကောင်းမလဲ၊ ခဏတဖြုတ်တော့ ထိုင်ပေါ့ဟာ၊ နို့မို့ အလေ့အကျင့် မရှိရင် ကြာကြာရပ်တဲ့ အခါ ခြေထောက်ကို သွေးကျတယ်ဟ၊ ခြေခုံတွေရောင်လာ တတ်တာမျိုးပေါ့"

နပျိုက ခွေးခြေလေးမှာထိုင်ကာ ဖုန်းပြောနေရင်း သူ့ခြေဖမိုးလေးတွေ သူ ငုံ့ကြည့်မိကာ ...

"ဟုတ်တယ်၊ အခု ငါ့ခြေဖမိုးတွေ ရောင်နေတယ်"

www.burmeseclassic.com



"နင် ညအိပ်ရင် ခြေထောက်အောက်မှာ ခေါင်းအုံး၊ ဖက်လုံး တစ်ခုခုခံပြီး ခြေထောက်ကို နည်းနည်းအမြင့်ကိုတင်အိပ်လေ"

"အင်း"

ရီးမရဲ့ ဂရုတစိုက် ပြောနေသံတို့အပေါ် နုပျို ဝမ်းနည်းလာပါသည်။ မျက်ရည်ပင် ရစ်ဝဲချင်လာသည်။

"နုပျို"

"ဟင်"

"နင် အဆောင်မှာ အနေအထိုင် မကျဉ်းကျပ် မဆင်းရဲဘူးလား"

"ဟင့်အင်း၊ အဆင်ပြေပါတယ်၊ ငါနဲ့ အရမ်းခင်တဲ့ သူငယ်ချင်းတစ်ယောက်လည်း ရှိတယ်"

"နင် ဘာဖြစ်လို့ အိမ်မှာမနေဘဲ အဆောင်ကို ထွက်နေရတာလဲဟင်"

"ရှင်းနေတာပဲဟာ၊ မနေချင်လို့ပေါ့"

"မိထွေးနဲ့ နေရတာ နည်းနည်းပါးပါး အဆင်မပြေတာလေး ပြဿနာလေးတွေတော့ ရှိရင်ရှိမှာပေါ့ဟာ၊ ဒါပေမဲ့ ကိုယ့်အိမ်ကိုယ့်ရာက ကိုယ့်အတွက် လုံခြုံနွေးထွေးတာ မဟုတ်လား"





"ရီးမ … တကယ်တော့ ဒီအိမ်ကြီးက ကိုယ့်ကို နွေးထွေးစေတာမှ မဟုတ်ဘဲ၊ အိမ်မှာရှိနေတဲ့ မိသားစုကသာ ကိုယ့်ကို နွေးထွေးစေတာပါ"

ရီးမက ခဏတဖြုတ် တိတ်ဆိတ်နေပြီးမှ …

"နင့်မိထွေးက နင်နဲ့ အဆင်မပြေဘူးပေါ့၊ ဟုတ်လား"

"အင်း … မပြေဘူး၊ အခု ငါ ဒီအဆောင်မှာ အဆင်ပြေပါတယ်ဟာ"

"အဆောင်က ကောင်းလား"

"အသင့်အတင့်ပေါ့"

"ငါကို လိပ်စာပေးပါလား"

နုပျိုက လိပ်စာကို အရင်ရွတ်ပြလိုက်ပြီးမှ …

"ဘာလုပ်ဖို့လဲ"

"ဝါ တစ်ခါတလေ လာလည်ချင်ရင် လာလည်လို့ ရတာပေါ့"

"နင့်ကို ငါက အလည်ခေါ်နေလို့လား၊ မလာပါနဲ့ဟာ၊ ငါလည်း မိုးချုပ်မှပဲ ပြန်ရောက်တာ၊ ငါ့အလုပ်ကဆင်းရင် ကျူရှင်ဝင်သင်ရသေးတယ်၊ ငါ ညရှစ်နာရီလောက်မှ အိမ်ပြန်ရောက်တာ"

"နင်ကလည်း ပင်ပန်းလိုက်တာဟာ၊ ဒီလောက်လည်း အပင်ပန်းခံ ပိုက်ဆံတွေ ရှာမနေစမ်းပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ပိုက်ဆံမရှာဘဲ ဘာနဲ့သွားပြီး စားဝတ်နေရေး ဖြေရှင်းရမှာလဲ၊ ငါ့ခြေထောက်ပေါ် ငါရပ်နေရတာ၊ ပျော့ညံ့အောင်လာမပြောစမ်းပါနဲ့ ရီးမရာ"

နပျိုအသံက အနည်းငယ် ယိမ်းယိုင်တုန်ခါသွားပါသည်။

"နပျို ... တချို့တလေ အဆင်မပြေတာ အကူညီလိုအပ်တာတွေကို ငါ့ကိုပြောပါ၊ ငါ့ကိုထည့်တွက်ထားပါ၊ ငါတို့က ဟိုးငယ်ငယ်ကတည်းက ခင်လာခဲ့တာပဲဟာ၊ အခက်အခဲရှိရင် စိတ်ညစ်ရင် ငါ့ကို ခေါ်လိုက်ပါ၊ ငါ နင်အားကိုးတဲ့ ရင်းနှီးတဲ့သူတစ်ယောက် ဖြစ်ချင်တာပါ"

နပျို ရင်ထဲ ထိထိနိုက်နိုက်နှင့် ခပ်သိမ့်သိမ့် ရွှေးမိသွားပါသည်။

"နော် ... နပျို"

"အင်းပါ"

"အခု နင့်မှာ ဘာလိုအပ်နေတာရှိလဲ၊ ငါ့ကိုပြော"

"အခုတော့ ဘာမှမရှိသေးပါဘူး"

"နင် ငါ့ဆီရော ဖုန်းဆက်မှာလား"

"ကိစ္စရှိရင် ဆက်မှာပေါ့"

"ကိစ္စရှိရှိ မရှိရှိ ဆက်လို့ရတယ်၊ ကိစ္စရှိတယ် ဆိုရင်တော့ လုံးဝမဆက်ဘဲ မနေနဲ့၊ ဖုန်းနံပါတ်အသစ်တစ်ခုယူထား 095------ "





"အမယ် ... နင်က ဟန်းဒ်ဖုန်းနဲ့ပေါ့"

ရီးမက အမှတ်တမဲ့ ရွတ်ပြလိုက်ပြီးမှ တစ်ဖက်ကသူက အိမ်မှာ အဆင်မပြေကာ အဆွေ့င်တောင် ဆင်းနေရတဲ့အချိန်မျိုးမှာ ကိုယ်ကတော့ ဟန်းဒ်ဖုန်းတွေ ဘာတွေ ထ,ကိုင်နေတာကို အခြောက်တိုက် အားနာရက်ရွဲ့သလို ဖြစ်မိပြီး ...

"ဟိုဟာပါဟာ၊ အလုပ်ကများတော့ ရောက်တဲ့နေရာကနေဆက်သွယ်ရလွယ်ကူအောင် ... ဟိုဒင်း ... အလုပ်ကပေးထားတာ"

"အလုပ်ကနေ ဟန်းဒ်ဖုန်းပေးတယ်ဆိုတော့ နင်က ရာထူးကြီးတာပေါ့ဟဲ့၊ အရေးပါလို့ပေါ့နော်"

"မဟုတ်ပါဘူးဟာ၊ ခိုင်းနိုင်အောင်လို့ပါ"

ကိုယ့်ပစ္စည်းနဲ့ကိုယ် ပျာပျာသလဲ ငြင်းနေတဲ့ ရီးမကြောင့် နပျိုက တဟင်းဟင်းနှင့် ခပ်သဲ့သဲ့လေး ရယ်မောရင်း ...

"အမယ်လေးဟယ် ... နင် ရာထူးတွေ ကြီးနေလို့ ဟန်းဒ်ဖုန်းတွေ ကိုင်နေလို့ ငါ နင့်ဆီက ပိုက်ဆံမချေးပါဘူးနော်"

ထို့နောက် နပျိုက ချစ်စနိုးသံနှင့် တသိမ့်သိမ့် ရယ်နေလျှင် ရီးမမှာ "နင်ကလည်းဟာ"နှင့် အနေရတွေ ခက်နေသည်။

❦ ✧ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၆

"ရှီးမ"

ရှီးမက ကားကိုရပ်ပြီး ဆင်းဆင်းချင်း ခေါ်သံကြား လိုက်ရ၍ လှည့်ကြည့်လိုက်လျှင် ဒေါ်ခင်သိန်းတန်ကို ဘဏ်ထဲက ထွက်လာတာ မြင်လိုက်ရပါသည်။ ရှီးမက ကားကို ရိမုတ်နှင့် သော့ပိတ်လိုက်ရင်း ...

"အစ်မကြီး ဘဏ်ကိုလာတာလား"

"အေး ... အယ်ဒီတာကြီး ဘယ်လဲ"

"ဒီနားက သူငယ်ချင်း ကွန်ပျူတာဆိုင် လာတာ"

"ဆန်းအေးကျ တို့ဆိုင်မှာ ဆီးရီးပရိုမိုးရှင်းပွဲ တစ်ပွဲရှိတယ် နော်၊ သိပြီးပြီလား၊ ဟဲစ်ပ်ပော့ပ်ကောင်လေးတွေ အုပ်

လေ"





"သိပြီးပြီ အစ်မ၊ တိုက်ကို ဖိတ်စာရောက်ပြီးပြီ၊ ကျွန်တော် တော့ မလာဖြစ်တော့ဘူး၊ ဖောင်ပိတ်ရက် အလုပ်များတယ်၊ ကောင်လေးတွေ လွှတ်လိုက်မယ်"

"ဆရာကြီး ဖြစ်နေပြီပေါ့လေ"

"မဟုတ်ပါဘူး အစ်မရယ်"

"ဟုတ်ပါတယ်၊ ဆရာကြီးပါ"

"မဟုတ်ပါဘူး အစ်မရဲ့၊ ကိုယ့်ဟာကိုယ် ခြေတိုအောင် ပြေးလွှားပြီး အောက်ခြေသိမ်း အကုန်ပါနေရတာပါ"

"ခြေမတိုရတော့ပါဘူး၊ စီးတော်ကားနဲ့ပဲဟာ"

"ကျွန်တော့်ကား မဟုတ်ပါဘူး အစ်မကြီးရယ်၊ သူများကား ပါ၊ ကျွန်တော်လိုကောင်မျိုး ကားတစ်စင်း ကိုယ့်အစွမ်း အစနဲ့ကိုယ် ပိုင်ဖို့ဆိုတာ ဘယ်လွယ်မလဲ၊ အဝေးကြီးပါ အစ်မရာ"

"သိပ်မလျှိုနေပါနဲ့ကွာ၊ ဒီက ကြင်ယာစပ်ပေးမလားလို့ ပါ"

ဒေါ်ခင်သိန်းတန်ဟာ ရှီးမနှင့် ခင်မင်လာတာ နှစ် လည်းကြာ။ မောင်နှမနှယ် ပြောပြောဆိုဆို ရင်းရင်းနှီးနှီးလည်း ရှိတာမို့ ဟိုအရင်ကတည်းကလည်း စ,နောက်နေကျ။

"အာ ... အစ်မကလည်း လုပ်ပြန်ပြီဗျာ"

www.burmeseclassic.com



"ဟဲ့ ... ဒီတစ်ခါ တကယ်ပြောတာ ငါ့မောင်ရဲ့၊ ကိုရီးယားကားလိုလေ၊ အိမ်ထောင်ဖက် တစ်ခါလောက် တွေ့ကြည့်ပါလား"

"ဟား ဟား ဟား ... အစ်မက တော်တော် ရယ်ရတယ်"

"တကယ်ပြောနေတာ ရီးမရဲ့။ အစ်မ အမျိုးတွေ တူမတွေနဲ့ အစ်မက မစပ်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါတို့တစ်မျိုးလုံး ရုပ်ကမလှကြလို့၊ အခုက တို့အမျိုးသားဘက်က တူမလေးတစ်ယောက်ပါ၊ ချောမှချောနော်"

ရီးမက ရယ်ကျဲကျဲ ခေါင်းကုတ်နေရပါသည်။

"ဗိုင်နယ်ပါ့တ်ဝမ်း ရောက်ပြီနော်၊ နောက်နှစ်ပါ့တ်တူးပြီးရင် ဟောက်ဆာဂျင်ဖြစ်ပြီ၊ ဆရာဝန်မနော် ရီးမရဲ့"

"အစ်မကလည်းဗျာ၊ အချွန်နဲ့ လာမ,နေပြီဗျာ၊ အစ်မကြီးတူမဆရာဝန်လောင်း ချောချောလေးက ကျွန်တော့်ကို စိတ်ကူးမလား၊ သူ့ဟာနဲ့သူ ရှိပြီးသား ဖြစ်မှာပေါ့၊ အစ်မ ခေါင်းလာမစားပါနဲ့ဗျာ"

"ဘာမှမရှိဘူး၊ ရိုးရိုးသားသား အေးအေးဆေးဆေးလေး၊ ရည်းစားကို မထားဖူးတာ၊ သူ့အဖေအမေကလည်း ဘာကြီးတွေ ညာကြီးတွေ ဖြစ်စရာမလိုဘူး၊ သမက်လောင်းကဖြူဖြူစင်စင် အေးအေးချမ်းချမ်းလေးပဲ ဖြစ်ဖို့လိုတယ်၊





အကျင့်စာရိတ္တ ကောင်းကောင်းလေးနဲ့ သူတို့သမီးကို ရိုးမြေကျ ကြင်နာသွားမယ့်သူမျိုးကိုပဲ လိုချင်တာ"

ရီးမက ခပ်ပြုံးပြုံး သက်ပြင်းချရင်း ...

"အစ်မကြီးက ကျွန်တော့်ကို အဲလိုလူမျိုးလို့ သတ်မှတ်တယ်ပေါ့"

"အမယ် ... တို့က အတုံးအ,အ မဟုတ်ပါဘူးဟယ်၊ ရီးမနဲ့ ခင်လာတာပဲ နှစ်နှစ်လောက် ကြာနေပြီ၊ ရိုးရိုးသားသား ကြိုးကြိုးစားစားနဲ့ ကိုယ့်မျက်စိအောက် အမြဲမြင်နေရတာလေ၊ စိတ်ထားလည်း ကောင်းတယ်လို့၊ တက်လမ်းတွေလည်း အများကြီးရှိတယ်လို့ အစ်မက အမှန်းတင်ထားတာ"

"အာ ... မလုပ်ပါနဲ့ အစ်မကြီးရာ၊ တောင်းပန်ပါတယ်၊ အေးအေးဆေးဆေး နေပါရစေ အစ်မရာ"

"မင်းမှာ ရည်းစားလည်း မရှိသေးဘူးလို့ ပြောထားတာ"

"ဒါတော့ အစ်မ အပိုင်သိနိုင်လား၊ အစ်မကို ဘယ်သူပြောလဲ"

"ဩော် ... ကျုပ်က ဒီလောကထဲကလူတွေ အများကြီးနဲ့ ခင်နေတာပါ ရီးမရယ်၊ ဘယ်သူ ဘယ်လိုဆိုတာ အားလုံး ကြားနေ သိနေတာပဲ"

"တချို့တွေက ကောလဟလတွေ ကာဗာလုပ်ထားတာတွေ ဖြစ်နေဦးမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ကောလာဟလပဲဖြစ်ဖြစ် အမှန်ပေါ်မှာ ကာဗာတစ်ထပ် အုပ်ထားတာဖြစ်ဖြစ် သူ့ဟာနဲ့သူ အချိန်တန်ရင်တော့ အဖြစ်မှန်က ပေါ်ကိုပေါ်ထွက်လာတာပဲလေ၊ မင်းတို့လောက က လျှို့ဝှက်ချက်ထားလို့မှ မရတာ၊ အနုပညာသည်တွေ အကြောင်း မီဒီယာသမားတွေဆီက အကုန်သိနိုင်သလို၊ ဒီမီဒီယာသမားတွေအကြောင်းကလည်း အနုပညာသည်တွေ ကြားထဲက ချောင်ကြိုချောင်ကြားက ထွက်လာတတ်တာပဲ လေ၊ နောက်ဆုံး လိတ်တက်စ်အပ်ပ်ဒိတ် ဖြစ်နေတဲ့သတင်း ပြောရဦးမလား"

"ဘာလဲ အစ်မရဲ့"

"မင်းလေ ... မင်း သတင်း"

"ဗျာ ... ကျွန်တော် ! "

"ဟုတ်ပ"

"ကျွန်တော်က ဘာသတင်းရှိလို့လဲ"

"အမယ်လေး ... ဖွက်မထားချင်ပါနဲ့ ရိုးမရယ်၊ ကျုပ်က ဦးနေထွန်း မန်နေဂျာကြီး ကိုယ်တိုင်ဆီက သိရပြီးနေပါပြီ နော်"

ရိုးမက ဘာပြောရမှန်းမသိတော့ဘဲ မျက်နှာအနည်းငယ် ပျက်သွားရပါသည်။





"ရှင် ဦးစောဝင်းကြီးကို တင်းမနေနဲ့ဦး၊ ဦးစောဝင်းက နှုတ်ဖွာတဲ့သူ မဟုတ်ပါဘူး၊ မဟုတ်လို့လည်း ဒီလိုမင်းသားကြီးနား နှစ်ပေါင်းဆယ်နဲ့ချီပြီး နေနေရတာပေါ့၊ ဟိုတစ်နေ့က ဒီမှာ ဦးနေထွန်းက ဆင်းတစ်ဆင်း လာရိုက်သွားတယ်လေ၊ အစ်မလည်း ရှိနေတော့ စကားလေး ဘာလေးပြောဖြစ်ရင်းက အစ်မက ဒီလိုပဲ မေးလိုက်တာပါ၊ ဦးစောဝင်း ရိုးမနဲ့ တွေ့သေးလားပေါ့၊ ဆိုင်ပရိုမိုးရှင်းလေး လုပ်ချင်တာလည်းရှိလို့ စကားပြောချင်လို့ပါပေါ့ ...

အစ်မကမေးတာကို ဦးနေထွန်းကြီးကကြားတော့ သူက လှမ်းမေးလိုက်တာ၊ 'ဟုတ်လား'တဲ့၊ 'သားနဲ့လည်း ခင်သလား'တဲ့၊ အစ်မလည်း ဇဝေဇဝါ ကျန်ရစ်ခဲ့ပြီး နောက်တော့ ဦးစောဝင်းကြီးကို အစ်မေးတာပါ၊ ဦးနေထွန်း ကိုယ်တိုင် သားလို့ပြောသွားပြီးသားမို့လို့ ဦးစောဝင်းက ပြောပြတာ၊ ဘယ်မှထပ်သတင်းမဖွဖို့လည်း ပိတ်ပါတယ်၊ ဟင်း ဟင်း ဟင်း"

ရိုးမက ခေါင်းတညိတ်ညိတ်နှင့် ပခုံးသာတွန့်ပြလိုက်ရပါသည်။ ဩော် ... ပုထုဇဉ်လူတွေများ။ မင်းသားနေထွန်း သားလို့ သိလိုက်ရတာနှင့် ချက်ချင်းလက်ငင်းပဲ ဆရာဝန်လောင်းသူမနှင့် စပ်ချင်ဟပ်ချင် ဖြစ်တော့တာပါလား။ ခုမှ ရှင်းတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒေါ်ခင်သိန်းတန့်ဟာ ဂုဏ်မက်မက် အဆင့်အတန်းခွဲခွဲခြားခြားမျိုးထဲက မဟုတ်ပါ။

သို့ပေမယ့်လည်း ရီးမဟာ သာမန်အယ်ဒီတာလေးတစ်ယောက်မျှသာ ဆိုရင်တော့လည်း ဘယ်လိုလုပ် သူ့တူမနှင့် သဘောတူပါ့မလဲ။

"ကွန်ဂရက်ကျူးလေးရှင်း ရီးမရေ၊ ဝမ်းသာပါတယ်ကွယ်၊ ဝတ္ထုဖာတ်လမ်းလေး တစ်ပုဒ်လိုပဲနော်၊ အဖေနဲ့သား ပြန်တွေ့ခွင့်ရတာလေးက အံ့သြစရာပဲ"

"ဘယ်သူမှ လျှောက်မပြောပါနဲ့ အစ်မရာ၊ ကျွန်တော်က ခပ်အေးအေးပဲ နေချင်တာပါ"

"သိတယ်လေ ... မပြောပါဘူး ဒီကလည်း၊ လျှောက်ပြောရင် တော်ကြာ သမက်ဖမ်းချင်တဲ့ အပြိုင်အဆိုင်တွေ ပေါ်လာပါဦးမယ်"

"အစ်မကလည်းဗျာ"

"ဟင်း ဟင်း ဟင်း ... မင်းကို အဲသလို ရီးရီးသားသား ဖြူဖြူစင်စင်လေးမို့ ခင်တာပါကွယ်၊ မျက်နှာတွေ ဘာတွေ သွေးရောင်ဖျန်းမနေပါနဲ့"

ရီးမက ရယ်မောနေမိရင်း တစ်စုံတစ်ခုကို သတိရကာ ...





"ဪ ... အစ်မကို တစ်ခုမေးရဦးမယ်"

"မေး"

"ဟိုတလောက အစ်မကြီးရဲ့ဆိုင်မှာ ကောင်မလေးတစ်ယောက် အစ်မကြီးနဲ့ စကားလာပြောတယ်၊ ကျွန်တော်နဲ့ ဦးစောဝင်း အစ်မဆိုင်မှာ စကားလာပြောတဲ့နေ့တစ်နေ့ပဲ၊ အစ်မ မှတ်မိလား"

"ဘယ်ကောင်မလေးလဲ၊ ရေးတေးတေးပဲ"

"သူက အစ်မကို စောင့်နေတာ၊ အစ်မက ဆိုင်ထဲဝင်လာတော့ ကောင်တာက ကောင်မလေးတွေက ပြောလိုက်တာနဲ့ အစ်မက သူ့စားပွဲ သွားစကားပြောတယ်လေ၊ အစ်မနဲ့ မိတ်ဆွေလားလို့၊ ခင်ကြသလား မေးကြည့်တာပါ၊ သူ့နာမည်က လှနုပျို့တဲ့"

"လှနုပျို့ ! ဪ ... သိပြီ၊ လှနုပျို့၊ နာမည်လေးက ချစ်စရာလေးမို့လို့ မှတ်မိနေတာ၊ ဆံပင်ရှည်ရှည်ချောချောလေး ဟာလေ"

"ဟုတ်ကဲ့"

"သူနဲ့က မခင်ပါဘူး၊ သိလည်းမသိဘူး၊ သူက အဲဒီနေ့က အလုပ်လာလျှောက်တာလေ"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်တစ်နေ့ရာလိုတာကို ဆိုင်ကကောင်မလေးတစ်ယောက်ဆီက သူကသိလို့ အလုပ်လာလျှောက်တာ"

"အလုပ်လာလျှောက်တာ ဟုတ်ရဲ့လား အစ်မကြီး"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ၊ ဘာလာလုပ်တာလို့ သူကပြောလို့လဲ"

"သူက ဘာမှမပြောပါဘူး၊ ကျွန်တော်ကသာ ကျွန်တော့်ငယ်သူငယ်ချင်းမို့လို့ ဘာကိစ္စများလဲ၊ အစ်မကြီးနဲ့လည်း ခင်မင်လား စပ်စုကြည့်တာပါ"

"အလုပ်လာလျှောက်တာ ရိုးမရဲ့"

"ဟုတ်လား။ အလုပ်က ဘာအလုပ်လဲ"

"ဆိုင်မှာပဲလေ၊ တခြားကောင်မလေးတွေလိုပဲပေါ့"

"ဟင်"

ရိုးမ ဦးနှောက်ခြောက်သွားရပြီး ...

"သူက တက္ကသိုလ်က ဆရာမ မဟုတ်လား၊ ဆိုင်ကအလုပ်ကို လျှောက်တယ်ဆိုတော့"

"ဟင်"

ဒီတစ်ခါ ဒေါ်ခင်သိန်းတန်က အံ့ဩသွားကာ ...

"တက္ကသိုလ်ဆရာမက ဒီအလုပ် လာလျှောက်ပါ့မလား ရိုးမရဲ့၊ ဒီအလုပ်က လစာလည်း သုံးသောင်းပဲရှိတဲ့ဟာကို၊





တစ်ခုခု မှားနေပြီ ထင်ပါတယ်၊ သူ့ကို အစ်မနှုတ်နဲ့ပဲ မေးကြည့်တာတော့ သူက အင်္ဂလိပ်စာနဲ့ ကျောင်းပြီးထားတယ်လို့ပြောတယ်၊ အမ်အက်စီတွေ ပီအိတ်ချ်ဒီတွေတော့ မပြောပါဘူး၊ ရိုးမ မှားနေပြီ ထင်တယ်"

ရိုးမက အတော် အံ့အားသင့်နေမိကာ ...

"အလုပ်က သူ့အတွက်လျှောက်တာ ဟုတ်တယ်နော်"

"ဪ ... သေချာတာပေါ့၊ အစ်မက သူ့ကိုကြည့်တော့ ဣန္ဒြေရရလေးနဲ့ ရုပ်လေးကလည်း သန့်သန့်အဆင့်မြင့်မြင့်လေးဆိုတော့ ချက်ချင်းတန်းပြီး ခန့်တာပါ၊ ဆိုင်ကကောင်မလေးတစ်ယောက်ရဲ့အစ်မရဲ့ သူငယ်ချင်းဆိုတော့ ဟိုကောင်မလေးကလည်း အာမခံတယ်၊ အစ်မလည်းကြည့်ရုံနဲ့ သဘောကျတာနဲ့ အလုပ်ဆင်းဖို့ ပြောပါတယ် ...

လစာရင်း သုံးသောင်း၊ ဆိုင်မှာပွဲတစ်ခုခုလုပ်တာရှိရင် ဘိုးနပ်စ်ထပ်ရတယ်၊ ဝတ်စုံပေးမယ်ဆိုတာ ပြောပြတယ်၊ ဒါပေမဲ့ သူက မလုပ်ဖြစ်တာ"

"ဘာဖြစ်လို့လဲ အစ်မ"

"ဒူးပေါ်တဲ့စကတ် ဝတ်ရလို့တဲ့၊ သူ့ရော ဒီတိုင်းဝတ်ရမှာလားဆိုတော့ ဟုတ်တယ်ပေါ့၊ တစ်ဆိုင်လုံး ဒီတိုင်း ဆင်တူဝတ်ရတာပဲလေ၊ အဲဒီတော့ သူက ဒူးအထက်တိုင်ပဲရှိ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ စကတ်မဝတ်ရဲလို့ပါလို့ ပြောတယ်၊ တူညီဝတ်စုံက မဝတ်ရဲတော့လည်း ဘယ်လိုလုပ် ခန့်ပေးမလဲကွယ် မဟုတ် ဘူးလား ရီးမရဲ့"

ရီးမက ခေါင်းညိတ်ပြလိုက်ပါသည်။

"ရီးမနဲ့ ငယ်သူငယ်ချင်းလား"

"ဟုတ်ကဲ့"

"တည်တည်တံ့တံ့ ရိုးရိုးသားသားလေးပါ၊ တခြားတစ်နေ ရာရာမှာ အလုပ်ဝင်နေရောပေါ့၊ ဆိုင်က သူ့အသိကောင် မလေးက ပြောတော့ အဖေဆုံးပြီး မိထွေးပဲကျန်တာတဲ့ အမေကလည်း ဆုံးခဲ့တာကြာပြီ၊ မိထွေးနဲ့ဆိုတော့ အလုပ် တစ်ခုခု မရရင် မဖြစ်လို့တဲ့၊ ကြားရတာတော့ စိတ်မကောင်း ဘူးပေါ့၊ ဒါကြောင့်လည်း ကူညီတဲ့သဘောလည်းပါတယ် အလုပ်ပေးလိုက်တာပဲလေ၊ သူက မလုပ်တာပါ"

ရီးမက ခေါင်းတစ်ချက်ညိတ်ရင်း ...

"ကျွန်တော် သွားလိုက်ဦးမယ် အစ်မ"

"ရတ်တရက်ကြီး ... အေး ... သွား ... သွား၊ လကုန်ရက် ဆိုင်မှာ ပရိုမိုးရှင်းလုပ်ဖို့ ရှိတာလေး ဂျာနယ်ထဲ ထည့်ပေး ဦး၊ တွေ့ဦးမယ်လေ"

"ဟုတ်ကဲ့ အစ်မ"





"ကျုပ်တူမလေးကိုလည်း အိမ်ထောင်ဖက်တွေ့ကြည့်စမ်း ပါဦးဟဲ့"

ဒေါ်ခင်သိန်းတန်က ရယ်ရင်း မောရင်း ကျန်ရစ်ခဲ့ ပါသည်။

ဖုန်းခေါ်သံကြောင့် ရီးမက ဖုန်းကိုကြည့်ကာ ကမန်း ကတန်း ဖွင့်နားထောင်လိုက်ပါသည်။

"ဟယ်လို"

"ဟဲ့ ... ရီးမ"

"အင်း"

"ငါခုနကမှ ကျူရှင်က ပြန်ရောက်လို့ ရေချိုးနေလို့ဟဲ့၊ နင် ဖုန်းဆက်တုန်းက ငါက ရေချိုးခန်းထဲမှာ၊ အဲဒါကြောင့် ပြန်ဆက်တာ၊ ကဲ ... ပြော၊ ဘာလဲ"

ကျူရှင်က ပြန်ရောက်တာတဲ့။ ခုထိ ကျူရှင်ပြတဲ့ စကားပြောဆဲပဲ။ ဆရာမပေါ့။ ဘာများမှားယွင်းနေသလဲ။ ဆရာမ တစ်ယောက်က ကော်ဖီဆိုင်မှာ ဘာကြောင့် အလျှောက်စရာရှိလဲ။

"နင် အခု အားလား"

"ဟဲ့ ... အားပြီပေါ့၊ ရှစ်နာရီတောင် ခွဲပြီးနေပြီ"

"နှင် ထမင်းစားပြီးပြီလား"

"နှင်နဲ့ ဖုန်းချပြီးမှ စားမယ်၊ ငါလည်း မဆာသေးပါဘူး ရတယ် ... ပြော"

"နှပို့ ... နှင်တို့အဆောင်နားကို ငါ လာကြည့်ပြီးပြီ၊ နှင်တို့ လမ်းထိပ်မှာ ကြေးအိုးဆိုင်တစ်ဆိုင်ရှိတယ်၊ အဲဒီကို ထွက်လာလို့ ရမလား၊ ကြေးအိုးစားကြရအောင်လေ"

နှပို့က ခဏ တိတ်သွားပါသည်။ ခဏနေမှ ...

"နှင်က ဒီနားရောက်နေလို့လား"

"အင်း"

"နှင်က အလုံမှာနေတာဆို"

"ဒီနားရောက်နေလို့ပါဆို"

"ဒါဖြင့်လည်း ပြီးရော၊ ထွက်ခဲ့မယ်"

ရိုးမသည် ကားကို ဟိုးအဝေးကြီးမှာ သွားရပ်ထားပြီးမှ လမ်းပြန်လျှောက်လာသည်။ သိပ်ကြီး ပြေလည်လှပုံမရတဲ့ နှပို့ရှေ့မှာ ကားကြီးနဲ့ ဘာနဲ့ ကိုယ်က အဆင်တပြေ ဖြစ်မနေလိုပါ။ ကြေးအိုးဆိုင်မှာ ရိုးမ ဝင်ထိုင်ပြီး ငါးမိနစ်လောက်မှာပဲ နှပို့ ရောက်လာသည်။

နှပို့ရောက်မှ မှာစရာရှိတာ မှာကြပြီးတဲ့နောက် ရိုးမသည် သနပ်ခါးကျဲကျဲ ပါးကွက်ကျားနှင့် နှပို့ကို ငေးစိုက်





ကြည့်နေမိပါသည်။ နှပို့က အနေရခက်လာသလို ရှိုးတိုးရှန့်တန့်နှင့် ...

"နှင် ဘာကြည့်နေတာလဲ၊ ဘာဖြစ်နေတာလဲ"

"နှင် မှတ်မိသေးလား နှပို့"

"ဘာကိုလဲ"

"ငါတို့ ရှစ်တန်းတုန်းက တစ်ညနေမှာလေ၊ မေမေက နေမကောင်းဘူး၊ ထမင်းဟင်း မချက်နိုင်ဘူး၊ အဲဒီညနေက မေမေ့ကို ပေါင်မုန့်တို့ အိုဗာတင်းတို့ ငါဝယ်တိုက်ပြီး မေမေ စားပြီး ဆေးသောက်ပြီးမှ ငါက ထမင်းဝယ်စားဖို့ ထွက်လာခဲ့တာ"

ထိုစဉ်က နှပို့တို့အိမ်နှင့် ရိုးမတို့အိမ်ဟာ တစ်လမ်းတည်းပေါ်မှာ။ သိပ်မဝေးပါ။

"နှင်က အိမ်ရှေ့ကမီးတိုင်အောက်မှာ သူငယ်ချင်းတွေနဲ့ ကစားနေတယ်၊ ငါ့ကိုတွေ့တော့ နှင် ဘယ်လဲလို့မေးတော့ ငါက အကျိုးအကြောင်းလည်း ပြောပြရော နှင်က ငါ့ကို သနားသွားတဲ့ပုံပဲ၊ နှင်တို့အိမ်မှာ စားလိုက်လို့ ပြောတယ်လေ၊ ငါ ငြင်းပေမယ့် အတင်းဆွဲခေါ်သွားတာပဲ ...

နှင်တို့အဖေက အဲဒီနေ့က ညဘက်ဂျူတီကျတယ်တဲ့၊ ထမင်းဟင်းတွေလည်း ပိုနေတာ အဆင်သင့်ပဲဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



အတင်း အိမ်ပေါ်ခေါ်သွားတာ၊ နင့်အမေကလည်း နင် ပြောပြတော့ ငါ့ကို ဝမ်းသာအားရ အတင်းထုပ်ခေါ်တာ ငါ အဲဒီနေ့က နင်တို့အိမ်မှာ ပထမဆုံးနဲ့ နောက်ဆုံးတစ် ကြိမ်တည်းသော ထမင်းစားဖူးခြင်းနဲ့ ညနေစာ စားခဲ့ တယ်"

ပြောရင်း ရီးမရင်ထဲ တလှပ်လှပ် ဖြစ်လာသည်။ နုပျို့ရဲ့မျက်ဝန်းကလေးများကလည်း စိုစွတ်တောက်ပလာပါသည်။ အဲဒီနေ့က ရီးမရယ် နုပျို့ရယ်၊ မေမေရယ် သုံးယောက်အတူ ထမင်းစားဖြစ်ကြသည်။ အိမ်မှာ အမေနေမကောင်းလို့ ဘာမှ ချက်နိုင် ဘာမှစားစရာမရှိဘဲ လမ်းထိပ်ထွက်ဝယ်စားဖို့ မှမျှ ပြားလှတဲ့ ပိုက်ဆံကလေး ကိုင်ထွက်လာတဲ့ ရီးမကို နုပျို့ သနား စိတ် ရုတ်တရက် ပေါက်သွားခဲ့မိတာ မှတ်မိနေပါသည်။

"အဲဒီနေ့က ငါစားခဲ့တဲ့ဟင်း ပြောရမလား"

"ပြော"

"ကြက်သားဟင်း၊ ဘာမှန်းမသိတဲ့ အကြော်ကို ငါကမေး တော့ နင့်အမေက အဲဒါ ဖလံတောင်ဖေ့းနဲ့ ပုစွန်ခြောက် ကြော်ထားတာလို့ ပြောပြီး စားခိုင်းတယ်၊ ချဉ်ပေါင်ရွက် နဲ့ မျှစ်နဲ့ ချဉ်ရည်ဟင်းလည်းပါတယ်၊ နင်မှတ်မိလား"

"ဟင့်အင်း"





နုပျို့က ဖြေပြီး ရယ်မောလိုက်ပါသည်။

"ဒါပေမဲ့ ငါ အခု ပြန်စဉ်းစားလိုက်တော့ ငါမှတ်မိတာ ရှိတယ် သိလား၊ အဲဒီနေ့က နင် ဝတ်ထားတာ"

ရီးမက ခေါင်းကိုမော့လှန်ပြီး ရယ်လိုက်မိပါသည်။

"နင်က တီရှပ်အမည်းရောင်နဲ့ ဘောင်းဘီတိုက အနီရောင် တို့ အနက်ရောင်တို့ပါတဲ့ အကွက် အကွက်နဲ့"

"ဟား ဟား ဟား"

"နင် အဲဒီနေ့ နေ့လယ်ကတည်းက ကျောင်းကို ထမင်းဘူး မပါဘဲ ကျောင်းမှာ အသုပ်တွေ ဝယ်စားတာ ငါတွေ့ထား တာ၊ နင်က ထမင်းဘူး အမြဲယူနေကျပဲဟာ၊ အဲဒီကတည်း က ဘာဖြစ်လို့ ထမင်းဘူးမပါလဲ မသိဘူးလို့ ငါတွေးနေ တာ၊ ညနေကျတော့ နင်ပြောပြလို့သိတော့ ငါက သနား သွားလို့ပေါ့ဟဲ့"

"ငါ အဲဒီနေ့က တကယ်တော့ ထမင်းမဝဘူး၊ နင်တို့အိမ် မှာ တစ်ခါမှ မဝင်မထွက်ဖူးဘဲနဲ့ ထမင်းဝင်စားရတာ အားလည်းနာ၊ ရှက်လည်း ရှက်တာပေါ့၊ အန်တီထည့်ပေး တာတွေ သိမ်းကျုံးစားပြီး မြန်မြန်တော်လိုက်တာ၊ ညကျ တော့ ဗိုက်တွေ ဆာနေရော"

"နင့်ဟာနင် ဝအောင်မှ မစားတာ၊ ဘယ်တတ်နိုင်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ရယ်မောနေမိကြပါသည်။

"ရီးမ ... နင် ခုတလော နည်းနည်းပိုတောက်ပြောင်လာသလိုပဲ၊ နင် ပဲနည်းနည်းများလာတယ်နဲ့ တူတယ်"

နုပျိုက ရီးမကို စေ့စေ့စပ်စပ် ကြည့်ရင်း ပြောမိသည်။ ရီးမက ပြုံးကျဲကျဲနှင့် ...

"နင့်မျက်စိထဲ ပိုလှလာတာ ဖြစ်မှာပါဟာ"

"အောင်မာ"

ရောက်လာတဲ့ ကြေးအိုးကို ကိုယ်စီစားရင်း နှစ်ဦးလုံး ရင်ထဲရွှင်လန်းနေမိပါသည်။ နုပျိုအတွက်တော့ သိသိသာသာ စိတ်ချမ်းသ ရွှင်မြူးလန်းဆန်းနေတဲ့ ကိုယ့်ခံစားချက်ကို ကိုယ်ပို သိသည်။

ကိုယ့်အိမ်ကိုယ့်ရာမှာ ကျယ်ကျယ်လွင့်လွင့် လွတ်လွတ်လပ်လပ် နေလာခဲ့တဲ့ သူတစ်ယောက် အဆောင်မှာ လူနှစ်ယောက်ကို တစ်ခန်းမျှပြီး ကျဉ်းကျုတ်ကျုတ် နေရတဲ့အခါ နေတတ်အောင်နေဖို့ ဆုံးဖြတ်ပြီး ဖြစ်ပေမယ့် မွန်းကျပ်နေပါသည်။ ရင်ထဲမှာ ကိုယ့်ဟာနှင့်ကိုယ် အားငယ်တာကို အားပေးရင်း ဝမ်းနည်းတာကို နှစ်သိမ့်ရင်း အားတင်းပြီး ဖွတ်မာန်တင်းထားရတာ။

မိထွေးကိုလည်း မကျေနပ်တဲ့စိတ်နှင့် တစ်နေ့သောအခါ ဒီမိထွေးကို ငွေနှင့်ပစ်ပေါက်လိုတဲ့စိတ်၊ မိထွေးရှေ့မှာ





အားကောင်းကြီးတစ်စီးပေါ် ခပ်ကြော့ကြော့ တက်သွားချင်တဲ့စိတ်၊ ကိုယ့်အခြေအနေကို ပါးစပ်အဟောင်းသား အံ့သြအားကျစေမယ့် မိထွေးမျက်နှာကို မြင်လိုတဲ့စိတ် စသည်တို့နှင့် လူကသည်း မအေးချမ်းဘဲ ပူလောင်နေပါသည်။

ခုလိုစိတ်ပေါ့ပေါ့ပါးပါးကလေး မပျော်ရွှင်ရတာကြာပြီပဲ။

"ငါကြေးအိုးလည်း စားချင်နေတာဟ၊ အဖော်မရှိလို့"

"နင် ဝအောင်စားနော်၊ ငါ ကျွေးတာနော်"

"ဘယ်သူက လုကျွေးနေလို့လဲ၊ နင် လှမ်းခေါ်တာ နင်ပဲ ကျွေးပေါ့ ... ဟား ဟား"

"နောက်တစ်ခါ နင် တစ်ခုခု သွားချင်လို့ စားချင်လို့ အဖော်မရှိရင် ငါ့ကို ခေါ်ပါဆို"

"နင်က အလုပ်ရှုပ်တယ်ဆိုဟ၊ ပြီးတော့ နင့်အလုပ်က မြို့ထဲမှာ၊ နင်နေတာက အလုံမှာ၊ ငါ့အလုပ်တို့ ကျုရှင်တို့ အဆောင်တို့က မြေနီကုန်း လှည်းတန်းဘက်တွေမှာ တကူးတက နင်လာနေရမှာပေါ့"

"လာရပစေပေါ့၊ ငါက လာချင်တာပဲဟာ"

တကယ်တော့ အခုနေနေတဲ့ ဖေဖေ့အိမ်က အင်းလျားလမ်းထဲမို့ နုပျိုတို့အဆောင်ရှိတဲ့ လှည်းတန်းနှင့် နီးနီးကလေးပါ။



www.burmeseclassic.com

www.burmeseclassic.com



"နင်က ဘာကိစ္စ လာချင်ရတာလဲ"

"နင့်ကို တွေ့ချင်လို့ပေါ့"

"ဘာကိစ္စကော တွေ့ချင်ရတာလဲ"

"နင့်ကို ငါ အမြဲသတိရနေလို့ပေါ့၊ အမြဲတွေ့ချင်တာပဲ"

နုပျိုက ခေါင်းငုံ့ထားတဲ့ ရိုးမကို စိုက်ကြည့်ရင်း

"အမြဲတွေ့ချင်ရအောင် ငါက နင့်ရည်းစား မဟုတ်ဘူ အပိုတွေ လာမပြောနဲ့၊ အခု ငါလည်းပဲ ရည်းစားမရှိသေ လို့နော် ... ဟွန်း ရှိလို့ကတော့ နင်နဲ့ ခုလိုအတူတွဲပြ မစားတော့ဘူး၊ ကြိုပြောထားတာ၊ ငါ့ရည်းစား ဘယ်ကြိုက် ပါ့မလဲ"

"မရှိသေးပေလို့ပဲ၊ ကြိုတင်ပူပန်နေလိုက်ရတာ"

နုပျိုက ရိုးမကို စောစောစီးစီး ရှင်းရှင်းလင်းလင် ပြောပြထားဖို့ စိတ်ကူးရပါသည်။ တော်ကြာ ဒီရိုးသားပြီး ချစ်စ ကောင်းလှတဲ့ လူရွယ်ကလေးဟာ နုပျို အပေါ် မျှော်လင့်ချက် ကြီးကြီး ထားနေရှာပါဦးမည်။

"ပူရတာပေါ့ဟဲ့ မိန်းကလေးပဲ၊ ငါက ကြိုတင်စိတ်ကူးဆုံ ဖြတ်ထားပြီးသား၊ ငါရည်းစားထားရင် ငါယူနိုင်တဲ့သူကို ထားမှာ၊ ငါယူမယ့်သူကလည်း ငါ့ဘဝကို ပြောင်းလဲမြင့်မာ တိုးတက်စေရမှာ၊ ငွေမက်တယ် ဂုဏ်မက်တယ် ထင်လည် ထင်ပေါ့ဟာ၊ ဘယ်သူ ဘယ်လိုထင်ထင်ပါ ...



ငါ့ဘဝကို မထင်မရှား အနုတ်စုတ် ဂုတ်စုတ်လေး မဖြစ်စေချင်ဘူး၊ အခုဆိုရင်လည်း ငါ့မိထွေးက အိမ်မှာနေ ချင်ရင် အိမ်စရိတ် တစ်သိန်းထည့်ရမယ့်သဘော ပြောတယ်၊ ငါ ဘယ်ထည့်နိုင်မလဲ၊ ငါမှ အဲလောက်ဝင်ငွေမရှိတာ၊ အဲဒီဖေဖေ့အိမ်ကို ရောင်းရင်လည်း သူကတစ်ဝက်၊ မောင် လေးယံယံနဲ့ ငါက လေးပုံတစ်ပုံစီတဲ့ ...

ဒီအိမ်ဟာ ဖေဖေနဲ့မေမေ့ လက်ထက်ကတည်းက အိမ်လေ၊ သူ မတရားသဖြင့်တွေ ရယူချင်နေပေမယ့် မောင်လေးကလည်း ရှိနေတော့ ငါ ဒါလေးကို ဒီထက်ပို ရအောင် လုယက်ခွဲဝေ ယူမနေချင်ပါဘူးဟာ၊ ငါ့အနေ အထားနဲ့ကလည်း အလုပ်ကောင်းကောင်း ရဖို့တောင် မလွယ်တာ၊ သူဌေးဖြစ်ဖို့တော့ ဝေလာဝေးပဲ ...

ငါ့ကို တင့်တောင့်တင့်တယ် ထားနိုင်မယ့် ယောက်ျား မျိုးနဲ့ လက်ထပ်နိုင်ခြင်းဟာ ငါ့ဘဝရဲ့ထွက်ပေါက်ပဲ၊ တစ်နေ့သောအခါ ငါ့ယောက်ျား ဖြစ်လာရမယ့် သူ့အတွက် ငါ အပိုးကျိုးကျိုး ဣန္ဒြေရရ ဗိုင်းကောင်းကျောက်ဖိနေ တယ်၊ နာမည်ပျက် မရှိစေရဘူး၊ ရည်းစားတောင် လုံးဝမ ထားခဲ့ဘူးဟာ၊ ဇနီးကောင်းလည်း ဖြစ်စေရမှာ ...

ငါ အဲဒီအနေအထား ရောက်လို့များကတော့ မိထွေး ကို ငွေထုပ်တွေ ပစ်ပေါက်ပေးပစ်လိုက်ဦးမယ်၊ အဲဒီတော့

www.burmeseclassic.com

www.burmeseclassic.com



ငါ့ရည်းစားဆိုတာ ရှိလာတဲ့အချိန်မှာ ငါက ရီးမရေ
ခပ်ကင်းကင်း နေပေးပါဟေ့ဆိုရင် နင် စိတ်မဆိုးနဲ့
ငါ ကြိုပြောထားတာပါ”

ရီးမက မျက်မှောင်ကြုတ်ကြုတ်နှင့် နုပျိုကို
ကြည့်ရင်း ...

“နင့်ရည်းစားက ငါ ဖြစ်လာရင်ကော”

“ဟင့်အင်း ... မဖြစ်နိုင်ဘူး”

“ဘာဖြစ်လို့လဲ”

“ငါ့ရည်းစားက နင့်လောက်အနေအထား မဖြစ်နိုင်
ဟာ၊ ဆောရီးပါ”

ရီးမ မျက်နှာက အောင့်သက်သက် ဖြစ်သွား
သည်။

“နင် ငယ်ငယ်က ပြောခဲ့သလို ဆရာဝန်ကတော်ယူ
ဟုတ်လား”

“ဆရာဝန်ကတော်ဖြစ်ဖြစ် သူဌေးကတော်ဖြစ်ဖြစ်၊ ဖြ
သလိုပြော၊ ငါ့ဘဝကို အနုပညာတလေးနဲ့ မပြီးဆုံးချင်
ဟာ”

ရီးမက သက်ပြင်းချရင်း ...

“နင် အခုရော ဆင်းရဲနေလို့လားဟာ၊ ဂုဏ်သရေမ
လားဟာ”





“ဆင်းရဲတာပေါ့၊ စတိုးဆိုင်မှာ အလုပ်လုပ်နေရတာ ဘာ
ဂုဏ်သရေကော ရှိမှာလဲ၊ တစ်နေကုန် ထိုင်ခွင့်မရဘဲ
မတ်တတ်ရပ်နေရတဲ့ဘဝ”

“နင်က တက္ကသိုလ်က ဆရာမဆို ! ”

နုပျိုက ရီးမကို မျက်စောင်းထိုးရင်း ရယ်မောလိုက်
သည်။

“နင်က ပြန်တွေ့တာနဲ့ တက္ကသိုလ်က ဆရာမဖြစ်နေပြီလား
တန်းမေးတော့ အောင့်သက်သက်နဲ့ ဟုတ်တယ်လို့ တမင်
ရွဲ့ပြောတာ”

“ကျူရှင်က ပြန်လာတာဆို ! ”

“နှစ်တန်းတွေ သုံးတန်းတွေကို ကျူရှင်ပြတာဟဲ့ ရီးမ
ရဲ့”

“သြော်”

“စတိုးဆိုင်က လခက လေးသောင်း၊ ပျောက်ရှတဲ့ပစ္စည်း
ရှိရင် ဝန်ထမ်းတွေအားလုံး စုပြီးစိုက်လျော်ရသေးတယ်၊
ကျူရှင်နှစ်အိမ်က တစ်အိမ်နှစ်သောင်း၊ စုစုပေါင်း ပိုက်ဆံ
ရှစ်သောင်း၊ အဆောင်ခက တစ်သောင်း၊ လမ်းစရိတ်က
တစ်သောင်း၊ ကျန်တဲ့ခြောက်သောင်းနဲ့ စားရေးဝတ်ရေး
ကျန်းမာရေး ... ဗျူး ... မလွယ်ပါဘူးဟာ”



www.burmeseclassic.com

www.burmeseclassic.com



ရှီးမက ချစ်မြတ်နိုးရသူကို ကရုဏာနှင့် ငေးကြည့်နေမိပါသည်။ ချစ်သူရဲ့စားဝတ်နေရေးတာဝန်ကို ယူပေးချင်ပေမယ့်လည်း နင့်လောက် အနေအထားနဲ့ မဖြစ်နိုင်ပါဘူးဆိုတော့ ဘယ်လိုလုပ်ရပါ့မလဲ။ သူ့ကို သနားရင်ပဲ သူဌေးကြီးတစ်ယောက်ကောက်ရှာပေးရမလို ဖြစ်နေပြီရော။

"နင့်လိုချင်တဲ့ သူဌေးနဲ့တွေ့တော့ နင်က သူ့ကိုမချစ်ရင်ကော"

"ငါက သူ့ကို ချစ်ဖို့လိုလို့လား"

ရှီးမ ဘာမှပြန်မဖြေတတ်ဘဲ ငိုင်နေမိသည်။

"ငါ ဇနီးကောင်းဖြစ်ရင် မပြီးဘူးလား"

"ငါဆိုရင်တော့ ငါ့မိန်းမက ငါ့ကို သိပ်ချစ်တာကို လိုချင်တယ်"

"နင် မိန်းမရရင် နင့်မိန်းမက နင့်ကိုသိပ်ချစ်မှာပါ ရှီးမရာ"

"ဘာဖြစ်လို့လဲ"

"နင်က ချစ်ဖို့ကောင်းတယ်လေ"

ရှီးမက နပျိုကို စိုက်ကြည့်နေမိသည်။

"နင့်မိန်းမက ကံလည်းကောင်းမှာပါ၊ နင် စိတ်သဘောထားဖြူစင်တဲ့ လူအေးလူကောင်းလေးလေ"

နင်ရော အဲသလို ကံမကောင်းချင်ဘူးလား နပျိုရယ်လို့ မေးလိုက်ချင်ပေမယ့် ဟင့်အင်း … ငါက ချမ်းပဲချစ်





ချင်တာလို့ ဖြေလိုက်မှာကို ကြိုတင်ကြားယောင်နေမိကာ မေးဖြစ်ပါ။ သူ့ရင်ထဲက ခံစားချက်တို့ကို ဖွင့်ဟပြမယ် ရည်ရွယ်ထားသမျှဟာလည်း တစ်ဝက်တစ်ပျက်နှင့် ဟိုလိုလို ဒီလိုလိုလည်လည် ဖြစ်သွားရပြီလေ။

အချစ်ဆိုတာကို မခံစားဖူးလို့လား နပျိုရယ်။

❣ ◇ ❣



www.burmeseclassic.com

www.burmeseclassic.com



## ၇

"ကိုကို့ဆေးခန်းက ဆေးခန်းအဖြစ်နဲ့တော့ လူသိများပြီးသားပါ၊ ဆေးရုံမဟုတ်တဲ့ အတွင်းလူနာလက်မခံတဲ့ ဆရာဝန်အစုံထိုင်တဲ့ ပိုလီဆေးခန်းကြီးတစ်ခု အနေနဲ့ကတော့ သူ့ဟာနဲ့သူ နာမည်ရပြီးသား၊ ဒါပေမဲ့ ကိုကို နောက်ပိုင်း ဓာတ်ခွဲခန်းနဲ့ ရောဂါရှာဖွေရေးဘက်ကို ထပ်တိုးချဲ့တာ ပါလေ၊ ခုဆိုရင် ကိုကို့ဆေးခန်းမှာလည်း MRI လောက်က ကျန်တာအားလုံး ရိုက်လို့ စစ်လို့ရတဲ့ စက်ကိရိယာ အစုံအလင် ရှိနေပြီ ...

ဓာတ်ခွဲရေးမှာလည်း ရောဂါအမျိုးအမည်မျိုးစုံ ပို မျိုးစုံ ရှာဖွေဓာတ်ခွဲနိုင်ပြီ၊ စက်တွေနဲ့ရိုက်ဖို့ စစ်ဖို့ဆိုလည်း စုံစုံလင်လင် စစ်နိုင်နေပြီ၊ အဲဒါလေးကို ကြော်ငြာသတင်း ဆောင်းပါးပုံစံမျိုးနဲ့ ပါချင်တာ၊ ဒီဆောင်းပါးမျိုးနဲ့ လိုက်ဖက်တဲ့ စာစောင်တစ်ခုခုမှာပေါ့"



"ရပါတယ် ကိုကို၊ ကျွန်တော် ကိုယ်တိုင်ပဲ ဆေးခန်းကို လာပြီး ဆောင်းပါးအတွက် အချက်အလက်တွေ ယူလိုက်မယ်၊ ကြော်ငြာဆောင်းပါးကို ကျွန်တော်ပဲရေးမယ်၊ ကျွန်တော်တို့တိုက်က ဂျာနယ်နှစ်စောင်က တစ်စောင်ကပေါ့ဗျ၊ တစ်စောင်က သတင်းဆိုတော့ သတင်းဘက်မှာလည်း ထည့်လို့ရပါတယ်၊ နောက်ထပ် ဂျာနယ်တစ်စောင်စောင်မှာလည်း ကျွန်တော် ထည့်ပေးပါမယ်"

"အေးကွာ ... ကျေးဇူးပဲ ရီးမရာ၊ မင်းပဲ ကြည့်လုပ်ပေးကွာ"

"ဟုတ်ကဲ့ ကိုကို"

"တီ တီ ... တီ တီ"

ဖုန်းမြည်လာ၍ ရီးမရဲ့အစ်ကို စွမ်းထွင့်က ရီးမကို လက်ဝါးခဏကာပြပြီး ဖုန်းကို ဖွင့်လိုက်ပါသည်။

"ဟယ်လို"

"ဆရာ ... ကျွန်မ နုနုဝေပါ"

"အေး ... ပြော နုနုဝေ"

"အန်တီနွယ် လေဖြတ်သွားလို့ ဆရာ"

"ဟာ"

ဒေါ်ခင်နွယ်နှင့် နုနုဝေမှာ စွမ်းထွင့်ရဲ့ဆေးခန်းက ကက်ရှာခေါ် ငွေစာရင်းဝန်ထမ်းများ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"အန်တီ ခွင့်ယူတာလည်း နှစ်ရက်ရှိပြီဆိုတော့ ကျွန်မက ဒီနေ့ ဆေးခန်းကအပြန် အန်တီ့ဆီ သတင်းမေးဝင်သွားတာ၊ ကျွန်မ မရောက်ခင်လေးတင်ပဲ အန်တီ လေဖြတ်သွားတာ၊ခုတော့ ချက်ချင်းပဲ အန်တီတို့အိမ်နားနီးတဲ့ '......'ဆေးခန်းကို ပြေးကြတာပေါ့ ဆရာ၊ အခြေအနေက သိပ်တော့ မကောင်းဘူးတဲ့ ဆရာ"

"အေး ... ငါလည်း သွားကြည့်လိုက်ပါဦးမယ်၊ ဒီတိုင်းဆိုရင် တစ်ရက်နှစ်ရက်နေရင် အလုပ်ပြန်ဆင်းမယ်ထင်ထားတာ မဖြစ်တော့ဘူးပေါ့"

"အဲဒါဆိုရင်တော့ တစ်ယောက်ယောက်တော့ ခပ်မြန်မြန်လေးရှာမှ ထင်တယ် ဆရာ၊ နှစ်ရက်လုံး ကျွန်မ ဘဏ်လည်း ငွေမသွင်းဖြစ်၊ သိပ်မနိုင်ဘူး"

"အေးပေါ့ ... လူတစ်ယောက်တော့ ငါလည်း အမြန်ဆုံး ရှာလိုက်ပါ့မယ်၊ ကောင်းပြီလေ၊ ဒါပဲဟေ့"

စွမ်းထွဋ်က ဖုန်းပိတ်ရင်း ...

"ကက်ရှာတစ်ယောက် မြန်မြန်ထပ်ရှာမှပဲ၊ နေ့တိုင်း ဘဏ်ကို ငွေသွင်းတာ၊ ငွေလွှဲတာလည်းရှိတော့ ငွေကိုင်နှစ်ယောက်ထားထားတာ၊ နှစ်ယောက်မှနိုင်တယ်၊ စာရင်းစစ်ကတော့ သပ်သပ်တစ်ယောက်ပေါ့၊ အသိမိတ်ဆွေထဲ အလုပ်ရှာတဲ့ လူလေး ဘာလေး မရှိဘူးလားကွ"





"အရည်အချင်းက ဘာတွေလိုလဲ ကိုကို"

"မလိုပါဘူး၊ ဆယ်တန်းအောင်ရင် ရတာပဲ၊ ငွေလက်ခံ ငွေစစ်၊ ဘဏ်သွား ငွေသွင်း၊ ငွေလွှဲ၊ ဆရာဝန်ကြီးတွေကို နေ့စဉ် လူနာနဲ့ငွေတွက်၊ စာအိတ်ထဲထည့်ရှင်း၊ ဒါတွေပဲ လုပ်ရတာပဲ၊ ဆေးခန်းမှာက ဆေးကုသဘက်ရယ်၊ ဆေးအရောင်းဘက်ရယ်၊ ဓာတ်ခွဲဘက်ရယ်၊ ခေါင်းစဉ်ကြီးက သုံးခုရှိတယ်လေ၊ ဒီတစ်နေရာမှာပဲ ဆရာဝန်ခလည်းရှင်း၊ အားလုံးအတွက် ငွေသွင်း၊ ဘောက်ချာယူပြီး ဓာတ်ခွဲခန်းဘက်သွားစစ်တာ ဆေးယူတာ လုပ်ပေါ့ ...

ကိုကို့ဆေးခန်း အနေအထားကလည်း မကြီးမသေးဆိုတော့ နှစ်ယောက်ပဲ ထားထားတယ်၊ နှစ်ယောက်ကတော့ ရှိမှ၊ လက်ရှိက မိန်းကလေးဆိုတော့ မိန်းကလေးပဲဖြစ်ရင် ပိုကောင်းတယ်၊ မနက်ကိုးနာရီက ညကိုးနာရီဆိုတော့ အလုပ်ချိန်က ဆယ့်နှစ်နာရီတော့ ဖြစ်နေတယ်၊ လစာကတော့ တစ်သိန်းနှစ်သောင်း ပေးထားတယ်ကွာ၊ ပုံမှန်ထက် တစ်ဆခွဲလောက်တော့ ပေးတယ်ပေါ့၊ အလုပ်နဲ့လစာနဲ့တော့ သင့်တင့်ပါတယ် ...

တနင်္ဂနွေ ဆေးခန်းပိတ်တယ်၊ ကျန်တဲ့နေ့တော့ တစ်နေကုန်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ရီးမသည် နားထဲမှာ ရှုံ့မဲ့ညည်းညူသံလေးတစ်ခုကို ကြားယောင်လာကာ ...

"တစ်နေကုန်က မတ်တတ်ပဲ နေရတာလား ကိုကို"

"မတ်တတ် ဘယ်ဟုတ်မလဲ၊ ကက်ရှာကောင်တာနောက်မှာ ထိုင်နေရတာပေါ့၊ တစ်ခါတလေလည်း ထပြီး ဟိုသွား ဒီသွား လုပ်တာလေး ရှိတာပေါ့၊ တစ်ယောက်တစ်လှည့် ဘဏ်သွားရတာလည်း ရှိတယ်၊ ဆေးခန်းက ကားနဲ့ပဲသွားရတာ၊ ဒါပဲလေ၊ များသောအားဖြင့်တော့ ထိုင်နေရတာပေါ့"

"ကျွန်တော့်သူငယ်ချင်းမ,တစ်ယောက်တော့ အလုပ်လိုချင်တာ ရှိတယ် ကိုကို"

"ဟုတ်ပြီ ... ခေါ်ခဲ့"

"သူ အလုပ်အဆင်မပြေသေးရင်တော့ ဝင်မှာပါ ကိုကို"

"ကောင်းပြီလေ၊ ကဲ ... ဒေါ်ခင်နွယ်ကြီး သွားကြည့်လိုက်ဦးမယ်ကွာ"

စွမ်းထွဋ်က ထွက်ခွာတော့မည်ပြုလျှင် ...

"ကိုကို"

"ဘာလဲ ရီးမ"

"ဟို ... ကျွန်တော့်သူငယ်ချင်းက ကိုကိုနဲ့ ကျွန်တော် ညီအစ်ကိုလို့ သိမထားဘူး"

"ဒီတော့ ... ! "





"ဘာမှမဟုတ်ပါဘူး၊ မလိုဘဲ မပြောတာပါ ကိုကို၊ ကျွန်တော့် ပတ်ဝန်းကျင် အသိုင်းအဝိုင်းက မသိကြသေးတာများလို့"

"ငါကလည်း လျှို့ဝှက်ပေးထားရမယ်ဆိုတဲ့ သဘောလား"

"မလိုအပ်ဘဲနဲ့တော့ ကျွန်တော်က ကြွားလုံးထုတ်မနေချင်တာပါ၊ အကြောင်းကိစ္စရှိရင်တော့ တမင်တကာ လျှို့ဝှက်ထားဖို့ မလိုပါဘူး"

"အေးလေ ... ဟုတ်ပါပြီကွာ၊ မင်းခေါ်လာမယ့် မိန်းကလေးက မင်းအတွက် တစ်စုံတစ်ရာ အရေးပါသူလား"

"ဘာမှမဟုတ်ပါဘူး ကိုကို၊ ငယ်ငယ်လေးက သူငယ်ချင်းဟောင်းတွေပါ"

စွမ်းထွဋ်က ခေါင်းတညိတ်ညိတ်နှင့် ကဲသော့ယူပြီး ထွက်ခွာသွားပါတော့သည်။ ကိုကို ထွက်သွားတော့မှ ရီးမက ရိုထံ အပြောအလွှား ဖုန်းဆက်ဖို့ စဉ်းစားလိုက်ရင်း သူ့ခေါင်းထဲကို အတွေးတစ်ချက် ဖျတ်ခနဲ ဝင်လာပါသည်။ ကိုကိုဟာ ဆရာဝန်လူချောတစ်ယောက် ဆိုတာပင်။

ဖုန်းကိုကိုင်လိုက်တဲ့ ရီးမလက်တို့ကလည်း တုံ့နှေးသွားကြရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးခန်းရဲ့ အုပ်ချုပ်ရေးပိုင်းကိုလည်း စွမ်းထွဋ်မှ ကိုင်တွယ်ကာ မန်နေဂျာ တစ်ယောက်တော့ ခန့်ထားပါသည်။

"...... ဂျာနယ်က လာမယ်နော်၊ ကျွန်တော် ဆရာဝန်အသင်းတိုက်သွားဖို့က ဒီနေ့မှ ဖျက်မရလို့ ကိုဝင်းနိုင်ရေ၊ ကြည့်လုပ်ထားတော့၊ သူ့လုပ်ချင်သမျှသာ အဆင်ပြေအောင် ကူညီလိုက်ပါ"

"ဟုတ်ကဲ့ ဆရာ"

"လာမှာက ရီးမ၊ '......'က အယ်ဒီတာနော်"

"ဟုတ်ကဲ့ စိတ်ချပါ ဆရာ၊ အားလုံးအဆင်ပြေအောင် လုပ်ထားပါ့မယ်"

စွမ်းထွဋ်က ဆေးခန်းရဲ့ရုံးခန်းလေးထဲက စကားတပြောပြောနှင့် ထွက်လာတာဖြစ်ပြီး နောက်က ကိုဝင်းနိုင်က ပါလာပါသည်။ အပြင်ထွက်လာရင်း စွမ်းထွဋ်က ကက်ရှာကောင်တာရှေ့အရောက် လှနုပျိုကို လှမ်းမြင်လိုက်လျှင် သတိရသွားကာ ...

"ဩော် ... မင်းနဲ့ ရီးမက သူငယ်ချင်းပဲ ဟုတ်တယ် မဟုတ်လား"





"ရှင် ... ဟုတ်ကဲ့ပါ ဆရာ"

နုပျိုက နုသန့်ချောမောလှတဲ့ ဆေးခန်းပိုင်ရှင်ဆရာဝန်ကို စူးစူးစိုက်စိုက်ကြည့်ရင်း မတ်တတ်ရပ် လက်နောက်ပစ်ထားလိုက်ပါသည်။ သူ့ဒွေးတွေဆိုတော့လည်း အလကားနေ သန့်ပြန့်နေတော့တာပဲပေါ့။

"ဒီနေ့ ဒီကို ရီးမ လာစရာရှိတယ်၊ သိလား အဲဒါ"

"ရှင့် ... မသိပါဘူး ဆရာ"

"ဒီဆေးခန်းက တိုးချဲ့ထားတာလေးတွေ ကြော်ငြာဆောင်းပါးရေးပေးဖို့ အကူအညီ တောင်းထားတာ၊ သူ့ ဓာတ်ပုံတွေ ဘာတွေလဲ ရိုက်ရင်ရိုက်မယ်၊ လုပ်ချင်တာ လုပ်ပစေ၊ ကိုဝင်းနိုင် လိုအပ်ရင် လှနုပျိုကို ကူခိုင်း၊ သူတို့ချင်း ခင်တယ်၊ ငယ်သူငယ်ချင်း"

"ဟုတ်ကဲ့ ဆရာ"

"ကြားလား လှနုပျို၊ ရီးမ လိုအပ်တာကို ကူလိုက်ပါ"

"ဟုတ်ကဲ့ပါ ဆရာ"

နုပျိုက ပြုံးပြုံးသွက်သွက်ကလေး ခေါင်းညိတ်လိုက်ပါသည်။ နုပျို ဒီမှာအလုပ်ဝင်တာ တစ်ပတ်ပဲ ရှိသေးကာ အဲဒီတစ်ပတ်အတွင်း ရီးမနှင့်လည်း မတွေ့ဖြစ်သေးပါ။

စွမ်းထွဋ် ထွက်သွားလျှင် မန်နေဂျာဖြစ်သော ကိုဝင်းနိုင်က ပြန်ဝင်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"လုနုပျို"

"ဟုတ်ကဲ့"

"အဲဒီ အယ်ဒီတာနဲ့ တော်တော်ခင်လား"

"ဟုတ်ကဲ့ ... ခင်ပါတယ်ရှင့်၊ ကျွန်မကို ဒီမှာ သူပဲအလု
သွင်းပေးတာပါ"

"ဟုတ်လား၊ ဒါဖြင့် အဆင်ပြေတယ်၊ သူမေးတာဖြေ
သူ ဓာတ်ပုံရိုက်တာတွေ ဘာတွေ အဆင်ပြေဖို့ ညည်း
ကူညီလိုက်၊ လိုတာ ငါ့လာပြော"

"ဟုတ်ကဲ့ပါ"

ကိုဝင်းနိုင်ဆိုသူဟာ အလုပ်ကိစ္စကလွဲလျှင် တစ်
ကုန်နေလို့ စကားပိုတစ်လုံး မပြောတဲ့ ခပ်ရိုးရိုး လူပျိုကြီးတ
ယောက် ဖြစ်ပါသည်။ ခိုင်းသမျှတာဝန်ကျေအောင် ထိုင်ရာမထ
လုပ်မည်။ ချော့သည် ချော့ခံဖို့ စကားဖွယ်ဖွယ်ရာရာပြောဖို့တို့
လျှင် အဖြစ်မရှိသူပါ။

ရီးမကို နုပျိုပဲ တာဝန်ယူ ကူညီချော့ခံရမည်ဆို
နုပျိုက ပျော်နေပါသည်။ ရီးမ လုမ်းပြောပြီး အလုပ်လျှောက်နိုင်
လိုက်လို့၊ ရီးမက လွှတ်လိုက်တာပါ ဆိုပြီး ဒေါက်တာစွမ်းထွ
ထံ အလုပ်ဝင်လျှောက်၊ တစ်ထိုင်တည်းရပြီးကတည်းက မတွေ့
ရသေးတဲ့ ရီးမနှင့်လည်း တွေ့ချင်သည်လေ။ ကျေးဇူးလည်းအရ
တင်မိကာ တစ်နေ့နေ့ တစ်ခုခု လိုက်ကျွေးချင်ပါသေးသည်။





မျှော်စောင့်နေရသော ရီးမက နေ့လယ် ၁၁ နာရီ
တွင် ရောက်လာသည်။ အိတ်တစ်လုံး စလွယ်သိုင်းကာ ပေါ့ပေါ့
ပါးပါးဟန်ဖြင့် ဆေးခန်းထဲ ဝင်လာသော ရီးမက ရှေ့ဘက်နား
ကက်ရှာကောင်တာက နုပျိုကို တန်းမြင်ကာ မေးတစ်ချက်ဆတ်
ပြီးရင်း ...

"ဘယ်လိုလဲ၊ အဆင်ပြေလား"

"အင်း"

နုပျိုက ခေါင်းကို သေသေချာချာ ညိတ်ပြလိုက်ပါ
သည်။

ရွှင်လန်းပေါ့ပါးသွက်လက်နေတဲ့ နုပျို မျက်နှာကို
မြင်ရတဲ့အတွက် ရီးမ ရင်ထဲလည်း စိတ်ချမ်းသာ ကြည်မွေ့ရပါ
သည်။

"ကို ... အဲ ... ဒေါက်တာစွမ်းထွဋ် ရှိလား"

"ဆရာဝန်အသင်းတိုက် သွားရတယ်တဲ့။ နင်လာရင် အဆင်
ပြေအောင် လုပ်ပေးဖို့ မန်နေဂျာနဲ့ ငါနဲ့ကို မှာခဲ့တယ်၊
မန်နေဂျာက ငါ့ကို တစ်ဆင့်ပြန်မှာထားတယ်၊ ငါပဲကြည့်
ကူညီလိုက်တဲ့၊ လိုတာရှိရင် သူ့ကိုပြောတဲ့"

"အေး ... ရပါတယ်၊ ပေါ့ပေါ့ပါးပါးပါ၊ ဘာမှတကူးတက
မလိုပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဓာတ်ပုံတွေ ဘာတွေလဲ ရိုက်မယ်ဆို၊ ကင်မရာမင်းရော"

"ငါကိုယ်တိုင်ပဲ ရိုက်မှာ"

"ဒါဖြင့် နင်ရောက်တာ ဦးဝင်းနိုင်ဆီ သွားသတင်းပို့လိုက်မယ်လေ၊ လာ"

ရိုးမနှင့် နပျို ဦးဝင်းနိုင်ထံသွားကာ ရောက်ပြီ တဲ့အကြောင်း အသိပေး သတင်းပို့ကာ ဓာတ်ပုံတွေ ဘာတွေရိုက် ဖို့ စက်ကိရိယာတွေထားတဲ့အခန်း အပေါ်ထပ်တွေဆီ တက်ခဲ့သည် နပျိုက တစ်ခန်းပြီးတစ်ခန်း ရိုးမ ဓာတ်ပုံရိုက်တာတွေ ဘေး လိုက်ကူညီရင်း ...

"နင် ဆောင်းပါးရေးဖို့ သိချင်တာတွေကျတော့ ဘယ်သူ ကိုမေးမလဲ၊ ဦးဝင်းနိုင်ကိုပဲ ပြန်မေးရမှာပေါ့"

"အဲဒါက ရတယ်၊ ကို ... အဲ ... ဒေါက်တာစွမ်းထွန်ကို တိုက်ရိုက်မေးလိုက်မယ်"

"ဩော် ... အေး ... ပြီးရော"

"နပျို"

"အင်း"

"နင် အဆင်ပြေတယ် မဟုတ်လား"

"အင်း ... ပြေတယ်၊ နင့်ကို အရမ်းကျေးဇူးတင်တာ မှန့်ကျွေးရဦးမယ်"





"မလိုပါဘူးဟာ၊ နင်အဆင်ပြေရင် ဝမ်းသာတယ်၊ အလုပ်ချိန်ကတော့ များတယ်ဆိုတော့ နင် ဒဏ်ခံနိုင်ရဲ့လားလို့"

"အလုပ်ချိန် ရှည်ပေမယ့် သက်သောင့်သက်သာပါပဲ၊ မနက်ပိုင်း နေ့လယ်ပိုင်းတွေက အေးဆေးပဲလေ၊ လူနည်းတယ်၊ ညနေ သုံးနာရီခွဲ လေးနာရီကမှစပြီး လူနာတွေကျတာဟ၊ အဲဒီတော့မှ နည်းနည်း အလုပ်များတာ၊ ဒါပေမဲ့ အေးဆေးပါဟာ၊ ဒီလခလောက်ယူရင် ဒီလောက်တော့ ပင်ပန်းရမှာပေါ့"

နပျိုရဲ့အပြုံးလေးက ရိုးမကို အမောပြေစေသည်။ ရင်ခွင်ကို အေးမြစေပြီး စိတ်ကိုချမ်းသာစေသည်။ ဆေးခန်းမှာ ကိစ္စဝိစ္စပြီးချိန်က ထမင်းစားချိန်ပင် ဖြစ်နေပါသည်။

"နပျို ... နင် ငါနဲ့ တစ်ခုခု လိုက်စားလို့ရလား"

"အမှန်တော့ မရဘူး၊ ဒါပေမဲ့ ငါ နင့်ကို ညှော်ခံကျွေးမွေးဖို့ အကြောင်းပြပြီး မန်နေဂျာဆီ ခွင့်တောင်းလိုက်မယ်လေ၊ ဒေါက်တာစွမ်းထွန်ကလည်း နင့်ကို အားလုံးအဆင်ပြေအောင် လုပ်ပေးဖို့ မှာသွားတာဟ"

"ဒါဖြင့် သွားပြောလိုက်၊ အယ်ဒီတာ ဗိုက်ဆာနေပြီလို့"

နပျိုက အပြုံးလေးနှင့် ဦးဝင်းနိုင်ဆီ ခပ်သွက်သွက် သွားကာ ခွင့်တောင်းသည်။ ပြန်ထွက်လာလျှင် နပျိုက နနုဝေ ထံသွား၍ အကျိုးအကြောင်းပြောပြီး ရိုးမထံ ရောက်လာသည်။

www.burmeseclassic.com



"ကျွေးမွေးစရိတ်လည်း ပိုက်ဆံထုတ်ပေးလိုက်တယ်ဟဲ့၊ ငါက နင့်ကိုကျွေးမလို့ဟာ၊ ခုတော့ ဆေးခန်းစရိတ်နဲ့ပဲ ကျွေးရမှာ ဖြစ်နေတယ်"

"နောက်တစ်ခေါက်ပေါ့ဟာ"

"နင် ဘယ်သွားမလဲ၊ ဘာစားမလဲ၊ ဆေးခန်းကကားနဲ့ သွားလို့ရတယ်"

"ဆေးခန်းဟိုဘက်အေး ကပ်ရက်က ချစ်တီးဆိုင်ရှိတယ်လေ"

"အာ ... နင်ကလည်း ဈေးသက်သာတာ မစားပါနဲ့၊ ကောင်းကောင်းစားပါ"

"ငါက ဈေးသက်သာလို့ စားတာမဟုတ်ဘူး၊ ကြိုက်လို့စားတာဟ၊ နင် ချစ်တီးဆိုင် မကြိုက်ဘူးပေါ့၊ ဟုတ်လား"

"ကြိုက်ပါတယ်၊ ငါ ပန်းသေးခေါက်ဆွဲတို့ ဘာတို့ ကြိုက်တယ်"

"ဒါဖြင့် ချစ်တီးထမင်းပဲ စားယ်"

"ပြီးရော"

ဝေးဝေးလံလံ သွားစရာ မလိုဘဲ ကပ်ရက်ကဆိုင်မှာ ရှီးမနှင့် နပျို ထမင်းစားကြသည်။ သူ့အပေါ် ပြန်တွေ့စကာထက် အားကိုးတကြီး ခင်မင်ရင်းနှီးမှု ပိုလာပုံရတဲ့ နပျိုရဲ့ဆက်ဆံရေးက ရှီးမကို စိတ်ချမ်းသာစေသည်။ ရှီးမကို ရေထည့်ပေး၊ ဟင်းထည့်ပေး၊ တစ်ရှူးယူပေးနှင့် နပျိုက ဂရုတစိုက် ပြုစုနေပါသည်။



"ဟဲ့ ... ရှီးမ"

"အင်း"

"နင်နဲ့ ဒေါက်တာစွမ်းထွဋ်က အရင်ကတည်းက သိတာပေါ့နော်"

"အင်း"

"ခင်တယ်ပေါ့"

"ခင်တာပေါ့"

"သူက အသက်ဘယ်လောက်ရှိပြီလဲ"

ရှီးမက နပျိုကို တစ်ချက်မော့ကြည့်ရင်း ...

"ငါ့ထက် ငါးနှစ်ကျော်ကြီးတာ၊ သုံးဆယ့်နှစ်ကျော်ကျော် ရှိမှာပေါ့"

"လူပျိုကြီးတဲ့ နနဝေက ပြောတယ်"

"အဲဒါ ဘာဖြစ်လဲ"

"သူက စိတ်ရင်းကောင်းတယ်နော်ဟဲ့၊ အလုပ်ရှင်သူဌေးဆိုတဲ့ ပုံစံနဲ့ မနေဘူး၊ သန့်ရှင်းရေးသမကအစ ချိုချိုသာသာပဲ ဆက်ဆံတယ်၊ အဆင့်အတန်း မခွဲဘူးဟဲ့၊ အရမ်းခင်ဖို့ကောင်းတယ်"





www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘာဖြစ်လဲလို့"

"ဩော် ... အလုပ်ရှင်က သဘောကောင်းတော့ အလုပ်လုပ်ရတာ အဆင်ပြေတာပေါ့ဟ"

ရီးမက ထမင်းဆက်ငုံ့စားနေလိုက်ပါသည်။

"ရုပ်တလည်း တအားသန့်တာပဲ"

"... ... ..."

"ဆရာဝန်ရုပ်ဆိုတာ အဲဒါမှ အစစ်ပဲ"

"နပို ... နင် ဘာဖြစ်နေတာလဲ"

"ဘာဖြစ်လို့လဲ"

"နင် ဘာတွေ ပြောနေတာလဲ"

"ဒေါက်တာစွမ်းထွင့် အကြောင်းလေ"

"ပြောနေလိုက်တာ တတွတ်တွတ်နဲ့ မပြီးတော့ဘူး၊ နားကငြီးလာပြီ"

နပိုမျက်နှာက စူပုပ်ပုပ် ဖြစ်သွားရကာ ...

"နားငြီးရလောက်အောင်လည်း မရှိသေးပါဘူးဟယ်"

"ရှိတယ်၊ တစ်ခါတည်း ယောက်ျားတစ်ယောက်ကို အမွှန်းတင်မဆုံး ဖြစ်နေလိုက်တာ၊ နင် မရှက်ဘူးလား"

နပို မျက်နှာက ဒေါသနှင့် တင်းမာမသွားဘဲ ချက်ချင်း ပြုံးစိစိ ဖြစ်လာသည်။

"ဩော် ... သိပြီ ... သိပြီ၊ နင် မနာလိုနေတာကိုး"





"နင့်ကို ပြောနေတာ၊ ငါမနာလိုတာနဲ့ မဆိုင်ဘူး"

"ဆိုင်တယ်၊ ဆိုင်တယ်၊ ငါ တခြားယောက်ျားတစ်ယောက်ကို အမွှန်းတင်နေတာကို နင် မနာလိုဘူး မဟုတ်လား"

"မနာလိုတာ မဟုတ်ဘူး၊ မကြိုက်တာ"

"မကြိုက်တာ မနာလိုလို့ပဲ၊ နင် လှည့်မပြောမနေနဲ့"

"အေးလေ၊ နင်က သိပ်မနာလိုစေချင်ရင်လည်း မနာလိုဘူးပေါ့ဟာ၊ ဒါပေမဲ့ ဆက်မပြောနဲ့"

"ချောတဲ့သူကို ချောတယ်၊ သဘောကောင်းတဲ့သူကို သဘောကောင်းတယ် ပြောတာ အပြစ်ရှိလား၊ အမှန်ကို အမြင်အတိုင်း ပြောနေတာပဲလေ"

"အဲဒီလူက နင့်ကိုကြိုက်ရင် နင် ပြန်ကြိုက်မှာလား"

"ကြိုက်မှာပေါ့၊ ပြန်မကြိုက်စရာ ဘာရှိလို့လဲ"

စဉ်းစားစရာ မလိုဘဲ ချက်ချင်းပြန်ဖြေလိုက်တဲ့ နပိုရဲ့အဖြေကြောင့် ရီးမရင်ထဲ အင့်ခနဲ အောင့်သွားရပါသည်။ အဲဒီအအောင့်ဟာ ချက်ချင်းမပြေပျောက်နိုင်ဘဲ ဆက်လက်နာကျင်နေ၍ ထမင်းကိုပင် ဆက်မျိုချမရအောင်ဖြစ်ကာ ရီးမက ထမင်းတော်လိုက်သည်။

"နင်ကလည်း ဘာဖြစ်မှန်း မသိဘူး၊ ဒေါသချည်းပဲ၊ ငါက ဟိုးငယ်ငယ်ကတည်းက ဆရာဝန်ဆိုရင် အရမ်းကြိုက်တာ နင်လည်း သိသားနဲ့ပဲဟာကို"



www.burmeseclassic.com

"အေးပါ ... ကြိုက် ... ကြိုက်၊ အလုပ်ဝင်တာ တစ်ပတ်
ရှိသေးတယ်၊ နင်က မစ္စစ်စွမ်းထွန်း ဖြစ်ရဖို့ စိတ်ကူးယဉ်
နေပြီကိုး။ တစ်ခါတည်း ပြောချနေလိုက်တာ ရှက်တော
မှ မရှက်နိုင်ဘူး၊ အေး ... ဒါပေမဲ့ ငါကလည်း အဲသ
ပွင့်လင်းတဲ့ မျိုးသိပ်မထားဘဲ အမှန်တွေ ဖွင့်ဟရဲတဲ့ န
လိုမိန်းမမျိုးကိုမှ ကြိုက်တာဟ"

"သဘောကျတာလို့ ပြောပါ"

"မပြောဘူး၊ ကြိုက်တာ၊ ချစ်တာ"

"ရီးမနော်"

"ဘာလဲ"

"နင် ငါ့ကို ညာတာပါတေးနဲ့ အခွင့်ကောင်းယူပြ
ရည်းစားစကား ပြောနေတာလား"

ရီးမက စူပုပ်နေကာ ဘာမှပြန်မဖြေ။

"နင်ကို ငါပြောထားတယ်နော် ရီးမ၊ ငါ နင့်ကိုခင်တယ်
ငါတို့ရင်းနှီးမှုကို နင် မဖျက်ဆီးနဲ့၊ ငါ့ကို လာမကြိုက်နဲ့
ရည်းစားစကားလည်း မပြောနဲ့၊ ငါ နင့်ကို ပြန်ကြိုက်မှာ
မဟုတ်ဘူးလို့ ပြောထားတယ်လေ"

"ပိုက်ဆံမချမ်းသာလို့ပေါ့၊ ဟုတ်လား"

ရီးမက နုပျိုကို စေ့စေ့ကြည့်ကာ ခပ်တည်တည်
မေးပါသည်။





"ငါ့စိတ်ကူးတွေ အိပ်မက်တွေကို နင့်ကို ပြောပြထားတယ်
လေ ရီးမ"

"အဲဒါတွေ ထားပစ်ခဲ့တော့၊ အခု နင့်ကို ငါ ထပ်ပြောမယ်၊
နင့်ကို ငါ ချစ်တယ် နုပျို၊ နင် ငါ့ကို လက်ခံမလား"

နုပျိုက နှုတ်ခမ်းလေး တင်းတင်းစေ့ကာ ရီးမကို
ဆေးစိုက်ကြည့်နေသည်။

"ပြောလေ"

"........"

"နင် ခုနှ ဒေါက်တာစွမ်းထွန်းနဲ့ ပတ်သက်ပြီး မေးတုန်းကလို
ဒိုင်းခနဲ ချက်ချင်းအဖြေပြန်ထွက်မလာနိုင်ဘူးနော် နုပျို"

တကယ်တော့ အဖြေက အဲသင့်ပါ။ ခေါင်းခါမည့်
အဖြေ။ သို့သော် ဒီအဖြေပဲ ပေးနိုင်မှာ သေချာတဲ့ ရီးမကို အဲဒီ
အဖြေ ယတိပြတ်မပေးရက်ဘဲ နှုတ်ကအထွက်ခက်နေတာပါ။
အားကိုးခင်မင်တွယ်တာစိတ်နှင့် "ရီးမ"ဆိုတဲ့ ကောင်ကလေးဟာ
နုပျိုရဲ့ဘဝမှာ အရေးပါသူ လူစာရင်း၌ ပါဝင်ပြီးနေပါပြီ။

နင့်ကို ဆက်လက်သံယောဇဉ်ရှိသွားချင်ပါတယ်ဆို
မှ ရီးမရယ်။

နုပျို မျက်နှာလေးက စိတ်မကောင်းသလို နွမ်းသွား
ကာ မျက်လွှာလေးချပြီး ရီးမကို မကြည့်တော့ပါ။ စိတ်ရှုပ်သွား
ပုံရတဲ့ နုပျိုကိုကြည့်ရင်း ရီးမလည်း စိတ်မကောင်းဖြစ်ကာ သက်

www.burmeseclassic.com



ပြင်းတစ်ချက်ကို ချလိုက်ပါသည်။ သူ့ကို ဒီလောက်ချစ်တာ ကိုယ့်ကြောင့် စိတ်မဆင်းရဲစေချင်ပါ။

"နပျို"

"……………"

"ငါပြောတာ မေ့လိုက်တော့"

"……………"

"ငါ အရူးထပြီး လျှောက်ပြောတာပါဟာ၊ တကယ်မဟုတ်ဘူး၊ နင် စိတ်မကောင်း ဖြစ်မနေနဲ့"

နပျိုက မျက်လွှာပင့်ကာ ကြည့်လာသည်။

"ဒီမလို့လား"

"ငါ နင့်ကို အရမ်းခင်တာ၊ ငါ့ကြောင့် နင်စိတ်ညစ်နေရမယ်ဆိုတာမျိုး ဘယ်ဖြစ်စေချင်ပါ့မလဲ၊ ငါ့အပေါ်သိပ်ကောင်းတဲ့ နင့်ကို ငါ့ဘက်ကကျတော့ ခေါင်းခါရမယ်ဆိုတာမျိုး ငါ ဘယ်လုပ်ချင်မလဲဟယ်၊ အဲဒါကြောင့် ငါကြိုပြောထားသားပဲ၊ ငါက မကောင်းပါဘူး ရီးမရယ်၊ ငါ့ကို နင် စိတ်တွေမကစားစမ်းပါနဲ့"

စိတ်မကစားပါနဲ့တဲ့လား။ နင့်ကိုချစ်တာက စိတ်ကစားတာတဲ့လား။ ပြန်မတွေ့သေးခင် ကာလပတ်လုံး တစ်လျှောက်လုံး တမ်းတမ်းတတ သတိရ အောက်မေ့နေခဲ့တာ၊ သွားလေရာ ရောက်လေရာ အရပ်မှာ ရှာဖွေနေခဲ့မိတာ၊ ဒီအသက်





ရွယ်ရောက်လာတဲ့အထိ ဘယ်မိန်းကလေးတစ်ယောက်ကိုမှ မချစ်ခဲ့တာ၊ ရင်ထဲ အသည်းထဲ နှလုံးထဲ ငယ်ကျွမ်းဆွေ နင့်ကိုပဲ မြဲမြဲ ချစ်နေခဲ့မိတာ။

ဒါ စိတ်ကစားတာ ဖြစ်နိုင်ပါ့မလား။

"သိလား … ရီးမ"

နပျိုက စားပွဲပေါ်တင်ထားတဲ့ ရီးမရဲ့လက်ဖမိုး စ်ဖက်ပေါ် သူ့လက်ညှိုးလေးနှင့် လှမ်းတို့ရင်း ထပ်ပြောလိုက် ချင် ရီးမက မချိဘဲနှင့် ပြုံးလိုက်ရပါသည်။ ခေါင်းတစ်ချက်ဆတ်တာ…

"အေးပါ"

ပြောရင်းက ဝမ်းတောင်နည်းကာ နှာသီးဖျားက မြန်းချင်လာသည်။

"နင်ပြီးရင် ငါ ပိုက်ဆံရှင်းလိုက်တော့မယ်"

"ရှင်းလိုက်"

နပျို ပိုက်ဆံခေါ်ရှင်းနေတဲ့ မထူးခြားတဲ့ ဟန်ပန် သွင်ကလေးကိုပဲ ရီးမက တိတ်တဆိတ် ငေးကြည့်နေမိပါသည်။ မျက်နှာလေး နာကြည်းဝမ်းနည်းနေလည်း ငါချစ်တာပဲ။ နင် န်းဆန်းတက်ကြွနေလည်း ငါချစ်တာပဲ။ နင် ရီးရီးအေးအေးလေး လည်း ငါချစ်မှာပဲ။ နင် ပွလောင်နေရင်လည်း ငါချစ်မှာပဲ။ ဟာ ကိုယ့်ဘဝကိုယ် ရောင့်ရဲကျေနပ်နိုင်တဲ့ မိန်းကလေးတစ်

www.burmeseclassic.com



ယောက်ဆိုရင်လည်း ငါ ချစ်မှာပဲ။ နင် ငွေမက်နေတော့လည်း ငါ ချစ်တာပါပဲ နုပျိုရယ်။

"သွားမယ် ... လာ"

သူတို့နှစ်ယောက် ဆိုင်ထဲကအထွက် တစ်ဖက် ဆေးခန်းကြီးရှေ့ ဆိုက်ရပ်လိုက်တဲ့ စွမ်းထွဋ်ကားပေါ်က စွမ်းထွဋ် ကအဆင်း လှမ်းပြီးတွေ့လိုက်ကြတဲ့အခါ နုပျိုက သွက်သွက် လေး အပြေးရှေ့တိုးလိုက်ကာ ...

"ဆရာ ... ခုပဲ မဂ္ဂဇင်းက ကိုရိုးမကို နေ့လယ်စာတွေ ပြီးပါပြီရှင်"

စွမ်းထွဋ်က ရိုးမထံ ပြုံးကြည့်ရင်း ...

"ဟုတ်လား၊ ကောင်းတယ်၊ ထမင်းစားချိန်ရောက်နေပြီ ရိုးမရေ ... အဆင်ပြေလား"

"ဟုတ်ကဲ့ ပြေပါတယ်၊ ကျွန်တော် နောက်မှပဲ လို လေးနည်းနည်း ဟို ... အိမ်မှာပဲ မေးပါတော့မယ်"

ရိုးမက "ကိုကို"ဆိုတာ ထည့်မပြောမိအောင် သ ထား ပြောရသည်။

"အေး ... သူက မင်းသူငယ်ချင်းဆိုတော့ လိုတာကူဖို့ ကိုမှာခဲ့ရတာ၊ ကဲ ... လုနုပျို၊ တာဝန်ကျေပါတယ်၊ အ ခွင်ပဲ ပြန်ဝင်လိုက်တော့"

"ဟုတ်ကဲ့ ဆရာ"





နုပျိုက စွမ်းထွဋ်ကို ဦးညွတ်နှုတ်ဆက်လိုက်ရင်း ရိုးမဘက်ကိုတော့ နှုတ်ဆက်တဲ့ မျက်လုံးလေးနှင့်သာ တစ်ချက် ကြည့်ပါသည်။ အဲဒီနောက် ဆေးခန်းထဲ ဝင်သွားနှင့်ရာ ပလက်ဖောင်းမှာ စွမ်းထွဋ်နှင့် ရိုးမ နှစ်ယောက်သားပဲ ကျန်ရစ်ခဲ့ပါသည်။

"မင်းသူငယ်ချင်းက မဆိုးဘူး၊ သွက်လက်ချက်ချာတယ်။ ချက်ဆို နားခွက်က မီးတောက်တဲ့သူပဲ၊ နှစ်ရက်လောက်နဲ့ပဲ အသားတကျ ဖြစ်သွားတယ်၊ အပြင်ကိစ္စ ဘဏ်ကိုလွှတ်လည်း ရေရာတိကျတယ်၊ တော်ပါတယ်"

"ဟုတ်ကဲ့"

"သူရော ဘာပြောလဲ၊ အဆင်ပြေတယ် မဟုတ်လား"

"ဟုတ်၊ ပြေပါတယ် ကိုကို"

"သူက အဆောင်မှာနေတယ်၊ ဟုတ်လား"

ရိုးမက စွမ်းထွဋ်ကို တစ်ချက်ကြည့်လိုက်ပါသည်။

"ဆေးခန်းက ကိုးနာရီပိတ်ပေမယ့် သူတို့ ပြန်ရတော့ ကိုးနာရီဆယ့်ငါး ကိုးနာရီခွဲခါနီးနေပြီလေ၊ အဲဒီတော့ ဖယ်ရီစီစဉ်ပေးတယ်၊ အဆောင်ပြန်ဝင်တာ နောက်ကျတဲ့ အတွက် လုပ်ငန်းလက်တာဟက်ဒ်နဲ့ အလုပ်ဆင်းချိန်နောက် ကျတဲ့အကြောင်း အဆောင်ကို စာပို့ပေးထားရတယ်၊ သူက မိဘတွေမရှိတော့လို့လား၊ ဒါမှမဟုတ် နယ်ကလာ တာလား"



www.burmeseclassic.com

www.burmeseclassic.com



"ရန်ကုန်ကပါ၊ မိဘတွေက ဆုံးကုန်ကြပြီ ကိုကို"

"ဘယ်သူနဲ့မှ အတူနေစရာ မရှိဘူးပေါ့"

"မိတွေး ရှိပေမယ့် သူနဲ့ အဆင်ပြေပုံ မရဘူး"

"သြော်"

နပျို့ အကြောင်း စကားစပ်က အဲဒီနေရာမှာပဲပြတ် သွားပေမယ့် စွမ်းထွဋ် မျက်နှာပေါ်မှာ နပျို့ကို စာနာကရုဏာသက်တဲ့ အရိပ်အယောင် မြင်တွေ့ရပါသည်။ စာနာစရာ သနားစရာမှန်း မသိရခင်ကတည်းက နပျို့ အကြောင်းကို စိတ်ဝင်တစား မေးမြန်း စုံစမ်းနေတဲ့ စွမ်းထွဋ်ရဲ့ ရင်တွင်းမှာ နပျို့ ဘယ်လောက်ထိ ထင် ဖောက်နေရာယူပြီးပြီလဲ ရီးမ တွေးနေမိသည်။



"လုနပျို့ ... ဖုန်းလာတယ်"

ဆေးခန်းစာအုပ်လုပ်၊ ဘွင်ကင်လက်ခံကောင်တာမှ ကြို့က လှမ်းပြောလိုက်တာမို့ နပျို့က "ဟုတ်ကဲ့"ဟု ထူးရင်း ရှေ့က ကပ်စ်တမ်မာကို ...

"အစ်မ သန်ဘက်ခါ ဓာတ်မှန်လာရွေးရင် ဒီဘောက်ချာလေးနဲ့ လာပြန်ရွေးပါနော်၊ မပျောက်ပါစေနဲ့ အစ်မ၊ ဒီဘောက်ချာအဝါရောင်ကကျတော့ အခု ဟိုးဘက် ဆေးကောင်တာမှာ ဆေးသွားထုတ်လိုက်ပါ။ ရပြီနော် အစ်မ၊ ဆေးသောက်ဖို့ကို ဆေးကောင်တာက ရှင်းပြမယ်နော် အစ်မ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



နယ်ပို့ကို သူ့ကောင်တာစားပွဲနောက်က ပတ်ထွက်လာ ကာ ဖုန်းရှိရာ ရောက်လာပါသည်။

"ဟယ်လို"

"မလှနုဖျိုလား"

ဝဲတဲတဲအသံကြောင့် အံ့အားသင့်သွားရကာ ...

"ဟုတ်ကဲ့ရှင့်၊ ဘယ်သူပါလဲ"

"ကျွန်တော့်ကို မမှတ်မိတော့ဘူးလား"

"ဟုတ်ကဲ့ရှင့်၊ မမှတ်မိလို့ပါ၊ ဘယ်သူပါလဲ"

"စဉ်းစားကြည့်ပါဦးလေ၊ ခင်ဗျားတို့ မြေပြန့်သူတွေ ဒီ ပဲ လူတစ်ယောက်ကို အလွယ်လေး မေ့ပစ်တတ်ရောလား"

ဘုရားရေ ...။ ကိုယ့်ကို မြေပြန့်သူဆိုပြီး အပြစ် တင်နေတယ်ဆိုတော့ သင်းက တောင်ပေါ်သားပေါ့။ ဘယ် တောင်ပေါ်သားလဲ။ ဘယ်တုန်းက တောင်ပေါ်သားနဲ့ ခင်ခဲ့ဖူး လိမ့်။ အဲ ... ကျောင်းတုန်းက အတန်းတူတဲ့ ချင်းကောင်လေး တစ်ယောက်တော့ ရှိခဲ့ဖူးတာပဲ။ သဘောကောင်းလေးပါ။ နာမည် ကိုတော့ ဘယ်မှတ်မိပါတော့မလဲ၊ မေ့ပြီပေါ့။

"ကျွန်မ တကယ်မမှတ်မိလို့ပါ၊ ဘာကိစ္စပါလဲ၊ ဒါ ကျွန် အလုပ်ခွင်ကဖုန်းမို့လို့ပါ၊ အလုပ်ရှိလို့ပါ"

"အလုပ်ရှိတာ ဘာလုပ်ရမှာလဲ"

"ရှင်"





"အဲဒီ အလကားအလုပ်တွေ ဂရုစိုက်မနေနဲ့ ပစ်ထားလိုက်"

နယ်ပို့ကို တင်းလာကာ ...

"ခုပြောနေတာ ဘယ်သူလဲ၊ နောက်နေတာလား"

"မနောက်ပါဘူးဗျာ၊ ဒေါသမကြီးပါနဲ့၊ ကျွန်တော်တို့ တိုင်းရင်းသားလူရိုးလေးတွေပါ၊ ခင်တတ် မင်တတ်ပါတယ် ဗျာ"

"ဒီမှာ၊ ရှင် ဖုန်းသရဲလား၊ ဒီဖုန်းနံပါတ်နဲ့ ကျွန်မနာမည် ဘယ်ကသိသလဲ"

"ခင်ဗျားပဲ ပေးထားတာပါ လှနုပို့ရာ"

"မပေးဘူး၊ ကျွန်မက ဘယ်ဖုန်းသရဲကိုမှ နံပါတ်လျှောက် ပေးနေတာ မဟုတ်ဘူး၊ တကယ်ကိစ္စရှိရင်ပြော၊ မပြောရင် ဖုန်းချတော့မယ်"

"မလုပ်ပါနဲ့ဗျာ၊ ခင်ဗျားအသံလေး ကြားချင်လွန်းလို့ ဖုန်းဆက်ရတဲ့ တိုင်းရင်းသား လူရိုးလူအေးလေးပါဗျာ၊ ခင်လွန်းလို့ပါဗျာ"

နယ်ပို့ကို နှုတ်ခမ်းကို တစ်ချက်ဖိကိုက်မိရင်း ...

"ဟဲ့ ... နင် ရိုးမလား"

"ဗျာ"

"ဘာဗျာလဲ၊ ရိုးမ မဟုတ်လား ... တောက်"

www.burmeseclassic.com



"ဟား ဟား ဟား ဟား ..."

ရီးမရဲ့ရယ်သံကျယ်ဟာ အသံဖျက်မထားတော့ ဒီအတိုင်း ထွက်ပေါ်လာတာမို့ ရီးမမှန်း ပို့ပြီး သေချာသွားရသည်။

"ဟား ဟား ... နင် အရမ်းတော်ပါလား၊ တော်တော်ပါး ကောင်မလေး၊ ဘယ်လိုလုပ်သိသွားလဲ ... ဟား ဟား"

"မသိစရာလား၊ နင့်အသံကြီးများ၊ စောစောပိုင်းက အ သေချာမကျက်မိသေးလို့၊ နောက်နေတယ်လည်းမထင် မသိတာ၊ နင် တော်တော်အားနေလား၊ ဟုတ်လား ရီး"

"အားနေတာပေါ့၊ အားနေလို့ ဆက်တာပေါ့၊ မအား ဘယ်လိုလုပ်ဆက်မလဲ ... ဟား ဟား"

"နင်အားတိုင်း ငါပါအားနေတာ မဟုတ်ဘူး၊ ဒီမှာ ည ပိုင်းထဲ ဝင်လာပြီဆိုရင် လူကျပြီဟဲ့"

"ဟုတ်ကဲ့ပါ ကောင်းပါပြီ ... ကောင်းပါပြီ၊ နင် အသ ပျက်အောင် မနှောင့်ယှက်တော့ပါဘူး၊ နက်ဖြန်ဆန် နင် အားတယ် မဟုတ်လား"

"အင်း"

"ငါ နင့်ကို လာခေါ်မယ်"

"ဘယ်ကိုလဲ"





"တစ်နေရာရာပေါ့ဟာ၊ အလုပ်အားတဲ့ရက်လေး တစ်နေရာ ရာကို အပန်းဖြေတဲ့သဘော အေးအေးဆေးဆေး သွားရ အောင်လေ"

"အင်း ... ကောင်းသားပဲ၊ ငါလည်း ဘယ်မှမသွားတာကြာ ပြီ၊ လိုအပ်တာလေးနည်းနည်းပါးပါးလည်း ဈေးဝင်လုပ် ချင်တယ်"

"ဒါဖြင့် မနက်ကိုးနာရီလောက် ငါ နင့်ကို အဆောင်ကို လာခေါ်မယ်"

"အေး"

"ဒါဆိုရင် ဒါပဲ"

"အေး"

နပျိုက ပြုံးစိစိကလေးနှင့် ဖုန်းချကာ ဒီဘက်ကို အလှည့် ...

"ဟင် ..."

ဖုန်းရှိတဲ့ကောင်တာမှာပဲ ဆေးခန်းစာအုပ်လုပ်နေသူ မှာ နပျိုရဲ့ချစ်လှစွာသော မိထွေးတော်ကြီး ဒေါ်စမ်းစမ်းပင်။ သူက နပျိုကိုတွေ့ပြီးဖြစ်ပါသည်။ တစ်ချက်ကြည့်ပြီး သူ့လူနာ စာအုပ်မှာ အမည်အသက်ဖြည့်ဖို့ လှမ်းပြောနေသည်။

"အန်တီ ဘယ်သူနဲ့ပြမှာပါလဲ"

မကြံ့ကမေးလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာစွမ်းထွင့်နဲ့"

"ဟုတ်ကဲ့"

"ဒေါက်တာစွမ်းထွင့်ဆိုတာ ဒီဆေးခန်းပိုင်ရှင် မဟုတ်လား"

"ဟုတ်ပါတယ် အန်တီ၊ အန်တီ နံပါတ်ခုနစ်ပါ၊ ဆရာက ငါးနာရီမှာ စ,ကြည့်ပါမယ်၊ ခဏထိုင်စောင့်ပါ"

ဒေါ်စမ်းစမ်းက စာအုပ်ကိုယူပြီး ဖိုင်ဘာခုံတန်းလေးတွေမှာ သွားထိုင်လိုက်ပါသည်။ နုပျိုသည် အန္တ ရာယ်အချက်ပေး ခေါင်းလောင်းသံတွေ ဦးနှောက်ထဲ ဆူညံသွားတဲ့အထိ သက်မကင်း ထူပူသွားပါသည်။ ချက်ချင်းပဲ မိထွေးနောက်ကလိုက်ကာ မိထွေးခုံဘေးကခုံမှာ ဝင်ထိုင်လိုက်ရင်း ...

"အန်တီ ဘာလာလုပ်တာလဲ"

"ဟဲ့ ... ဆေးခန်းလာတာ ဘာလာလုပ်ရမှာလဲ၊ ဆေးခန်းလာပြတာပေါ့"

"ဘာဖြစ်လို့လဲ"

"နေမကောင်းလို့ပေါ့"

"ဘယ်လိုနေမကောင်းတာလဲ"

"အလိုတော် ... သူ့ကိုပဲ ငါက အစီရင်ခံရဦးမယ်"

"အန်တီ့ပုံစံက အကောင်းကြီးပဲ၊ နေမကောင်းပုံမှမရတာ"

"ဟဲ့ ... ဆေးခန်းလာတယ်ဆိုတာနဲ့ပဲ လူတွဲနဲ့သာရွှေယိုင်တွေပဲဖြစ်ရရောလား၊ ငါ မျက်စိတွေဝေ ခေါင်းတွေမူးပြီး





ဇက်ကြောတွေတက်နေတာ၊ အဲဒါကို ငါက အရွေးထည်ကြီး ဝတ်လာရမှာလား"

"အန်တီ အဲဒါဆိုရင် မျက်စိဆရာဝန်နဲ့ ပြောင်းပြပါလား၊ မျက်စိနဲ့ဆိုင်မှာ၊ မျက်စိအထူးကုရှိတယ်"

"ဟင့်အင်း ... ငါ ဒေါက်တာစွမ်းထွင့်နဲ့ပဲပြမှာ"

"ဘာဖြစ်လို့လဲ"

"ဟဲ့ ... ငါ့ပိုက်ဆံနဲ့ငါ ငါကြိုက်တဲ့ဆရာဝန်ရွေးပြတာ နင့်အပူဘာပါနေလို့လဲ လုနုပျိုရဲ့၊ တကတဲတော်၊ သူ့ရည်းစားနဲ့မို့လို့ ငါက မပြရဘူးဖြစ်နေပြီ"

"ဘာ ... ဘာရည်းစားလဲ အန်တီ၊ စကားကိုကြည့်ပြောပါ"

"နင် ဟိုစတိုးဆိုင်မှာလုပ်နေရာကနေ ရုတ်တရက် ဒီမှာ အလုပ်ရသွားတာကိုက အံ့အားသင့်စရာဖြစ်နေတာ"

"ဟာ ... နုပျိုဟာနုပျို ဘယ်ကနေ ဘယ်ကိုပြောင်းပြောင်း ဘာတွေအံ့အားသင့်နေတာလဲ၊ အန်တီနဲ့ဘာဆိုင်လို့လဲ"

"နင့်မှာ မယ်မယ်ရရလည်းအလုပ်မရှိဘဲနဲ့ အဆောင်ကို ဆင်းချသွားကတည်းက အမှီသဟဲကောင်းတစ်ခုခု ပိုင်ကွက်တစ်ခုခုတော့ ရှိကိုရှိလို့ဆိုတာ ငါ သဘောပေါက်ပြီးသားပါ လုနုပျိုရဲ့၊ ဒီလောက်အ,ပါ့မလားအေ၊ ညည်းမှာ ကျောထောက်နောက်ခံတစ်ခုခုမရှိရင် အိမ်ပေါ်ပဲ ကုပ်ကပ်နေပြီး မသတာရေစာ အတူတူပေါင်းစားနေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"နုပျိုမှာ ဘာမှ မရှိဘူး၊ အန်တီတောင်းတဲ့ အိမ်စရိတ် တစ်သိန်းလည်း မထည့်နိုင်လို့၊ ပြီးတော့ အန်တီပြောတဲ့ မသာထားရေစာကိုလည်း အရှက်မရှိကပ်စားမနေချင်လို့ ကိုယ့်မာန်ကိုတင်းပြီး အိမ်ကဆင်းလာတာပါ၊ အန်တီထင် တာတွေမှားတယ်၊ အခု အန်တီ ဘာလုပ်မလို့လဲ"

"အမိုကောင်းအကပ်ကောင်း သူဌေးတစ်ယောက်လက်ထဲ ကိုင်ထားတယ်ဆိုရင် ငါ့ကို မကြည်ဖြူရင်နေပါစေ၊ ညည်းရဲ့ မောင်လေးကိုတော့ ညည်း နည်းနည်းပါးပါး မျှဖို့ကျ ကောင်းတာပေါ့အေ့"

နုပျိုသည် ဒေါသချောင်းချောင်းထွက်လာကာ –

"အန်တီ ဘာတွေလာပြောနေတာလဲ၊ ကိုယ်ပြောတဲ့စကား တွေ ကိုယ်မရှက်ဘူးလား၊ နုပျို ကိုယ့်ထမင်းကိုယ်ရှာစား နေတာပဲရှိတယ်၊ ဘယ်ကမှ ဘာမှ အချောင်ရနေတာမဟုတ် ဘူး"

"ညည်း ဖုံးထားလည်းပဲ ငါက သိနေတာပဲ၊ ရိပ်မိနေတာ ဒါကြောင့်လည်း ပိုသိရအောင် အရိပ်အကဲလာကြည့်တာ"

"အန်တီ ဘာမှ လျှောက်မလုပ်နဲ့နော်၊ နုပျိုနဲ့ဆရာ ဘာ မပတ်သက်ဘူး၊ ဘာမှ အခြေအမြစ်မရှိ ဘာတွေလာစွပ် နေတာလဲ၊ အန်တီ့ကို ဘယ်သူပြောလဲ"





"ငါ့မျက်စိနဲ့ငါမြင်တာ၊ ဟိုတစ်နေ့ညက ညဆယ်နာရီ လောက်ရှိပြီ၊ ညည်းနဲ့သူနဲ့ နှစ်ယောက်တည်းပြန်လာတာ၊ ညည်းကို သူက ညည်းအဆောင်လမ်းထိပ်မှာ ချသွားတာ လေ"

နုပျိုက အံ့အားသင့်သွားကာ ...

"ဒါက ..."

"ငါကိုယ်တိုင်မြင်တာဆိုတော့ ညည်း ဘယ်လိုမှငြင်းမရ တော့ပါဘူးအေ၊ ငါကလည်း အဲဒီလမ်းထဲ အရောင်းအဝယ် တစ်ခုဖြစ်တော့မလို့နဲ့ ဒီလောက်မိုးစုပ်စုပ်ချုပ်အောင် စောင့် ပြီးမှ ပွဲကပျက်သွားတယ်၊ အဲဒီကအပြန် ညည်းက ငါ့ကို မတွေ့ပေမယ့် ငါကတွေ့တယ်အေ့"

"နုပျိုပြောတာ နားထောင်ဦး၊ အဲဒီနေ့က ဆေးခန်းကဖယ် ရီလုပ်တဲ့ကားကပျက်နေတာ၊ ဒါကြောင့် ဆရာက နည်းနည်း အိမ်ဝေးတဲ့လေးယောက်ကိုပဲ သူ့ကားနဲ့ တင်ခေါ်ပြီးပြန် ပို့ပေးတာ၊ နုပျိုက နောက်ဆုံးတစ်ယောက်တည်းကျန်တာ"

"တော်စမ်းပါအေ၊ ညည်းက ဒီခေါက်တာနဲ့ သေးချင်းယှဉ် စီးပြီးပါလာတာပါ"

"ဟုတ်တယ်လေ၊ ပထမ နောက်မှာ နုပျိုတို့သုံးယောက် ရှေ့မှာ အန်တီစတဲလာ ထိုင်တာ၊ အားလုံး ဆင်းသွားတော့ ဆရာက လမ်းညွှန်ဖို့ ရှေ့လာထိုင်လို့ခေါ်လို့ နုပျို ရှေ့ထိုင် ရတာ၊ အတူယှဉ်ထိုင်တာနဲ့ပဲ ဆရာ့ရည်းစားဖြစ်ရောလား"



www.burmeseclassic.com

www.burmeseclassic.com



နပျိုအသံက ဒေါသနှင့်သွားစေပြီး ပြောနေ၍ အုပ်အုပ်နှင့် မာကျောတင်းထန်နေပါသည်။

"နှင်ဆင်းခါနီး ဆရာဝန်က လှမ်းကြည့်နှုတ်ဆက်တာ အစ ညည်း ပြန်ကြည့်တာ ပြုံးတာ အားလုံးက မီးရှေ ငါ မြင်နေတာပဲ၊ ညည်းတို့ ရှိးကိုမရှိးဘူး၊ ဘာမှဘူးကွ မနေနဲ့၊ ငါ နောက်နေ့ ဒီဆေးခန်းနားလာတော့ညည်း ညည်းနဲ့ ဆရာဝန်နဲ့ ကားလေးနဲ့ပတ်ပြီးထွက်သွား ထပ်တွေ့ပြန်ရော၊ အဲဒါကျတော့ ဘာလဲ ... ကဲ ... နေ့လယ်ကြောင်တောင်ကြီးလေ၊ အလုပ်ဆင်း လည်းမဟုတ်ဘူး၊ ကဲ ... ဖြီးဦး၊ ဖြီးစမ်းပါဦး"

"နပျို ပြောပြီးပြီလေ၊ ဆေးခန်းသုံးကားကပျက်နေ အဲဒီနောက်နေ့ နေ့လယ်ကလည်း ဘဏ်ကို နပျို ပို သွားအပ်အလှည့်၊ အသွားကျတော့ ပိုက်ဆံထုပ်တွေ ဆရာက နပျိုကိုတင်ခေါ်သွားတာ၊ နောက်ခန်းမှာ ပို ထုပ်တွေတင်ပြီး ဆရာဘေးကစီးရတာ၊ ဘဏ်မှာ ချ ချတာ၊ အပြန်ကျ ကိုယ့်ဟာကိုယ်ပြန်တာ"

နပျိုသည် မိတ္တေးကို အသေးစိတ်ရှင်းပြသော တင်နေရတာကို အတော်စိတ်ပျက်လာပါသည်။ ဒီမိတ္တေးအကြော ကို သိပြီးဖြစ်၍ ပစ္စည်းငွေကြေး ဘယ်လောက်မက်တာ၊ လူ ယောက်ကို ကျအောင် ဘယ်လိုပေါင်းတတ်တာ၊ ဗလောင်





မှောက်ချည်လှန်ချည်တွေ မျက်နှာပြောင်ပြောင်နှင့် ဘယ်လောက် လုပ်တတ်တာတွေ ခေါင်းထဲ အစီအရီပေါ်လာသည်။

ဤမြေ့ရရကလေးကျွင်လည်ချင်တဲ့ အဝန်းအဝိုင်းထဲ သူဝင်လာပြီး မျက်နှာပူစရာ ရှက်စရာ အဆင့်အတန်းမမြင့်တဲ့ အပြုအမူတွေ လာလုပ်မှာကို ရှက်ကြောက်မိတာပါ။

"ညည်းနဲ့ ဆရာဝန် ဘာမှမဆိုင်ရင် ညည်း ခုလို ဘာမှ ပူနေစရာမလိုဘူး၊ ညည်းက ဆရာဝန်ကတော်လုပ်မယ့် မိန်းမဆိုအော်၊ ငါ့ကို ခုလို ဖုံးဖိကွယ်ဝှက်နေတာကို ပိုအသည်း ယားတာ၊ ငါပဲ ကဖျက်ယဖျက်လုပ်တော့မလား၊ ငါက ဘာတွေဝင်မွှေဦးမလဲလို့ ညည်းတွေးနေတာကို မခံနိုင်တာ၊ ဒါကြောင့် ဒီဆရာဝန်နဲ့ တွေ့ဖြစ်အောင်ကို ဝင်တွေ့မှာ"

နပျိုက အံလေးကိုကြိတ်ကာ ...

"ဒီလိုမလုပ်ပါနဲ့ အန်တီ၊ နပျိုဘာသာ ကြိုးစားရပ်တည်နေတဲ့ဘဝတစ်ခုကို မဖျက်ဆီးပါနဲ့"

"ဟဲ့ ... ငါက ဘာလုပ်နေလို့လဲ"

"အန်တီ တကယ်နေမကောင်းလို့ ဆရာဝန်နဲ့ပြမှာမှ မဟုတ်တာ၊ အကြံတစ်ခုခုနဲ့လာတာပဲ၊ နပျိုနဲ့ဆရာက ဘာဆိုဘာမှ မဟုတ်ဘဲနဲ့ အန်တီပြောလိုက်တဲ့စကားတစ်ခွန်းက နပျို သိက္ခာကျစရာဖြစ်သွားမှာ အဖြစ်မခံနိုင်ဘူး အန်တီ၊ တခြားဆရာဝန်တွေလည်း အများကြီးရှိတာယ် ပြလို့ရတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ညည်း အဲသလိုဖြစ်နေရှေလ ငါကလည်း ဒီစွမ်းထွင့်နဲ့ပြကို ပြရမှာဖြစ်လေ၊ ဘာမှ စိတ်ပူမနေနဲ့၊ သူနဲ့ပဲပြမှာ"

"အန်တီ မပြန်ဘူးလား"

"ဘုရားရေ ... တကတဲတော်၊ ဆေးခန်းလာပြတဲ့သူကို ပြန်ပါ မပြပါနဲ့လို့နှင်လွှတ်တဲ့ဆေးခန်းများ ဒီတစ်ခုပဲတွေ့ ဖူးပါတယ်၊ ကြို ကြုံဖူးပေါင်တော်၊ ဟဲ့ ... ငါ့ပိုက်ဆံနဲ့ငါ လာပြတာဟဲ့၊ ငါကြိုက်တဲ့ဆေးခန်းရွေးပြမယ်၊ ငါကြိုက်တဲ့ ဆရာဝန်ရွေးပြမယ်၊ ငါ့ကို ဘယ်သူတားလို့ရမလဲ ပြော ဘယ်သူတားမလဲ"

မိထွေးတော် ဒေါ်စမ်းစမ်းရဲ့အသံက တဖြည်းဖြည်း ကျယ်ကျယ်လာပါသည်။ သူ့စကားတွေကို ကြားတဲ့သူလည်းကြား တချို့ကလည်း မသိမသာအကဲခတ်၊ နုပျိုနှင့်ခင်တဲ့ နုနုဝေတို့ မကြူတို့လည်း ဘာများလဲလို့ လှမ်းမေးစမ်း။ နုပျိုသည် မိထွေးကို ခပ်စိမ်းစိမ်းကြည့်ကာ ဘယ်လိုမှ တားမရမယ့်မိန်းမကြီးမှန်းလည် သိနေတာမို့ ရှာခနဲထ,ပြီး ကိုယ့်နေရာသာ ကိုယ်ပြန်ခဲ့တော့သည်။

"ဆရာဦးစွမ်းထွင့်နဲ့ပြမယ့်လူနာတွေ အဆင်သင့်နေရာယူပါ ရှင်၊ ဆရာဦးစွမ်းထွင့် ရောက်ပါပြီ"

မကြူရဲ့ကြေညာသံအဆုံး လူနာတချို့က ဦးစွမ်းထွင့် အခန်းနား၌ လှုပ်လှုပ်ရွရွနေရာယူကြပါသည်။ မိထွေးလည်း အတူတူ။ နုပျိုက လုံးဝခေါင်းထဲကထုတ်ထားလိုက်ပါတော့သည်။





ရင်ထဲမှာတော့ ဝမ်းနည်းစိတ်နှင့် ကတုန်ယင်ဖြစ်ကာနေသည်။ ဘာတွေများသွားပြောမှာပါလိမ့်လို့ မတွေးဖြစ်အောင်နေတဲ့ကြားက တွေးမိနေပါသေးသည်။

တစ်ယောက်ဝင်တစ်ယောက်ထွက်နှင့် ဦးစွမ်းထွင့် အခန်းမှ 'နံပါတ်ခုနစ် ဒေါ်စမ်းစမ်း' လို့ ခေါ်လိုက်ချိန်တွင် နုပျို က တစ်ချက်လှမ်းကြည့်လိုက်မိသေးသည်။ မိထွေး ဝင်ပြနေတုန်း နုပျိုမှာ ငွေရေရတာတွေ အယောင်ယောင်အမှားမှားနှင့် အကြိမ် ကြိမ် ပြန်ရေတွက်နေရပါသည်။

"နံပါတ်ရှစ် ဦးလှထွန်းရှိပါသလား"

နုပျိုက ကောင်တာဆီလျှောက်လာတဲ့ မိထွေးကို လှမ်းမကြည့်။ မိထွေးက နုနုဝေထံ ငွေရှင်းနေသည်။ ပေးလိုက်တဲ့ ဆေးတွေက ဗီတာမင်ဘီပါတဲ့ဆေးတွေမို့ အာရုံကြောတို့ အကြော တို့နှင့်ပတ်သက်တဲ့ဝေဒနာတစ်ခုခု ပြောခဲ့ပါလိမ့်မည်။

"အန်တီ ဆေးက ဘယ်နရက်စာယူမလဲ"

"ဆေးမယူဘူး"

"ရှင် ... ဆရာက ဆေးသောက်ဖို့ညွှန်ထားပါတယ်"

"မဝယ်သေးဘူး၊ နောက်မှ နီးစပ်ရာမှာဝယ်မယ်၊ ဆရာဝန်ခ ပဲရှင်းယူလိုက်"

"ဟုတ်ကဲ့ပါ၊ ဆရာက မျက်စိဆရာဝန်နဲ့လည်းပြပါလို့ ညွှန်ထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နောက်မှပြမယ်"

မိထွေး ပြန်သွားပြီးတဲ့နောက် အခြေအနေအေးအေး ချမ်းချမ်းပဲမို့ နုပျို သက်ပြင်းကျရတော့မည်ရှိဆဲ ဦးစွမ်းထွင့်အခန်း မှ နှာစ်လေးက ထွက်လာကာ ...

"မနုပျို ဆရာက ပြောစရာရှိလို့ ခေါ်လာပါတဲ့"

လူနာကုန်ပြီးချိန်ကျမှ ခေါ်တာပင်။ နုပျိုသည် ရင် တွေတုန်တုန်ယင်ယင်နှင့် ဦးစွမ်းထွင့်အခန်းထဲဝင်သွားရသည်။

"ဆရာ"

"သြော် ... အေး ... လုနုပျို၊ နက်ဖြန်အားရက်ပဲ၊ မင်းကို စကားနည်းနည်းပြောစရာရှိလို့ မနက်ဆယ်နာရီလောက် မင်းတို့အဆောင်ရှေ့လာကြိုမယ်၊ အဆင်သင့်ပြင်ထားလိုက် ဟုတ်လား"

"ဟုတ် ... ဟုတ်ကဲ့ဆရာ"

နုပျို ပြန်ထွက်လာကာ ရင်ထဲလေးပင်နေရပါသည်။ အဘွားကြီး ဘာတွေများပြောသွားပါလိမ့်။ မဟုတ်တရုတ်တွေး လျှင်တော့ ရှက်လိုက်တာ။ ဆရာတော့ ငါ့ကို အထင်သေးနေပြီလား။ မနက်ဖြန် ရီးမက ကိုးနာရီချိန်းထားပေမယ့် ဆရာ့ရဲ့ဆယ်နာရီ ကို ဘယ်လိုမှ အမီပြန်လို့ရနိုင်မှာမဟုတ်ပါ။

နုပျိုသည် ညဘက် အဆောင်ပြန်ရောက်တဲ့အခါ ရီးမထံ ဖုန်းခေါ်ရပါသည်။





"ရီးမ မနက်ဖြန် နင်ချိန်းတဲ့ဆီ ငါလာလို့မရတော့ဘူး၊ ငါ့မှာ ကိစ္စတစ်ခုပေါ်လာလို့"

"ဘာကိစ္စပေါ်လာတာလဲ၊ အဲဒီကိစ္စပြီးမှ ဆိုရင်ကော"

"ဘယ်တော့ပြီးမလဲလည်းမသိနိုင်ဘူး၊ နင် စောင့်မနေပါနဲ့တော့၊ နောက်တစ်ပတ်မှထပ်ချိန်းကြတာပေါ့ဟာ"

"နင်ပေါ်လာတဲ့ကိစ္စက ဘာလဲ"

နုပျိုသည် ရီးမကို မညာချင် မဖုံးကွယ်ချင်ပေ။

"နက်ဖြန် ဆရာက ဆယ်နာရီလာခေါ်မယ်တဲ့၊ ပြောစရာ ရှိလို့တဲ့"

ရီးမဘက်က အသံတိတ်သွားတာကို နုပျို သေချာ သတိမပြုမိပါ။ ကိုယ့်ဟာနှင့်ကိုယ်လည်း တွေးစရာတွေနှင့် ခေါင်း ထဲရှုပ်ထွေးနေခဲ့လို့ပင်။

❣ ✧ ❣



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၆

"စိတ်တွေကျဉ်းကျပ်မနေပါနဲ့၊ ကိုယ်က မင်းကို ပေါ့ပေါ့ပါးပါးပဲစကားပြောရအောင် ခေါ်လိုက်တာပါ"

တောင့်တောင့်လေးထိုင်နေတဲ့ နပျိုက ခန္ဓာကိုယ်ကို အနည်းငယ်ပြုပြင်ရင်း ...

"ဟုတ်ကဲ့ ... ကျွန်မရဲ့မိထွေး ဆရာ့ကို ဘာတွေများ စိတ်အနှောင့်အယှက်ပေးသွားမလဲ စိုးရိမ်နေတာပါ"

"ဒီလောက်ကြီး ဘာမှ မဟုတ်ပါဘူး၊ မစိုးရိမ်ပါနဲ့"

"ဒါပေမဲ့ ဆရာ ကျွန်မကို စကားပြောဖို့ခေါ်ယူတယ်ဆိုတော့ ပြောစရာတော့ တစ်ခုခုကျန်ခဲ့ပါလိမ့်မယ်၊ အားနာပါတယ် ဆရာ ..."

"သူက မင်းရဲ့မိထွေးပါဆိုတာ မိတ်ဆက်တယ်၊ မင်းအဖေမရှိတော့ မင်းရဲ့အဆိုးအကောင်းက သူ့မှာပဲ တာဝန်ရှိတယ်





ပေါ့၊ မင်းကတော့ မင်းအဖေ မရှိကတည်းက သူ့ညြဖာအောက်မနေနိုင်တဲ့သဘောနဲ့ အဆောင်ကို ဆင်းချသွားတော့ သူကပဲ လင်ပါသမီးကို နှင်ပစ်သလိုလို ပတ်ဝန်းကျင်ရဲ့ ထိုးနှက်မှုကို သူ ခံရတယ်ပေါ့ ...

တစ်ခါထပ်ပြီး မင်းက လမ်းမှားရောက်သွားတာ မဟုတ်ကဟုတ်ကဖြစ်သွားတာမျိုးကြုံရင် သူပဲ ထပ်ပြီးအပြစ်ဖို့ခံရမယ်ပေါ့လေ၊ ဒါကြောင့် မင်းကို ပေယျာလကံပစ်မထားနိုင်ဘူးတဲ့၊ မင်းကတော့ ဘာမှ မေးမြန်းလို့ပြောဆိုလို့မရဘူးဆိုတော့ ငါ့ဆီမှာမေးရပါတယ်ပေါ့လေ ...

မင်းနဲ့ ငါနဲ့ကို တွဲပြီး အဆောင်ကိုပြန်ပို့တာတစ်ခါ၊ ဘဏ်ကိုပို့တာတစ်ခါ ဒီနှစ်ခါပဲထွက်တာ နှစ်ခါလုံး သူက တိုက်တိုက်ဆိုင်ဆိုင်ပဲ မြင်လိုက်တယ်တဲ့၊ ဒီတော့ ဘယ်လိုပတ်သက်မှုရှိလဲပေါ့လေ၊ အဲဒါကို သူ့ကိုပြောပြပါတဲ့၊ သူ လောလောဆယ်မှာ မင်းရဲ့အုပ်ထိန်းသူပါတဲ့"

နပျိုက မျက်နှာကို လက်ဝါးလေးနှစ်ဖက်အုပ်လိုက်ပါသည်။ မျက်နှာတွေပူလာလိုက်တာ လက်ဖဝါးကိုတောင် အပူကူးခက်လာမယ်ထင်မိသည်။

"တောင်းပန်ပါတယ် ဆရာ"

"တောင်းပန်စရာ မလိုပါဘူး လှနပျို၊ ကိစ္စမရှိပါဘူး"

"အရမ်းအားနာပါတယ် ဆရာရယ်"

www.burmeseclassic.com



"အားနာရလောက်အောင် ကိုယ် ဘာမှ သိပ်အနှောက်အယှက်မဖြစ်ပါဘူး၊ တကယ်ပါ၊ ကိုယ် အခု မင်းကို ခေါ် စကားပြောတာကလည်း မင်းရဲ့အနေအထား မင်းရဲ့ဘဝကို စိတ်ဝင်စားပြီး သိချင်သွားလို့သက်သက်ပါ၊ ပေါ့ပေါ့ပါးပါး စကားစမြည်ပြောတာပါ၊ စိတ်ထဲမှာ ဘာမှ Tension မထားနဲ့ လှနုပျို"

နုပျိုက သက်ပြင်းလေး အမောတကောမှုတ်ထုတ်ရင်း ...

"မိထွေးက ဖေဖေ့ကိုလည်း အရမ်းချယ်လှယ်ခဲ့တာပါ ဆရာ၊ ဖေဖေရှိနေကတည်းက ကျွန်မ တစ်နေကုန် လျှော်ဖွပ်ချက်ပြုတ် အိမ်အလုပ်တွေလုပ်နေသမျှ သူချည်းအားလုံးလုပ်ရလို့ တစ်နေကုန်မောနေပြီး ကျွန်မကတော့ ဝတ္ထုဖတ်လိုက်၊ ရုပ်ရှင်ကြည့်လိုက် အားအားယားယားလို့ ဖေဖေထင်အောင် စကားကို ပြောင်းပြန်လှန်ပြောတတ်ခဲ့တဲ့သူမျိုးပါ"

"ဟုတ်မှာပါ၊ သူ စကားပြောတာ သိပ်လည်ဝယ်တယ်"

"မိထွေးရကာစတော့ ကျွန်မလည်း မကျေမချမ်းနဲ့ သူ့ဗလောင်းဗလဲနိုင်သမျှ ငုံ့မခံဘဲ ပြန်အော် ပြန်ပြော သူ့ကို ယှဉ်ပြိုင်မိသေးတယ်၊ ဒါပေမဲ့ လပိုင်းပါပဲ၊ ကျွန်မ သူ့ကို မယှဉ်နိုင်ပါဘူးဆိုတာ နားလည်သွားတော့ ဖေဖေနဲ့ စိတ်





ဝမ်းကွဲမခံနိုင်တာနဲ့ သူ့အလိုကျ သူပြောသမျှခံ သူပြောသမျှ အမှန်လုပ်ပြီးနေလိုက်ပါတယ်"

"ဒါလည်း တစ်မျိုးအေးချမ်းတာပဲလေ၊ သူ့လက်တစ်ဖက်တည်းနဲ့ လက်ခုပ်သံထွက်အောင် သူ လိုက်တီးနေလို့မရတော့ဘူးပေါ့"

"ဟုတ်ကဲ့ ... ဒါကြောင့် ဖေဖေရှိနေတုန်းတော့ ပြေလည်ပါတယ်၊ ဖေဖေဆုံးတော့ သူက အိမ်စရိတ်တွေ တွက်ချက်ပြီး ကျွန်မကို တစ်လအိမ်စရိတ် တစ်သိန်းပေးရမယ်လို့ပြောပါတယ်၊ အခု ဒီအလုပ်မျိုးကို အဲဒီအချိန်မှာ ကျွန်မလုပ်နေရရင် သူ့ကို နားအေးပြီးရော တစ်လတစ်သိန်းပေးမှာပါ ...

ဒါပေမဲ့ ကျွန်မမှာ ကလေးတွေ ကျူရှင်ပြနေတဲ့ လခလေး လေးသောင်းပဲရှိပါတယ်၊ သူက တစ်သိန်းပဲပေးရမယ်ဆိုလို့ ကျွန်မ အိမ်ပေါ်ကဆင်းလာပြီး အဆောင်ပြောင်းနေလိုက်တာပါ၊ ဒီအရင်က ဝင်လုပ်တဲ့ စတိုးဆိုင်မှာ လခ ကလေးသောင်း၊ ကျူရှင်ခက လေးသောင်း၊ စုစုပေါင်း ရှစ်သောင်းရတာနဲ့ ကျွန်မတစ်ကိုယ်စာကို လောက်ငအောင် နေလို့ရပါတယ် ...

အခု ဆရာ့ဆေးခန်းမှာ ရီးမကပြောပေးတော့ ကျွန်မ နည်းနည်းအသက်ရှူချောင်ချောင်လေး နေလို့ရပါတယ်၊ ကိုယ့်စိတ်ကိုယ့်သဘော ကိုယ့်ဆုံးဖြတ်ချက်နဲ့လည်း နေလို့



www.burmeseclassic.com

www.burmeseclassic.com



ရတယ်၊ အဲဒါကြောင့် ကျွန်မ အိမ်ကိုပြန်မနေတာပါ

အဲဒါကို အန်တီက ကျွန်မမှာ ကျောထောက်နောက်ခံကူညီ ထောက်ပံ့သူရှိနေမှာပဲလို့တွက်ပြီး ဆရာနဲ့ ကျွန်မကိုလည်း နှစ်ကြိမ်တွဲတွေ့လိုက်တော့ ... ဟို ... ဟို"

"သဘောပေါက်တယ်၊ ကိုယ့်ကိုလည်း ပြောသွားပါသေး တယ်၊ လှနုပျိုရဲ့အုပ်ထိန်းသူဟာ သူမို့လို့ သူ့ကို ဘာ ကျော်လုပ်လို့မရဘူးဆိုတဲ့သဘော၊ အိမ်ထောင်ရေးတို့ ဘာတ နဲ့ပတ်သက်ရင် သူ သိရမှဖြစ်မယ်ဆိုတာ ပြောတယ်လေ"

နုပျိုသည် မျက်နှာပူလွန်း၍ မျက်ရည်ပင်လည်လာ ကာ ...

"ဆရာကို ဘယ်လိုတောင်းပန်ရမလဲမသိတော့ပါဘူး၊ အရ အားနာပါတယ် ဆရာရယ်၊ ကျွန်မအနေနဲ့လည်း သူ့က တားဖို့အစွမ်းမရှိလို့ပါ"

"ဒါပေါ့၊ သူ့ဟာသူ ဆရာဝန်လာပြတာကို ကိုယ် တားလို့ဘယ်ရမလဲ၊ နုပျိုက သူ့ကိုပြန်ဖို့ပြောသေးတယ်

"ဟုတ်ကဲ့ ... ဆရာ့ကို မဟုတ်ကဟုတ်ကတွေ စိတ်အနေ အယုက်ဖြစ်အောင် လာပြောတော့မယ်ဆိုတာ သိလို့ပါ

စွမ်းထွဋ်က ပြုံးရင်း ...

"သူက အကြီးတော့ပိုင်သားပဲကွ၊ သူက ကိုယ့်ကို ဒီတ စကားပြောချင်လို့ပါဆိုရင်တောင် ပြောခွင့်ရဖို့ခက်နေဦး





ရောဂါလေးတစ်ခုတပ်ပြီး ဆရာဝန်လာပြတာဆိုတော့ ဘယ် ဆရာဝန်ကမှ ငြင်းလို့မရတော့ဘူးပေါ့"

စွမ်းထွဋ်က သူတို့ကို အသင့်စောင့်ကြည့်နေသော ဝိတ်တာလေးကို လက်ညှိုးတစ်ချောင်း လှမ်းထောင်ပြလိုက်လျှင် အသင့်စီစဉ် မှာကြားထားပြီးဖြစ်သော စားသောက်ဖွယ်ရာများ တစ်ခုပြီးတစ်ခု ရောက်လာပါသည်။

"စား လှနုပျို၊ ဖြည်းဖြည်းစား၊ လွတ်လွတ်လပ်လပ် ပေါ့ ပေါ့ပါးပါးသဘောထားပါ၊ တကယ်တော့ မင်းနဲ့ အေးအေး ဆေးဆေးစကားစမြည်ပြောချင်လို့ အပြင်မှာ အတူထွက်စား တဲ့သဘောလည်းပါတယ်"

"ဟုတ်ကဲ့"

"မင်း မစားတာရှောင်တာ ဘာရှိမလဲ မသိတော့ အမျိုးစုံ အောင် မှာထားလိုက်တာ"

"ကျွန်မ အားလုံးစားပါတယ်၊ ဒါပေမဲ့ ဆရာမှာထားတာ တွေက သိပ်များနေပါတယ်"

"စားပါ ... ဖြည်းဖြည်းစား ... အရသာခံစား"

စွမ်းထွဋ်က လှနုပျို ထမင်းစားနေတာကို သဘော တကျကြည့်နေပါသည်။ အရမ်းကြီးရှက်ရွံ့နေတာလည်းမရှိ၊ အရမ်း ရဲရဲတင်းတင်းလည်းမဟုတ်။ ပုံမှန်ကလေး စားနေတဲ့ လှနုပျိုရဲ့ ထမင်းစားဟန်ကလေးက လှပပါသည်။ မိန်းမလှလေးတွေများ



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားတာလည်း လှတာပဲ။ မျက်နှာလေးညိုးနွမ်းလည်း လှတာ
ပဲ။ မျက်ရည်ဝဲလည်း လှတာပဲပင်။

စွမ်းထွဋ်သည် ဆေးကျောင်း တက်တုန်းကတော
အတန်းတူချစ်သူတစ်ယောက် ထားခဲ့ဖူးပါသည်။ ခုတော့ အဲဒီချစ်
က ဟောက်စ်ဆာဂျင်ပြီးပြီးချင်း အင်္ဂလန်ကို အမ်မ်အာစီပီဘွဲ့
ချက်ချင်းသွားထပ်တက်တဲ့ စာခပ်တော်တော်သမားတော်တ
ယောက်နှင့် လက်ထပ်သွားတာပင်ကြာလှပြီ။

ဟောက်စ်ပြီးတဲ့အခါ နိုင်ငံတော်ကပို့လွှတ်တဲ့ ပို့စတ
ကို သွားရောက်တာဝန်ထမ်းဆောင်တဲ့ သူ့ကို ချစ်သူက မနှစ်
ခဲ့။ သူကတော့ ခပ်အေးအေး ခပ်မှန်မှန်ပဲ ဘဝကို အခြေချ
သည်။ အလုအယက် တွယ်တက်နေရအောင် မကြာမီကမ္ဘာပျ
တော့မှာမို့လား။ စိတ်ကို အေးအေးချမ်းချမ်းထား၍ပဲ ဘဝ
အခြေချလိုသည်။

ဖေဖေက ပို့နိုင်ပေမယ့် စွမ်းထွဋ် နိုင်ငံခြားမသွာ
ပါ။ ဒီမှာပဲ အမ်အက်စ်စီတော့ ထပ်တက်လိုက်သည်။ ပြီးတော
သူလုပ်ချင်သလို ကိုယ်ပိုင်ဆေးခန်းနှင့် အခြေချသည်။ ချစ်သူ
ပစ်ခွာသွားပြီးကတည်းက အချစ်သစ်ရှာဖို့လည်း စိတ်ကူးမရှ
အလုပ်ထဲမှာပဲ စိတ်ကိုနှစ်မြှုပ်ထားခဲ့သည်။

တကူးကတ ရှောင်ဖယ်တာတော့မဟုတ်ပေမ
ဘယ်မိန်းကလေးကိုမှ ထပ်ပြီး စိတ်မဝင်စားမိခဲ့။ လှနုပျိုကိုတေ





ခြားသာမန်အလုပ်လျှောက်ကာ ဝင်လာသူတွေနှင့်မတူဘဲ ရိုးမ
ိုးသေးတဲ့ ရိုးမရဲ့သူငယ်ချင်းဆိုတာတစ်ချက်ကြောင့် သာမန်ဝန်ထမ်း
တွေထက်တော့ သူ အာရုံထဲ စွဲစွဲထင်ထင်ရှိခဲ့သည်။

သွက်လက်တဲက်ကြွပြီး အလုပ်လာဘ်မြင်တဲ့ ကြိုးစား
တဲ့ကောင်မလေးတစ်ယောက်ဖြစ်၍လည်း သဘောကျမိပါသည်။
န်းကလေးဆိုပြီး ပဲခပ်များများနှင့် လှုပ်လီလှုပ်လဲ့ ခရီးမတွင်
ဘာဘ်မမြင်ဖြစ်နေတာမျိုးတွေကို သဘောမကျပါ။ ဖြတ်သွားဖြတ်
ဘ်မြင်နေတွေ့နေသမျှ သဘောကျစရာလေးတွေချည်းဖြစ်နေတော့
သူကလေးကို ကိုယ့်ဟာကိုယ်ပင် မသိလိုက်ဘဲ အမှတ်တမဲ့
ာဖွေလှမ်းကြည့်ဖြစ်လာသည်။

မနေ့က သူ့မိတွေးဆိုတဲ့ အမျိုးသမီးကြီး ရောက်လာ
း ပြောချင်တာတွေပြောသွားတဲ့အခါမှာတော့ လှနုပျိုကို ကရုဏာ
ထူးပိုသွားမိပါသည်။

မိတွေးက ဘာတွေပဲပြောပြော သူလိုချင်တဲ့ ဘက်
ွယ်ပြောနေလည်း ဦးနှောက်မရှိသူ မဟုတ်တဲ့ စွမ်းထွဋ်က
ောက်ကွယ်က စိတ်သဘောတွေကို မြင်ပါသည်။

ဒီမိတွေးထံပါးမှာ သူကလေး အဆော်စိတ်ညစ်ရမှာပဲ
ိုတာတွေးမိသည်။ အားကိုးရာမဲ့ တစ်ယောက်တည်းရုန်းကန်ရပ်
ည်ကာ အဆောင်သူလေးလုပ်နေရတဲ့ လှနုပျိုကို ကြင်နာသနား
နမိပါသည်။

www.burmeseclassic.com



"အခုကော မင်းရတဲ့လခနဲ့ အဆောင်ခဘာညာနဲ့ လော...
ရဲ့လား"

"လောက်ပါတယ် ဆရာ"

"ဟုတ်ရဲ့လား၊ စားစရိတ်အပြင် အထွေထွေစရိတ်...
ရှိသေးတာ"

"လောက်ပါတယ် ဆရာ၊ ကျွန်မ လောက်အောင်သုံးတ...
တယ်၊ ရှစ်သောင်းနဲ့တောင် လောက်အောင်သုံးနိုင်ခဲ့...
တာပဲ"

အဲလို ရိုးသားပွင့်လင်းမှုလေးကိုလည်း စွမ်းထွ...
သဘောကျ နှစ်သက်နေမိပါသည်။ ချစ်သူထပ်မရှာမိ...
သူ့ရဲ့လူမှုအသိုင်းအဝိုင်းမှာ မိန်းမပျိုကလေးတွေ မြောက်မြာ...
နှင့် ဆက်ဆံရတာပဲ။ သူဟာ မင်းသားနေထွဋ်ရဲ့သား၊ ဆရာ...
လူပျို၊ ဆေးခန်းပိုင်ရှင် ရုပ်ချောသဘောကောင်းဆိုတဲ့အ...
စိတ်ဝင်စားမှုရှိကြတဲ့ မိန်းမပျိုတွေ မိန်းမပျိုမိခင်တွေကို ...
ဆုံနေရတာပဲ။

အားလုံးဟာ/ သူ့ဟာနှင့်သူ တစ်ခုသော...
အတန်းမှာရှိနေကြကာ ကိုယ့်ရဲ့မာန်လေးတွေနဲ့ကိုယ်မို့ လ...
ရိုးရိုးသားသား အေးအေးချမ်းချမ်း ရိုရိုကျိုးကျိုးပုံစံလေးမျိုးမရှိ...
သူကလေးကတော့ မပြည့်စုံရှာသူကလေးလည်းဖြစ်တော့ မာ...
လေးလည်းမရှိရှာ။





စွမ်းထွဋ်သည် လုနုပျိုကို ကြည့်ရင်း ကြည့်ရင်း
...ားရင်း ကြင်နာရင်း ဖြစ်နေပါသည်။ နဂိုစိတ်ရင်းကောင်းသူ
...ည်း နိမ့်ပါးညှိုးနွမ်းသူကို ကူညီစောင့်ရှောက်လိုတဲ့ သဘော
...ကလည်းရှိရာ သနားမိသည်ဆိုရာကစပြီး တစစ တစိမ့်စိမ့်
...က တက်လာကာ ရင်ထဲမှာ ကရုဏာမိုးက ရွာသွန်းမစဲဖြစ်
...ပါတော့သည်။

"လိုအပ်တာရှိရင်လည်း ပြောပေါ့"

"ရှင် ... ဟုတ်ကဲ့ပါ ဆရာ"

"ကိုယ့်ကိုလည်း ဘာမှ အားမနာနဲ့၊ ခုမှတွေ့ဖို့ဆုံဖို့ ရေ
စက်ပါလို့ ခုမှတွေ့ကာစဆိုပေမယ့် ရိုးမနဲ့လိုပဲ လူရင်းတွေ
လိုပဲ သဘောထားပါ၊ အလုပ်ရှင်ကြီးတစ်ယောက်လိုပဲ
အရမ်းကြောက်ရွံ့ ရိုသေမနေပါနဲ့၊ ခင်မင်ရင်းနှီးသွားတဲ့
မိတ်ဆွေတွေလိုပဲ သဘောထားလိုက်ပါ"

"ဟုတ်ကဲ့ပါ ဆရာ"

နုပျို ရင်ထဲက တဒိတ်ဒိတ်နှင့် အံ့သြတုန်ယင်လာပါ
...။ ဒေါက်တာစွမ်းထွဋ်ဟာ ရိုးမနှင့်လည်း အတော်ရင်းနှီး
...ထင်ပါရဲ့။ ဒီကိုအလာတုန်းက မိထွေးစကားပြောများတာ
...က် အကြိမ်းခံရတော့မယ့်ထင်ထားခဲ့တာ တက် ဘက်စင်လွဲ၍
...ဆွေတွေလိုပင် သဘောထားရမယ့်အဆင့်ထိ ဖြစ်လာတော့
...တွေခုန်ပြီး အံ့သြမိတာပါ။



www.burmeseclassic.com

www.burmeseclassic.com



"အကူအညီလိုတာ အားလုံးတောင်းပါ၊ လှနုပျိုကို ကူညီ
စောင့်ရှောက်ချင်ပါတယ်"

"ကျေး ... ကျေးဇူးတင်ပါတယ် ဆရာ"

"ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေဆိုတာ အစစအရာရာ ပွင့်ပွင့်
လင်းလင်းဖွင့်ပြောတိုင်ပင်ပြီး အချင်းချင်းကြားမှာ လျှို့ဝှက်
ထားတာ ဖွက်ထားတာတွေလည်းမရှိရဘူး"

"ဟုတ်ကဲ့"

"ဒီလို တနင်္ဂနွေတွေဆိုရင် ကိုယ်လည်း အားလပ်နေတ
တာ၊ တစ်ခါတစ်ရံတော့လည်း ကိုယ်ဂေါ့ဖ်သွားရိုက်ပါတ
ဒါပေမဲ့ Exercise အဖြစ်သာလုပ်ရတာ၊ ဝါသနာမပါဘူ
ဒီတော့ တချို့တနင်္ဂနွေတွေကျ ပျင်းပြီး ဘာလုပ်လို့
ရမှန်းတောင်မသိဘူး"

"ဟုတ်ကဲ့"

"လှနုပျိုရော တနင်္ဂနွေနေ့တွေ ဘာလုပ်တတ်လဲ"

"ရှင် ... ဟို ... ကျွန်မ အဝတ်တွေလျှော်တာတို့ ဆံပင်
ဆီတွေထည့်ပြီးမှ သေသေချာချာပြန်လျှော်တာတို့လုပ်
တယ်၊ အဆောင်ကသူငယ်ချင်းနဲ့ တစ်ခါတလေလည်
ရုပ်ရှင်သွားကြည့်ပါတယ်၊ ဝယ်စရာရှိတာလေး ဘာ
ဈေးဝယ်ထွက်ပါတယ်"





"လှနုပျိုမှာမှ လုပ်စရာကိုင်စရာလေးတွေနဲ့ တနင်္ဂနွေတွေက
စိုစိုပြည်ပြည်ရှိသား၊ တနင်္ဂနွေတွေကျ လှနုပျိုနဲ့ကပ်ပြီး
လိုက်မှထင်တယ်၊ ကိုယ်လည်းမပျင်းရအောင်"

နုပျိုက ရင်တွေ တဒုတ်ဒုတ်မြည်ကာ အံ့သြလန့်
ဖျပ်နေမိသည်။ ရုတ်တရက် ဓာတ်စနစ်းလာဘ်တွေ တက်လာပါ
သား။

"ရပါ့မလား ..."

"ရ ... ရပါတယ် ဆရာ"

"ဒီနေ့ စားပြီးရင် လှနုပျို ဘယ်သွားဖို့ရှိသေးလဲ၊ ဝယ်စရာ
တွေမရှိဘူးလား"

"ဟုတ် ... ရှိပါတယ် ဆရာ"

နုပျို အသံလေးက တိမ်၍တုန်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၁၀

နပျိုတို့အဆောင်ရှိတဲ့နေရာဟာ လမ်းလေးခွဆုံဖြစ်၍ မနက်စောစောကြီးကတည်းက ရောက်နေတဲ့ ရီးမက သူ့ကိုမြင်ဖို့ ခက်တဲ့တစ်နေရာမှာ ကားကိုနေရာရွေးချယ်ရပ်ထားပါသည်။ ကိုကို လာမယ့်လမ်းကို ကိုယ်က မှန်းဆလို့ရတာမို့ ကိုကို လမ်းထိပ်မှာပဲ ရပ်ရပ် လမ်းထဲကအဆောင်ရှေ့ထိဝင်ဝင် ရီးမကို မမြင်မတွေ့နိုင်တဲ့နေရာပင်။

နပျိုကတော့ ကားကိုလှမ်းတွေ့လည်း ရီးမကားဟုသိမှာမဟုတ်တဲ့အတွက် လူကို ဂျာနယ်တစ်စောင်ဖွင့်ကွယ်ထားလိုက်လျှင် လုံလောက်ပြီ။

သူ့ဘာကြောင့် ဒီကိုလာမိခဲ့တာလဲ။ သူနဲ့ မလိုက်ဖြစ်တော့ဘူးလို့ နပျိုအကြောင်းကြားပြီးပြီပဲ။ ကိုကို လာခေါ်သွားမှာကိုလည်း အမှန်တိုင်း ပွင့်ပွင့်လင်းလင်းအသိပေးပြီးသားပဲ။





တကယ်တော့ ရီးမ ဘာမှ လာစောင့်ကြည့်ဖို့ အကြောင်းမရှိ။ သို့သော် သူစောင့်ကြည့်ချင်ခဲ့သည်။

သူနဲ့ ချိန်းဆိုသဘောတူပြီးသား။ ကိုကိုနဲ့က နောက်ချိန်းဖြစ်တာ။ ဒေါက်တာစွမ်းထွဋ်က ချိန်းလိုက်တာနှင့် ရီးမနှင့် သဘောတူပြီးသားကို ဖျက်ကာ ဒေါက်တာစွမ်းထွဋ်နှင့်ပဲ လိုက်သွားတော့မည်လို့ ယတိပြတ်ဆုံးဖြတ်တဲ့ နပျိုကြောင့် သူ့ရဲ့နှလုံးသားဟာ ရိုက်နှက်ခုတ်ထစ်ခံရသလို နာကျင်ခဲ့ရတာပါ။

"နက်ဖြန် ဆရာက ဆယ်နာရီလာခေါ်မယ်တဲ့၊ ပြောစရာရှိတယ်တဲ့"

အဲဒီစကားသံလေးက နားထဲကမထွက်တော့။ ဆရာ အခေါ်မှာမို့ တခြားဘယ်သူမှ လာမခေါ်နဲ့တော့ပေါ့။

အစောကြီးကတည်းကရောက်ပြီး နပျိုတို့လမ်းထိပ်ဆီ မှိတ်မသုန် မျက်တောင်မခတ် စိုက်ကြည့်နေတဲ့မြင်ကွင်းထဲမှ ဝင်ရောက်လာတဲ့အချိန်ဟာ ကိုးနာရီခွဲ။

"ဟား ဟား ..."

ရီးမက နှစ်ခွန်းလောက်တော့ အောင့်သက်သက် ကြောက်ကပ်ကပ်ရယ်မိသည်။ ဆယ်နာရီလာမှာကို ဓိရိယပိုပို သည်းပိုပိုနဲ့ ကိုးနာရီခွဲကတည်းက ထွက်ရပ်စောင့်နေတော့ ခြေထောက်တွေ မညောင်းဘူးလား နပျိုရယ်။ အေးလေ ... က တစ်နေ့ကုန်တောင် ရပ်ခဲ့ဖူးတဲ့ခြေထောက် ကျင့်သားရနေပြီ



www.burmeseclassic.com

www.burmeseclassic.com



သားဆိုတော့ ဒေါက်တာ့အတွက် နာရီဝက်ရပ်စောင့်ရမှာလောက်တော့ အပျော့ပေါ့။

အပြာရောင်ဖျော့တော့တော့ ဝတ်စုံလေးနှင့် သူ့အသားဖြူဖြူလေးက လင်းလက်နေကာ ကျောဘက်က ဆံပင်ရှည်ရှည်ကြီးက အင်္ကျီအပြာဖျော့ကြောင့် ပိုပြီးနက်မှောင်ရင့်စိုနေသည်။ ဘယ်ဘက်ကလာမည်မသိတော့ ... ဟိုဘက်စောင်းငဲ့မျှော်လိုက်၊ ဒီဘက်စောင်းငဲ့မျှော်လိုက်နှင့် ဆံပင်ရှည်ကြီးက တလွင့်လွင့်။ ရပ်နေပုံလေးကိုက ကြော့ရှင်းပြီး လှပလွန်းတဲ့ လှနုပျို။

ဒီလောက်ပြည့်ပြည့်ဝဝလှမလာခင် ဟိုးငယ်ရွယ်စဉ်ကတည်းက စွဲစွဲလမ်းလမ်းအသည်းနင့်နင့် တိတ်တခိုးချစ်ခဲ့တဲ့သူပါ။ တိတ်တခိုးချစ်ခဲ့တယ်ဆိုပေမယ့်လည်း နုပျိုသာမက လူအတော်များများသိ၊ နီးစပ်ရာတွေလည်းသိ၊ နုပျိုလည်းသိ။

သေသေချာချာတဲ့တိုးကြီးဖွင့်မပြောခဲ့ပေမယ့် ရိုးမဆိုတဲ့ကောင်လေးဟာ လှနုပျိုဆိုတဲ့ကောင်မလေးကို အသည်းအသန်ချစ်တယ်ဆိုတာ ကာယကံရှင်ချင်းလည်း သိတဲ့အတွက်ကြောင့်သာ နုပျိုထံက ... 'ငါက ဆရာဝန်ကတော်လုပ်မှာ၊ နင် ဆရာဝန်ဖြစ်အောင်လုပ်ချင်လုပ်ပေါ့'ဆိုတဲ့စကား တစ်ဆင့်စကားတစ်ဆင့်နားနဲ့ ရောက်လာခဲ့တာ။

ဒါကြောင့်လည်း နုပျိုကို ကျောင်းမှာ ဆရာဝန်ကတော်ရယ်လို့ ကျောင်းသားတချို့က နောက်ပြောင်ခေါ်ခဲ့ကြတာ။





အဲဒီတုန်းက ဘာရှိကြမှာလဲ။ သူတို့ကိုးတန်းပေါ့။ ကိုးတန်းတုန်းကကောင်လေးတစ်ယောက်ရဲ့စိတ်ကစားမှုဟာ အသက်နှစ်ဆယ့်ခြောက် ... နှစ်ဆယ့်ခုနစ် ရောက်လာတဲ့ နောက်ထပ် ဆယ့်နှစ်နှစ်အကြာမှာ ပျောက်ကွယ်သွားလောက်ပါပြီလို့ နင်ထင်တာလား နုပျိုရယ်။

ဘဝတစ်လျှောက်လုံး နင်ကလွဲလို့ ဘယ်သူ့ကိုမှ မချစ်ခဲ့တာပါ။ နင်နဲ့ လုံးဝမတွေ့တော့ဘူးဆိုရင် ငါ လူပျိုကြီးဖြစ်မှာပဲလို့ စကားအကုန်မပြောလိုပေမယ့် ခုချိန်ထိတော့ သူ့နှလုံးသားဟာ တခြားဘယ်မိန်းကလေးအတွက်မှ လှုပ်ရှားမလာခဲ့သေးတာ ကိုယ်တိုင်အသိပဲလေ။

ရိုးမက အဝေးကကားရပ်ငေးရင်း နာနာကျင်ကျင်တွေးနေမိခဲ့တာဖြစ်ပါသည်။ နာရီဝက်ကြာတော့ အချိန်တိကျတတ်တဲ့ ကိုကိုက ဆယ်နာရီတိတိမှာ ရောက်လာပါသည်။ နုပျိုကို ရှေ့ခန်းတံခါးလှမ်းဖွင့်ပေးလိုက်တာ နုပျိုဝင်ထိုင်တာတွေကို ရင်နာနာ အောင့်သက်သက်လှမ်းကြည့်နေမိပြီး သူတို့ကားထွက်သွားတော့ ကိုယ်ကားလည်း ခပ်လှမ်းလှမ်းကနေ ခွာလိုက်လာ။

နာမည်ကြီး ယိုးဒယားစားသောက်ဆိုင်ထဲ ကိုကို့ကားကွေ့ဝင်သွားတော့လည်း သူက လမ်းမမှာ ကျောက်ချရပ်စောင့်နေမိပြန်သတဲ့။ ရူးသွပ်တဲ့ဇွဲတစ်မျိုးနှင့် တစ်နာရီကျော်ကြာတဲ့ သူတို့ရဲ့စားသောက်ပွဲကို ဆိုင်အပြင်လမ်းမတစ်နေရာက ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



စောင့်နေခဲ့တာ။ မိုက်ဆာလာတော့ လမ်းဘေးကွမ်းယာဆိုင်က ငှက်ပျောသီးနှစ်လုံး ဖြုတ်ဝယ်စားလိုက်ပါသည်။

အဲဒီကနေ သူတို့ကားပြန်ထွက်လာပြီး လှည်းတန်းဈေးကိုသွားပါသည်။ နပျိုဟာ ဈေးကြီးတဲ့ရှော့ပင်စင်တာတွေ ပလာဇာတွေကိုမသွား။ လှည်းတန်းဈေးကိုပဲ သွားတာဟာ သူ့ရဲ့ အရှိကိုအရှိအတိုင်း အမှန်အတိုင်းကို စွမ်းထွင့်ကို ဖွင့်လှစ်ချပြတဲ့ သဘောပင်။

နေထွင့်ရဲ့သား ဒေါက်တာစွမ်းထွင့်ဟာ လှည်းတန်းဈေးလို အဆောင်အယောင်မထည်ဝါ မခမ်းနားတဲ့ ဈေးတစ်ခုမှာ လူတွေကျပ်ကျပ်ကြား တိုးဝှေ့သွားလာဖူးလိမ့်မည်မထင်ပါ။ သို့သော် သူက ကားထဲထိုင်ကျန်နေခဲ့တာမဟုတ်။ ကားကို သော့ပိတ်ပြီး နပျိုနောက်မှက လိုက်ပါသွားတာဖြစ်သည်။

အဲဒီနောက် ပြန်ထွက်လာကြတော့လည်း တပြုံးပြုံးနှင့် စကားတွေပြောဆိုလို့။ ရှီးမရင်မှာ ပူးပြင်းလောင်မြိုက်နေပါသည်။ လေးပင်တဲ့တစ်စုံတရာက ဖိစီးထားသလိုမောကျပ်ပြီး အသက်ရှူတောင်မဝ။ သူတို့ လှည်းတန်းဈေးရှေ့ကအထွက် ရှီးမလည်း လိုက်ထွက်မည်အပြု ...

"ဟာ ... ဆရာသမား"

သူနှင့် ခင်မင်တဲ့ ဂျာနယ်လစ်စ်တစ်ယောက်က လှမ်းနှုတ်ဆက်လိုက်၍ ချက်ချင်းထွက်ဖို့ နောက်ကျသွားပါသည်။





"ဖိတ်စာလေး လက်ဆင့်ကမ်းထားတာ ယူသွားပါဦး ဆရာသမား"

ထိုလူက သူ့လွယ်အိတ်ထဲက ဖိတ်စာကို တော်တော်နှင့်ထွက်မလာဘဲ ရှေးထုတ်နေကာ ...

"ဆရာသမားကတော့ ကြီးပွားနေတာပဲဗျာ"

"သူများကားပါဗျာ"

ကားကိုပြောမှန်းသိ၍ ပြန်ဖြေရပါသေးသည်။ သူ့ဆီက ဖိတ်စာယူကာ နှုတ်ဆက်ပြီးထွက်ချိန်၌ စွမ်းထွင့်တို့ကားကို မမြင်တော့။ သူ စိတ်ရှုပ်ရှုပ်စိတ်မာတ်ကျကျနှင့် အိမ်ပဲပြန်လာခဲ့ပါသည်။ အိမ်မှာ ဖေဖေ နယ်ကပြန်ရောက်နေသည်။ ဖေဖေက သူ့ကို အိမ်တံခါးဝမှဆီးကြိုနေကာ ကားနှင့်သွားလာနေပုံကို သဘောကျသလို ပီတိပြုံးကြီးနှင့်ရှိနေသည်။

"သား ... အစစအရာရာ အဆင်ပြေလားဟေ့"

"ပြေပါတယ် ဖေဖေ"

"မင်းအစ်ကိုရော ဘယ်သွားပါလိမ့်"

"ကောင်မလေးတစ်ယောက်နဲ့ တွေ့လိုက်တယ် ဖေဖေ"

ဖေဖေ့သဘောထားတွေ ဘယ်လိုရှိသလဲသိချင်၍ တမင်တကာပြောပစ်လိုက်ပါသည်။

"ဟော ... စွမ်းထွင့်က ကောင်မလေးတစ်ယောက်နဲ့၊ အလုပ်ကိစ္စများလားကွာ မင်းအစ်ကိုက"



www.burmeseclassic.com

www.burmeseclassic.com



"ယိုးဒယားစားသောက်ဆိုင်မှာတော့ တွေ့ခဲ့တာပဲ ဖေဖေ"

"ဟုတ်လား၊ တယ်တုတ်ပါလား၊ မင်းအစ်ကိုများ အိမ်ထောင်ဖက်တွေ့ထားပြီဆိုရင် မြန်မြန်ယူခိုင်းရမယ်ဟေ့၊ မင်းအစ်ကိုအသက်က သုံးဆယ့်သုံးထဲဝင်ပြီ၊ သူချစ်တဲ့သူသာတွေ့လို့ကတော့ ချမ်းသာသာဆင်းရဲရဲပါ ဖေဖေက ငါ့သားနှစ်ယောက်ကို ချစ်သူနဲ့ စိတ်ချမ်းချမ်းသာသာ ပေါင်းရစေမှာကွ၊ သားတို့ချစ်ရင်ပြီးတာပဲ၊ ခေါ်လာခဲ့ ဖေဖေ သဘောတူတယ်သိလား၊ မင်းမှာရော ခေါ်လာစရာ မရှိဘူးလား"

"အဟင်း ... မရှိသေးပါဘူး ဖေဖေ"

"မင်းအစ်ကိုက နှလုံးသားရေးရာ သိပ်စိတ်ဝင်စားတာမဟုတ်ဘူးကွ၊ ကျောင်းတုန်းက သူ့လိုပဲ ဆရာဝန်လောင်းမလေးက သူ့ကို ပစ်သွားပြီးကတည်းက နောက်ထပ်လည်း အသစ်ထပ်မရှာဘူး၊ ဆေးခန်းဖွင့်တဲ့နောက် ပိုဆိုးတယ်၊ အလုပ်သဲပဲ စိတ်နှစ်နေတာ၊ အသက်သုံးဆယ့်သုံးဆိုတာ နောက်ကျနေပြီ၊ အဖေတစ်ယောက်ဟာ အလွန်ဆုံး အသက်သုံးဆယ်မှာကလေးတစ်ယောက်တော့ရှိမှ ကိုယ်က ခြောက်ဆယ်ရောက်ရင် သားဟာ သုံးဆယ် အဆင်သင့်ပဲ၊ အားကိုးလို့ရ စိတ်ချလို့ရ၊ ဖေဖေက သူ့ကို စပ်ဟပ်ချင်တယ်၊ သူက စိတ်မပါဘူး"





ဦးနေထွဋ်က အိမ်ထဲဘက်လှည့်ကာ ...

"မောင်ကိုရေ ... ငါတို့ဖို့ ဘီယာလေးဘာလေး လာပြင်ပေးစမ်းကွာ၊ ပူကပူနဲ့၊ လာ သား၊ မင်းပါ အဖော်လုပ်ပေးပါဦးကွ"

အိမ်နံဘေးက သစ်ပင်ကြီးတွေ ဝန်းရံစိုက်ပြီး တစ်ပင်နှင့်တစ်ပင် ထိစပ်ကာ သစ်ရွက်အမိုးပြင်ကြီးဖြစ်အောင် တကူးတကပြုပြင်ယူထားတဲ့ အရိပ်ရမြက်ခင်းထဲ ဖေဖေနှင့် ရိုးမ အတူထိုင်ဖြစ်ကြပါသည်။ ဖေဖေ့တပည့် နောက်လိုက်တွေဖြစ်ကြတဲ့ မောင်ကိုတို့ ဦးသံလုံးတို့ အလျှိုလျှို ဘီယာလာချ အမြည်းလာချနှင့် ချက်ချင်းပဲ ဝိုင်းလေးဖြစ်သွားပါသည်။

"စွမ်းထွဋ်အမေနဲ့က လူကြီးတွေသဘောတူပေးစားကြတာပေါ့လေ၊ သူ့ခ်မျာ သဘောကောင်းရှာပါတယ်၊ ကျန်းမာရေးကမကောင်းရှာဘူးကွာ၊ စွမ်းထွဋ်မွေးပြီးကတည်းက တချုချုတချာချာပဲ၊ နှလုံးကမကောင်းတော့ ဆရာဝန်ကလည်း ကလေးတော့ ထပ်ယူခွင့်မပြုဘူး၊ သူ့ခ်မျာ ငါ့ကိုနားလည်မှုပေးရှာပါတယ်၊ အိမ်ထောင်ပြုချင်ရင် ထပ်ပြုပါ၊ အငယ်အနှောင်းသဘောမထားပါဘူး၊ သူ တန်းတူဆက်ဆံပါ့မယ်၊ အိမ်ခေါ်လာခဲ့ပါဆိုတာအထိ ပြောရှာတယ်"

ရိုးမက ငြိမ်၍နားထောင်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သက်ကို ငါ လက်ထပ်ယူပါမယ်လို့ပြောပေမယ့် သ
ကလည်း သူ့အတွေးနဲ့သူ သူတစ်ပါးအိမ်ရာ မဖျက်ဆီးလို
ဘူးဆိုပြီး ရှောင်သွားခဲ့တာ၊ ဖေဖေ့သားတွေဟာ နှစ်ယော
လုံး သနားဖို့ကောင်းတယ်၊ တစ်ခြမ်းပဲ့ ဂရုစိုက်စောင့်ရှော
မှုတွေပဲ ရခဲ့ကြတယ်၊ မင်းဆိုလည်း အမေဘက်တစ်ခြမ်း
ဂရုစိုက်တာခံရတယ်၊ စွမ်းထွင့်လည်း ဒီလိုပါပဲ၊ သူ့အ
က အိပ်ရာထဲမှာ လူမမာသည်ပဲ၊ ခြံထဲလမ်းလျှောက်
တဲ့နေ့ဆို ဝမ်းသာနေရတာ ...

စွမ်းထွင့်က သူ့အမေရောဂါသည်မို့ ဆရာဝန်
အောင်ကြိုးစားခဲ့တာ၊ သူလည်း ဆေးတက္ကသိုလ်ပထမ
စ,ပ,က်ရော ဆယ့်ခုနစ်နှစ်သားမှာပဲ သူ့အမေကဆုံး

ဦးနေထွင့် မျက်ဝန်းများက အတိတ်ကို မျှော်
မှုန်ဝေနေပါသည်။

"တကယ်တော့ စွမ်းထွင့်ဟာ အမေနို့မစို့ရ၊ အမေနဲ့
ကပ်ကပ်မနေရ၊ အမေချီတာတောင် မခံခဲ့ရတဲ့က
ဖေဖေကပဲ ချီပိုးခဲ့ ချော့မြှူခဲ့တာ၊ ကြီးလာတဲ့ဘ
လျှောက်လုံး လိုအပ်တာ ဖေဖေပဲ စီမံဆောင်ရွက်ဖြည့်ဆ
ပေးခဲ့ရတယ်ဆိုပေမယ့် ဖေဖေကိုယ်တိုင်က အိမ်ကပ်ရ
မဟုတ်ဘူး၊ နယ်တွေထွက်နေရတာ၊ အထိန်းအချိ
အလုပ်သမားတွေလက်ထဲပဲ ကြီးပြင်းခဲ့သလိုပါပဲ ...





တစ်ယောက်တည်းနေတတ်တဲ့အကျင့်ရှိခဲ့တာ ငယ်
ငယ်လေးတည်းက၊ အခန်းအောင်းပြီး တကုပ်ကုပ်နဲ့ ပန်းချီ
ဆွဲ၊ သီချင်းနားထောင်၊ စာဖတ်၊ ဗီဒီယိုကြည့် ဒါတွေနဲ့ပဲ
သူ့စိတ်သူဖျော်ဖြေပြီး ကြီးပြင်းအောင်နေလာခဲ့ရတော့ လူ
များများ လူစုစုလည်း သူမနှစ်သက်ဘူး၊ အဖော်အပေါင်း
လည်း သိပ်မထားဘူး၊ စိတ်ရင်းစေတနာကောင်းရက်နဲ့
သူငယ်ချင်းရင်းချာရယ်လည်းမရှိဘူး၊ တစ်ယောက်တည်း
နေရတာကိုပဲ သူက ခုံမင်အကျင့်ပါနေတာလေ"

အင်း ...။ သနားတော့သနားစရာပေပဲ။ ရှိမှာတော့
ဖေဆုံးပြီလို့ သိရပေမယ့် အဒေါ် ဦးလေး ဘကြီးတွေရှိသည်။
ကလည်း ခင်မင်ပျော်ပျော်ပါးပါးနေတတ်၍ သူငယ်ချင်းတွေ
သည်။ အထီးကျန်လှချည်ရဲ့လို့ ဘယ်တုန်းကမှ မခံစားခဲ့ဖူးပါ။

"သူ တတိယနှစ်လောက်ရှိတော့ ချစ်သူရှိပြီဆိုတာသိရတော့
ဖေဖေက သူ့အတွက် တော်တော်ဝမ်းသာတာ၊ ငါ့သားပုံမှန်
ခံစားတတ်စိတ်ရှိတယ်ပေါ့၊ အက်ဘ်နော်မယ်လ်မဟုတ်ဘူး
ပေါ့ဆိုပြီး တော်တော်စိတ်အေးသွားတာကွ၊ ဒီကောင်မလေး
နယ်ကွာ၊ ကျောင်းလည်းပြီးရော နောက်တစ်ယောက်ပြောင်း
သွားတယ် ... တောက် ...

သူတို့အတန်းထဲကပဲကွ၊ အင်္ဂလန်ကို ချက်ချင်းထွက်
ပြီး အမ်မ်အာစီပီဖြစ်တဲ့ကောင်လေးတဲ့၊ တော်တော်ရက်စက်



www.burmeseclassic.com

www.burmeseclassic.com



တယ်ကွာ၊ ဖေဖေက စွမ်းထွန်းကိုမေးတယ်၊ မင်းအ ထွက်မလားလို့၊ စွမ်းထွန်းကအေးအေးပဲ၊ အလုပ်ပဲဝင်မယ် တဲ့၊ အသည်းကွဲတယ်ဆိုပေမယ့်လည်း တည်တည်ငြိမ်ငြိမ် ပဲ ...

သူကိုက သံယောဇဉ်မကြီးမားမနက်ရှိုင်း မပြင်းထ တာလားမသိဘူး၊ အဲဒီ အသက်နှစ်ဆယ်လေးလောက်က နေ ခုထိ ဘာသံယောဇဉ်မှလဲ ထပ်မရှာတော့ ဖေဖေ လုံးဝ အားမရတာ၊ မိန်းကလေးနဲ့တွဲသွားတယ်ဆိုတဲ့အသ ဒီနေ့မှ သားဆီကကြားရတာ ပထမဆုံးပဲ၊ အဲဒါကြောင့် ဝမ်းသာတယ်၊ အိမ်ခေါ်ခဲ့နိုင်းဦးမှပဲ"

ရီးမက တိတ်ဆိတ်နေပါသည်။

"မင်းရော ချစ်သူရှိသလား ငါ့သား"

"မရှိပါဘူး ဖေဖေ"

"မင်းလည်း နှစ်ဆယ့်ခုနစ်ဆိုတာ ဘယ်ငယ်တော့လို့လဲ ငါ့သားတွေကတော့ စံပါပဲဗျာ"

ထိုစဉ်တုန်း ခြံဝင်းထဲကို စွမ်းထွန်းရဲ့ကား မောင်းဝင် လာပါသည်။ ဒီအတိုင်းဆို သူတို့နှစ်ယောက် တခြားဆကိမသွား တော့ဘဲ လှည်းတန်းဈေးကအပြန် နုပျိုကို အဆောင်ကိုပဲ တန်းခ ခဏတဖြုတ် စကားစမြည်ပြောပြီး ပြန်ခဲ့ပုံရသည်။ ရီးမနှင့် ပြ ရောက်ချိန် မိနစ်ပိုင်းပဲကွာသည်မဟုတ်လား။





စွမ်းထွန်းက ရီးမနှင့် ဦးနေထွန်းကို လှမ်းတွေ့လိုက် ကားကို မြက်ခင်းစပ်၌ပဲ ရပ်လိုက်ကာ ကားပေါ်ကဆင်းလိုက် သည်။

"ဖေဖေ ပြန်ရောက်နေလား"

"အေး ... ခုနပဲရောက်တယ်၊ ရီးမလည်း ခုလေးတင်ရောက် တာ၊ လာ ... သားကြီးလည်း ဒီမှာအေးအေးလူလူထိုင်ဦး"

စွမ်းထွန်း မျက်နှာက လန်းဆန်းနေပါသည်။

"မင်း ဘယ်သွားလဲ ငါကမေးနေတာ၊ ဒီမှာ ရီးမက ကောင်မလေးတစ်ယောက်နဲ့တွေ့တယ်ဆိုပါလားဟေ့"

ရီးမ မျက်နှာပူသွားရပါသည်။ စွမ်းထွန်းက ရီးမကို ကြည့်ရင်း ...

"မင်းက ဘယ်လိုလုပ် သိသွားတာလဲ ရီးမ"

"ဟို ... ယိုးဒယားဆိုင်ထဲ ကားကွေ့ဝင်သွားတာ ကျွန်တော် မြင်လိုက်တာ၊ ဘေးမှာ မိန်းကလေးတစ်ယောက်လည်းပါ တာတွေ့လိုက်လို့ ကိုကို"

"ဟုတ်လား၊ မိန်းကလေးကိုတော့ သေချာမတွေ့လိုက်ဘူး လား"

"ဟင့်အင်း"

ရီးမက ပြောင်ပင် ဘူးကွယ်လိုက်ရပါသည်။

"လှနုပျိုလေ"

www.burmeseclassic.com



"ဪ ..."

ကိုကိုက အမှန်အတိုင်း ပွင့်ပွင့်လင်းလင်း အသိပေ
သားပဲလို့ ရီးမ နားလည်ရသည်။ ပေါ့တီးပေါ့ဆ အပျော်အပျ
ပုံစံမဟုတ်ဘူးပေါ့။ တကယ်တော့ ဒေါက်တာစွမ်းထွဋ်ဟာ မိန်း
လေးတွေနှင့် အပျော်အပျက်သဘော ခိုးကြောင်ခိုးဝှက်တွဲမည့်
မျိုးမဟုတ်ဘူးဆိုတာ ရီးမ သိပြီးသားပါပင်။ သူ့စိတ်ကသ
ကိုကို အပျော်သဘောလောက်ပဲများလားလို့ မျှော်လင့်တွေးနေ
တာ။

"ဟော့ ... မင်းအစ်ကို ကောင်မလေးကို မင်းလည်းသိတာ
ပေါ့"

စွမ်းထွဋ်က ပေါ့ပေါ့ပါးပါးရယ်မောလိုက်ရင်း ...

"ကျွန်တော့်ကောင်မလေးမဟုတ်သေးပါဘူး ဖေဖေရ"

မဟုတ်သေးဘူးဆိုတာက မဟုတ်ဘူးဆိုတာလော
မသေချာပါ။ ရီးမတွေးသလိုပင် ဖေဖေကလည်းတွေးကာ ...

"မဟုတ်သေးဘူးဆိုတော့ ဘယ်တော့ဟုတ်မလဲ ..."

"ဒီလိုလည်း မသေချာပါဘူး ဖေဖေ"

"ရီးမ မိတ်ဆက်ပေးတာလား"

"ရီးမရဲ့သူငယ်ချင်းပါ၊ သူလည်း အလုပ်ရှာနေချိန် ကျွန်တေ
ဆီမှာလည်း ကံကိုက်ရာက အန်တီနွယ် လေထိသွားတဲ့အချိ
တိုက်ဆိုင်တော့ အလုပ်ခန့်ထားပေးလိုက်တာပါ"





တိတ်နေတဲ့ ရီးမကို ဦးနေထွဋ်က ကြည့်ကာ ...

"မင်းနဲ့ ဘယ်တုန်းကသူငယ်ချင်းလဲ"

"ဟိုးငယ်ငယ်တုန်းကပါ၊ ငယ်သူငယ်ချင်းပါ၊ မတွေ့ကြ
တာ အကြာကြီးကွဲနေကြပြီးမှ ဟိုးတလောကျမှ ပြန်ဆုံဖြစ်
ကြတာပါ ဖေဖေ"

"ငယ်သူငယ်ချင်းတွေဆိုတော့ အကြောင်းသိပေါ့၊ ကောင်မ
လေးက ဘယ့်နှယ်လဲ"

"အေးအေးချမ်းချမ်းပါ ဖေဖေ"

အဖြေပေးရင်း ရီးမရင်ထဲ နာကျင်ရပါသည်။

"မိဘများကကော"

ဖေဖေက ကိုကို မတွဲစဖူးတွဲသည်ဆိုတာနှင့် အတည်
အတန့်ကို စုံစမ်းနေတော့တာပင်။

"မိဘတွေက ဆုံးသွားကုန်ပါပြီ ဖေဖေ၊ သူ့အမေက
တော်တော်စောစောကတည်းက ဆုံးတာပါ၊ သူ့အဖေက
တော့ မေမေနဲ့တစ်ရက်တည်းဆုံးပါတယ်၊ အသုဘချတော့
တောင် အတူတူသွားဆုံနေတာပါ"

"ဪ ... အဖေဆုံးတာ မကြာသေးဘူးပေါ့"

"ကောင်မလေးက မိထွေးရှိတယ် ဖေဖေရဲ့၊ သူ့မိထွေးကြည့်
ရတာလည်း တယ်မဟန်ပါဘူးထင်ပါတယ်၊ အဖေဆုံးတော့
သူ့ကို စားစရိတ်တောင်း ဘာတောင်းနဲ့ ကောင်မလေးက
အဆောင်ကိုဆင်းသွားပြီးနေရတာ"



www.burmeseclassic.com

www.burmeseclassic.com



"ပြော ..."

"မနေ့က သူ့မိထွေးက ကျွန်တော့်ဆီလာတယ်"

"ကိုကို့ဆီ !!"

ရီးမက အလန့်တကြားရေရွတ်မိပါသည်။

"အေးကွာ ရီးမရာ၊ နေမကောင်းလို့ ဆရာဝန်လာပြတ

ပေါ့ကွာ၊ ဖြစ်တာလေးကလည်း အကြောင်းတိုက်တယ်

ညာပါ၊ ငါ့ဆေးခန်းအထိ တကူးကတလာပြီး ငါနဲ့ တ

တကာပြတာပါ၊ တကယ်တမ်းပြောတော့ ရောဂါ

သဘောလောက် ကိုယ်ရေးကိုယ်တာတွေချည်းပဲပါ"

ရီးမ မျက်မှောင်ကုတ်မိကာ ...

"ဘာကိုယ်ရေးကိုယ်တာတွေလဲ ကိုကို"

"လိုရင်းပြောရရင်တော့ကွာ ဆေးခန်းသုံးကား ဟိုတလော

ပျက်တော့ ငါက အိမ်ဝေးတဲ့အမျိုးသမီးလေးယောက်

ညဘက်ပြန်ပို့တာ လှနုပျိုက နောက်ဆုံးဖြစ်နေတော့

လမ်းထိပ်ရောက်လို့ဆင်းတဲ့အချိန်မှာ ငါနဲ့နှစ်ယောက်တည်

ပြန်လာသလိုဖြစ်နေတာပေါ့၊ ဒါကို မိထွေးက တွေ့တယ်

နောက်နေ့ဆက်တိုက်ပဲ ကားမရသေးလို့ ငါက လှနုပျို

ဘဏ်ကိုပို့ပေးရတယ်၊ အဲဒါရယ် နှစ်ခါတွေ့တော့ ငါ

လှနုပျိုတော့ ပတ်သက်မှုဇာတ်လမ်းရှိနေပြီပေါ့ ..."

"ကျွတ် ..."





"အဲဒါ ငါ့ကို သူက လှနုပျိုရဲ့အုပ်ထိန်းသူပေါ့၊ သူ့ခေါင်ရှောက်မှုအောက်မှာရှိတယ် ဘာညာလာပြောပါပဲကွာ၊ လှနုပျိုအဆောင်ကို ဆင်းသွားတာဟာ နောက်ကွယ်က ထောက်ပံ့တဲ့ ကျောထောက်နောက်ခံတစ်ယောက်ရှိလို့ပေါ့ သူက ဒီလိုထင်တာ"

"သူ့မိထွေးကြီးက စိတ်ပျက်စရာကြီးဗျ"

"ငါလည်းရိပ်မိတယ်၊ လှနုပျိုကလည်း ဒီမိန်းမကြီး ငါ့ဆီ မဝင်အောင်အပြင်မှာတားသေးတာ၊ အဲဒါနဲ့ သူလည်းပဲ ဘာတွေများစိတ်အနှောင့်အယှက်ဖြစ်အောင် ပြောသွားသလဲ ဆိုပြီး စိတ်မတင်မကျနဲ့ တောင်တွေးမြောက်တွေး စိတ် ညစ်နေမှာပဲဆိုတာသိလို့ တမင် ဒီနေ့ချိန်းလိုက်တာ ...

ဘာမှ မစိုးရိမ်ဖို့ ငါလည်း သဘောပေါက်တယ်ဆို တာပြောပြဖို့ပါ၊ သူ့မိထွေးပြောချင်ရာပြောတာ သူနဲ့ ဘာမှ မဆိုင်ပါဘူးလို့ သူ့ကို နှစ်သိမ့်တာပါ"

ရီးမက ပင့်သက်တချို့ကို တိတ်တခိုးမှုတ်ထုတ်ကာ တစ်ဝက်တစ်ပျက် စိတ်ပေါ့သွားရပါသည်။ ဒီကိစ္စကိုး။

"သူ့ဘဝအကြောင်းလေးသိရတော့လည်း ကရုဏာသက် စရာပါကွာ၊ ကိုယ့်အားကိုယ်ကိုး မနည်းရုန်းကန်ရပ်တည် နေရရှာတဲ့ဘဝပါ"



www.burmeseclassic.com

www.burmeseclassic.com



ယော ...။ သနားကရုဏာတွေတော့ စီးမျှောဆင်း
သက်နေပြီ။

"အဲသလိုဘဝအောက်သက်ကြေကြေသိတဲ့သူမျိုးက အရိုး
တန်တယ်ကွ"

ဖေဖေက ဝင်ပြောလိုက်ပါသည်။ ဖေဖေ့ကြည့်ရတာ
တော့ ကိုကို ဘယ်မိန်းကလေးကိုပဲ စဉ်းစားစဉ်းစား အားပေးဖို့ပဲ
ရည်ရွယ်ထားပုံပင်။ ခေါ်လာတဲ့သူကို ရှာကြံချီးမွမ်းပြီး ဝမ်းသာ
အားရသဘောတူမည့်ပုံပင်။ ရီးမက စွမ်းထွင့်ကို အကဲခတ်ရင်း

"ကိုကို နပျိုကို စိတ်ဝင်စားနေပြီလား"

တဲ့တိုးမေးချလိုက်ပါသည်။

"သနားတာပါကွာ၊ သူ့ရုပ်လေး သူ့ဖြူစင်မှုလေးနဲ့မလိုက်
ဘဝလမ်းခရီးက မချောမွေ့ဘူးဆိုတာကို ကရုဏာသက်မိ
မိတာပါ"

❣ ✧ ❣

# နံ ၁၁ ပါ

အနွေးထည်တစ်ထပ်ဝတ်ထားတဲ့ လူနပျိုရဲ့နံဘေးမှာ
ရီးမက ဝင်ရပ်လိုက်ပါသည်။ ဘတ်စ်ကားလာမည့်ဘက်ကို ခေါင်း
လေးငဲ့စောင်းမျှော်နေသော နပျိုက ဒီဘက်မှာ လူတစ်ယောက်
အနီးကပ်ဝင်ရပ်လိုက်တာမို့ ငဲ့ကြည့်လိုက်လျှင် ...

"ဟဲ ... ရီးမ"

ရီးမက ခပ်တည်တည်နှင့် နပျိုကို ငုံ့ကြည့်နေသည်။
ပါလာတဲ့ကားကို အဝေးမှာရပ်ခဲ့ပါသည်။ နင့်ဆေးခန်းကို ငါ
လိုက်ပို့မယ်လို့ပြောလိုက်ချင်ပေမယ့် ကိုယ့်ရဲ့အခြေအနေ အနေ
အထားဟာ သူ ပြန်ကြိုက်မယ့် လက်ထပ်မယ့်အနေအထားမဟုတ်
ပါဘူးလို့ ခပ်ပွင့်ပွင့်ဖွင့်ပြောဖူးတဲ့ နပျိုကို ရုပ်ဝတ္ထုပစ္စည်းနှင့်
ကိုယ့်ဘက်ကပြသမြှူဆွယ်သလိုဖြစ်ရမှာကို ရီးမ ဝန်လည်းလေး
ရှက်လည်းရှက်မိသည်။

www.burmeseclassic.com



တော့ပါပြီ။ ငါ့မှာလည်း ကားရှိတယ်ဟဲ့ လို့ [illegible] ကိုမပြောချင်ပါ။ ကိုယ် ခုနတက်ရောက်ရှိလာတဲ့ အခြေအနေ[illegible] ရပ်ကို သူ့ထံ ခင်းကျင်းပြသမှ ထည့်သွင်းစဉ်းစားခံရမယ့်ဘ[illegible] တော့ ... ဟင့်အင်း။ နေပါစေ နပျိုရယ်။

"နင့်ကို မေးစရာရှိတယ်"

"ဩော် ... အေး၊ နင်ကမေးစရာရှိတာလား၊ ငါကရှိ[illegible] မဟုတ်ဘူးလား"

"ဘယ်သူ့အရင်မေးမေးပေါ့၊ ဒီမယ် နင်က အခု နင့်အိမ်[illegible] မနေဘဲ ဘယ်တွေလျှောက်နေနေတာလဲ"

"ဘာဖြစ်လို့လဲ"

"ငါမေးတာဖြေစမ်းပါ"

"ဘာလဲဟ၊ ကိုယ့်အိမ်ပဲ ကိုယ်နေတာပေါ့"

"မနေပါဘူး"

ရီးမက မနေ့က နပျိုနှင့် ကိုကို ဘာတွေ[illegible] သူ့အကြောင်းပြောဖြစ်ပါသေးသလဲလို့ အံ့ဩထူပူသွားကာ

"နင့်ကို ဘယ်သူက ဘာပြောလို့လဲ"

နပျိုက ရီးမမျက်လုံးထဲ တည့်တည့်ကြည့်ရင်း

"နင့်ပုံစံက တစ်ခုခုကို ဖုံးဖိလျှို့ဝှက်ထားသလိုပဲ ရီး[illegible]"

"ဘာလဲဟ၊ ဘာလျှို့ဝှက်စရာရှိလို့လဲ"

"ငါမနေ့က နင့်အိမ်ရောက်တယ်"





"ဟင်"

ရီးမက လန့်ဖျပ်သွားပါသည်။

"ဘယ်အိမ်လဲ"

"အလုံက နင့်ရဲ့အိမ်ပေါ့၊ နင့်မှာ အိမ်ဘယ်နှလုံးများရှိလို့လဲ၊ လိပ်စာကတ် နင်ပဲပေးထားပြီးတော့"

"နင် ဘာသွားလုပ်တာလဲ"

နပျိုက မျက်စောင်းထိုးရင်း ...

"ဘာသွားလုပ်ရမှာလဲ၊ နင့်ဆီသွားတာပေါ့ဟဲ့၊ မနေ့က ဆရာနဲ့သွားပြီး အဆောင်ပြန်ရောက်တဲ့အချိန်ကစောနေတော့ ငါ တစ်ခါပြန်ထွက်ပြီး နင့်ဆီထွက်လာတာ၊ နင် အိမ်မှာပဲများရှိမလားလို့"

"ဖုန်းတော့ မဆက်လိုက်ဘူး နင်ကလဲ"

"ဟဲန်းဒ်ဖုန်းက ရုံးပိတ်ရက် နင့်ဆီရှိလို့လား"

ဩော် ... ဟဲန်းဒ်ဖုန်းကိုလည်း တိုက်ကထုတ်ပေးထားတယ်လို့ပဲ ယူဆထားတာကိုး။

"ရှိပါတယ်ဟ"

"သိဘူးလေ၊ ငါက အိမ်မဲတန်းလိုက်သွားတာ၊ နင်နဲ့အရင်ချိန်းပြီးမှ ဖျက်လိုက်တာမဟုတ်လား၊ နင့်ကို အားနာတာပေါ့၊ ဒါကြောင့်မို့လို့ ပြန်ရောက်တာလည်းစောသေး[illegible] နင့်အိမ်ထွက်လာလိုက်တာ၊ လဒက အိမ်မှာမရှိဘူး



www.burmeseclassic.com

www.burmeseclassic.com



ရိုးမသည် သူ့ကို နုပျိုက 'လဒ'ဆို၍ စပ်ဖြီးဖြီးနှင့် အရမ်းရယ်ချင်ကာ တမင်တင်းထားတဲ့ရုပ်ပင် ပျက်သွားရပါသည်။

"ဟိုမှာ လူတစ်ယောက်တော့ရှိတယ်၊ နင့်သူငယ်ချင်း ဇော်လွင်တဲ့၊ သူ့ကို ငါကမေးလိုက်တော့ ရိုးမက ဒီမှာမနေဘူးတဲ့"

အဲဒီ လဒူဇော်လွင်ကတော့ သင်ထားပေမယ့် အမြဲ မပိမရိဖြေတတ်သည်။

"ဒီမှာမနေလို့ ဘယ်မှာနေလို့လဲဆိုတော့ ရေရေရာရာလည်း မပြောနိုင်ဘူး၊ ဟိုလိုလို ဒီလိုလို၊ သူ သေချာမသိဘူးလို့ နောက်ဆုံးဘူးခံလိုက်တယ်၊ ပြောပါဦး နင်က ဘယ်မှာနေ နေတာလဲ"

"အိမ်မှာပဲနေတာပါဟ"

"မနေ့က ဘယ်ရောက်နေလဲ"

"မဂ္ဂဇင်းကလည်း နှစ်ပတ်လည်နီးပြီ ဂျာနယ်တစ်စောင်လည်း စောင်ရေတစ်ထောင်ပြည့် အထူးထုတ်ရက်နဲ့နီးနေလို့ တိုက်မှာသွားအိပ်နေတာ"

"ဪ ..."

နုပျိုက ခုမှ ဘဝင်ကျသွားသလို သံရှည်ဆွဲပြီးမှ ရိုးမကို အကဲခတ်ပြန်ကာ ...

"ဟုတ်ရဲ့လား"





"ဪ ... ဟုတ်ပါတယ်ဟ၊ နင်ကလဲ"

"နင့်ကြည့်ရတာတစ်မျိုးပဲ၊ တစ်ခုခုကို ဖုံးဖုံးဖိဖိလုပ်နေသလိုပဲ၊ နင့်မျက်လုံးတွေက မရိုးသားဘူး"

ရိုးမက ခေါင်းကိုကုတ်ဖွလိုက်ရင်း ...

"တော်စမ်းပါဟာ၊ ငါက သူ့ကို စစ်ဆေးမလို့ဟာ၊ သူကပဲ ငါ့ကို ပြန်စစ်ဆေးလို့မပြီးဘူး"

"နင်က ဘာစစ်ဆေးမှာလဲ"

"ဪ ... မနေ့က နင် ဆရာနဲ့ တစ်နေကုန်လည်ပတ်ဖို့ ငါ့ကို ချိန်းထားတာ ဖျက်သွားတဲ့ကိစ္စ ငါက မမေးရမဖြစ်ဘူး ရတော့ဘူးလား"

"တစ်နေကုန်မဟုတ်ပါဘူးဟာ၊ ဟော ... ကားလာပြီ၊ နင်က ငါနဲ့ လိုက်မလို့လား"

ပြောပြောမေးမေးနှင့် နုပျိုက ထိုးဆိုက်လာတဲ့ ဘတ်စ်ကားကျပ်ကျပ်ပေါ် တိုးဝှေ့တက်သွားလေရာ ရိုးမမှာ စကားစကလည်း မပြတ်သေး၍ အတင်းလိုက် တိုးတက်လိုက်ရပါသည်။ ကျပ်တောက်နေတဲ့ လူတွေကြားထဲ နုပျို ဝင်သွားရာနောက် ကပ်လိုက်ရင်း တစ်နေရာမှာ ခြေငြိမ်ငြိမ် နေရာယူရပ်မိမှ ...

"ဘာပဲဖြစ်ဖြစ် ငါနဲ့ချိန်းပြီးသားကို နင် ဖျက်တာလေ"

"ဟဲ့ ... ကားပေါ်မှာ အာပြဲနဲ့၊ နင် ဘာဖြစ်နေလဲ၊ ငါ နင်မသိအောင် ခိုးသွားလို့လား၊ နင့်ကို ပြောပြသားပဲ၊ ဆရာက



www.burmeseclassic.com

www.burmeseclassic.com



ပြောစရာရှိလို့ဆိုပြီး ချိန်းပါတယ်ဆိုမှ ငါက ငြင်းလို့ဖြစ်မလားဟဲ့"

"ဘာလို့ မဖြစ်ရမှာလဲ၊ နင်က ဒေါက်တာစွမ်းထွဋ်ဆိုတာနဲ့ပဲ သူပြောသမျှ နင် အမြဲခေါင်းညိတ်နာခံတော့မယ်ပေါ့၊ ဘာကိုမှ မငြင်းတော့ဘူးပေါ့"

"ဟဲ့ ... အာမကျယ်နဲ့လို့ ပြောနေတယ်နော် ရီးမ"

"ငါက ဟိုညက ချက်ချင်းပြဿနာမလုပ်ချင်လို့၊ တကယ်ဆိုရင် နင့်ဆရာဝန်ချိန်းကတည်းက ဆရာရယ် ကျွန်မမနက်ပိုင်း ချိန်းထားတာလေး တစ်ခုရှိလို့ မွန်းလွဲမှ ညနေမှ အချိန်ရပါမယ်လို့ ပြောပါလား"

"ဟဲ့ ... အမိက,က ငါ့မိထွေး ဘာတွေလာပြောသွားလဲ၊ ဘာပြဿနာလုပ်သွားလဲ ငါသိချင်တာ၊ စိတ်ကပူနေတာ၊ ပြီးတော့ သူကချိန်းတာကို ငါက တစ်ခါပြန်ပြီး ချိန်းပြီးသားရှိတယ်လို့ ပြောလို့ကောင်းပါ့မလား"

"ဘာလို့ မကောင်းရမှာလဲ၊ အမှန်အတိုင်းပဲဟာ"

"သူက ငါ့အလုပ်ရှင်လေ၊ ငါက အချိန်ရွှေ့နေရဦးမှာလား"

"နင် သူ့ကို အလေးထားလွန်းတာပါ၊ နင့်စိတ်ထဲမှာ သူက ပြောစရာရှိတယ်ဆိုတော့ ငါ့ကို ချစ်ရေးများဆိုတော့မလားလို့ မျှော်လင့်သွားတယ် မဟုတ်လား"

"ဘာ"





နုပျို မျက်နှာက နီမြန်းသွားရပါသည်။ ထို့နောက်တော့ လုံးဝ မမျှော်လင့်တဲ့ အပြုအမူကို ပြုမူသည်မှာ နုပျိုဟာ ထားကျပ်ကျပ်အတွင်းမှာ ရီးမရဲ့ဗိုက်ခေါက်ကို ဆတ်ခနဲဆွဲပြီး ညှစ်လိုက်ခြင်းပင်။

"အာ"

"နင် ငါ့ကို မှိုချိုးမျှစ်ချိုး ပြောဦးမလား"

"အား ... နာတယ်ဟ၊ နုပျို ... လွှတ်ဟ"

"မလွှတ်ဘူး၊ နင်ငါ့ကို တော်တော် အထင်သေးတယ်ဟုတ်လား"

"မဟုတ်လို့လား၊ နင်က ဒေါက်တာစွမ်းထွဋ် ငါ့ကို ချစ်ရေးများဆိုမလားလို့ တစ်ခါမှ စိတ်ကူးမယဉ်ဖူးဘူးလား ဆရာဝန်ကတော်ရဲ့"

ရီးမက ဗိုက်ကလည်းနာနာနှင့် ပြုတ်တူလို မြဲမြဲလှဲ အံ့ဩစရာ နုပျိုလက်ချောင်းများကြားကလည်း ရုန်းထွက်မရ။ ဆိုတွေတိုကာ ရှေ့တိုးဆက်ပြောပြန်၍ နုပျိုက ဆွဲထားတဲ့ဗိုက်ခေါက်ကို တဆတ်ဆတ်နှင့်ပင် ဆွဲလှုပ်လိုက်သေးသည်။

"အား ... အား ... သေပါပြီဟာ ... လွှတ်ဟာ"

ရီးမအသံက ကျယ်သွားရပါသည်။

"မလွှတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သားမှာရှိနေတဲ့ ကားစပယ်ယာက အခြေအနေကို အကဲခတ်ပြီး အသံကျယ်ကျယ်နှင့် ...

"ကဲ ... ကဲ ... အစ်ကိုကြီးတို့ အစ်မကြီးတို့ ပြေလည်မှုကို ရှေ့ရှုမှပေါ့ခင်ဗျာ၊ ကားပေါ်မှာ ကျပ်ကကျပ်နဲ့ အချင်းစမ်းလို့ကောင်းတဲ့ နေရာလည်း မဟုတ်ရပါဘူး ခင်ဗျာ၊ ဒီဘက်က အစ်မကြီး၊ အစ်ကိုကြီးဗိုက်ပေါ်က လက်လေးကို လွှတ်ပြီး ကားခလေး တစ်ဆိတ်မစပါခင်ဗျာ"

စပယ်ယာ့အသံကြောင့် အခြေအနေကို မသိသေးသူတွေပင် ကိုင်းကာ ကုန်းကာ ခြေဖျားထောက်ကာ နုပျိုတို့ဘက် ဝိုင်းကြည့်နေကြပြီ။ အနီးကပ်ဆုံးက ချာတိတ်မလေးနှစ်ယောက် ခိုးခိုးခစ်ခစ် ရယ်နေကြသလို ကပ်ရက်က ကုလားကြီးလည်း ပြုံးစိစိနှုတ်ခမ်းကို အတင်းစေ့ပြီးလိပ်ကာ မုတ်ဆိတ်လှုပ်စိလှုပ်စိနှင့် ပြုံးနေရာ နုပျိုက ရှက်သွားပြီး စပယ်ယာကို မျက်စောင်းထိုးရင်း ရီးမဗိုက်ကို လွှတ်လိုက်ပါသည်။

"ရော့ ... ကားခ"

"အစ်မကြီး ... တစ်ယောက်တည်းဖိုးပဲလား"

"တစ်ယောက်တည်းပဲ"

ရီးမမှာ နာကျင်လှတဲ့ဗိုက်ကို ပွတ်ကာ ပွတ်ကာ ရှုံ့မဲ့နေရင်း ကိုယ့်အတွက်ရာတန် ကိုယ်ထုတ်ပေးလိုက်ပါသည်။

"နင် တကယ်နာအောင်လုပ်တယ်နော် ... အေး"





"လုပ်တယ်၊ ဘာဖြစ်လဲ၊ ငါ့ကို နင်ဟာ ချိုးချိုးဖဲ့ဖဲ့ပြောဖို့ ဝန်မလေးပါလားဆိုတာ ငါ သိသွားပြီ ရီးမ"

"ငါပြောတာ ဘာမှားလို့လဲ"

နုပျိုက ရီးမကို အံကြိတ်ပြီး စိုက်ကြည့်နေပါသည်။

"နင့်ကို ဒေါက်တာစွမ်းထွဋ် ချစ်ရေးဆိုလာဖို့ ရည်းစားစကား ပြောလာဖို့ နင်မျှော်လင့်လား မမျှော်လင့်ဘူးလား ပြောလေ"

တကယ်တော့ နုပျို မျှော်လင့်စိတ်ကူးယဉ်ဖူးပါသည်။ ပြည့်စုံသာယာချမ်းမြေ့တဲ့ဘဝကို မျှော်လင့်မိသူပဲလေ။ ဒါတော့ ဆရာက ဆရာဝန်တစ်ယောက်လေ။ ရုပ်ချောသဘောကောင်းကလည်း ဖြစ်သေး။ စိတ်ကူးယဉ် အိပ်မက် မက်မိတာပါ။

"မနေ့ကလည်း ဖွင့်များပြောမလားလို့ နင် လိုက်သွားတာ မဟုတ်လား"

"အေး ... ဟုတ်တယ်ဟာ၊ ဘာဖြစ်လဲ ... ကဲ"

နှစ်ယောက်သားဟာ သွားစေ့ပြီး သွားကြားထဲက ထွက်သံနှင့် မျက်နှာချင်း နီးကပ်ပြီး ရန်စောင်မာန်ဖီနေကြဖြစ်သည်။

"သြော် ... သြော်၊ ဒါပေမဲ့ ဒေါက်တာကြီးက မပြောတော့ နင် မှန်းချက်နဲ့ နှမ်းထွက်မကိုက် ဖြစ်သွားတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ရှီးမက တမင်နာအောင် ပြောသလို နုပျိုလည်း
တကယ်ပင် ချက်ကောင်းထိ နာကျင်ကာ ရှီးမကိုလည်း အငြ
မုန်းတီးသွားပါသည်။

"ဆရာနဲ့ငါ အပြင်ထွက်တာ ဒါ ပထမဆုံးအပတ်၊ ပထ
ဆုံး တနင်္ဂနွေလေ၊ ကမ်းမင်းဆန်းအေးတွေ ကမ်းမင်း
ဆန်းအေးတွေ အများကြီး ရှိသေးတာပဲ၊ ပထမဆုံးသွား
နေ့မှာ ဘယ်သူက အလေသုံးဆယ်ပြောမှာလဲ၊ နင်စော
ကြည့်ပေါ့၊ နောက်အပတ်တွေလည်း ချိန်းထားတ
တစ်ခုသော တနင်္ဂနွေမှာတော့ သူ ဖွင့်ပြောလာမှာ
အဲဒီကျတော့လည်း နင့်ကို ငါက အသိပေးမှာပါ"

ဟန်မပျက်လေးပြောတဲ့ နုပျို စကားကြောင့် ရှီး
ကတော့ ဟန်မဆောင်နိုင်အောင် မျက်နှာကြီးပျက် စူပုပ်နေ
သည်။ နုပျိုကို တစ်ကိုယ်လုံး ထက်အောက်စုန်ဆန်ကြည့်ရှုအပြ
ရှာဖြီး အရာတိုင်းဟာ အမြင်ကတ်ချင်စရာတွေချည်းပဲလို့ ထ
နေမိပါသည်။

"ပဲကိုများတယ်၊ လူတကာ ဒီလောက်အိုက်နေတာ၊ ဘတ်
ကားတိုးစီးနေရတာကို အပေါ်က ဆွယ်တာကြီးနဲ့၊ သူ
မအိုက်မစပ် ရှိုးများချင်တယ်"

"ဒီအနွေးထည် ဘာကိစ္စ ဝတ်ရလဲ သိရဲ့လား"

"ဘယ်သိမလဲ၊ ရှိုးများတာပဲ နေမှာပေါ့"





"ငါ ဖျားနေတာ၊ ဖျားနေတာဟဲ့ လဒရဲ့"

"ဘာကိစ္စဖျားရတာလဲ၊ မနေ့ကပဲ အကောင်း၊ ဒေါက်တာ
စွမ်းထွန်း ကားပေါ် ဇွေ့ခနဲပါသွားတာ ပြုံးလို့ရွှင်လို့ပါ၊
အကျီကပြာပြာ လူကပျာပျာနဲ့"

"ဘာကိစ္စ ဖျားရသလဲဆိုတော့ နင့်ကြောင့်ပေါ့ဟဲ့"

"ဟား … မဆီမဆိုင်ဗျာ"

"အေးပါ၊ နောင်ကိုတော့ နင့်ကို ဘယ်တော့မှ ငါမငဲ့ကွက်
တော့ဘူး၊ အားနာစိတ်လည်း မထားတော့ဘူး ရှီးမ၊ မနေ့
က ငါ နင့်အိမ်ကို လိုက်မလာလည်း ဘာမှမဖြစ်ပါဘူး၊
ဒါပေမဲ့ သြော် … စောသေးတယ်လေ၊ သူရှိနေသေးရင်
လည်း တစ်နေရာရာသွားရင် သွားပစေဦးလို့ အားနာပါး
နာ စေတနာထားပြီး နင့်ဆီ ထွက်လာမိလို့ နေပူမိတာ"

"နေပူမိတာ ! ဟား ဟား"

"ဟုတ်တယ် … ဆရာကားနဲ့ လိုက်နေတုန်းက အဲကွန်း
နဲ့ အေးမြနေတာ၊ စားသောက်ဆိုင်ရောက်တော့လည်း
အဲကွန်းနဲ့ပဲ၊ နင့်ဆီကို ပြန်ထွက်လာတော့မှ ဘတ်စ်ကား
ပြန်တိုးစီးပြီး နေပူထဲ လမ်းလျှောက်ရတာ၊ တစ်ကိုယ်လုံး
ပူခြစ်ပြီးမှ နင့်အိမ်ရောက်တော့ နင်က မရှိဘူး၊ ဒါနဲ့
အဆောင်ပြန်လာတော့ လူကချွေးစေးတွေနဲ့ အိုက်စပ်နေပြီ

www.burmeseclassic.com



ဘယ်လိုမှ မနေနိုင်လို့ ရေချိုးလိုက်တာ၊ အပူက ရုပ်သွားတာ နေမှာပေါ့၊ ရေချိုးပြီးတာနဲ့ ခေါင်းတွေအုံ နှာချေပြီးဖျားတာ၊ နင့်ကြောင့်"

ရီးမက စိတ်တော့မကောင်း ဖြစ်သွားမိပါသည်။ နပျို တကယ်ပဲ သူ့အိမ်ကို ချက်ချင်း ပြန်ထွက်လာတယ်ဆိုတာဟာ သူ့ကို စိတ်ထဲရှိတော့ရှိလို့ မဟုတ်လား။ သို့သော် နှုတ်ကတော့ ...

"ဘာလဲ ... ငါ နင့်ကို ဆေးဖိုးပေးရမလား"

"မလိုဘူး ... ဆရာ ရှိတယ်၊ ငါနေကောင်းတာ သိရင် ဆရာက စမ်းသပ်ပြီး ဆေးတိုက်လိမ့်မယ်၊ နင်ပူစရာမလိုဘူး"

"ဟွန်း ... လေကတော့ ..."

"နောက်ဆို ဒီလို နင့်ဆီလိုက်လာတာမျိုး တစ်သက်လုံး မလုပ်တော့ဘူး၊ ကိုယ်က သနားစိတ် ထားပေမယ့် နင်က ငါ့ကို ရိတယ် လှောင်တယ်"

"နင် ငါ့ကို သနားစိတ်လည်း ထားစရာမလိုပါဘူး၊ ငါ့ကို သနားပါတယ်ဆိုတဲ့ အချိုးမျိုးလည်း လာမချိုးနဲ့၊ နင်သနားနေတာကိုလည်း ငါမလိုချင်ဘူး"

"ရတယ်လေ ... ပြီးတာပဲ"





နှစ်ယောက်လုံး မျက်နှာတွေကို တစ်ဖက်စီပင့်မော့ချီကာ အကြည့်ချင်း လွှဲထားပါသည်။ ခုဏနေမှ နပျိုက သတိရသွားတဲ့ဟန်နှင့် ...

"နင် ခုန ငါ့ကိုပြောတာ ဆရာကားပေါ် ငါကပါသွားတာ မြင်လို့ ရှင်လို့ဆိုတော့ နင် မြင်တယ်ဆိုတဲ့ သဘောပေါ့ ဟုတ်လား"

ရီးမ အငိုက်မိသွားကာ ရုတ်တရက် ပြန်လည်းမငြင်းမိ။ ဝန်လည်းမခံမိ။

"နင် မနေ့ကမနက်က ငါ့ဆီလာသေးတယ်ပေါ့၊ ဟုတ်လား၊ ဟုတ်တယ်မှလား၊ ငါ့အကြိုအပြာဆိုတာပါ နင်သိနေတယ်"

ရီးမက မလာပါဘူးလို့ တမင်ရွဲ့ မညာချင်တာမို့ တစ်ဘက်လှည့်နေရာက လှည့်လည်းမကြည့်။ ပြန်လည်းမဖြေ။ နပျိုကတော့ ဒေါသတွေ ရုတ်တရက်ပြေသွားသလို စိတ်ပျော်ပျော်သွားပြီး ရီးမကို သနားသွားပါသည်။ သူ မသနားနဲ့ဆိုလည်း ကိုယ့်ဟာကိုယ် သနားတာ ဘာတတ်နိုင်မှာလဲ။ မနေ့က လမ်းထိပ်နားမှာ သူ ရှိနေခဲ့ပြီး နပျိုတို့ ထွက်သွားတာကို စောင့်ကြည့်နေခဲ့တာပဲဟု တွေးမိတဲ့အခါ နပျို နှလုံးသားတွေ ပူနွေးပြီး သူ့ကို ဒေါသဖြစ်သမျှ အရည်ပျော်ကျသွားရပါသည်။

❣ ◇ ❣



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၁၂

ခြောက်ရက် အလုပ်ဆင်းရကာ တနင်္ဂနွေနေ့ တစ်ရက်ပဲ နားရပြီး အဲဒီတနင်္ဂနွေမှာ စွမ်းထွဋ်နဲ့ အပြင်ထွက်ဖြစ်ခဲ့တဲ့ နှယ်ပျိုကို ဘယ်လိုလုပ်များ တွေ့ခွင့်ရမှာလဲ။ ဆေးခန်းကလည်း ညဆယ်နာရီထိုးခါနီးကျမှ ပြန်ရောက်တာမို့ အလုပ်ဆင်းချိန်လည်း ဘယ်လိုမှ သွားတွေ့ဖို့ မဖြစ်လေရာ ရီးမသည် မနက် နှယ်ပျိုအလုပ်မသွားခင် အစောပိုင်းတွေ့၍သာ တွေ့ခွင့်ရနိုင်တဲ့အခွင့်အရေးရှိပါသည်။

တနင်္ဂနွေတွေမှာတော့ ရီးမသည် အရှုံးတစ်ယောက် နှယ် ကိုကိုနှင့် နှယ်ပျိုတို့ရဲ့ကားနောက်က ခိုးကြောင်ခိုးဝှက် လိုက်နေမိတတ်လေ့ရှိသည်။ သူလုပ်နေပုံကို သူ ပြောပြလို့သိတဲ့ ငယ်ချင်း ဇော်လွင်တို့ ဇေယျာတို့က ...





"မင်း အရှုံးပဲဟောကောင်၊ မင်း သူ့ကိုပြောပုံကိုက ခရီးကြို လမ်းကြို စကားတောက်ကြည့်တဲ့ စတိုင်မျိုးနဲ့ပြောနေတာကိုး၊ တကယ်နှစ်နှစ်ကာကာ ခွင့်တောင်းကြည့်ပေါ့ကွ"

"မရပါဘူး၊ သူက ချမ်းသာချင်တယ်ကွ"

"ဒီခေတ်ကြီးထဲမှာကွာ၊ ချမ်းသာပြည့်စုံချင်တယ်ဆိုတဲ့ သူတွေကို အပြစ်တင်နေလို့ မဖြစ်တော့ပါဘူး။ သူ ချမ်းသာချင်တာ ဘာဖြစ်လဲ၊ မင်းလည်း အခု သူ့ကို ချမ်းချမ်းသာသာ ထားနိုင်မှာပဲလေ"

ဖေဖေနဲ့ သူရဲ့ပြန်ပေါင်းထုပ် ဇာတ်လမ်းကို ဒီသူငယ်ချင်းနှစ်ယောက်ပဲ သိကြပါသည်။

"အေးလေ ... မင်းအဖေ မင်းသားကွာ၊ ဘောစိပဲကွာ၊ မင်း ဘာဖြစ်လို့ သူ့ကို ဖွင့်မပြောသေးလဲ"

"အာ ...၊ ငါ့အဖေက ဦးနေထွဋ်မို့လို့ ငါ ချမ်းသာသွားပြီ ဟလို့ ပြောရမှာ ရှက်စရာကြီးကွာ၊ ငါ မပြောချင်ဘူး"

"အမှန်ကို ပြောတာပဲဟာ၊ မင်းလည်း သူ့ကိုလက်ထပ်ဖို့ ရည်ရွယ်ချစ်တာ၊ မင်းဘဝတစ်လျှောက်လုံး ချစ်လာရတာ၊ ရအောင်ကြိုးစားရမှာပေါ့၊ သူလည်း မိန်းကလေးတစ်ယောက် အနေနဲ့ ယောကျ်ားတစ်ယောက်ကို ကိုယ်လက်ခံနိုင် လက်မခံနိုင် စဉ်းစားနိုင်ဖို့ ဒီကောင်ရဲ့အခြေအနေမှန်ကို သိရဖို့ အခွင့်အရေး ရှိတယ်ကွ၊ မင်း သူ့ကို အမှန်တွေပေးသိ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ထည့်စဉ်းစားနိုင်းရမှာ၊ ဒါမှ သဘာဝကျမှာပေါ့ ...
ရှာ”

“အေးလေ … မင်းဟာက ရှေးတုန်းက အိမ်ရှေ့မင်းသ... ရပ်ဖျက်ပြီး တိုင်းခန်းလှည့်လည်၊ သူဆင်းရဲယောင်ဆော... ပြီးမှ ရိုးသားတဲ့ ကြင်ယာဖက်ကို ရှာဖွေတယ်ဆိုတာ... ပုံပြင်ဆန်နေပြီ”

“ငါ့ကို ဆင်းရဲလည်းချစ်၊ ချမ်းသာလည်း ချစ်တဲ့သူ... အချစ်စစ် မဟုတ်လား”

“ဒါတော့ ဒါပေါ့၊ ဒါပေမဲ့ မင်းကို သူ ချစ်တော့ချစ်တ... မင်းက သိပ်မပြည့်စုံဘူးထင်လို့သာ ချစ်ရက်နဲ့ တခြား... စုံသူကို လှည့်စဉ်းစားရမယ် ဆိုတာရော ဖြစ်သင့်သ... ကွာ၊ ကိုယ့်အခြေအနေမှန်ကို ဖော်ပြပြီး မင်းကို ငါ ... တောင့်တင့်တယ် ပြည့်ပြည့်စုံစုံ ထားနိုင်ပါတယ်ဆို... သူ့အချစ်ကို တောင်းခံလိုက်တာကသဘာဝကျကျနဲ့ အ... သင့်ဆုံးပဲ မဟုတ်လားကွ”

“ဒါပေမဲ့ ငါ အခြေအနေကောင်းလို့ သူ လက်ခံလိုက်... လို့ တစ်သက်လုံး တွေးနေမိမှာကို နင်တယ်ကွာ”

“ရိုးမ … မိန်းကလေးတွေဟာ အချစ်အပြင် စားဝတ်... ရေးပါ ထည့်စဉ်းစားချင့်ချိန်တယ်ဆိုတာ တကယ်... လိမ္မာတာပါကွာ၊ အချစ်ဆိုတာ မရှိမဖြစ် အရေးကြီး...





မယ့် ဘဝအာမခံချက်ကလည်း အရေးပါတာပဲကွ”

“ဒါပေမဲ့ ငါ ဦးနေထွန်းသား မဟုတ်ဘူးပဲ ထားလိုက်ကွာ၊ ငါ့လခက အိမ်ထောင်တစ်ခုကို ဖူလုံအောင် ကျွေးနိုင်ပါတယ်၊ ငါ့မှာ ဒီအိမ်ပိုင်လေးလည်းရှိတယ်၊ အုပ်ညှပ်တစ်ထပ်အိမ်လေး ဆိုပေမယ့် ပိုက်ဆံစုမိရင် နှစ်ထပ်တိုက်လေးလောက် ပြင်ဆောက်နိုင်ပါတယ်၊ သူ တဲကုပ်ပေါ်တက်လာရမှာ မဟုတ်ပါဘူး၊ မဝတဝ စားရမှာလည်း မဟုတ်ပါဘူးကွာ၊ ငါ့လောက်ကို သူ အထင်မကြီးဘူး မရောင့်ရဲဘူးဆိုတဲ့ အသိက ရင်ကို နာစေတယ်ကွ”

တနင်္ဂနွေတစ်ပတ်ပြီးတစ်ပတ် ကိုကိုနှင့် နုပျိုတို့ရဲ့ ရင်းနှီးမှုတွေလည်း တစ်စစ တိုးမြင့်ချည်နှောင်လာတယ်ဆိုတာ ရိုးမ သိနေသည်။ ကိုကို့စကားများထဲမှာ နုပျိုအပေါ် သံယောဇဉ် တစ်စထက်တစ်စ ပိုလာတာကိုလည်း သိနေရသည်။ ဘယ်လောက်ပဲ ပိုလာလာ ကိုကိုဟာ နုပျိုကို ရိုးမ ချစ်တာရဲ့ ခြေဖျားမီအောင် ဘယ်နည်းနှင့်မှ မချစ်ဘူးဆိုတာ ရိုးမ သိနေပါသည်။

ကိုကို့ထံမှာ ဖေဖေ့ တိုက်တွန်းစကားတွေကြောင့် အိမ်ထောင်တစ်ခုတော့ ပြုသင့်နေပြီဆိုတဲ့အတွေး တဖြည်းဖြည်း ခိုင်မာလာနေတာ။ အိမ်ထောင်ပြုတဲ့အခါမှာလည်း ကိုကိုဟာ ပုလောင်ထက်ရတဲ့ မိန်းမမျိုးကို မလိုလား၊ အေးအေးချမ်းချမ်းနှင့် သူ့အရိပ်အောက် ခိုဝင်လာတဲ့ မိန်းမမျိုးကို လိုလားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ နုမျိုးနှင့် အံကိုက်။

ရီးမသည် နံနက်ခင်းတချို့မှာတော့ နုမျိုးရပ်စောင့်နေတဲ့ ဘတ်စ်ကားမှတ်တိုင်ကို အတူသွားရပ်မြဲ။ သွားမရပ်ဖြစ်တဲ့နေ့တွေတိုင်းလည်း မနက်တိုင်းတော့ ဒီလမ်းထိပ်ကိုရောက်သည်။ ကားပေါ်ကသာ လှမ်းကြည့်နေလိုက်တာ။

တကယ်တော့ အင်းလျားလမ်းက လာတာမို့ ဘာမှမဝေးသော်လည်း နုမျိုးကတော့ သူ့ကို အလုံကလာတယ်လို့သာ သိရသူဖြစ်ရာ ...

"ဟဲ့ ... နှင် မနက်မနက် အဝေးကြီးကနေ ဒီကိုဘာလာလုပ်နေတာလဲ၊ ခဏ ခဏပဲ"

"နှင့်ကို လာတွေ့တာလို့ မထင်မိဘူးလား"

နုမျိုးက နှာခေါင်းရှုံ့ မျက်စောင်းစွယ်ရင်း ...

"ငါ့လာတွေ့ဖို့က တကူးတကကြီးကို"

"ကျန်တဲ့အချိန်တွေမှ အဆင်မပြေဘဲ၊ တနင်္ဂနွေအားရက်ကျတော့လည်း နင်က ဘဲနဲ့လည်တယ် မဟုတ်လား"

"ဘယ်ကဘဲ ဟုတ်ရမှာလဲ နင်နော်"

"နင်မှ မအားဘဲ"

"ညနေဘက်တွေ အားတာဘဲပါတယ်ဟဲ့၊ နင် လာခဲ့လေ"

"မနက်ပိုင်း ဒေါက်တာစွမ်းထွဋ်နဲ့ ထွက်ပြီး ညနေပိုင်း ငါနဲ့ထွက်မယ်ပေါ့"





"အောင်မာ ... သူကပဲ တွေ့ချင်တဲ့သဘောပြောလို့ ငါက စိစဉ်ကြည့်ရတာ၊ မလာလည်းနေပေါ့၊ ရတာပဲ"

ရီးမ သွားချင်ပေမယ့် မကြာခင် မနက်ပိုင်းလေးပဲ ကိုကိုနဲ့လျှောက်သွားထားသေးတယ် ဆိုတဲ့ ဗီလင်အောက်တဲ့ အတွေးကြောင့် မရောက်ဖြစ်တာပင်။

"နင့်ရုပ်ကိုက မှင်မသေဘူး၊ နင် တစ်ခုခုတော့ တစ်ခုခုပါပဲ၊ နင် ဒီနားတစ်ဝိုက်ကို လာနေတာ ငါ့ကိုတွေ့ဖို့ချည်းပဲ ဟုတ်ရဲ့လား၊ တခြားတစ်ခုခု ပါဦးမယ်ထင်တယ်"

"ဘာပါရမှာလဲ"

"နင် ဒီနားနားက ကောင်မလေး တစ်ယောက်ယောက်ကို များ လာလာကြိုနေလား"

"ဟား ဟား ဟား ဟား"

"ဘာလဲ ... လူကြီးရှက်လို့ ရယ်တာလား၊ ဟုတ်နေတယ် မဟုတ်လား"

"အေး ... နင် တော်တယ်ဟာ၊ စုံထောက်လုပ်စားဖို့ ကောင်းတယ်"

"ဘယ်ကလဲ"

"ငါက နင့်ကို အသေးစိတ် ပြောစရာလိုလား၊ တော်ကြာ နင်က သွားချောင်းကြည့်တာတို့ မနာလိုပြီး ကုန်းသွားထိုးတာတို့ မလုပ်ဘူး ပြောနိုင်လား"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ၊ မပြောလည်း နေပေါ့ဟယ်၊ သူ့ဟာကိုရ
ငါက တွေ့ချင်ရဦးမယ်"

"ဆရာဝန်မတော့ မဟုတ်ပါဘူးဟာ"

"နင် ဘာဖြစ်နေလဲ၊ ဒီဆရာဝန်ကိုပဲ ခလုတ်တိုက်လို့မပြေ
တော့ဘူးလား"

"နင်နဲ့ နင့်ဒေါက်တာကကော ပြီးလို့လား၊ နင်တို့မပြေ
သေးဘဲ ငါကလည်း ခလုတ်တိုက်လို့ မပြီးဘူးပေါ့"

"နင့်ဟာဆီ နင်လာတာဆိုရင် ငါနဲ့ ဘတ်စ်ကား ဘာဖြ
လို့ အတူလိုက်စီးလာလဲ"

"သူက အစောကြီးသွားပြီ၊ သူ ထွက်သွားပြီးမှ နင်က
ကားဂိတ်ကို ရောက်ရောက်လာတာ၊ သူမှမရှိတော့တာ
နင်နဲ့ပဲ ဘတ်စ်ကားအတူ လိုက်စီးခဲ့တော့တာပေါ့"

နပျိုက ဟုတ်လေသလား မဟုတ်လေသလား
ဇဝေဇဝါ အကဲခတ်တဲ့ မျက်ဝန်းများနှင့် ရီးမကို စိုက်ကြည့်နေ
တတ်သည်။ အဲဒီမျက်ဝန်းများထဲမှာ သဝန်တိုမှု အရိပ်အရောင်
လေးများ အနည်းအကျဉ်း ပါဝင်နေတတ်လေသလားလို့ ရီးမက
ကိုယ့်ဘာကိုယ်ယက်တွေးကာ သဘောကျနေတတ်ပါသည်။

တစ်နေ့သောအခါမှာတော့ မိုးတွင်းဝင်လာပြီဖြစ်တဲ့
ရာသီဥတုမို့ မုတ်သုန်မိုးက နံနက်အစောကြီးကတည်းက တစိမ့်





စ် တစွေစွေ ဖြစ်နေခဲ့သည်။ ဝတ္တရားမပျက် နပျိုတို့လမ်းထိပ်
ချစ်ဖက်ကမ်း ကားရပ်ပြီး နေနေရင်း ထီးကလေး ငိုက်ဆောင်း
ာ ထွက်လာတဲ့ နပျိုကို လှမ်းမြင်လျှင် ဒီနေ့အဖို့ သူ့ဆီသွားရ
ောင်းနိုး မသွားရကောင်းနိုး ချီတုံချတုံ ဖြစ်နေပါသည်။

ကားမှတ်တိုင် အမိုးအောက် ဝင်ရပ်လိုက်တဲ့ နပျို
ာ လွယ်ထားတဲ့ အိတ်ကတစ်ဖက်၊ ထီးရေစိုတစ်ဖက်၊ စတီး
မင်းချိုင့်လေးကတစ်ဖက်။ စိုစိုစွတ်စွတ်နှင့် ဘတ်စ်ကားကျပ်ကျပ်
ါ တိုးတက်စီးရဦးမည်ကို ကရုဏာသက်နေမိပါသည်။ သက်
ောင့်သက်သာ ငြိမ်းငြိမ်းကလေး သွားလာနိုင်အောင် ကိုယ်ပိုင်
ားပါတဲ့ ချစ်သူကိုသာ အလိုရှိတာဟာလည်း အပြစ်မြင်စရာ
ယ်တော့ မဟုတ်ရှာပါ ထင်ပါရဲ့။ ဘယ်သူမဆို ရနိုင်ရင်တော့
အလိုရှိကြမှာပါပဲ။

ရီးမက သူ့ထံမှာ ထီးလည်းမပါ၍ ကားပေါ်က
ဆင်းမနေတော့ဘဲ ကားကို မောင်းထွက် တစ်ပတ်ပတ်ကာ နပျို
ရှိရာ မှတ်တိုင်ရှေ့နား ရပ်လိုက်ရင်း မှန်ချပြီး ...

"နပျို"

နပျိုက ဇဝေဇဝါနှင့် ကားထဲငုံ့ကြည့်သည်။

"နပျို ... လာ တက်"

"ဟဲ့ ... နင် ဘယ်သွားမလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



“တက်ပါဆို ... အမြန်တက်၊ ဒီမှာ ကားရပ်လို့ မရဘူးဟ”

နပျိုက ဆက်မေးမနေတော့ဘဲ ကမန်းကတန်း ကားဆီပြေးကာ ကားပေါ်တက်လိုက်ပါသည်။

“ဟဲ့ ... ဘယ်သူ့ကားကြီးလဲ၊ ငါ့ဆီကရေတွေ စိုကုန်ပြီ”

“စိုပစေ”

“ဘယ်သူ့ကားလဲလို့”

“ဘယ်သူ့ကားဖြစ်ဖြစ်ပေါ့”

“နင်ကလေ အတည့်လေး ဖြေလိုက်ရမှာ ဘာဝန်လေးလို့ အမြဲတမ်း ဒီလိုပဲ ကပ်ဖဲ့ကပ် လုပ်နေရတာလဲ”

“ဘယ်သူ့ကား ရှိမလဲဟာ၊ ငါ့ဘောစ်ကားပေါ့”

“အေး ... ထင်တော့ ထင်သားပဲ”

“ငါ့ဘောစ်ကား မဟုတ်လို့ ငါက ဘယ်ကကား ရနိုင်စရာ ရှိတယ်ထင်လို့လဲ”

“သိဘူးလေ၊ တစ်ခါတလေတော့လည်း နင် ထီတွေဘာတွေပေါက်ရင် ကောင်းမှာပဲလို့ ငါ တွေးမိတတ်လို့ ထီပေါက်ပြီး ကားဝယ်လာလားလို့ မဟုတ်မှန်းသိလည်း စိတ်ကူးယဉ်ကြည့်တာပေါ့ဟာ”

ရီးမက နပျိုရဲ့ ပြုံးစိစိမျက်နှာလေးကို ငဲ့ကြည့်မိပါသည်။ သူ့ကို ထီပေါက်ဖို့ စိတ်ကူးယဉ်ကြည့်မိတဲ့ နပျိုရဲ့မသိစိတ်ဟာ ရီးမကို သူ လက်ခံနိုင်တဲ့ အနေအထားက လူတစ်ယောက်





ဖြစ်လာဖို့ စိတ်ကူးယဉ်ခြင်း တစ်မျိုးပဲ မဟုတ်လား။ ကြည်နူးသလို စိတ်တစ်ဝက်နှင့် အတူ အောင့်သက်တဲ့ စိတ်တစ်ဝက်လည်း နှောင့်စနင်း ဖြစ်ရသည်။

“ငါ ထီပေါက်မှတော့ ငါ့ကောင်မလေးနဲ့ ငါ ကြည်နေပြီးပေါ့ဟာ”

နပျို မျက်နှာလေးက ...မျိုးလေးဖြစ်ကာ ရီးမကို လှည့်ကြည့်သည်။

“အေးလေ ... ငါ ကားပိုင်နဲ့ ထောလာမှတော့ သူ ငါ့ကို လက်ခံပြီပေါ့”

“သူက ဘာမို့လို့လဲ”

နပျိုရဲ့ အောက်ကလီအာသံက ရီးမဘက်က မခံချင်မှုသက်သက်ပင်။

“သူကတော့ ဘာမှမဟုတ်ပါဘူး၊ ဒါပေမဲ့ မိန်းကလေးပဲဟာ၊ အမြင့်ဆုံးဟာပဲ လိုချင်ကြတာပေါ့၊ နင် ကိုယ်ချင်းစာကြည့်ပေါ့၊ နင်လည်း ဒီလိုပဲ မဟုတ်လားဟာ”

နပျို နှုတ်ဆိတ်သွားပါသည်။ မျက်နှာကလေး ဝမ်းနည်းကြေကွဲသလို ဖြစ်သွားပုံကို မြင်ရတော့ ရီးမပင် ရင်ထဲ မကောင်း ဖြစ်ရသည်။ အတန်ကြာမှ နပျိုက ...

“ဒါပေမဲ့ နင်က ရိုးသားကြိုးစားတဲ့ ကောင်လေးတစ်ယောက်ပဲဟာ”



www.burmeseclassic.com

www.burmeseclassic.com



“ဆိတ်ရိုး ဝက်ရိုး အမဲရိုးကမှ ပြုတ်စားလို့ ရသေးတာ၊ လူရိုးက ဘာမှအသုံးကျတာမှ မဟုတ်တာ၊ ဖွတ်ပဲ၊ ကြိုးစားတယ် ဆိုတာကလည်း အတိုင်းအတာ ရှိတယ်ဟ”

နုပျိုက ရိုးမကို ခွေးခွေးကလေး ငဲ့ကြည့်ကာ ငြိမ်သက်နေပါသည်။

❣ ◇ ❣

နုပျိုက ဒေါက်တာစွမ်းထွဋ်ရဲ့အခန်းကို တံခါးလေး ခေါက်ကာ ...

“ဆရာ”

“နုပျိုလား ... ဝင်ခဲ့၊ အပြင်မှာ နော်လေးဖောပါခေါ်ခဲ့”

ဆရာက ခေါ်သည်ဆို၍ နုပျို ရောက်လာတာပါ။ ဝင်လာတဲ့ နုပျိုကို စွမ်းထွဋ်က ကြည့်ရင်း ...

“ခုနရှေ့က ဖြတ်ဝင်လာရင်း မျက်နှာကြီးမို့ မျက်လုံးတွေ စင်းနေတာတွေ့လို့ မောင်စိုးကို ခေါ်ခိုင်းလိုက်တာ၊ နေမကောင်းဘူး ဟုတ်လား”

“ဟုတ် ... နည်းနည်းပါ ဆရာ”

“နော်လေးဖော ... သူ့ကို တမ်ပရေချာယူ၊ ပရက်ရှာတိုင်းစမ်း”





“ဟုတ်ကဲ့”

နုပျိုကို သူနာပြုဆရာမက အဖျားတိုင်း သွေးဖိအားတိုင်းသည်။

“ဆရာ အဖျားက တစ်ရာသုံးပါ၊ ပရက်ရှာက ဝမ်းသာတိ အိတ်တိ”

“အင်း ... ဒါ အဖျားရှိန်ကြောင့် ဖြစ်သလောက်ပါ၊ ဘာဖြစ်လို့ ဒီလောက် ဖျားနေတာ ခွင့်မယူလဲ နုပျို”

“ဆရာ ... နုနုဝေ တစ်ယောက်တည်း မနိုင်လို့ပါ၊ ဒီရက်က ကျန်းမာရေးဆေးစစ်တဲ့ Pakage တွေလည်း ပရိုမိုးရှင်းလုပ်ထားတော့ နေ့လယ်ဘက်တွေမှာပါ ဆေးလာစစ်ကြတဲ့သူတွေ များနေလို့ပါ၊ အလုပ်များတဲ့ရက်ပိုင်းမို့ ခွင့်မယူတာပါ”

“ဒီလိုလည်း ဘယ်ဟုတ်မလဲ၊ နေမကောင်းဖြစ်ရင် မနားလိုက်ရင် ဒီထက်ဆိုးလာတော့ ပိုတောင် အလုပ်ပျက်သေးတယ် မဟုတ်လား၊ အလုပ်ပါးသွားမှ နားမယ်လို့ ဘယ်ဟုတ်ပါ့မလဲ၊ အလုပ်ပါးတဲ့ရက်မှာ ကိုယ်က နေကောင်းချင်လည်း ကောင်းနေပြီ၊ ဖျားတာ နာတာက ကိုယ်အားတဲ့ရက်ကလေးမှ ဝင်လာတာမျိုးမှ မဟုတ်ဘဲ၊ သူ့ဟာသူ ဖျားချင်တဲ့ရက် ထဖျားတာ၊ နုနုဝေ တစ်ယောက်တည်း မနိုင်လည်း ဒီဘက် တခြားဘက်တွေက တစ်ယောက်ယောက် အကူလွှတ်ရမှာပေါ့၊ ဘယ်နေ့က စဖြစ်လဲ”



www.burmeseclassic.com

www.burmeseclassic.com



"မနေ့ကပါ"

"မနေ့က အဖျားတိုင်းကြည့်သေးလား"

"မနေ့က တစ်ရာ့, တစ်ရာ့တစ်လောက် ရှိပါတယ်"

"စမ်းသပ်ခုတင်ပေါ် တက်လိုက်"

စွမ်းထွဋ်ရဲ့ သီးသန့်ခန်းထဲမှာလည်း စမ်းသပ်ခုတင် တစ်ခု ထားထားသည်ဖြစ်ရာ နုပျိုသည် သူ့စကားအတိုင်း ခုတင် ပေါ် တက်ရပါတော့သည်။

"မနေ့ကတည်းက အလုပ်မလာရမှာ၊ အခု ဒီနေ့ အဖျား တိုးလာတယ်ဆိုတော့ နည်းနည်းစမ်းကြည့်လိုက်မယ်၊ ဟုတ် လား"

"ဟုတ်ကဲ့"

စွမ်းထွဋ်က နုပျိုကို နားကျပ်နှင့်ရော ဝမ်းဗိုက် လက်နှင့်စမ်းတာရော သေချာစမ်းသပ်ကြည့်ပြီးလျှင် ...

"အူနည်းနည်းရောင်နေတယ်၊ ဗိုက်မအောင့်ဘူးလား"

"အရမ်းတော့ မအောင့်ပါဘူး ဆရာ၊ ဗိုက်ထဲမှာတစ်မျိုး လေးတော့ ဖြစ်နေတယ်၊ တစ်ခုခု ဖြစ်သလိုလေးတော့ ခံစားရတယ်"

"အဲဒါ ကိုယ့်ကို ဘာလို့မပြောပြလဲ"

စွမ်းထွဋ်ရဲ့ အားမလို အားမရ ပူပန်တဲ့ ဟန်ပန် သူနာပြု နော်လေးဖောက မသိမသာလေး အကဲခတ်နေပါသည်။





"နုပျို အစာသိပ်မဝင်လို့ ဗိုက်အောင့်တာလားပဲ ထင်လို့ပါ"

"ကိုယ်ထင်ချင်တာ ထင်ရအောင် မင်းက ဆရာဝန်လား လုနုပျို"

နုပျိုသည် စွမ်းထွဋ် စပ်တင်းစင်းပြော၍ မျက်လွှာ ချရင်း ဝမ်းနည်းလာပါသည်။

"မနေ့ကမှ စဘာ သေချာရဲ့လား"

"တစ်နေ့ကလည်း နေ့ တာ သိပ်မကောင်းဘူး"

"ဟော"

နော်လေးဖောပင် ပါးစပ်လေးအုပ်ပြီးရယ်နေပါသည်။

"တစ်နေ့က ရေ့ကကော"

"... ... ..."

"ဟင်၊ အခု အန်ကော အန်လား"

"မနေ့ကတည်းက အန်ပါတယ်၊ အန်လို့ နုပျို ဘာမှမစား ဘူး၊ နို့လေးပဲ ဝယ်သောက်ပါတယ်၊ သောက်လည်း အန် တာပဲ၊ ခုနကတော့ ချဉ်စပ်ခေါက်ဆွဲ စားမလားလို့ စဉ်း စားနေတာ ဆရာ၊ နို့မို့လို့ အန်တာလားလို့"

"ဗျူး ... တော်ပါသေးရဲ့ နုပျိုရယ်၊ ချဉ်စပ်ခေါက်ဆွဲပြုတ် ဝယ်မစားခင် ခေါ်စစ်ကြည့်မိလို့၊ အူရောင်ပြီး အဖျားကြီး နေတာ၊ တိုက်ဖွိုက်ဆန်ဆန် ဖြစ်နေတာ၊ အဖတ်မာမာမစား ရဘူး၊ ခုအချိန် ချဉ်စပ်ခေါက်ဆွဲများ စားလိုက်ရင် အူက



www.burmeseclassic.com

www.burmeseclassic.com



ပေါက်တောင်သွားနိုင်တယ်၊ စ,နေတာ လေးရက်လောက် တော့ရှိမယ်၊ ဘာပဲဖြစ်ဖြစ် နေမကောင်းရင် စ,ဖြစ်တာနဲ့ ကိုယ့်ကိုပြောပြမှပေါ့"

သူ့ကိုပြောရင် သူ စမ်းသပ်တာ ခံရဖို့ လမ်းကြောင်း ထွင်သလို ဖြစ်မှာလည်း ကိုယ့်ဟာကိုယ် စိုးရိမ်နေကာ ဆရာ့ မှာပင် အလုပ်လုပ်နေပါလျက် တခြားဆရာဝန်နှင့်လည်း သွား ပြချင်၍ ပေနေတာပါ။

"အရည်ပဲ သောက်ရမယ်၊ ကော်ဖီအိုဗာတင်း မသောက်နဲ့ အန်တာကို အရောင်ကြည့်ထား၊ အခု ပြန်လိုက်တော့ အဆောင်မှာ ပြန်နား၊ ဦးကြည်နဲ့ပဲပြန်လိုက်၊ ဦးကြည်ကို လမ်းမှာ Mart တစ်ခုခုမှာ နွားနို့ဝင်ဝယ်သွားပေးဖို့ ပြော ရမယ်၊ နွားနို့ပဲသောက်ထားနှင့်၊ ကိုယ် ညနေကျရင် မင်း သောက်လို့ရတဲ့ အဖျော်ရည်တွေ ဝယ်ခဲ့ပေးမယ်၊ လာပြီး ကြည့်မယ်၊ နော်လေးဖော ... ရော့ ... ဒီဆေးစာရင်း ထွက်နဲ့ ဆေးသွားထုတ်လိုက်ဟ၊ ဦးကြည်ကို ကားအဆင် သင့် ပြင်နိုင်းထား"

"ဟုတ်ကဲ့ ဆရာ"

နပျိုလည်း ခုတင်မှ လူးလဲထလိုက်ပါသည်။ သူ့ ကို ခါးထောက်ရပ်ကြည့်နေတဲ့ စွမ်းထွင့်ကြောင့် မျက်လွှာချ နေရခက်နေပါသည်။ လူကလည်းနုံး၍ မူးတောင်မူးနေသည်





အားကိုးရာမဲ့သလို ဝမ်းလည်းနည်းလာမိပါသည်။ ဝမ်းနည်းမိသည် နှင့် အလိုလို မျက်ရည်က မျက်လုံးထဲပြည့်လျှံကာ ပါးပေါ် ပေါက် ခနဲ ပြုတ်ကျလာသည်။

အားငယ်မိတာ အမှန်ပင်။ အားငယ်ပြီး လူကလည်း နေထိုင်မကောင်းချိန်မှာ ဂရုတစိုက် မေးမြန်းစမ်းသပ်ပြုစုတဲ့သူ ရှိနေ၍ စိတ်က ပိုပျော့သွားတာ။

"အခု မူးနေလား"

"ဟုတ်"

"ဘာလို့ ငိုတာလဲ"

နပျိုက ခေါင်းသ[illegible]ရမ်းလိုက်ပါသည်။

"မိထွေးအိမ် နေမကောင်းတဲ့ရက်ပဲဖြစ်ဖြစ် ပြန်ပြီး ခဏ မနေချင်ဘူးလား"

နပျိုက အပြုံးယဲ့ယဲ့နှင့် ခေါင်းဆက်ယမ်းနေရင်း ...

"လူကောင်းအဖြစ်နဲ့တောင် မနေချင်တာ။ မကျန်းမမာကြီး နဲ့တော့ ဘယ်သွားပြန်နေချင်ပါ့မလဲ ဆရာရယ်၊ သူ ဘယ် ကြည်ဖြူပါ့မလဲ"

"မင်း ဟိုတစ်ပတ်ကပဲ ကျောင်းတွေဖွင့်လို့ဆိုပြီး မင်း မောင်လေးအတွက် ကျောပိုးအိတ်၊ ရုပ်လက်တိုအဖြူ၊ ဗလာစာအုပ်၊ ကွန်ပါဘူး၊ ဘောလ်ပင်တွေ တစ်ပုံကြီးဝယ် တာ သွားပေးပြီးပြီမို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"အဲဒီမျက်နှာလေးတော့ ထောက်သင့်တာပေါ့"

"ဟင့်အင်း၊ စိတ်ချမ်းချမ်းသာသာလေးပဲ ဖျားချင်တ

ဆရာရယ်"

"ဟား ဟား ဟား"

စွမ်းထွင့်က သဘောကျသွားသလို ရယ်ရင်း နှ
ခေါင်းကို ခပ်ဖွဖွ နှစ်ချက်ပုတ်လိုက်ပါသည်။ ဤအပြုအမူလေ
က ချစ်စနိုး တယုတယ ဆန်လှသည်။ နုပျိုကို သနားသွား
လည်း ရပါသည်။

"အဆောင်မှာဆိုတော့ ရှိတဲ့လူတွေကလည်း ကိုယ့်အလု
ကိုယ်သွားနေကြမှာဆိုတော့ မင်းကို ဘယ်သူမှ ဂရုစိုက်
စောင့်ကြည့်ပေးနိုင်မှာ မဟုတ်ဘူး၊ တစ်ခုတော့ရှိတယ်
ကိုယ်တို့အိမ်ကို လိုက်လာပြီး နေ့လယ်ဘက် နားနားနေ
နေ နေ၊ ညဘက်မှ အိပ်ရုံပဲ အဆောင်ကိုပြန်ပို့၊ အဲဒါမျိုး
လုပ်မလား၊ အိမ်မှာက အလုပ်သမားပေါတယ်၊ မိန်းမကြီး
သုံးယောက်တောင်ရှိတော့ မင်းမှာလည်း အမျိုးသမီးဖော်
ရှိပါတယ်၊ တစ်ယောက်ကို ဒီရက်အတွင်း မင်းကိုစောင့်
ကြည့်ဖို့ ပြုစုဖို့ မင်းလိုတာ လုပ်ပေးဖို့ပဲ ထားလိုက်မှာပေါ့
ကိုယ်ကလည်း အလုပ်သွားနေမှာမို့လို့ မင်း လွတ်လွတ်
လပ်လပ် နေလို့ရပါတယ်"





နုပျိုက စွမ်းထွင့်ကို အံ့အားတသင့် ကြည့်မိကာ ...

"နေပါစေ ဆရာ၊ နုပျိုကို အဲလောက်ကြီး လုပ်ပေးဖို့မလို
ပါဘူး"

"မလိုဘူး လိုတယ်ဆိုတာထက် ကိုယ့်စိတ်ထဲမှာ လောလော
ဆယ် ဖြစ်လာတဲ့ စိတ်ကူးဆန္ဒကို ပြောပြတာ၊ ကိုယ့်စိတ်
ထဲမှာ မင်းတစ်ယောက်တည်း အဆောင်မှာ အဖော်မရှိ
ဆွေမျိုးသားချင်းမရှိ အိပ်ရာပေါ် တစ်ယောက်တည်း အိပ်
နေတာလေးကို မြင်ယောင်ပြီး စိတ်မကောင်း ဖြစ်နေတယ်၊
စိတ်မချနိုင် ဖြစ်နေတယ်"

နုပျိုက ငြိမ်နေပါသည်။

"ကိုယ် လိုအပ်တာထက်ပိုပြီး မင်းကို ဂရုစိုက်နေမိတာ
လည်း ဖြစ်နိုင်တယ်၊ အဲဒါ ဘာဖြစ်လို့လဲလည်း ကိုယ်မသိ
ဘူး၊ မင်းရဲ့လိုအပ်ချက်တွေကိုလည်း ဖြည့်ဆည်းပေးချင်
တယ်"

စွမ်းထွင့်က အခန်းထဲ လမ်းလျှောက်နေရာမှ နုပျို
ရဲ့ရှေ့တည့်တည့်တွင် ရပ်တန့်လိုက်ကာ ...

"နုပျို"

"ရှင်"

"မင်းမှာ ချစ်သူရှိသလား"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



နုပျိုသည် နေမကောင်း၍ အားမရှိရတဲ့အထဲ မျက်လုံးတွေတောင် ပြာသွားသလို နားတွေတောင် လေထွက်ကုန်သလို ခံစားလိုက်ရပါသည်။ ခေါင်းကြီးလည်း ငုံ့ချလိုက်မိပါသည်။

"မင်းမှာ ချစ်သူရှိလား နုပျို"

"ဟို ... ဟို ... မ ... မရှိပါဘူး ဆရာ"

"ဒါဆိုရင် မင်းကို ကိုယ် လက်ထပ်ပါရစေ"

"ရှင်"

"ကိုယ့်ကို လက်ခံနိုင်မလား"

နုပျိုသည် ငုံ့ထားတဲ့ခေါင်းကို ပြန်မမော်မိ။ လည်ပင်းနှင့် မေးစိ ထိကပ်နေသလောက် ဖြစ်နေပါသည်။ ပြောချလိုက်တာများ ဆိုင်းမပါ ဗုံမပါ။ နုပျိုမှာ ထူပူပြီး ချွေးစေးတွေပါ ပြန်တက်လာတော့တဲ့ အထိပင်။ ရင်တွေလည်း တဒိုင်းဒိုင်း ခုန်တုန်ပြီး ရောဂါတောင် အလန့်တကြား ပြေးပြီလား မှတ်ရသည်။

"ဟင် ... ပြောလေ"

ဘုရားရေ ...။ ဘယ်လိုလုပ် ချက်ချင်းပြောနိုင်မှာလဲ။

"ဆရာ ... န ... နုပျို ... ဟို ... ဟို"

"ကိုယ့်ဘဝတစ်လျှောက် ဘယ်မိန်းကလေးတစ်ယောက်ကိုမှ လက်ထပ်ခွင့် မတောင်းဖူးသေးဘူး၊ ကျောင်းတုန်းက ထားခဲ့တဲ့ ချစ်သူတစ်ယောက်နဲ့ကလည်း ဒီစကားပြောတဲ့





အဆင့်တောင် မရောက်သေးခင်မှာပဲ လမ်းခွဲခဲ့ကြတယ်၊ မင်းကို ပထမဦးဆုံး ပြောတာပါ"

အဲဒီကျောင်းတုန်းက ချစ်သူကို လက်ထပ်ခွင့်မတောင်းဖူးပေမယ့် ချစ်ခွင့်တော့ တောင်းခဲ့ဖူးမှာပါ။ မင်းကို ကိုယ် ချစ်တယ်တော့ ပြောခဲ့မှာပါလေ။ အခုတော့ အဆင့်တွေ ခုန်ကျော်နေလိုက်တာ ချစ်ရေးဆိုဖို့ကိုတောင် ဆရာမေ့ကျန်ခဲ့ပြီလား။ ဒီစကားပြောနေဖို့ မလိုတော့ဘူး အရေးမပါဘူး ထင်လို့လား။

"ဆရာ ... ကျွန်မကို စဉ်း ... စဉ်းစားခွင့်ပြုပါ"

စဉ်းစားပါရစေဦးလို့တောင် မ[illegible]းမိ။ ဆရာ တပည့်အဖြစ် ရိုကျိုးတာ အကျင့်ပါနေတော့ သူ လက်ထပ်ခွင့်တောင်းတာကိုပင် တုံ့ပြန်ပြောမိတဲ့စကားက စဉ်းစားခွင့်ပြုပါရယ်လို့။ ဘယ်လောက်ပဲ လိုလားမျှော်လင့်ထားမိသူပဲဖြစ်ဖြစ်လေ။ အချိန်လေးတစ်ခုတော့ယူပြီး စဉ်းကိုစဉ်းစားရမှာပေါ့။ မစဉ်းစားလို့ ဘယ်ရမလဲ။

"ဟုတ်ပြီ ... ဟုတ်ပြီ၊ စဉ်းစားပါ။ ဒါပေမဲ့ သိပ်ကြီးတော့ အချိန်တွေ ယူမနေပါနဲ့တော့၊ ကိုယ့်အသက်ကလည်း သုံးဆယ့်သုံးထဲမှာ၊ နုပျိုလည်း နှစ်ဆယ့်ခုနစ်နှစ်ဆိုတာ သင့်တော်တဲ့အသက်အရွယ်တစ်ခု ရောက်နေပါပြီ၊ အဆောင်မှာ အားကိုးရာ တိုင်ပင်ရာမဲ့ တစ်ယောက်တည်းနေရတဲ့



www.burmeseclassic.com

www.burmeseclassic.com



နုပျိုအကြောင်း စဉ်းစားလိုက်ရင် ကိုယ့်ရင်တွေ မောလာတယ်၊ နုပျိုကို သနားတယ်၊ သိုင်းသိုင်းဝိုင်းဝိုင်း မွေးမွေးထွေးထွေး မိသားစုဘဝလေးနဲ့ နုပျိုကို စောင့်ရှောက်ပေးချင်တယ်"

ရိုးသားတည်ကြည်တဲ့ စွမ်းထွဋ်ရဲ့ အပြောအဆိုကြောင့် ခုနက လှုပ်ရှားခုန်ပေါက်နေတဲ့ နုပျိုစိတ်တွေ အနည်းငယ် ငြိမ်ကျလာပါသည်။

"ကျေးဇူးတင်ပါတယ် ဆရာ"

"ကိုယ် ညနေလာခဲ့မယ်နော်"

"ဟုတ်ကဲ့"

နော်လေးဖော ယူလာတဲ့ဆေးတို့ကို သောက်ဖို့အတွက် ခွဲခြားသင်ပြပြီးတဲ့နောက် နုပျိုက စွမ်းထွဋ်ကို နှုတ်ဆက်ကာ စွမ်းထွဋ် အခန်းမှ ထွက်လာခဲ့ပါသည်။ ဦးကြည်ရဲ့ ကားရှေ့ခန်းမှာ မှီပြီးလိုက်ပါလာစဉ် ပလက်ဖောင်းတစ်နေရာမှာ ဆေးခန်းဘက် တလှမ်းလှမ်း လျှောက်လာတဲ့ ရီးမကို လှမ်းမြင်လိုက်ရပါသည်။

နုပျိုဆီ ဆေးခန်းကိုပဲ လာတာများလား။ ဆေးခန်းက လူတွေ ပြောပြလိုက်ကြပါလိမ့်မည်။ မိုးတွင်းစပြီဖြစ်ပေမယ့် မိုးမရွာချိန်တွေမှာ နေက ခြစ်ခြစ်တောက် ပူပြင်းလျက်ရှိသည်။ ဒီနေပူကြီးထဲ သူ သွားလာလှုပ်ရှားနေရတာ။ လည်ပင်းလေး လိမ်၍ လှည့်ကြည့်ရင်း ရီးမကို သနားနေမိပါသည်။





ရီးမရယ် ...

ငါလည်းလေ တစ်ခါတစ်ရံ နေပူကျဲကျဲထဲ လမ်းလျှောက်လိုက်ရ၊ ကျပ်ကျပ်တောက်တောက် ဘတ်စ်ကားကို တိုးဝှေ့စီးလိုက်ရနဲ့ မောဟိုက်ပင်ပန်းတဲ့ အခါတွေမှာ သက်သာရာသက်သာကြောင်း ကွန်းခိုရာ နားရိပ်တစ်ခုကို အရမ်းတောင့်တမိတာပဲ။ ခုလို နင့်ကို နေပူကျဲကြီးထဲ လမ်းလျှောက်သွားနေတာ မြင်ရတဲ့အခါ ရင်ထဲမှာ နင့်တင့်တင့်နဲ့ စိတ်မကောင်းဖြစ်မိတယ်။

ငါသာ ချမ်းသာတဲ့သူဆိုရင် နင့်ကို ကားလေးတစ်စီးလောက်တောင် ဝယ်ပေးလိုက်ချင်မိတာပါ။



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

"လှနုပျိုနဲ့ တွေ့ချင်လို့ပါ"

"လှနုပျို နေစောသိပ်မကောင်းဘူး၊ မနေ့ညက သူ့ဆေးခန်းပိုင်ရှင် ဆရာဝန်ကတောင် အန်တီ့ကို နည်းနည်းလောက် ဂရုစိုက်ကြည့်ပေးဖို့ မှာသွားတယ်၊ အန်တီမေးတော့ မေးကြည့်မယ်နော်၊ ဘယ်သူလို့ ပြောရမလဲ"

"ရိုးမလို့ ပြောပေးပါ အန်တီ"

ဆင်းလာနိုင်ပါစေ။

ဆင်းလာပါ နုပျိုရယ်။ နင်မှ ဆင်းမလာရင် နင်တို့မိန်းကလေးဆောင် အပေါ်ထပ်ထိ ငါကလည်းတက်လို့မရ ဘယ်လိုလုပ်ပြီး တွေ့နိုင်ပါတော့မလဲ။

"မင်းသူငယ်ချင်းတောင် နေမကောင်း ဖြစ်နေတယ်ကွ"





ကိုကိုဆိုက ဒီစကားကို မနေ့က ညဆယ်နာရီမှကြားသိရတာ။ ဘယ်လိုမှ နုပျိုထံ မပြေးနိုင်တဲ့အချိန်အခါ။ ကိုယ်က သွားနိုင်ပေမယ့် အဆောင်က တံခါးပိတ်ရောပေါ့။ ဒါကြောင့် နေက်ထိရောက်အောင် အောင့်ရသည်။ မနက်အိပ်ရာက နိုးတော့လည်း မိန်းကလေးဆောင်တစ်ခုကို သွားသင့်တဲ့ အချိန်လောက်ထိ ရောက်အောင် စောင့်ရသည်။

ကိုကို ပြောတော့ တိုက်ဖွိုက်ဆန်ဆန်တဲ့။ ရှစ်တန်းလောက်တုန်းက နုပျို တိုက်ဖွိုက်ဖြစ်ဖူးတာကို ရိုးမ ချက်ချင်း အမှတ်ရမိပါသည်။ ကျောင်းရက်ရှည်တွေပျက်လို့ ရိုးမတောင် စာတွေဝိုင်းကူးပေးခဲ့သေးတာပဲ။ စာကို နုပျိုက ကူးနိုင်းတာတော့ မဟုတ်။ နုပျိုသူငယ်ချင်း ကောင်မလေးတွေဆိုက သူက မျက်နှာလို မျက်နှာရ တောင်းယူပြီး ကူးပေးခဲ့တာ။

အဲဒီတုန်းက သေချာမကောင်းသေးဘဲနဲ့ အရည်သောက်နေရတာကို ဗိုက်ဆာလို့ဆိုပြီး နုပျို ထမင်းတွေ တိတ်တိတ်ခိုးစားလို့ ပိုဆိုးသွားခဲ့ရသေးသည်။ အဲဒါ အခန့်မသင့်ရင် သေတောင် သေနိုင်တယ်လို့ မေမေက ပြောလို့ သူ့မှာ စိတ်တွေ ပူလိုက်ရတာ။

ဟော ...။

အပေါ်ထပ်လှေကားမှ ဖြည်းဖြည်းယဲ့ယဲ့ ဆင်းလာတဲ့ နုပျိုကိုမြင်လျှင် ရိုးမက ထိုင်ရာမှ ထ,ရပ်လိုက်သည်မှာ စိတ်တွေစောပြီး ကုလားထိုင်နှင့်တောင် တိုက်မိရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် ဘယ်ကသိလာလို့လဲ"

"ဟင်"

ဒီတော့ ရိုးမ ကမန်းကတန်း စဉ်းစားရသည်။ ကိုကို့ဆီက သိတယ်ပြောဖို့က ဘယ်တုန်းက တွေ့ကြလို့လဲ ဖြစ်ဦးမည်။

"ဩော် ... ငါ မသိပါဘူး၊ ခုနက ဒီကအန်တီက နေမကောင်းဘူး ပြောတာနဲ့"

"အေး ... တိုက်ဖွိုက်တဲ့ဟယ်"

"နင် ခုမှနိုးတာလား၊ မနက်ဆာ သောက်ပြီးပြီလား၊ ဘာစားရမှာလဲ"

နုပျိုက အနွေးထည်သားအိတ်မှ ဆေးကတ်ပြားလေး ထုတ်ရင်း ...

"ခုမှ သောက်ရမှာ"

"နင်သောက်ဖို့ တစ်ခုခု ငါသွားဝယ်လိုက်မယ်၊ ဘာသောက်မလဲ"

"ကော်ဖီ လက်ဖက်ရည် မိုင်လိုတွေမှ သောက်မရတာ၊ နွားနို့ပဲပေါ့ဟယ်"

"အန်တီ့အိမ်က ကောင်မလေးခိုင်းလည်း ရပါတယ်"

အဆောင်ရှင် အန်တီက နှစ်ထပ်တိုက်ကြီးရဲ့ အောက်ထပ်မှာပဲ နေတာဖြစ်သည်။ ရိုးမကို အကဲခတ်ပြီး ရိုးမ သွားဝယ်ပေးမှာကို အားနာသလို ပြောပါသည်။





"ရတယ် အန်တီ၊ ကျွန်တော် ပြေးလိုက်ပါ့မယ်၊ ဒီနားတင် ဆိုင်တွေ့ထားတယ်၊ ငါ မစ်လ်ခ်ရှိတ် ဝယ်ခဲ့မယ်"

"အေး"

ရိုးမက အဆောင်ပြင် ပြေးထွက်သွားပါသည်။

"သူငယ်ချင်းပေါ့ ဟုတ်လား၊ ယောကျ်ားလေးပေမယ့် စိတ်ပူတတ်သားပဲ"

"ဟိုး ငယ်ငယ်တည်းက သူငယ်ချင်းပါ အန်တီ"

နုပျိုက ညှော်ခန်းက ဆက်တီတစ်ခုမှာ ထိုင်လိုက်ပြီး အန်တီကြီးက အိမ်နောက်ဘက်ထဲ ဝင်သွားပါသည်။ လှေကားက ဆင်းအလာမှာ မော့ကြည့်နေတဲ့ ရိုးမမျက်နှာက စိုးရိမ်ပူပန်တကြီး ပျက်နေသည်ကို နုပျို ပြန်မြင်ယောင်မိသည်။ စိတ်ပူသွားတဲ့ပုံပင်။

မနေ့ညနေက ဆရာက ဆေးခန်းမပိတ်ခင်အချိန် လာသွားကာ ဟောလစ်၊ အသီးအနှံ၊ နွားနို့ဘူး စသည်တို့ ပေးသွားသည်။ ဒါတွေပဲ ဖျော်သောက်ဖို့ စဉ်းစားထားပေမယ့် ရိုးမ ရောက်လာတယ်ဆိုလို့ ဘာမှမဖျော်ရ မသောက်ရသေးခင် ဆင်းလာတာပါ။

ဘာမှမကြာခင် ရိုးမ အပြေးပြန်ရောက်လာသည်။ တစ်ခါသုံး ပလတ်စတစ်ဘူးနှင့် ပါဆယ်ဝယ်လာတာဖြစ်၍ ပိုက်ကလေးတပ်ပြီး နုပျို သောက်ရုံပင်။



www.burmeseclassic.com

www.burmeseclassic.com



"နင်က ခါတိုင်း မနက်ပိုင်းလာရင် ကားဂိတ်ကိုပဲလာတာ ဒီနေ့ ဘာအတွက် အဆောင်ထဲ ဝင်လာတာလဲ၊ ငါနောက်ကျနေလို့လည်း မဟုတ်ဘူး၊ ငါဆေးခန်းသွားချိန်မှ မရောက်သေးတာ"

"မသိဘူး၊ အဆောင်ထဲ ဝင်ချင်လို့ ဝင်လာတာ၊ ငါ့ကြည့်ရတာ နင့်မျက်နှာတွေ ရှုံ့ဆော်တာ နေမှာပေါ့၊ နင် အခု ဘယ်လိုနေလဲ"

"မနေ့ကထက် သက်သာတယ်၊ မနေ့က ဆေးနှစ်ကြိမ်ဝင်ပြီးပြီမို့လို့ ဖြစ်မှာပေါ့၊ ဆေးခန်းက နေ့တစ်ဝက် ပြန်လာတာ"

"နင်က နည်းနည်း နေမကောင်းဖြစ်ရင် နားလိုက်တာ မဟုတ်ဘူး"

"နင်လည်း ဆရာနဲ့ တစ်လေတည်းပဲ"

"တစ်လေတည်းပဲပေါ့၊ နင့်ကို ကောင်းစေချင်တာချင်း တူတာကိုး"

"မနေ့က မွန်းလွဲက ငါဆေးခန်းကပြန်တော့ နင်ဆေးခန်းဘက်ကို လမ်းလျှောက်သွားတာ တွေ့လိုက်သေးတယ် နေပူကြီးထဲမှာလေ"

"ဪ … ငါ အဲဒီနားက စာရေးဆရာတစ်ယောက်အိမ် သွားတာပါ"





"ဪ"

"နင် ထမင်းတွေ ဘာတွေ ခိုးမစားနဲ့နော် နုပျို"

"ဘာရယ်"

"ထမင်းခိုးမစားနဲ့လို့၊ နင် ရှစ်တန်းတုန်းကတစ်ခါ တိုက်ဖိုက်ဖြစ်တာ မပျောက်ခင် ထမင်းခိုးစားလိုက်လို့ ပြန်ဆိုးသွားတာ အကြာကြီး အသည်းအသန် ခံရတယ် မဟုတ်လား၊ ငါတောင် စာကူးပေးရသေးတယ်"

နုပျို့မျက်နှာက ပြုံးစိစိ ဖြစ်သွားကာ …

"အဲဒီတုန်းက ကလေးကိုးဟဲ့၊ အသိဉာဏ်မှ မရှိတာကိုး"

"မပြောနိုင်ဘူးလေ၊ အခုက လူကြီးဆိုတော့ ခိုးမစားတော့ဘဲ ပြောင်စားနေမှာစိုးလို့၊ အဖတ်တွေ မစားရသေးဘူးနော်၊ နင် ဆန်ပြုတ်လောက် သောက်ချင်ရင်တော့ ဆန်ကိုမှုန့်ညက်အောင် ထောင်းပစ်ပြီး ကျိုလိုက်တဲ့ဆန်ပြုတ်လေ၊ ထမင်းစေ့မပါဘဲ ကဇီရည်ပျစ်ပျစ်လို ဖြစ်နေတဲ့ဟာလောက် သောက်လို့ရတယ်တဲ့၊ ငါ ပြုတ်ပေးခဲ့မယ်လေ"

"တဲ့ ဆိုတော့ ဘယ်သူပြောတာလဲ"

"ကို … အဲ … ဒေါက်တာစွမ်းထွဋ်"

"ဟင် … နင်နဲ့ ဘယ်တုန်းက တွေ့လဲ နင်ပြောတော့ ငါ နေမကောင်းတာ မသိဘဲနဲ့ လာတာဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... မိုဒင်း ... ခုန မစ်လ်ခ်ရှိတ် သွားဝယ်ရင်း ဖုန်းဆက်မေးလိုက်တာ၊ သူတောင် မနေ့ညနေက နင့်ဆီ လာတယ် မဟုတ်လား၊ ဒီညနေလည်း လာမယ်တဲ့"

နုပျို့က ရီးမကို စေ့စေ့ကြည့်ရင်း ...

"ရီးမ"

"ဟင်"

"ရီးမ"

"ဘာလဲ"

"ဟိုလေ ... ဆရာကလေ ... ဆရာက ..."

ရီးမသည် ခန္ဓာကိုယ် ခပ်တောင့်တောင့် ဖြစ်သွားကာ နုပျို့ကို စိုက်ကြည့်နေတဲ့ အကြည့်တို့က ရှုးရှအေးစက်သွားပါသည်။

"ရီးမ ... ဆရာက ငါ့ကို လက်ထပ်ပါရစေတဲ့"

ရီးမသည် ရင်ထဲမှာ ဗုံးတစ်လုံးကွဲသွားသလို ကလီစာတွေ မှန်သမျှ စုတ်ပြတ်သတ် ပဲ့ရွဲ့ကုန်သလား ထင်ရအောင် ရုတ်တရက် နာနာကျင်ကျင် ခံစားလိုက်ရပါသည်။ လှုပ်တောင် မလှုပ်နိုင်အောင် အကြီးအကျယ် မှုပျက်သွားကာ တစ်မျက်နှာလုံးလည်း နွမ်းစုတ်သွားတာကို အတော်နှင့် မပြင်ဆင်နိုင်လိုက်။

သူ့မျက်နှာကို ပြင်ဆင်နိုင်ချိန်မှာ နုပျို့က ရီးမ ဖြစ်သွားသမျှ မျက်ဝါးထင်ထင် မြင်လိုက်ရတာမို့ စိတ်မကောင်းခြင်းကြီးစွာ ငိုင်နေပါသည်။





"ဒီတော့ နင်က ဘာပြောလိုက်လဲ"

ဘာမှမဖြစ်သလို ပေါ့ပေါ့ပါးပါး လုပ်ပြီး မေးလိုက်ပေမဲ့ ရီးမအသံက တုန်နေသည်။ နုပျို့သည် မျက်လွှာစင်းစင်းချကာ ငိုင်နေမိပါသည်။

"ဟင် ... နင် ဘာပြောလိုက်လဲလို့"

"........."

"နင် လက်ခံမှာ မဟုတ်လား"

"........."

"နင် လက်ခံမှာပဲ မဟုတ်လား၊ လက်ခံလိုက်ပေါ့ဟာ"

"ငါ စဉ်းစားဦးမယ်လို့ ဆရာ့ကို ပြောလိုက်တယ်"

"ဘာကိုစဉ်းစားမှာလဲ၊ သူက နင်လိုချင်တဲ့ ပြည့်စုံချမ်းသာခြင်းတွေကို ပေးနိုင်တဲ့၊ နင်သဘောကျတဲ့ ဆရာဝန်တစ်ယောက် မဟုတ်လား၊ နင့်အတွက်တောင် ဒီလူကိုတမင် ဖန်ဆင်းထားလား ထင်ရတယ်၊ ရုပ်လည်းချော၊ စိတ်သဘောလည်းကောင်း၊ ပညာတတ်၊ အသိုင်းအဝိုင်းကလည်း အထက်တန်းလွှာ၊ မိန်းမအရှုပ်အရှင်းလည်း ဘာမှမရှိဘူး၊ သူ့ထက်ကောင်းတဲ့သူတောင် သူ့လောက် မကောင်းနိုင်တော့ဘူး"

ပြောရင်း ပြောရင်း ရီးမ အသံတွေက တုန်ယင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် ဒီစကားတွေကို စိတ်ထဲက တကယ်ပါလို့ ပြောေ
တာလား ရိုးမ"

"တကယ်ပါလို့ပေါ့၊ ငါပြောတဲ့ထဲမှာ မှားတာတစ်လုံးမှ
မပါတာ"

"နင် သဘောတူတယ်ပေါ့"

"ဟား ဟား ဟား"

ရိုးမက ခေါင်းမော့ရယ်မောလိုက်ပြီး ...

"ငါ့ခေါင်း လာမတပ်စမ်းပါနဲ့ဟာ၊ ငါကသဘောတူ
အောင် ငါက နင့်အဖေလား၊ ဒေါက်တာစွမ်းထွဋ်ဟာ နင်
တစ်သက်လုံး မယိမ်းယိုင် မပြောင်းလဲဘဲ တောက်လျှော
မျှော်လင့်စောင့်စားနေခဲ့တဲ့ ဖူးစာရှင်ပဲ မဟုတ်လား။ နင်
လည်း သူ့ကို သဘောကျတယ် ကြိုက်တယ် မဟုတ်လား
မကြိုက်ရင် စကားထဲ ဘယ်ထည့်ပြောပါ့မလဲ၊ ပြီးတော့
နင်တို့ချင်းလည်း ရင်းနှီးနေပြီပဲ မဟုတ်လား"

ဟုတ်တယ်။ ငါလိုချင်တဲ့သူဟာ ဆရာ့လိုလူမျိုး
အစစ်ပဲ။ နင်ပြောတဲ့အတိုင်းပဲ ငါ့အတွက် တမင်ဖန်ဆင်းထားနိ
သလား မသိအောင် ငါ့လိုလားချက်နဲ့ အချက်တိုင်း ကွက်တိကျ
နေတဲ့သူ အစစ်ပဲ ရိုးမ။

❣ ✧ ❣



ဒီတနင်္ဂနွေမှာ ဆရာဝန်ကြီးတစ်ယောက်နှင့် တွေ့
ချိန်းထားတာမို့ နုပျိုနှင့် အပြင်မထွက်ဖြစ်တော့ဘူးဟု ဆရာ
က ကြိုပြောထားပါသည်။ ဒေါက်တာစွမ်းထွဋ်နှင့် မထွက်ဖြစ်မေ
ယ့် နုပျိုက ကိုယ့်ဟာကိုယ်ထွက်ဖို့ စိတ်က ပါသည်။

ဆရာနှင့်သွားတော့ ကိုယ် တကယ်တမ်း တိုလီ
လီလေးတွေ ရှာဖွေဝယ်ခြမ်းချင်တာအတွက် ချောင်ကြိုချောင်
ကြား နေရာမျိုးတွေ တိုးချင်တာ တိုးလို့မရဘူးပေါ့။ သာမန်ဈေး
တွေလို နေရာမျိုးကို ဆရာ့ကို ခေါ်သွားရတာ အားနာလှပါသည်။
သူက ဘာမှမပြောလဲ ဘယ်လိုမှ မအပ်စပ်တာက ဘွားဘွားထင်း
ထင်းကြီးပါ။

စတိုင်ဘောင်းဘီညိုမှောင်တို့ အနက်တို့ ထူပွအိတွေ
တော်ကာ ရုပ်လက်ရှည်ကို အဝတ်များတဲ့ စွမ်းထွဋ် ပုံစံက ရိုးရိုး
သာမန်ဈေးလေးတွေ လမ်းဘေးဆိုင်လေးတွေနဲ့ ဘယ်လိုမှ အံဝင်
ခွင်ကျ မဖြစ်တဲ့ သူဌေးမင်း ပေါက်နေပါသည်။ ဒီတော့
အချို့သော နေရာတွေကို သူ့နှင့်သွားဖို့ စိတ်ကျဉ်းကျပ် အားနာ
ရသည်။

www.burmeseclassic.com

www.burmeseclassic.com



စွမ်းထွင့် မအားဘူးဆိုမှပဲ မသွားဖြစ်ဘဲ ကျန်[...] ခဲ့တဲ့ နေရာတွေကို သွားရတော့မည်ဟု စိတ်ထဲ မြူးတောင်[...] သွားမိသလိုပါ။ အဆောင်ကနေ ထီးလေးတစ်ချောင်းနှင့် ထို[...] တစ်ယောက်တည်း ထွက်လာခဲ့သည်။ ဘတ်စ်ကားဂိတ်နားရော[...] ချိန်ကျမှ နံဘေးက ပီစီအိုဖုန်းလေးကို တွေ့သည်တွင် ရီး[...] ဖျတ်ခနဲ သတိရလိုက်မိပါသည်။ နယ်ပျိုက ရတ်တရက်ပင် ဖုန်း[...] ပွဲနား ရပ်လိုက်ပြီး ...

"ဖုန်းဆက်မယ်နော်"

ရီးမရဲ့ ဟန်းဒ်ဖုန်းနံပါတ်ကို နှိပ်လိုက်ပါသည်[...] ဖုန်းလိုင်းက မအားပါ။ "မအားသေးပါရှင်"ဆိုတဲ့ အသံကြေ[...] ဖုန်းကိုပြန်ချထားလိုက်မိသည်။ သူလည်း တနင်္ဂနွေနေ့တွေ အ[...] သားပဲ။ ဖုန်းမအားဘူးဆိုတော့ ဘာတွေ အလုပ်ရှုပ်နေပါသ[...] ရီးမ။ ဖုန်းနံဘေး ခဏရပ်ကာစောင့်ပြီး ဒုတိယတစ်ကြိမ် [...] ခေါ်လိုက်ပါသည်။

"လူကြီးမင်း ခေါ်ဆိုသော တယ်လီဖုန်းမှာ မအားသေး[...] ရှင်၊ ခေတ္တစောင့်ဆိုင်းပြီးမှ ပြန်လည်ခေါ်ဆိုပါရှင်၊ Sorry the number you've dilled is busy now. Plesae redial later"

ဖြေဆိုသံ ဆုံးတဲ့အထိ စောင့်နေပြီးမှ နယ်ပျိုက ဖုန်း[...] ချလိုက်ပါသည်။ ဘတ်စ်ကားဂိတ်ဆီပဲ ဆက်လျှောက်လာခဲ့[...] အသင့်ရောက်လာတဲ့ ဘတ်စ်ကားပေါ် တက်လိုက်ခဲ့ပါတော့သည်။





နှစ်ကြိမ် ဖုန်းမအားဘူးဆိုတော့မှ စိတ်က နည်းနည်း ထင့်သွားရသည်မှာ သူ မတော်တဆ မအားမလပ် အလုပ်ရှိနေရင် ဆိုတဲ့ အတွေးပင်။ ဒေါက်တာစွမ်းထွင့်နဲ့ သွားစရာ လာစရာ ရှိနေတုန်းကတော့ သူ့ကို သတိမရ စာရင်းထဲ မထည့်သလို ဖြစ်ခဲ့မှာ။ ခုနောက်ပိုင်း ဘယ်တနင်္ဂနွေမှ ရီးမနှင့် မဆုံဖြစ်တာကြာပြီပဲ။

သူ့ဟာသူသာ ကြားရက်တွေရဲ့ နံနက်ခင်းတချို့၌ ရောက်လာတတ်တာ။ ဟိုလူမလာမှ ဒီလူကိုခေါ်တယ်ဆိုတဲ့အဖြစ်မျိုးကို သူ အောင့်သက်သက်များ ဖြစ်မလားလို့ပါ။ ကိုယ့်ဟာနဲ့ကိုယ် တစ်ဖက်သတ် စိတ်မရဲ ဖြစ်နေမိတာ။

နယ်ပျိုသည် သူသွားချင်တဲ့ ဟိုဟိုဒီဒီ နေရာကလေးတွေကို တစ်ယောက်တည်းပတ်ကာ လျှောက်သွားနေရင်း ရီးမကို ဖုန်းထပ်ဆက်ရကောင်းမလားလို့ တစ်ချိန်လုံးတွေးနေမိပါသည်။ လှမ်းခေါ်မယ် မခေါ်ဘူး ချီတုံချတုံနှင့်။ နယ်ပျို စိတ်ထဲတွင် တစ်စုံတစ်ရာကိုလည်း သူနှင့် အေးအေးလူလူထိုင်စကားပြောရင်း တိုင်ပင်ချင်နေတာ။

ဆရာ့ကို အဖြေပေးတော့မည်ရယ်လို့ နယ်ပျို စဉ်းစားထားပါသည်။ အဲဒီကိစ္စကို ရီးမနှင့် တိုင်ပင်ချင်နေတာ ...။ တိုင်ပင်တာကများ သူ့ကို [illegible]ပြီးစိတ်ဒုက္ခပေးရာကျနေမလားလို့လည်း စိုးရိမ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'အတွေးတွေနှင့် သံဈေးနားတစ်ဝိုက်မှာ လမ်းလျှောက်လာသော နုပျိုသည် ဟိုရှေ့ခပ်လှမ်းလှမ်းမှာ ကျောပေးပြီး လျှောက်သွားနေတဲ့ လူရွယ်တစ်ယောက်ရဲ့ကျောပြင်ကို မြင်သည်နှင့် နှုတ်က တိုးတိုးလေးရေရွတ်လိုက်မိသည်။

"ရိုးမ"

သူ့ရဲ့ကျောပြင်ကို မှတ်မိပါသည်။ ကြားမှာ သူ့လို ကိုယ်လိုပဲ ပလက်ဖောင်းပေါ် လျှောက်သွားနေကြတဲ့လူတွေ အများသား။ နုပျိုက ခြေလှမ်းသွက်သွက်ကလေးလှမ်း၍ ရိုးမနှင့် နီးကပ်အောင်လျှောက်သည်။ တော်တော်နီးကပ်မှ ဆတ်ခနဲ လှမ်း ပုတ်ပြီး အလန့်တကြားခေါ်လိုက်မည်လို့ပင်။

ခုနထက် နည်းနည်းပိုနီးကပ်လာတဲ့ နုပျိုက ရိုး မနံဘေးကကောင်မလေးတစ်ယောက်ကို မြင်လိုက်ပါသည်။ ကောင် မလေးက ကျောပိုးအိတ်လေးနဲ့ အသက်နှစ်ဆယ့်ကျော်ရုံလေး လောက်ရှိမှာ။ သီးသန့်စီလမ်းလျှောက်ရင်း ဘေးချင်းယှဉ်နေမိတာ လုံးဝ မဖြစ်နိုင်ပါ။ အတူယှဉ်တွဲလျှောက်လာတာပဲဖြစ်မည်ဆိုတာ ကို အလိုလိုရိပ်မိကာ သွက်သွက်လှမ်းနေတဲ့ နုပျိုရဲ့ ခြေလှမ်းတွေ နှေးသွားပါသည်။'

သူတို့နှစ်ယောက်အတူတူ။

'သူတို့နှစ်ယောက် သတ်သတ်စီမဖြစ်နိုင်။ နုပျိုသည် ရင်ဝတ်ကို လက်ဖဝါးလေးနှင့် ခပ်ဖွဖွဖိထားမိကာ ရင်ထဲတစ်မျိုး ကြီး တင်းကျပ်လာသည်။





ပေဟာ ...။

ရိုးမက ရုတ်တရက် ဘေးဘက်သို့လှည့်ကာ ကောင် မလေးဘက် ငုံ့ကြည့်ပြီး တစ်စုံတရာလှမ်းပြောလိုက်ပါသည်။ ဘေးတိုက်တစ်ခြမ်းမြင်လိုက်ရတဲ့ ရိုးမရဲ့မျက်နှာက ပြုံးရယ်ရွှင် လန်းလျက်။ လှည့်မော့ပြီး စကားနားထောင်လိုက်တဲ့ကောင်မလေး က ပါးစပ်ကို လက်ဝါးနှင့်အုပ်ကာ အားရပါးရသဘောတကျ ရယ်လိုက်ပါသည်။

နုပျိုက ခြေလှမ်းကို အရှိန်လျှော့ချကာ ရိုးမထံ အမီမလိုက်တော့ပါ။ မီတော့ကော 'နင်ဘယ်လဲ' 'ငါဘယ်လဲ'နဲ့ပဲ နှုတ်ဆက်လမ်းခွဲရမှာပဲလေ။ သူ့မှာ အဖော်ပါနေတယ်မဟုတ်လား။ ကိုယ်က ရုတ်တရက် သွားနှောက်ယှက်မိသလိုမျိုးလုပ်လို့ ဘယ် ဖြစ်ပါ့မလဲ။

အဲဒီနေ့ညကျမှပဲ နုပျိုက ရိုးမထံ ဖုန်းခေါ်လိုက်ပါ သည်။

"ရိုးမ ငါပါ"

"နုပျို ! ပြော၊ ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူး၊ ဘာလဲ ..."

"သြော် ... နင်က ငါ့ဆီဖုန်းဆက်ခဲတော့ လန့်သွားလို့ပါ"

"ဘာမှ မဖြစ်ပါဘူးဟဲ့၊ ငါ နေ့လယ်က နင့်ကိုတွေ့လိုက်လို့ ဖုန်းဆက်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှလာလဲ"

"သံဈေးနားမှာ"

"တွေ့လိုက်ရင် ဘာလို့မခေါ်တာလဲ၊ သြော် ... နှင်း နှင့်ဆရာကားပေါ်ကလား"

"ဟင့်အင်း ... မဟုတ်ပါဘူး၊ ပလက်ဖောင်းပေါ်မှာ နှင်း နောက်နားကလျှောက်နေတာပါ"

"ဒါဖြင့် ဘာဖြစ်လို့ ငါ့ကိုမခေါ်တာလဲ"

"အဟင်း ... နှင့်ဘေးမှာ ကောင်မလေးတစ်ယောက်ပါလာ တာတွေ့လို့ မခေါ်တော့တာ"

"ကောင်မလေးတစ်ယောက် ! ... သြော် ... အေး"

"ငါ ခေါ်လိုက်ရင် နှင်တို့အနှောင့်အယှက်ဖြစ်မှာစိုးလို့ မခေါ်တာ"

"အာ ... အဓိပ္ပာယ်မရှိလိုက်တာ၊ အဲဒီကောင်မလေးက '......' ဂျာနယ်က သတင်းထောက်မလေးပါ၊ ငါနဲ့ လမ်းမှာဆုံပြီးနှုတ်ဆက်ရင်းက သွားမယ့်ဘက်ချင်းတူနေလို့ အတူတူစကားပြောရင်းလျှောက်လာတာ၊ ဘာဖြစ်လို့ အနှောင့် အယှက်ဖြစ်ရမှာလဲ၊ သူလည်း ရှေ့နားကျလမ်းခွဲ သွားတာ"

"သိဘူးလေ"





"ခေါ်လိုက်တာမဟုတ်ဘူး၊ အတွေးကိုခေါ်င်တယ်"

"နှင် အလုပ်ကော အားရဲ့လားလို့ပါ"

"တနင်္ဂနွေနေ့ကြီးလေ"

"သိဘူးလေ၊ မနက်ပိုင်းကတည်းက ငါ ဖုန်းတော့လှမ်း ခေါ်ကြည့်ပါသေးတယ်၊ ဖုန်းမအားတာနဲ့ ငါ ထပ်မခေါ် တော့တာ၊ တနင်္ဂနွေပေမယ့်လည်း နှင့်ကိစ္စနဲ့နှင်ရှုပ်နေတာ တစ်ခုခုရှိရင် ငါ ဖုန်းလှမ်းဆက်ခေါ်တာနဲ့ အနှောင့်အယှက် ဖြစ်မှာစိုးလို့ပါ"

"ဘာဖြစ်လို့ အဲသလိုတွေးရတာလဲ၊ နှင့်ဦးစွမ်းထွန်းကကော ဘာဖြစ်လို့ မပါတာလဲ"

"သူ ဒီနေ့ ညှိသည်တစ်ယောက်နဲ့ တွေ့ဖို့ရှိတယ်တဲ့"

"အဲဒါများ ဖုန်းကိုမရမက ဆက်ရောပေါ့"

သူမအားမှ ငါ့ကိုခေါ်တာပေါ့လေဆိုတဲ့စကားနာမျိုး ထိုးမလာဘဲ ဦးစွမ်းထွန်းမအားလပ်ရင် သူနဲ့တွေ့ဖို့ အတူသွားလာ ဖို့ အဆင်ပြေသားပဲရယ်လို့ အရိုးခံအဖြောင့်ခံသဘောထားရှိတဲ့ ရိုးမစကားကြောင့် နပျိုက ဒီဘက်မှာ စိတ်ချမ်းချမ်းသာသာနှင့် ပြုံးနေမိပါသည်။

"ငါလည်း တစ်နေကုန်အားနေတာ၊ ငါ သံဈေးနားရောက် နေတာကလည်း အဲဒီနားက ဂျော်ဒါးနီးဆိုင်ကိုလာတာပါ၊ နှင်ကဟာ၊ မခေါ်လိုက်ဘူး၊ ဘေးမှာ ကောင်မလေးတွေ့



www.burmeseclassic.com

တာနဲ့ပဲ အတွေးတွေခေါင်ပြီး ရှောင်ထွက်သွားတယ်လို့ ငါ့ကိုများ နင့်လို ရည်းစားထားချင်နေတဲ့ကောင် ထင်နေလား"

နပျိုက နှုတ်ခမ်းလေးကိုကိုက်ပြီး တသိမ့်သိမ့်ရယ်နေမိခဲ့သည်။

❣ ✧ ❣





## ( ၁၄ )

သူတို့တိုက်မှာ Managing Editer လို့ခေါ်တဲ့ အုပ်ချုပ်သူလည်းဖြစ် အယ်ဒီတာချုပ်လည်းဖြစ်တဲ့ ဦးစိုင်းဇော်နော် ခေါ်တာမို့ သူ့ရုံးခန်းထဲ ရီးမရောက်လျှင် ...

"ထိုင်ကွာ၊ အပြင်မှာဖြစ်နေတဲ့ ကောလဟာလတစ်ခုနဲ့ပတ်သက်ပြီး မင်းကို မေးချင်လို့ပေါ့ ရီးမရ"

"ဟုတ် ဆရာ၊ ဘာကောလဟာလလဲ မသိဘူး"

"သိပ်မကျယ်ပြန့်သေးပေမယ့် ကျိတ်ကျိတ် ကျိတ်ကျိတ်တော့ဖြစ်နေပြီကွ၊ တခြားအပြင်လောကဘက် မရောက်သေးဘူး၊ ဒီမီဒီယာလောကထဲလောက်တော့ ကျိတ်ပြီးသတင်းဖြစ်နေပြီ"

"ဟုတ်ကဲ့"

"မင်းရော နောက်ဆုံးသတင်း ဘာကြားလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ် Field ထဲကလဲ ဆရာ"

"ဒီ Celebrities တွေထဲကပဲကွာ၊ ရုပ်ရှင်ဗီဒီယိုလောကက"

နောက်ပိုင်းမှာ ပေါ့ပ်လိုင်းဘက် သိပ်မကိုင်ဖြစ်တော့တဲ့ ရှီးမက ဘာကောလဟာလအသစ်များ ထွက်ပါလိမ့်ဟု စဉ်းစားကြည့်ရင်း ...

"ဒါရိုက်တာ '......' သတင်းလား ဆရာ"

"မဟုတ်ဘူး"

"ကျွန်တော် သိပ်မသိဘူး ဆရာ၊ ကျွန်တော်သိတာတွေက တခြားလူတွေလည်း ကျယ်ကျယ်ပြန့်ပြန့်သိပြီးတဲ့ သတင်းမျိုးတွေပဲ၊ သိပ်မကြားဘူး"

"အေးလေ ... မင်းကတော့ ဒီသတင်းကို လုံးဝမကြားရဆုံးလူဖြစ်လိမ့်မယ်"

ပြောရင်း ဦးစိုင်းဖော်နော်က တစ်ဖက်လှည့်ရယ်မောနေတော့ကာ ...

"ဒီလူ ဒီလူချင်း အားမနာရပါဘူးကွာနော၊ ဘေးကလိုက်စုံစမ်းနေမယ့်အစား ကာယကံရှင်ကိုပဲ တိုက်ရိုက်မေးလိုက်တာပဲကောင်းပါတယ်ကွာ နော"

"ဗျာ ..."

ရှီးမက ဘာကိုပြောနေတယ်ရယ်လို့ သေချာမသိသေးဘဲ ဇဝေဇဝါ အူကြောင်ကြောင်ဖြစ်နေပါသေးသည်။ ဦးစိုင်းဖော်





က်ကတော့ သူ့အသံကြီးနှင့် တဟားဟား ခပ်ကျယ်ကျယ်ရယ်ရင်း ...

"ကဲ ... မေးပြီကွာ နော"

"ဗျာ ..."

"သူများကောလဟာလမဟုတ်ဘူး၊ မင်းနဲ့ပတ်သက်နေတဲ့ကောလဟာလကွ၊ ငါတို့စာနယ်ဇင်းလောကထဲတော့ အုတ်အုတ်ကျက်ကျက်နဲ့ တော်တော်လေးပွပွထနေပြီ၊ ငါ့လည်း လာမေးတဲ့သူမနည်းဘူး၊ ငါကိုယ်တိုင်ကလည်း ဘာမှမသိဘူး၊ ပထမပိုင်းတော့ ငါက လာမေးတဲ့လူကို ဟားလွှတ်တာပေါ့ ...

မင်းတို့ တခြားကောလဟာလထွင်စရာမရှိတော့ဘူးလားလို့၊ ဒါကြီးက အတင်းလုပ်ကြံထားတဲ့ဒီဇိုင်းကြီးပါလို့၊ ငါက ထိုင်တောင်ရယ်နေတာ၊ တ ယောက်နှစ်ယောက်ကနေ သုံးလေးငါးယောက်၊ နောက် များများလာတော့မှ ဇဝေဇဝါဖြစ်လာတာ၊ ဟ ... နေပါဦးဟ၊ မင်းတို့ကောလဟာလက အခိုင်ကြီးပါလားဆိုပြီးတော့ ဘယ်ကထွက်လာလဲဆိုတော့ မင်းသားကြီးဆိုက်ဒ်ကပဲ ...

ဦးစောဝင်းဆီကထွက်တာ၊ မင်းလည်း သူတို့နဲ့ ခင်မင်နေတာပဲ၊ ဒီသတင်းလည်း ကြားနေမှာယ်တော့ ထင်တာပဲ၊ ကြားတယ်မဟုတ်လား ရှီးမ"

www.burmeseclassic.com



ရှိးမ ဘာမှ ပြန်မပြောနိုင်ဘဲ ဦးစိုင်းဇော်နော်ရဲ့ စားပွဲပေါ် တွေစိုက်ပြီး ကြည့်နေမိသည်။ သူ့ကို တစ်ယောက်နှင့် ယောက်လောက် လာကျိုတ်မေးပြီးပါပြီ။ ပေါက်ကရတွေ လာမေးစား စမ်းပါနဲ့ကွာလို့ ငြင်းထုတ်ပစ်လိုက်တာပါ။ အထက်လူကြီးကိုတော့ ညာပြောရခက်သည်။

"ပြောစမ်းပါဦးကွာ ရှိးမ"

"......"

"ဟကောင် ... တကယ်ပေါ့ ဟုတ်လား"

"ဘာပြောရမှန်းမသိတော့ပါဘူး ဆရာရယ်"

"ဟာ ... အံ့ဩစရာပဲ၊ ငါလည်း ထင်တော့ထင်သား၊ ဟုတ်လောက်တယ်လို့။ သူတို့အနုပညာသည်ချင်းထွက်တဲ့ သတင်းမဟုတ်ဘူးလေ၊ ဘာမှ သတင်းထွက်စရာအကြောင်း မရှိတဲ့ မင်းက ကြားညှပ်ပြီးပါနေတာ၊ သာမန်လူတစ်ယောက်ပါနေတာကိုက တကယ်ဟုတ်လို့ဖြစ်နိုင်တယ်လို့ ထင်သား၊ ဒါပေမဲ့ မင်းဆီက ဘာသံမှမကြားဖူးပဲ အလုံပိတ်နေတော့ စဉ်းစားစရာဖြစ်နေတာပေါ့ကွ"

"ဟုတ်ကဲ့"

"ပြောစမ်းပါဦး ရှိးမရာ"

"ဒီကိစ္စသတင်းကို မကျယ်ပြန့်ချင်ဘူး ဆရာ"





"အေးပါ ငါ နားလည်ပါတယ်၊ ဒါပေမဲ့ ဟိုးလေးတကျော်တော့ ဖြစ်နေပြီနော်၊ ဂဃနဏမဟုတ်ဘဲနဲ့ ထင်ရာရမ်းကြိတ်ပြီးထွက်နေရင် သတင်းကပိုဆိုးတယ်၊ ဘယ်တုန်းက မင်းသိတာလဲ၊ ဒီမှာအလုပ်ဝင်ကတည်းက ဖခင်နေရာမှာ ဦးနေဝင်း(ကွယ်လွန်)လို့ပါခဲ့တာလေ၊ ကွယ်လွန်ဆိုတာက လွဲရင် အဖေနာမည်ကလည်း မင်းသားကြီးနာမည်ရင်းပဲ၊ တကယ်ပေါ့"

"ဟင်း ..."

ရှိးမက သက်ပြင်းကြီးမှုတ်ထုတ်ရင်း ...

"ဟိုးတလောက မေမေဆုံးပြီးမှ ကျွန်တော်လည်းသိရတာပါ၊ မေမေက သူ့တစ်သက် ကျွန်တော့်တစ်သက် လုံးဝအစအန အစွန်းတောင်မထွက်ဘဲ ဖုံးအုပ်ထားခဲ့တာ၊ တကယ်ပိုရှိတော့ ကျွန်တော် လုံးဝ မထင်ဘူး၊ ဟိုးအရင် ကျွန်တော်ကိုယ်တိုင် သတင်းထွက်လိုက်နေတုန်းကတော့[illegible] ခေါ်ပြော နှုတ်ဆက်ခဲ့ဖူးတာပဲ"

"အေးလေ"

"လုံးဝ မထင်မှတ်တာဗျာ၊ မေမေဆုံးပြီးမှ မေမေ့ဆန္ဒအရ ဆိုပြီး ဘကြီးကပြောတာ၊ မေမေက သူ့ ဇနီးတစ်ယောက်အဖြစ် မပတ်သက်ချင်ပေမယ့် ကျွန်တော့်ကိုတော့ သားတစ်ယောက်အဖြစ် ပတ်သက်ဆက်သွယ်စေချင်ခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ဒါပေါ့၊ သားအဖဆိုတာကတော့ သွေးချင်း
နေတာ မတော်လို့မှမရတာကွ"

"ဘကြီးက ဆက်သွယ်နိုင်းတာနဲ့ ကျွန်တော်လည်း တစ်ကြိမ်
တော့ ပြောကြည့်မယ်ပေါ့နော်၊ သူ့ဘက်က သိပ်မလှုပ်
ကျွန်တော်လည်း ထပ်ပြီးရှေ့မတိုးဘဲ ရှောင်နေလိုက်
ပေါ့၊ ဦးစောဝင်းကတစ်ဆင့် ဆက်သွယ်လိုက်တာ၊ ဦး
ဝင်းကို ဘာမှမပြောဘဲ သူ့ဆီ ဟို ... သူနဲ့ မေမေနဲ့
ရိုက်ထားတဲ့ပုံ တစ်ဆင့်ထည့်ပေးလိုက်တာပါ"

"ဪ ..."

"နောက်နေ့ပဲ ချက်ချင်းလာတွေ့နိုင်းတာနဲ့ သွားတွေ့လိုက်
ပါတယ်"

"လက်ခံတယ်ပေါ့"

"ဝမ်းသာအားရ လှိုက်လှိုက်လှဲလှဲ ကြိုဆိုတာပါ"

"အေး ... ဦးနေထွဋ်က လူကောင်းကြီးပါကွ"

"ဖြစ်ပျက်ခဲ့ကြသမျှကလည်း ဘယ်သူ့ကိုမှ အပြစ်ပြော
မလွယ်အောင် ဖြစ်ချိန်တန်လို့ဖြစ်သွားပုံမျိုးပါ၊ ဝင့်
ပြောမလား၊ မသိတော့ပါဘူးဗျာ၊ ဖေဖေက အဲ ... မေ
က လက်ထပ်ယူမယ်လုပ်တာပါ၊ မေမေက သူ မသိဘဲဖြ
ပျက်ခဲ့ရပေမယ့် သိပြီးနောက်တော့ သူတစ်ပါးမိသား
မျက်ရည် သူ့ကြောင့်မကျစေရဘူးဆိုပြီး ခြေရာဖျောက်သွ
တာ"





"ငါတို့အားလုံး သိကြသလောက်လည်း ဦးနေထွဋ်မိန်းမ
က ယူပြီးကတည်းက နာတာရှည်လူမမာသည်လေကွာ၊
အိပ်ရာထဲပဲ လဲနေရတာတဲ့၊ ဦးနေထွဋ်ကြီးက မင်္ဂလာဆောင်
ပြီး မိန်းမရပြီးမှ မျှော်လင့်ဘဲ မင်းသားထဖြစ်တာနော်၊
စ,လုပ်တာနဲ့အောင်မြင်ပြီး တစ်ဟုန်ထိုးတက်တာ၊ မင်းသား
ဖြစ်ကတည်းက သားတစ်ယောက်အဖေထင်တယ်၊ ဒါတွေ
ကလည်း စာမျက်နှာပေါ်မှမရောက်တာ၊ ဒါဖြင့် သူ့မှာ
အကြီးတစ်ယောက်ရှိဦးမှာပေါ့"

"ဟုတ်ကဲ့ ... အစ်ကိုတစ်ယောက်ရှိပါတယ်၊ ဒေါက်တာ
စွမ်းထွဋ်"

"ဪ ... ဟုတ်သားပဲ၊ '......' ဆေးခန်းလေ၊ Medical
Check up တွေကို Pakage နဲ့ ဈေးနှုန်းလျှော့ပြီး ပရိုမိုးရှင်း
လုပ်တဲ့သတင်းဆောင်းပါးတောင် ဟိုတလောကပါသေးတာ
ပဲ"

"ဟုတ်ကဲ့ ... ကျွန်တော်လည်း ထည့်ပေးလေ့ရှိတဲ့ သတင်း
ဆောင်းပါးပဲ ဆိုတော့ ..."

"ဟုတ်ပါတယ်၊ သူ့သတင်းက အများပြည်သူသိသင့်
ပြန့်နှံ့သင့်တဲ့ သတင်းပဲဟာ၊ ဪ ... ဒါက မင်းအစ်ကို
ပေါ့၊ အဖေကကော ဘယ်လိုနေလဲ ..."

"ဖေဖေက အရမ်းဝမ်းသာနေတာပါ၊ ဘာမှ လိုလေသေး
မရှိပါဘူး ဆရာ၊ သူ့အိမ်ကိုပဲ အတင်းခေါ်ထားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟ … ဒါဆို မင်း အခု မင်းသားကြီးရဲ့အင်းလျားလမ်း အိမ်မှာလား"

"ဟုတ်ကဲ့ … မေမေဆုံးပြီးကတည်းကပါ"

"ဟား … မင်းကတော့ တော်တော်နှုတ်လုံပြီး၊ ပိရိတဲ့ ကောင်ကွာ၊ လုံးဝကို မသိရတာပဲကွာ၊ အဖေနဲ့နေနေတာ ကြာပဲကြာနေပြီ … ဟား ဟား၊ အေး … ကြားရတာ စိတ်ထဲ ပီတိဖြစ်ပြီး ကြက်သီးတောင်ထတယ်ကွာ၊ ဒါကြောင့် ဒီကောင့်ကို တစ်ခါတလေ ကားနဲ့ ရိပ်ခနဲ ရိပ်ခနဲတွေ့နေ တာ၊ မင်းသူငယ်ချင်းကား ယူမောင်းတယ်ဆိုတာ လက်စ သတ်တော့ မင်းအဖေဝယ်ပေးထားတာပေါ့"

"ဟုတ်ပါ၊ အိမ်မှာ ကားကလေးစီးရှိနေတာနဲ့ မသုံးမဖြစ် သုံးကိုသုံးရမယ်ဆိုပြီးတော့ …"

"ဒါများကွာ၊ ဖြတ်သွားဖြတ်လာသာတွေ့နေတာ၊ အခု ရုံးလာတက်တော့ ကားကို မင်း ဘယ်နားသွားထားသလဲ ရှိုးမ"

"အဟဲဟဲ … ဟိုးဘက်နစ်လမ်းကျော် အောက်ဘလောက်မှာ ရပ်ခဲ့တယ် ဆရာ"

"မင်းပဲ တပင်တပန်းကွာ၊ မရှိတာအရှိလုပ်ကြွားတဲ့သူပဲ တွေ့ဖူးပါတယ်၊ မင်းကျမှ ရှိတာဖွက်ပြီး ရှိရတာကို ရှက် နေသလိုပဲ"





"တစ်မျိုးကြီးပဲ ဆရာ၊ ရုတ်တရက် ဒီအရွယ်ရောက်မှ စိုင်ကော်ချူပေါ်ရောက်ဆိုတာလို အောင်မြင်တဲ့ရုပ်ရှင်မင်း သားတစ်ယောက်ရဲ့သားဖြစ်မှန်းသိရတာလည်း မျက်နှာ ပူပူကြီး၊ ခုမှ သားပါဆို ထဖြစ်တော့ ပတ်ဝန်းကျင်ကလည်း ဘယ်လိုလဲ ဘယ့်နှယ်လဲတွေလာမှာကို ဒီလို အစအဆုံး ရှင်းလင်းပြောပြနေရမှာလည်း မပြောမနေချင်လို့ပါ"

"ဒါပေမဲ့ ရှိုးမ၊ သတင်းက ပျံ့ပျံ့လာနေပြီ၊ ဦးနေထွန်းကို ချဉ်းကပ်မေးတဲ့သူကလည်း မေးနေပြီ၊ သူတောင် အင်တာ ဗျူးတစ်ခုခုပေးမလိုလို သတင်းကြားတယ်၊ အဲသလိုပေါ်လာ လာမှာဖြင့်ရင်တော့ကွာ ငါတို့တိုက်က မင်းတစ်ယောက် လုံးကို အပိုင်ရှိနေတာ၊ မင်းနဲ့ တိုက်ရိုက်ပတ်သက်နေတဲ့ သတင်းဦး သတင်းထူး ငါတို့ဂျာနယ်ထဲ အရင်ဦးဆုံး ပါလာသင့်တာပေါ့ကွ"

"မလုပ်ပါနဲ့ ဆရာရယ်"

"မင်း စဉ်းစားကြည့်လေကွာ၊ ငါတို့ဂျာနယ် မလုပ်ရင် တခြားဂျာနယ်ကလုပ်မှာပဲ၊ တစ်စောင်စောင်ကတော့ ရေးကြ တော့မှာပဲ၊ အစထွက်သွားပြီကွ၊ ပါကိုပါလာတော့မှာ၊ တကယ်လို့ ဦးနေထွန်းက အင်တာဗျူးတစ်ခုပေးတော့မယ် ဆိုရင် ငါတို့ကိုပေးရင် အသင့်တော်ဆုံးပေါ့၊ သူ့သားဖြစ် တဲ့ မင်းကိုယ်တိုင် အယ်ဒီတာလုပ်နေတဲ့ဂျာနယ်လေကွာ၊



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မင်းတောင်းလိုက်ရင် သူ မင်းကိုပဲပေးမှာပဲ၊ ဦးဦးဖျားဖျားပါသင့်တာ ငါတို့ပဲပေါ့ကွ"

Popularity ကို လုံးဝမလိုချင်သည့် ရီးမမှာ မျက်နှာပျက်ပျက်နှင့် စိတ်တွေရှုပ်နေပါသည်။ ဖေဖေ့ကို မေးကြမြန်းကြပြီးရင် သူ့ကိုလည်း မေးကြမြန်းကြမှာမလွဲ။ သူက အရပ်ထဲက သူလိုငါလို လူမသိသူမသိမဟုတ်။ Celebrity တော့မဟုတ်ပေမယ့် မီဒီယာလောကမှာတော့ သူလည်း လူသိများကာ တစ်နေရာရထားသူပဲ။

တခြားထဲကလည်းပါလာမယ့်တူတူတော့ ကိုယ့်တိုက်ကျမှ ဦးဦးဖျားဖျားမပါလာရဘူးဆိုတော့လည်း မကောင်းမြင်။ ကိုယ့်ဂျာနယ်ထဲ ကိုယ်ကမထည့်နိုင်းလည်း ဖေဖေက တစ်ဖက်ကသူနှင့် ပြေလည်အလွမ်းသင့်တဲ့ စာစောင်တစ်ခုခုကို အင်တာဗျူး လက်ခံလိုက်လျှင် ကျယ်ကျယ်ပြန့်ပြန့်ပါလာတော့မှာပင်။

"မဟုတ်ဘူးလား ရီးမ"

"ဟုတ်တော့ ဟုတ်ပါတယ် ဆရာ"

"ဒါဖြင့် ဘယ်လိုလဲ၊ ငါတို့ အရင်ဆုံး အင်တာဗျူးတောင်းလိုက်မယ်"

"......"

"မင်းကိုလည်းပဲ"

"အား ... ကျွန်တော့်ကိုတော့ လုံးဝမလုပ်ပါနဲ့ ဆရာ"





"ဘာဖြစ်လို့လဲကွ"

"ကျွန်တော် မျက်နှာတွေပူပြီးရှက်လို့ပါ၊ သူများအကြောင်း ရေးနေရာကနေ ကိုယ့်အကြောင်း အရေးခံရတော့မယ်ဆိုတော့ တစ်မျိုးကြီးပဲ၊ ကျွန်တော့်ကိုတော့ ကျေးဇူးပြုပြီး ဘာမှမမေးပါနဲ့ ဆရာရယ်၊ ကျွန်တော် မဖြေတတ်ဘူး"

"မင်း ညွှန့်နေအောင်တောင် မေးတတ်တာ၊ ပျံနေအောင် ဖြေတတ်ရမှာပေါ့ကွ"

"ဖြေကို မဖြေချင်လို့ပါ ဆရာ"

"မင်းကလည်းကွာ"

"ဒီတစ်ခုတော့ ခွင့်ပြုပါဆရာ၊ ကျွန်တော့်ကိုတော့ ဘာမှမမေးပါနဲ့၊ တခြားက လာမေးလည်း ကျွန်တော်လက်ခံမှာ မဟုတ်ပါဘူး၊ ဖေဖေနဲ့ အင်တာဗျူးရတာနဲ့ပဲ ကျေနပ်ပါတော့ ဆရာ"

"ဒါဖြင့် အကျယ်တဝင့်လေး လုပ်ပါကွာနော်၊ ဂျာနယ်မှာရော လထုတ်မဂ္ဂဇင်းမှာရောပေါ့၊ မင်းအမေနဲ့ မင်းသားကြီးပုံတို့၊ မင်းအမေနဲ့ မင်းငယ်ငယ်က ပုံတို့လည်း လိုချင်တယ်"

ရီးမသည် လောလောလတ်လတ်ပင် မျက်နှာတွေနီရဲထူပူလာရပါသည်။ ဖေဖေ့သားဖြစ်ရတယ်ရယ်လို့ ရှက်တာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါ။ အောင်မြင်ကျော်ကြားတဲ့ မင်းသားတစ်ဦးရဲ့သားအဖြ ပေါ်ပြူလာဖြစ်ရတာ ပေါ်လွင်ထင်ရှား လူသိများရတာကို ရှ တာပါ။

"ဒီအင်တာဗျူး ဘယ်တော့ရမလဲ"

"ကျွန်တော် ဖေဖေ့ကို ပြောပါ့မယ်၊ ဖေဖေက လက်ခံရင် ကျွန်တော် ရက်ချိန်းပေးပါ့မယ်ဆရာ"

"လက်သင့်ခံအောင်တော့ မင်းပြောလေကွာ"

"ဟုတ်ကဲ့"

"အမြန်ဆုံးလုပ်လိုက်ပါကွာ၊ တခြားဂျာနယ်တွေက ရှီးတိုး ရှိတ်တိတ်တောင် ပြောချင်နေကြပြီ၊ ငါတို့က တိတိကျကျ ဇာတ်လမ်းအပြည့်အစုံလေးနဲ့ ဖော်ပြရအောင်လေ၊ မင်းသား ကြီးက အလုပ်များတော့ ညသန်းခေါင်တွေ ဘာတွေမှ လုပ်မယ်ဆိုရင်လည်း ရတယ်နော်၊ ကိစ္စမရှိဘူး"

"ဟုတ်ကဲ့"

"ငါ ဒီကိစ္စ ကိုစိန်ကို တာဝန်ပေးလိုက်မယ်"

"ဟုတ်ကဲ့"

ရှီးမက လေးကန်ကန် ခေါင်းညိတ်လိုက်ရပါသည်။ ဖေဖေ့ကို ရှီးမ ပြောလိုက်လျှင် ဖေဖေက အသာတကြည် လိုလို လားလား လက်သင့်ခံလိုက်မည်ကို သိပါသည်။ ဖေဖေက ဒီ အကြောင်းကို ကြေကြေ ကြေညာချင်နေတဲ့သူ ဖြစ်သည်။ တခြား





ဂျာနယ်ထဲ အရင်ပါမသွားဘဲ သူတို့တိုက် အရင်ရလျှင် သူတို့တိုက် အကျိုးရှိတာပေါ့။

"မင်းကလည်းကွာ၊ မင်္ဂလာသတင်း ကောင်းသတင်းကို ရပ်ကြီးက ဘယ်လိုဖြစ်နေရတာတုန်း"

"ဘာမှမဟုတ်ပါဘူး ဆရာ"

"မင်းအဖေဆီက ရက်ချိန်းမြန်မြန်လေး တောင်းပေးပါကွာ"

"ဟုတ်ကဲ့"

ရှီးမက အယ်ဒီတာချုပ် စကားပြီးဆုံးပုံ ရသည်မို့ ခေါင်းမော့ရင်း ...

"ဆရာ ... ကျွန်တော် သွားလို့ရပြီလား"

"အေး ... ရပါပြီ"

"ဆရာ့ကို ကျွန်တော် တစ်ခုလောက် အခွင့်အရေး တောင်း ချင်လို့ပါ"

"ဘာလဲ ရှီးမ၊ ပြောလေ"

"ဆရာ ... ကျွန်တော် ခွင့်ယူချင်လို့ပါ။ အနည်းဆုံးနှစ် ပတ် အများဆုံး တစ်လလောက်ပေါ့၊ ကျွန်တော့်နေရာ တာဝန်လစ်ဟာမှု မရှိအောင် ကျွန်တော့်လက်ထောက် ဖိုးကျော်ကို သေချာတာဝန်လွှဲအပ်ခဲ့ပါ့မယ်"

"ဘာလဲ ... မင်း သတင်းတွေ ပါလာမယ့်အချိန် စတေး ရှောင်မလို့ပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



ရီးမက ဆိတ်ဆိတ်နေ ဝန်ခံခြင်းလို ဘာမှပြန်မပြော လိုက်ပါ။

❣ ◇ ❣

ရီးမ ကိုင်ထားတဲ့ဖုန်းထဲ အသက်ရှူသံလေး အရင် ဝင်လာကာ ...

"ရီးမ"

"အေး ... နင် အိပ်ပြီလား၊ ငါဆက်တာ နည်းနည်းနောက်ကျသွားတယ်"

"ဆယ်နာရီခွဲပဲ ရှိသေးတာ၊ ငါ မအိပ်သေးပါဘူးဟ"

"တော်သေးတာပေါ့"

နပျိုရဲ့ အသံချိုချို အေးအေးလေးက ရီးမရဲ့ရင်ကို အေးမြစေပါသည်။

"နင် ဘာလုပ်နေလဲ၊ တီဗီကြည့်နေလား"

"ဟင့်အင်း မကြည့်ဘူး"

"ဒါဖြင့် ဘာလုပ်နေတာလဲ"

"ဒီလိုပါပဲ ဟိုလုပ် ဒီလုပ်နဲ့၊ တကယ်ကတော့ စဉ်းစား နေတာပါ"

"နင် ဘာတွေ စဉ်းစားနေတာလဲ"





"ငါ နင့်ဆီ ဖုန်းဆက်ရင် ကောင်းမလားလို့ စဉ်းစားနေတာ"

"ငါ့ဆီ ဖုန်းဆက်ဖို့များ ကောင်းလား ဆိုးလား စဉ်းစားနေတယ်၊ ဆက်ချင်စိတ်ပေါက်လာတာများ ဆက်လိုက်ပေါ့၊ ဘာအိုက်တင်ခံနေတာလဲ"

"အိုက်တင်ခံတာ မဟုတ်ဘူးဟ"

"ဒါဖြင့် ဘာလဲ"

"ငါပြောလိုက်မယ့် စကားတစ်ခွန်းဟာ နင့်ကို အရင်းနှီးဆုံး သူ့ငယ်ချင်းအဖြစ် အားကိုးအားထား တိုင်ပင်ရာကျ မလား၊ ဒါမှမဟုတ် နင့်ကို စိတ်အနှောင့်အယှက် ပေးသလို ဖြစ်သွားမလား၊ ငါ ဝေခွဲမရလို့ ဆက်ရမယ် မဆက်ရဘူး ဆုံးဖြတ်ချက် မကျတာပါ ရီးမရာ"

"နင်က ဘာပြောမှာမို့လဲ"

"ငါ စဉ်းစားတာ မပြီးသေးဘူးဟ၊ ကောင်းလား မကောင်း လား ခုထိ ဆုံးဖြတ်လို့ မရသေးဘူး၊ ငါပြောလိုက်တဲ့ အတွက် နင် တစ်ခုခု ဖြစ်သွားမှာ နင် စိတ်ဆိုးသွားမှာ ကိုလည်း စိုးရိမ်တယ်"

"နပျို"

"ရီးမ"

"နင် ဘာပြောမယ်ဆိုတာ ငါသိသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



ရီးမအသံက တုန်ခါသွားပါသည်။ တကယ်တော့ ရီးမက ဒီနှစ်ပတ်လောက် သူ ပဲခူးက အမျိုးတွေဆီ အလည်အပတ် ခရီးအဖြစ် ခဏတဖြုတ် သွားနေမှာဖြစ်ကြောင်း နုပျိုကိုပြောဖို့ ဖုန်းလှမ်းဆက်လိုက်တာပါ။ အချိန်မရွေး ထ,ပြန်လာချင်လည်း အနီးလေး၊ မပြန်ချင်လို့ ဆက်နေလည်း ခရီးမဝေးတဲ့ ပဲခူးမြို့ လေးမှာ သူ ခဏသွားရောင်နေမလို့ပါ။ ဘကြီးအိမ်က ပဲခူးမှာ ဖြစ်ပါသည်။

"ငါ ခရီးသွားမလို့၊ ငါ သွားနေတုန်း နင် သတင်း တစ်ခု ကြားရလိမ့်မယ်၊ အဲဒီသတင်းအတွက် ငါ မျက်နှာပူလို့ အဝေးမှာ ခဏသွားရောင်နေမှာ"ဆိုတဲ့ စကားကို နုပျိုကိုပြောခဲ့ မလို့ပါ။ ဘာတွေများ ကြားရမှာပါလိမ့်လို့ နုပျို ရင်တမမဖြစ်ပြီး သတင်းထူး ဟူသမျှ နားစွင့်နေရင်းက မကြာခင်ပဲ ဒီကိစ္စကို သိသွားနိုင်မှာပါ။

ဒီတော့ သူ ဖွင့်ပြောစရာ မလိုတော့ဘဲ နုပျို တစ် ယောက် အလိုအလျောက်နှင့် သူ့ဘဝဇာတ်ကြောင်း အလှည့် အပြောင်းကို သိသွားနိုင်မှာပေါ့။ အဲဒီအခါမှာ သူ့ဘဝရှေ့ရေး နိုင်မာတင့်တယ်မှုကို ရှေ့တန်းတင်တဲ့ နုပျိုအတွက် သူဟာလည်း ရှေ့တန်းတင် တွက်ချက်စရာ လူတစ်ယောက်ဖြစ်လာ ...။

အင်း ...။ အဲသလို တွေးနေခဲ့မိတာလေ။

ခုတော့ ... နုပျိုဘက်က နိဒါန်းပျိုးတဲ့စကားတို့က ရီးမရဲ့ရင်ကို တဒိန်းဒိန်း ဆူညံခုန်ပေါက်စေပါပြီ။





"ရီးမ"

"... ... ..."

"ငါလေ ..."

"... ... ..."

"ငါ ... ငါ ... မနက်ဖြန် တနင်္ဂနွေနေ့မှာ ဆရာ့ကို ... ဆရာ့ကို ငါ ခေါင်းညိတ်လိုက်တော့မလို့ ... ရီးမ"

ထစ်ငေါ့တုန်ယင်နေတဲ့ နုပျိုရဲ့စကားသံ နောက်ကွယ် မှာ ရီးမ တိတ်ဆိတ်ငြိမ်သက်သွားပါသည်။ ရင်ထဲမှာ ဘာဖြစ် သွားမှန်းမသိဘဲ မွန်းနင့်နင့် လေးထုံထုံကြီးဖြစ်ကာ နားထဲမှာလည်း အသံတွေက ဝေးသွားလိုက် နီးလာလိုက်။ လေတွေပဲ တဝုန်းဝုန်း တိုက်ခတ်နေသလိုလို။ လျှော့င်တွေပဲ လှုပ်လာသလိုလို။ တော်လဲ သံကြီးတွေလား၊ မုန်တိုင်း တိုက်ခတ်သံကြီးတွေလား။ မီးတောင် တွေအားလုံးရော ကမ္ဘာမြေပေါ်မှာ တစ်ပြိုင်နက် ပေါက်ကွဲကုန်ပြီ လား။

"သိလား ...၊ ရီးမ ! ငါပြောတာ ကြားလား"

"အင်း"

ရီးမ အသံက အဝေးကြီးက လာသလို ဖျစ်ညှစ် ထွက်သွားပါသည်။ ထို့နောက်တော့ သူ ဘာစကားတစ်ခွန်းမှ ထပ်မပြောနိုင်အောင် လည်ချောင်းတွေ ခြောက်သွေ့ အက်ကွဲလျက် အာခေါင်တွေ စေးထန်းလာသည်။ နုပျို ဆက်ပြောနေတဲ့ စကား



www.burmeseclassic.com

www.burmeseclassic.com



တွေကို မကြားတစ်ချက် ကြားတစ်ချက်။ နင် သူ့ကိုချစ်လား !_ နင် သူ့ကို ချစ်လို့လား ... ! ဆိုတာကို စိတ်ထဲကပဲ ကျိတ်အော်ဟစ်ကာ မေးမြန်းနေမိလျက် နှုတ်ကတော့ ဘာစကားတစ်လုံးမှ ထွက်ကျမလာနိုင်ဘဲ ဆွံ့အနေခဲ့သည်။

❣ ◇ ❣





## (၁၅)

"ဒီနေ့ ဘယ်ဆိုင်သွားချင်လဲ နယ်ပျို"

"ဆရာ ... အအေးလေးတစ်ခုခု သောက်နိုင်တဲ့ ဆိုင်မျိုးလောက်ပဲ သွားပါ၊ နယ်ပျို ဒီနေ့ ဘာမှ မစားချင်လို့ပါ"

စွမ်းထွဋ်က နာရီကြည့်ရင်း ...

"ဒါပေါ့ ... စောလည်း စောသေးတာကိုး"

စွမ်းထွဋ်က အတန်ကြာ ဝတ်မောင်းနေပြီးမှ စနက်ခ်ဆိုင်လေးတစ်ခုမှာ ကားကိုထိုးရပ်လိုက်ပါသည်။ ဆိုင်ထဲမှာ ထိုင်မိပြီး သောက်စရာ မှာယူပြီးတဲ့ အချိန်အထိ နယ်ပျိုငြိမ်သက်တိတ်ဆိတ်နေမိပါသည်။ စွမ်းထွဋ်ကသာ ဆိုင်ရဲ့အခင်းအကျင်းအပြင်အဆင်လေးကို ဝေဖန်ချီးမွမ်းနေသည်။

ညက ဖုန်းပြောရင်း တစ်ဖက်က လုံးဝတိတ်သွားတဲ့ အခြေအနေကို တောက်လျှောက် ပြောချင်ရာ အတော်လျှောက်



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးမှ နုပျို သတိပြုလိုက်မိပါသည်။ ကိုယ်ကလည်း ဘယ်လို အခြေအနေ အချက်အလက်တွေကြောင့် ဆရာကို ခေါင်းညိတ်ချင်ပါတယ်ဆိုတာကို ရီးမကို နားလည်ပေးနိုင်စေချင်ဇောက ကြီးနေသည်။

ဒီလောက်ရှင်းပြနေဖို့ မလိုအပ်ဘဲနှင့် နုပျိုရှင်းပြနေခဲ့မိသည်။ အတော်ကြာမှပဲ ရီးမဘက်က အသံတိတ်တိတ်နေတာကို သတိပြုမိသည်။

"ရီးမ"

"……………"

"ရီးမ … နင် ငါပြောနေတာတွေကို နားထောင်နေရဲ့လား"

"……………"

"ဟင် … ရီးမ"

"အင်း"

စကားလုံးများများမပါအောင် "အင်း"တစ်ခွန်းပဲ ပြန်ဖြေတာတောင်မှ ရီးမရဲ့အသံက နှာခေါင်းတွေ့ ပိတ်နေသလို အစ်နေခဲ့ပါသည်။

"ရီးမ"

"……………"

"နင် ဘာလဲ … နှာခေါင်းပိတ်နေတာလား၊ ငိုနေတာလား"

"ဘာလို့ ငိုရမှာလဲ"





ဘာလို့ ငိုရမှာလဲဆိုတဲ့ အသံက ငိုသံပါကြီးမှန်း သိသာလွန်းလှသည်ဖြစ်ရာ နုပျိုလည်း ဘာမှဆက်မပြောချင်တော့အောင် စိတ်ဆင်းရဲသွားပါသည်။ အဲဒီစိတ်ဆင်းရဲဟာ ခုထိကျန်တုန်း။ တစ်ညလုံး လူးလူးလိမ့်လိမ့်နှင့် နိုးတစ်ဝတ် အိပ်တစ်ဝက်။ တကယ်က နုပျိုရဲ့ကိုယ့်ဘဝ ကိုယ့်ရွေးရေး ကိုယ်ဆုံးဖြတ်ချက်ချတဲ့အခါမှာ အခြားလူတစ်ယောက် စိတ်မဆိုးအောင် အထင်မမှားအောင် ဘာမှ ရှင်းပြနေစရာ ခွင့်ပြုချက်ယူနေစရာ မလိုအပ်တာပါ။

ရီးမ စိတ်မဆိုးစေချင်၊ အထင်မသေးစေချင်၊ ခွင့်ပြုချက် ပေးစေချင်နေတယ် ဆိုကတည်းကိုက ,တစ်ခုခုတော့ လွဲနေပြီ မဟုတ်လား။

"နုပျို"

"ရှင်"

"ဒီနေ့ အဖြေပေးမယ်ဆိုလို့ မိုးလင်းကတည်းက ရင်တွေ တုန်နေတယ်"

နုပျိုက ဒေါက်တာစွမ်းထွင်ရဲ့ ပြုံးနေတဲ့မျက်နှာကို ကြည့်လိုက်ပါသည်။ အခု ဒီအချိန် ဒီနေရာမှာ ထိုင်နေတဲ့အချိန်ထိ နုပျိုရဲ့ခေါင်းထဲမှာ ခေါင်းညိတ်မယ်နှင့် ခေါင်းခါမယ် Yes နှင့် No နှစ်မျိုးလွန်ဆွဲတုန်းဆိုရင် ယုံချင်စရာတောင် မကောင်းပါ။ တကယ်တော့ စွမ်းထွင်ကို ဒီတနင်္ဂနွေနေ့မှာ အဖြေပေးပါမယ်လို့ ပြောလိုက်စဉ်တုန်းက ခေါင်းညိတ်လက်ခံဖို့ ရည်ရွယ်ပြောခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



မနေ့ကတုန်းကမှ လူက တစ်ချက် ပြန်တွေ့ဝေ ခဲ့တာ။ ဒီနေ့ ခေါင်းညိတ်လိုက်ပြီးသွားရင်တော့ နောက်တစ် ပြန်တွေ့ဝေနေလို့ မရဘူးဆိုတာ နားလည်ထားသည်ဖြစ်၍ ပို ရင်တွေလေးနေတာပါ။

ဒေါက်တာစွမ်းထွဋ်လို လူကောင်းတစ်ယော အပေါ် အမှားအယွင်း မဖြစ်သင့်ပါ။

"နပျိုကို ကြည့်ရတာ စိတ်တွေ တင်းကျပ်နေသလိုပဲ"

"ဟုတ်ကဲ့"

"ဘာဖြစ်လို့ ဒီလောက် စိတ်တွေတင်းကျပ် လှုပ်ရှားနေ တာလဲ၊ စိတ်လျှော့ထားပါ၊ စိတ်ကို တအားအဖိစီးမခံနဲ့၊ ဘာလဲ၊ ဒီနေ့ပေးမယ့် အဖြေနဲ့ ပတ်သက်ပြီး ဖြစ်နေတဲ့ Stress တွေလား"

နပျိုက ခေါင်းလေး အသာညိတ်လိုက်ပါသည်။

"နပျိုကလည်း ဘာဖြစ်လို့ ဒီလောက် စိတ်ပင်ပန်းခံလဲ၊ နပျို နားလည်ထားဖို့က နပျိုဆီက ဘယ်လိုအဖြေစကား မျိုးရသည်ဖြစ်စေ ကိုယ် ဘာကိုမဆို နားလည်တယ်၊ နား လည်ပေးနိုင်တယ်၊ စိတ်အေးအေးထားပါ၊ ဘာလဲ — တစ်ခါမှ ချစ်သူမထားစဖူး ထားရတော့မှာမို့လို့ အရမ်း စိတ်လှုပ်ရှားနေတာလား ... ဟား ဟား"





"ဆရာ"

"ပြော"

"ဆရာက နပျိုရဲ့ ဆရာသမားလည်း ဆရာသမား၊ အလုပ်ရှင်လည်း အလုပ်ရှင်၊ ကျေးဇူးရှင်လည်း ကျေးဇူးရှင်"

"မိတ်ဆွေလည်း မိတ်ဆွေပေါ့"

"ဟုတ်ပါတယ်၊ သာမန် ကိုယ်နဲ့ တန်းတူရည်တူ အပေါင်းအသင်း မဟုတ်တဲ့အတွက် နပျို စိတ်တွေ ဖိစီးမိတာပါ"

"မဖိစီးပါနဲ့၊ နပျိုရဲ့အဖြေဟာ ဖြူသည်ဖြစ်စေ မည်းသည်ဖြစ်စေ၊ ချိုသည်ဖြစ်စေ ခါးသည်ဖြစ်စေ၊ ရှေ့မှာလာမယ့် ကိုယ်တို့ရဲ့ဆက်ဆံရေးဟာလည်း ဟိုးအရင်ကအတိုင်း အခုအတိုင်း အေးအေးချမ်းချမ်း တည်တည်ငြိမ်ငြိမ်ပဲ နေမယ်၊ ဘာမှ မပူပါနဲ့၊ ကိုယ်ကလည်း ကိုယ့်လက်အောက်ငယ်သား ကိုယ့်ဝန်ထမ်းကို propose လုပ်မိတာဆိုတော့ နပျို အနေနဲ့ ကြောက်ကြောက်နဲ့ မငြင်းရဲလို့ ခေါင်းညိတ်လိုက်တာမျိုးကိုလည်း အလိုမရှိပါဘူး"

"ဟုတ်ကဲ့"

"ရီးမကတောင် ကိုယ့်ကို ပြောပါတယ်"

"ရှင် ...၊ ရီးမက ဘာပြောတာလဲ ဆရာ"

"နပျိုဟာ ရီးပြီး စကားကို တန်ဆာဆင်တာထက် အဖြောင့် တိုက် တဲ့တိုးပြောတတ်တဲ့ သူမို့လို့ နပျို အဖြေပေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



အခါဖြစ်စေ၊ တခြား အကြောင်းတစ်ခုခု စကားပြော အခါပဲဖြစ်စေ ကိုယ့်နားထဲ ကြားရခက်ပြီး ထောင့်နေခဲ့ တောင် တစ်မျိုးမထင်ပါနဲ့တဲ့၊ ဒါဟာ သူ ရိုးရိုးပြေ ပြောင့် ပြောတာ ဖြစ်မှာပါတဲ့"

"ဆရာနဲ့ ရိုးမက ဒီလိုစကားတွေပြောဖို့လောက်ထိ အရ ရင်းနှီးတာပေါ့၊ ဟုတ်လား ဆရာ"

"အင်း ... ရင်းနှီးတယ်၊ အဟင်း ဟင်း"

နပျိုက ခဏ ငိုင်နေပါသည်။ ရိုးမ ဒီစကားပြော တာဟာ နပျိုအတွက် ကြိုတင်ကာကွယ်တဲ့ အခင်းအကျင်းတစ် ပဲဆိုတာကို နားလည်နေပါသည်။ ပြည့်စုံတဲ့ဘဝတစ်ခုကို လိုချ တာ၊ တင့်တောင့်တင့်တယ် ဖြစ်ချင်တာ စတဲ့ အိပ်မက်တွေ ရှော လင့်ချက်တွေကို နပျို ထည့်ပြောလိမ့်မယ်လို့ သူ ထင်လို့ ဆရာ စိတ်ထဲ ငွေတို့ ဂုဏ်တို့ မက်တဲ့ မိန်းမမျိုးလားလို့ အထင်မမှာ အောင် ကြိုတင်ဖြေရှင်းပေးထားတဲ့ စကားပါ။

နပျိုက ခေါင်းလေးငုံ့ထားရာမှ မော့လိုက်ပါသည်။ ဆရာ့ရယ် ... ပြည့်စုံတဲ့ ဘဝတစ်ခုကိုလည်း ရချင်တယ်။ ဒါပေမဲ့ တကယ်တမ်း ဘယ်လိုပဲ စဉ်းစား စဉ်းစား ကိုယ့်ရဲ့ရှေ့ခရီးမှာ ရိုးမကို ဖြုတ်ချန်မထားခဲ့ရက်ဘူး။ သူ့ကို ချန်ထားရစ်ခဲ့ခြင်းဟာ ကိုယ့်ကိုယ်ကိုယ် လိမ်ညာခြင်းတစ်မျိုးပဲဆိုတာ ကောင်းကောင်း ကြီး နားလည်လာတယ်။



"ဆရာ"

"ပြောပါ နပျို"

"ကိုယ့်အလုပ်ရှင်ကို ခေါင်းခါငြင်းရမယ်ဆိုတဲ့ အလုပ်တစ်ခု က မလွယ်ကူပါဘူး ဆရာ၊ အများကြီး စွန့်စားရပါတယ်၊ သတ္တိမွေးရပါတယ်၊ နပျို ဆေးခန်းမှာစဲ အလုပ်ဆက်လုပ် ချင်ပါသေးတယ် ဆရာ၊ ခွင့်ပြုပေးပါ"

"နပျို ဆိုလိုတာက"

"... ... ..."

"ကိုယ့်ကို အခု ခေါင်းခါငြင်းလိုက်တယ်ဆိုတဲ့ အဓိပ္ပာယ် ပေါ့နော်"

စွမ်းထွန့်က နပျို မျက်ဝန်းကို စေ့စေ့ကြည့်လာ၍ နပျိုက ရင်မဆိုင်ဝံ့ကာ မျက်လွှာလေး ချထားလိုက်ပါသည်။

"ဆရာ့လို လူတစ်ယောက်ကို ခေါင်းခါမိတဲ့အထိ မိုက်မဲ တဲ့ နပျိုကို အလု[illegible]လုပ်နေခွင့်တော့ ဆက်ပြုပေးပါဦး ဆရာ၊ နပျို ဒီမှာ အလုပ် လုပ်ရတာ ပျော်လည်းပျော်ပြီး စိတ်လည်း ချမ်းသာလို့ပါ၊ ဒါနဲ့တောင် ဆရာ့ကို ခေါင်း မညိတ်မိတာ ... နပျို ..."

"ဘာဆိုင်လို့လဲ နပျိုရယ်၊ ကိုယ့်ကိုပြန်မကြိုက်လို့ အလုပ် ဖြုတ်ရမယ်ဆိုရင် ဒီလူ လူပေါကြီး ဖြစ်တော့မှာပေါ့၊ နပျို ကသာ မျက်နှာတွေပူပြီး အလုပ်ထွက်မသွားနဲ့၊ အခု

www.burmeseclassic.com



အတိုင်း နေလို့ရပါတယ်၊ ကိုယ် သဘောထား မသေးပါဘူး"

"နုပျို သိပါတယ်၊ ခွင့်လွှတ်ပါ ဆရာ"

စွမ်းထွန်းက ခေါင်းတညိတ်ညိတ် လုပ်နေရင်း ...

"ကိုယ့်ကို နုပျို မချစ်နိုင်တာပေါ့နော်"

"အမှန်အတိုင်း ပြောရရင် ကိုယ်တိုင်လည်း ဒီအသက် အရွယ်ရောက်လာလို့ အိမ်ထောင်ရက်သားလေး ကျမယ် ဆိုရင် ကျသင့်ပြီလို့ စဉ်းစားကြည့်တဲ့အခါ အချစ်ဆိုတာကို နုပျို လုံးလုံးထည့်မစဉ်းစားခဲ့တာပါ၊ ဒါပေမဲ့ ... ဒါပေမဲ့ တကယ်တော့ အဲဒီ နုပျို ထည့်မစဉ်းစားခဲ့တဲ့ 'အချစ်'ဆိုတဲ့ဟာလေးက နုပျို ရင်ထဲမှာ ရှိနေလို့ပါ"

စွမ်းထွန်းက ခေါင်းတညိတ်ညိတ်နှင့် နားထောင်ပါသည်။ နုပျို့အပေါ် အပြစ်မြင်ခြင်းလည်း မရှိပါ။ စိတ်ကွက်ခြင်းလည်း မရှိပါ။

"အင်း ... ကိုယ် သဘောပေါက်ပါတယ်"

"အမှန်တိုင်း ဝန်ခံရရင် ဆရာ့လို ပြီးပြည့်စုံတဲ့ သူတစ်ယောက်ကို နုပျို ခေါင်းညိတ်ချင်တာပါ ဆရာ၊ ဒါပေမဲ့ ရင်ထဲက အချစ်ဆိုတာလေးက ဆွဲထားထားလို့ပါ၊ တကယ်တမ်း သူ့ကို လွန်ဆန်နိုင်ဖို့ လျစ်လျူရှုနိုင်ဖို့က မလွယ်လို့ပါ ဆရာ"



"နားလည်ပါတယ် နုပျို၊ နေရထိုင်ရ မခက်ပါနဲ့၊ ကမ်းလှမ်းတိုင်း အားနာပါးနာ လက်သင့်ခံနေဖို့မှ မဖြစ်နိုင်တာ၊ နုပျို ခုလို အချစ်ကို လျစ်လျူမရှုဘဲ ကိုယ့်ဆန္ဒအိပ်မက် မျှော်လင့်ချက်နောက်ကို ခေါင်းလိုက်မညိတ်တာကိုလည်း ကျေးဇူးတင်ပါတယ်၊ ရှင့်ကိုချစ်တော့ မချစ်ပါဘူး၊ ဒါပေမဲ့ လက်ထပ်ပါမယ် ဆိုတာမျိုးကမှ အရမ်းဆိုးမှာ၊ ဘာမှမပြောဘဲ ခေါင်းညိတ်လိုက်ရင်လည်း ဒီယောကျ်ားဟာ သေသာသွားရော၊ သူ့ဇနီးက သူ့ကို မချစ်ခဲ့ဘူးဆိုတာ သိတောင်မသွားရဘူးဆိုတဲ့ ဇာတ်လမ်းမျိုးက ပိုဆိုးပါတယ် ...

ကိုယ်က ချစ်တဲ့သူကို ရချင်သလို ကိုယ့်ကိုချစ်တဲ့ သူကိုလည်း လိုအပ်တာပဲလေ၊ ကိုယ့်ကိုငြင်းရတဲ့အတွက် နုပျို စိတ်ကသိကအောက်ဖြစ်တာ၊ စိတ်ပင်ပန်းတာမျိုး မဖြစ်ပါစေနဲ့"

"နုပျိုကို ခွင့်လွှတ်ပါ ဆရာ"

နုပျိုက ရင်ထဲ ကတုန်ကယင်နှင့် မျက်ရည်လည်ချင်လာသည်။ ဝမ်းနည်းဝမ်းသာ ဖြစ်ရပါသည်။ ဆရာ့လိုလူကို ခေါင်းခါငြင်းလိုက်ရတဲ့ သတ္တိခွန်အားဟာ ဘယ်ကများ ရင်ထဲ ဖြုန်းခနဲ ရောက်လာပါလိမ့်။

"ကိုယ် တစ်ခုတော့ သိချင်သား"

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာစွမ်းထွင့်က သဘောကောင်းကောင်းပြုံး

နေရင်း ...

"ဆရာသမားမို့ အနိုင်ကျင့်မေးတယ်တော့ မထင်စေချင်ဘူး၊ နပျို့ မဖြေရင်လည်း ဘာမှမဖြစ်ပါဘူး၊ ရပါတယ်"

"ဟုတ်ကဲ့"

"နပျို့ ရင်ထဲမှာ ရှိနေတဲ့ အချစ်က ..."

ဆရာက စကားကို ရှေ့မဆက်ဘဲ ရပ်ထား၍ နပျို့က အတန်ကြာမှ မျက်လွှာပင့်ကြည့်လိုက်မိပါသည်။ ပေါလွင်လာတဲ့ နပျို့ရဲ့ မျက်ဝန်းထဲ ဆရာက စူးစူးစိုက်စိုက် အကဲခတ်ကြည့်ကာ ...

"ရှိးမ အတွက်လား"

နပျို့က ချက်ချင်း မျက်လွှာပြန်ချလိုက်ပါသည်။ ဆရာက မဖြေရင်လည်း ဘာမှမဖြစ်ဘူး၊ ရတယ်ဆို။ နပျို့ မဖြေချင်တာက ရှက်လို့ပါ။ ဆရာ့ကိုလည်း အားနာရလို့ပါ။ နလုံးသားတွေကတော့ တဆတ်ဆတ်နဲ့ ညိတ်ပြနေတာကို ဘယ်သူမှ မမြင်နိုင်လို့ တော်ပါသေးရဲ့။

❦ ✧ ❦





ဘယ်လိုပေါ်ပါးသွားမှန်း မသိသောစိတ်နှင့် အလုံကရှိးမရဲ့အိမ်လေးဆီ တစ်ယောက်တည်း ရောက်လာသော နပျို့သည် မိုးတွေရွာနေတာကိုပင် အမှတ်မထားမိ။ ဒေါက်တာစွမ်းထွင့်နှင့် လမ်းခွဲလိုက်တဲ့ အချိန်ထိ မိုးကမရွာသေးပါ၊ လမ်းထိပ်မှာ ကားပေါ်ကဆင်းပြီးသည်နှင့် နပျို့က ကားဂိတ်အနီးနားက ပီစီအိုဖုန်းနှင့် ရှိးမရဲ့ ဟဲန်းဒ်ဖုန်းဆီသို့ ဖုန်းခေါ်သည်။

ဖုန်းပိတ်ထားသည်တဲ့။

စိတ်မရှည်နိုင်တဲ့ နပျို့[illegible]နောက်တစ်ကြိမ်တောင် ထပ်ခေါ်ကြည့်မနေတော့ပါ။ မကြာမီရွာတော့မှာ သိသာစွာ အုံ့မှိုင်းနေတဲ့ ကောင်းကင်ကြီးကို မော့ကြည့်ပြီးနောက် ဘတ်စ်ကားပေါ် မြန်မြန်တက်စီးလာခဲ့သည်။

မိုးရွာလည်းရွာပေါ့။ ထီးပါသားပဲလေ။ ဘာဖြစ်လဲ။ ဘတ်စ်ကားဆိုတာလည်း တိုးစီးဖူးတာ ကျင့်သားရလွန်း၍ ရိုးနေပါပြီ။ ရှေ့ကိုဆက်ပြီး ဘတ်စ်ကားစီးသွားရလို့လည်း ထူးခြားဆိုးဝါးတဲ့ဘဝရဲ့ကို ကျရမှာမှ မဟုတ်ဘဲ။ ကိုယ်မရောက်ဖူးတဲ့ ဘဝဆင်းရဲမျိုးမှ မဟုတ်ဘဲ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ရှီးမနှင့် ဘဝတစ်ခု ပေါင်းစည်းဖြစ်ခဲ့ရင် ခုအခြေအနေထက် နည်းနည်းပါးပါးတောင် သာသွားဖို့ပဲ ရှိပါသည်။ ရှီးမမှာ သူတစ်ယောက်တည်း ပိုင်ဆိုင်တဲ့ ကိုယ်ပိုင်အိမ်လေးနဲ့။ နပျိုထက် များတယ်ဆိုတဲ့ (ဘယ်လောက်မှန်းတော့ သေချာမသိတဲ့) လစဉ်ဝင်ငွေနဲ့။ သိသိသာသာ ခုန်တက်မြင့်မားမသွားနိုင်တာ တစ်ခုပဲလေ။ နိမ့်ကျသွားစရာတော့ မရှိတဲ့ဟာ။

ပြည့်စုံခြင်း ချမ်းသာခြင်း ဆိုတာကိုတော့ ငါတကယ်ပဲ တပ်မက်သားပါ ရှီးမရယ်။ ဒါပေမဲ့လည်း နင့်ကို ချန်ထားရစ်ခဲ့ပြီးတော့တော့ ငါ ချမ်းသာပြည့်စုံတဲ့ဘဝထဲ ခုန်မတက်သွားချင်တော့ဘူး။

ကိုယ့်အတွေးနှင့်ကိုယ် ရင်တွေခုန်နေမိတဲ့ နပျိုသည် ဘတ်စ်ကားပေါ်က အဆင်းမှာ မိုးတွေရွာနေတဲ့အခါမှာလည်း သတိတောင်မပြု ဂရုတောင်မစိုက်မိ။ ကိုယ့်ရင်ခုန်နှုန်းပီတိနဲ့ကိုယ် မျက်နှာကလေးက ကြည်နူးလန်းဆန်းနေလျက် ရှီးမရဲ့အိမ်ရှေ့ရောက်လာသည်။

"ရှီးမ ... ရှီးမ ရှိလား"

အိမ်ရှေ့က လှမ်းအော်ခေါ်လိုက်တဲ့အခါ ဟိုတစ်ခါတွေ့ခဲ့ဖူးတဲ့ ဇော်လွင်ဆိုသူ မဟုတ်တဲ့ နောက်ထပ် ယောကျ်ားတစ်ယောက် ထွက်လာပါသည်။

"ရှီးမ ရှိလားဟင်"





"ရှီးမ ! ... ဩော် ... မရှိဘူးခင်ဗျ"

"ဘယ်ကိုသွားလဲဟင်"

"ဩော် ... သူက ဒီမှာမနေဘူးဗျ"

ဟိုတစ်ခါကလည်း ဖြေဖြေချင်း "ဒီမှာမနေဘူး"ပဲ ပြောတာ။ အခု နောက်တစ်ယောက်ကျပြန်တော့လည်း "ဒီမှာမနေဘူး"ပဲတဲ့။

"ဒါ ရှီးမရဲ့အိမ်တော့ ဟုတ်သလားဟင်"

"သူ့အိမ်တော့ ဟုတ်တယ်ဗျ"

"သူ ဒီအိမ်ကို ရောင်းများရောင်းလိုက်တာလားဟင်"

"မရောင်းပါဘူးခင်ဗျ၊ သူ့အိမ်ပါပဲ၊ အိမ်ပေါ်တက်ပါလားခင်ဗျာ၊ အပြင်မှာ မိုးရွာနေတော့ မိုးတွေစိုရွှဲနေပြီ"

သူက ရှီးရှီးသားသား စေတနာနှင့် ပြောတာမှန်း နပျို နားလည်ပေမယ့် ကိုယ်နဲ့မသိတဲ့ သူစိမ်းယောကျ်ားပဲရှိတဲ့အိမ်ပေါ် နပျိုက မတက်သင့် မတက်ရဲ။ မိုးရေထဲပဲရပ်ရင်း ...

"ရပါတယ်၊ နေပါစေရှင့်"

အဲဒီတုန်းမှာ အရင်တစ်ခါ နပျိုနှင့် တွေ့ဖူးတဲ့ ဇော်လွင် ဆိုသူလူက အိမ်ထဲမှ ထွက်လာကာ ...

"ဩော် ... မလှနပျိုပါလား၊ ဟိုကောင်ကြီး မရှိဘူးဗျ"

"ဘယ်သွားတာလဲဟင်"

"သူ ခရီးထွက်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"သူ့အမျိုးတွေဆီ မရောက်တာကြာလို့ အလည်သဘော ခရီးသွားမှာယ်ခင်ဗျ"

"ကျွန်မနဲ့ မနေ့ကညကပဲ ဖုန်းစကားပြောဖြစ်သေးတယ် ရှင့်"

"သူ ခရီးသွားမှာ မပြောဘူးလား"

"ဟင့်အင်း"

"မေ့သွားလို့ ထင်တယ်"

မနေ့က ရီးမထံက ဖုန်းလာတော့ ဆယ်နာရီတောင် ခွဲနေတာလေ။ သူ ခရီးသွားမယ့်အကြောင်း ပြောဖို့ဆက်တာလည်း ဖြစ်ချင်ဖြစ်မှာ။ ဒါပေမဲ့ နပျိုရဲ့စကားက သူ့ကို အလွန်တရာများ ထိခိုက်သွားစေခဲ့သလား မသိပါ။ နပျို ပြောပြီးတဲ့နောက် သူ ဘာမှမပြောဖြစ်တော့တာလေ။

"အမျိုးတွေဆီဆိုတော့ ပဲခူးပြန်တာ ထင်တယ်နော်"

"ဟုတ်ကဲ့"

"ဒါဖြင့် သူ အလုပ်ကနေလည်း ခွင့်ယူသွားတာပေါ့နော်"

"ဟုတ်ကဲ့ ... ခွင့်ယူသွားတယ်"

"ဘယ်လောက်ကြာမလဲ မသိဘူး"

"အဲဒါတော့ ကျွန်တော်လည်း မသိဘူး၊ သိပ်တော့ကြာမယ် မထင်ပါဘူး၊ သူတို့တိုက်မှာလည်း သူက အလုပ်ကခပ်များများပဲလေ"





နပျိုက ခေါင်းလေးညိတ်ရင်း ...

"ကျွန်မကို တစ်ခု ပြောပြပေးပါလား၊ ဟိုတစ်ခါရော အခုရော ရီးမ ဒီမှာမနေဘူးလို့ပဲ ပြောသံကြားရတော့ သူက ဘယ်မှာ အဓိကနေတာလဲ၊ ဒီမှာ လုံးဝမနေတာလား"

ဇော်လွင်နှင့် ဇေယျာက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်သည်။ မင်း ပြောလိုက် ... မင်းပြောလိုက်နှင့် တစ်ယောက်ကိုတစ်ယောက် လွှဲချနေသော အကြည့်များနှင့်ပင်။ ဖုံးဖိလိမ်ညာ ပြောရမှာမို့ ဖြစ်နိုင်ရင် ကိုယ်မပြောချင်။ ဇော်လွင်ကတော့ ဒီမှာ အမြဲနေဖြစ်နေကာ ဇေယျာကတော့ တစ်ခါတစ်ရံ ဇော်လွင်နှင့် လာအိပ်တာပါ။ တချို့သော [illegible]တွေ ရီးမလည်း ပြန်လာအိပ်လေ့ရှိပါသည်။

နပျိုက သူတို့နှစ်ယောက်ကို အကဲခတ်နေမိပါသည်။ ဘာတွေပြောရခက်နေကြတာလဲ မစဉ်းစားတတ်ပါ။ ဇော်လွင်က ခေါင်းကုတ်လိုက် နဖူးကုတ်လိုက်နှင့် ...

"နေတော့ နေပါတယ်၊ တစ်ခါတစ်ရံပေါ့၊ တစ်ခါတလေလည်း တိုက်သွားသွားအိပ်ရင်အိပ် ..."

"တစ်ခါတလေလည်း သူ့အမျိုးရင်းတစ်ယောက်ရဲ့အိမ်မှာ သွားနေတယ်ခင်ဗျ"

ဇေယျာက တမင်ပြောချလိုက်ပါသည်။ လုံးလုံးဖော်လိုက်တာမှ မဟုတ်တာ၊ ရီးမ မသိစေချင်တာလည်း မသိစေနဲ့။ သူတို့လည်း သိပ်လိမ်လည်ရာ မကျ။



www.burmeseclassic.com

www.burmeseclassic.com



"သူ့အမျိုးရင်း ... ! "

"ဟုတ်ကဲ့၊ နောက်မပြန်ဆုံတဲ့ အမျိုးအရင်းအချာပါ၊ အဲဒီ လည်း သွားနေပါတယ်"

"သြော်"

နပျိုက တအံ့တသြ ရေရွတ်မိသည်။ ရက်ခြားလို တွေ့ဖြစ်နေပါလျက် အမြဲတမ်း အခုပဲ အလုံက ထွက်လာခဲ့တာလို့ ပြောစမြဲဖြစ်တဲ့ ရီးမကြောင့် အလုံမှာပဲ အမြဲနေတာလို့သာ သိ ခွင့်ရခဲ့ပါသည်။ နောက်မပြန်ဆုံတဲ့ အမျိုးဆိုတဲ့သတင်းမျိုး သူ တစ်ခါမှ မပြောခဲ့ပါလား။

မေ့နေတာလည်း မဖြစ်နိုင်ပါ။ နပျိုလည်းပဲ ကိုယ့် အိမ်အကြောင်း မိထွေးအကြောင်း မောင်လေးအကြောင်းတို့ကို သတင်းအသစ်ရှိရင် ရှိသလို သူ့ကို အမြဲမချွင်းမချန် ပြောပြခဲ့ နေခဲ့တာပဲ။ သူလည်းပဲ သူ့အမျိုးအကြောင်း ဆိုတာကို စကား စပ်ပြီး ပြောနိုင်တာပင်။

"မလှနပျို မိုးတွေ တော်တော်ရွာနေပြီ၊ နေမကောင်းများ တောင် ဖိုးရတယ်"

"ဟုတ်ကဲ့ ... ကျွန်မ အခုပဲ သွားတော့မှာပါ၊ ကိစ္စမရှိပါ ဘူး၊ သူ ပြန်ရောက်ပြီး ဒီကိုလာရင်တော့ ကျွန်မ လာနေ သွားတာ ပြောပေးပါနော်"





"ဟုတ်ကဲ့ ... စိတ်ချပါ"

နပျိုက သူတို့နှစ်ယောက်ကို နှုတ်ဆက်ပြီး ပြန်ခဲ့ ပါသည်။ အလာခရီးမှာ ခြေလှမ်းတွေ သွက်လက်တက်ကြွ မြူး ထူးနေပေမယ့် အပြန်မှာတော့ ခြေလှမ်းတွေက လေးလေးကန်ကန် ဖြစ်နေပါသည်။ သူ့လို အလုပ်များတဲ့သူက ဆွေမျိုးတွေဆီ တကူးတက ခွင့်ယူပြီး သွားလည်တယ်ဆိုတာကလည်း တစ်မျိုး ကြီးလိုပင်။

တခြားကိစ္စဝိစ္စတွေများ ရှိသေးသလားတော့မပြော တတ်။ နပျို စိတ်ထဲမှာ သူ့ကို ခုချက်ချင်း ပြောပြအသိပေးချင် တဲ့စကားတစ်ခုကို့မပြောရ၍ မချင့်မရဲ ဖြစ်ရပါသည်။ ရီးမရေ... ငါ ဆရာ့ကို ခေါင်းမညိတ်ဘူး၊ ငြင်းလိုက်တယ်။ ဆရာ့ရဲ့လက် ထပ်ခွင့်ကို ငြင်းပယ်လိုက်တယ်။

ဘာဖြစ်လို့လဲ သိလား။

ဆရာ့ကို ငါ မချစ်လို့ပါ။ ဆရာ့ဆီမှာ ငါလိုချင်တဲ့ အချက်အလက်တွေ အကြီးကြီးတွေရော သေးသေးကလေးတွေပါ စုံစုံစေ့စေ့ ပြည့်ပြည့်စုံစုံရှိတာ မှန်ပါတယ်။ ငါ လက်ထပ်ဖို့ မျှော် လင့်ထားတဲ့ ယောကျာ်းတစ်ယောက်မှာ ရှိရမယ့် စံအားလုံး ဆရာ့မှာရှိတယ်။ ဒါပေမဲ့ ဆရာ့ကို ငါ မချစ်ဘူး၊ ရီးမရယ်။

အချစ်ကိုပဲ ဦးစားပေးမယ်လို့လည်း ဘယ်တုန်းက မှ စိတ်ကူးမယဉ်ခဲ့ဖူးပါဘူး။ ဒါပေမဲ့ ဘာကြောင့်များ နှလုံးသား



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ပုန်းအောင်းနေတဲ့ အချစ်တစ်ခုကို မပစ်ပယ်နိုင်ရက်လောက်အောင် ငါ ပျော့ညံ့ခဲ့မိပါလိမ့်။

နင့်ကိုပဲ ငါ ချစ်တယ် ရိုးမရယ်။

❣ ✧ ❣





## ၁၆

ကိုယ့်ရဲ့အလုပ်ရှင် သူဌေး[illegible]စ်ယောက်လုံးက လက်ထပ်ခွင့်တောင်းတာကို ငြင်းပယ်ခဲ့ပေမယ့် အလုပ်ခွင်မှာ ဘယ်လိုမှ အနေရ အထိုင်ရ မကျဉ်းကျပ်ခဲ့ပါ။ ဆရာဟာလည်း ခါတိုင်းနဲ့ ဘာမှမကွာခြားဘဲ ဝန်ထမ်းအားလုံးကို ပြုံးရွှင်ချိုသာ ဆက်ဆံမြဲ။ နုပျိုကိုလည်း ပြုံးရွှင်ကြည်သာ ဆက်ဆံ၏။

ဘာမှမှုမပျက် ဟန်မပျက်။ စိတ်လည်း ထိနိုက်ပုံလည်းမရ။ ဆုံးရှုံးမှုလည်း ရှိပုံမရ။ တယ်တော့ ဆရာဟာ သူကိုယ်တိုင်လည်း အိမ်ထောင်ပြုသင့်ပြီလို့ စိတ်ကူးချိန်မှာ နုပျိုကိုလည်း မမျှော်လင့်ဘဲ သနားကရုဏာသက်မိတာနှင့် စောင့်ရှောက်လိုတဲ့ မေတ္တာမျိုး ထားမိတာ ထင်ပါရဲ့။

ဒေါက်တာစွမ်းထွဋ်ကို ငြင်းပယ်သော်လည်း ဆေးခန်းမှာ ပေါ့ပေါ့ပါးပါး ပျော်ပျော်ရွှင်ရွှင်သာ အလုပ်ဆင်းနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



နုပျိုတစ်ယောက် ဒီဆေးခန်းကို စွန့်ခွာပြေးဖို့ ဆုံးဖြတ်လိုက်ပြီ ရက်တစ်ရက်မှာတော့ ဆေးခန်းတစ်ခုလုံးဟာ အုံ့သြသံ အာမေဋိတ် သံတို့ ကြွက်ကြွက်ညံမစဲအောင် ဖြစ်ခဲ့ပါသည်။

အဲဒီမနက် ဆေးခန်းကို နုပျို ရောက်လာချိန်မှာ ဆေးခန်းထဲမှာ အုန်းအုန်းကျက်ကျက် ဖြစ်နေပါပြီ။ အရင်ရောက် နှင့်နေတဲ့ ဝန်ထမ်းတွေအားလုံး တစ်နေရာမှာ စုရုံးခေါင်းချင်းဆိုင် နေကြသည်။ မနက်ပိုင်းတွေဟာ အလုပ်ပါးတတ်တဲ့ အချိန်မျိုးလည်း ဖြစ်၍ လူတိုင်းနီးပါး အားလပ်နေကြတဲ့ အချိန်ပင်။

"ဘာလဲဟော ... ဘာလဲ၊ ဘာတွေဖြစ်နေကြတာလဲ"

"သတင်းထူး ... သတင်းထူး"

"ဘာလဲဟင်"

"မမျိုး ယူလာတဲ့ ဂျာနယ်ထဲမှာလေ၊ အရမ်းထူးဆန်းတဲ့ သတင်း"

"ဘာသတင်းလဲဟင်"

စုပြုံအုံကြည့်နေတဲ့ လူအုပ်ရဲ့ နောက်နားကနေ နုပျိုကလည်း အတင်းမြင်ရအောင် တိုးဝင်မိပါသည်။

"ဦးနေထွန်းမှာ နောက်ထပ်မိန်းမတစ်ယောက်နဲ့ သားတစ် ယောက်"

"ရှူး ... တိုးတိုး"

"ဆရာက သုံးထပ်က ရုံးခန်းမှာပါ၊ အောက်မှာ မရှိပါဘူး"





"တွေ့လည်း ဘာဖြစ်လဲ၊ ကြားလည်း ဘာဖြစ်လဲ၊ သူလည်း မသိတာမှ မဟုတ်ဘဲနဲ့"

ဦးနေထွန်းဟာ မင်းသားတစ်ယောက် ဖြစ်တဲ့အပြင် ကိုယ့်အလုပ်ရှင် ဆေးခန်းပိုင်ရှင် ဒေါက်တာစွမ်းထွန်းရဲ့အဖေဖြစ် တာလည်း ရောပေါင်းကာ ဝန်ထမ်းတို့ဟာ သံယောဇဉ်ပိုကြပြီး သားပါ။ ဦးနေထွန်းမှာ နောက်ထပ် သားတစ်ယောက် ခုမှပေါ် လာတယ်ဆိုတဲ့ သတင်းထူးအပေါ် အံ့အားတသင့် တုန်လှုပ်နေ ကြတာမှန်း နုပျို သိလိုက်ရပါသည်။

"အာ ... ဆရာကိုတောင် ခုန အန်တီစတ[illegible]ာ လှမ်း ပြောသေးတယ်၊ ဆရာအဖေ သတင်းထူး ပါလာတယ်ဆို တာ၊ ဆရာက ပြုံးပြီးတော့ ကြည့်ပြီးပြီ မနေ့က ဂျာနယ် တိုက်က လာပို့လို့ ကြည့်ပြီးပြီတဲ့၊ ပြောပြီး တက်သွားတာ၊ ဆရာကြားလည်း အေးဆေးပါ"

နုပျိုက အတင်းတိုးကာ ...

"ကျုပ်လည်း ကြည့်ချင်တယ်၊ ကြည့်ချင်တယ်"

"ဟဲ့ ... နုပျို၊ နင် လုံးဝမသိဘူးလား"

"ဘာကိုလဲ ... နုဝေ"

"အဲဒါလေ၊ အဲဒါ နင့်သူငယ်ချင်း မဟုတ်လား"

"ဘယ်သူငယ်ချင်းလဲ"

"ဟိုအယ်ဒီတာ ချောချောလေ"



www.burmeseclassic.com

www.burmeseclassic.com



“ဘယ်ဟာလဲ”

“ရီးမလေ ... ရီးမက နင့်သူငယ်ချင်း မဟုတ်လား”

“ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ”

“သူပဲ”

“သူက ဘာဖြစ်လို့လဲ”

“သူက ဦးနေထွဋ်သားအငယ်၊ ဆရာနဲ့ အဖေတူအမေ ညီ”

“ဘာ ...”

“ဆရာညီ၊ ဆရာညီ၊ ဦးနေထွဋ်ရဲ့ တခြားအိမ်ထောင် ရတာ”

“ဟင်”

နပို့ အလန့်တကြားနှင့် ပါးစပ်လေးပင် အဟော သွားဟကာ ဘယ်လိုမှ မယုံကြည်နိုင်လောက်အောင် ဖြစ်နေ သည်။ ရီးမက ဦးနေထွဋ်ရဲ့ တခြားအိမ်ထောင်နဲ့ရတဲ့သား ဆရာရဲ့ညီတဲ့။ ဟုတ်လို့လား။ ဘုရားရေ ... ဘာတွေဖြစ်ကုန် ပါလဲ။

“နဝေ ... ငါ့ကို ခဏလေး”

နပို့က လက်လေး ကမ်းထားလိုက်ပါသည်။

“နေပါဦး မနုပို့ရဲ့။ ကြည့်ပါရစေဦး၊ သူကလည်း တာပဲနော်၊ ဆံပင်လေးတွေက ဖွာဖွာနဲ့၊ သူက ခပ်မိုက်မိုက် လေး၊ ဆရာနဲ့ တစ်မျိုးစီချောတာ”





“အမယ်လေး ... မပြင်ဖူးတာ ကျနေတာပဲ၊ ဆေးခန်း အကြောင်း ဆောင်းပါးတုန်းက ဒီကိုလာပြီး သုံးထပ်လုံး ဆင်းတက် ဓာတ်ပုံတွေရိုက်နေတာပဲဟာ”

“အဲဒီနေ့က သမီးက ခွင့်ယူလို့ မမညိုရဲ့၊ အမယ်လေး လွဲ သွားတာပေါ့ကွယ်”

“ဟဲ့ ... တိုးတိုး”

“ပြီးရင် နပို့ နည်းနည်းလောက် ကြည့်ချင်လို့ပါ”

နပို့က အသံလေးတုန်တုန်နှင့် ထပ်ပြောလိုက်ပါသည်။ ဂျာနယ်ဟာ တစ်လက်ပြီး တစ်လက်ထဲမှာ ဖွတ်ဖွတ်ကြေနေပြီ။ နပို့လက်ထဲ ရောက်လာချိန်မှာ တွန့်တောင်ကြေနေပါပြီ။ နပို့က သတင်းဦးအထူးအဖြစ် မျက်နှာဖုံးပေါ်တင်ထားတဲ့ ဦးနေထွဋ်ကို ဒေါက်တာစွမ်းထွဋ်နှင့် ရီးမ တစ်ဖက်စီချက်က ရထားတဲ့ ဓာတ်ပုံကို မယုံကြည်နိုင်စွာ သတိလက်လွတ် ငေးကြည့်နေမိပါသည်။

အလယ်က သတင်းပါတဲ့ စာရွက်လေးကို တစ်ရွက်တည်း ကိုယ်ကောင်တာယူပြီး အေးအေးဆေးဆေး ဖတ်ကြည့်နိုင်ချိန်က ဆယ်နာရီခွဲလောက်တောင် ရှိနေပြီ။ ဦးနေထွဋ်ရဲ့အင်တာဗျူးအဖြေစကားတို့က ပီတိနှင့် မြူးထူးရွှင်ပျနေပါသည်။

သြော် ... ပြန်ဆုံကြ သိကြတာ ရီးမရဲ့အမေဆုံးပြီးမှကိုး။ အရမ်းတော့ မကြာသေးဘူးပေါ့။ အဲဒီကတည်းက ရီးမ



www.burmeseclassic.com

www.burmeseclassic.com



က ဦးနေထွဋ်အိမ်ကို ပြောင်းနေနေပြီ။ လုံးလုံးကို ပြောမပြဘဲ ဖုံးဖိမှက်ထားခဲ့တာပါလား ရီးမရယ်။ ရီးမကိုတော့ မေးခွန်း တရှည်တလျားတစ်ခု မေးထားတာ တွေ့ပေမယ့် ရီးမကတော့ တိုတိုတုတ်တုတ် "ကျွန်တော် ဖေဖေနဲ့ ပြန်ဆုံရတဲ့အတွက် သိပ် ပျော်ပါတယ်"တဲ့။

အယ်ဒီတာကြီးဟာ သူ့ဟာသူကျတော့ ဖွယ်ဖွယ် ရာရာ ကွန့်ကွန့်ညွှန့်ညွှန့် မဖြေပါ။ ရီးမရဲ့ ငယ်ဘဝက အမေနှင့် တွဲလျက်ပုံလည်း ပါသည်။ ကလေးတုန်းကပုံလေး။ ချစ်စရာလေး ပင်။ အံ့ဩလောက်အောင် ဆန်းကြယ်တဲ့ ကံကြမ္မာပါလား။ ငယ်ငယ်ကလေးတည်းက တစ်ရပ်ကွက်တည်းနေ တစ်ကျောင်း တည်း တစ်တန်းတည်း တက်ခဲ့တဲ့ ဤကောင်ကလေးဟာ ရပ်ရှင် မင်းသား ဦးနေထွဋ်ရဲ့သား ဖြစ်နေမယ်လို့များ မတွေးမိပေါင်။

သူကိုယ်တိုင်ဆို ကာယကံရှင်မို့ ဘယ်လောက်တောင် အံ့ဩတုန်လှုပ်နေလိုက်မလဲ။ ဒါပေမဲ့ ဘာကြောင့်များ ငါ့အပေါ် ဖုံးဖိထားပြီး ဒီကိစ္စ ဖွင့်မပြောခဲ့ပါလိမ့် ရီးမရယ်။ နင် ရက်ကိုး ရက်ကန်း ဖြစ်နေတာ မဟုတ်လား။ သူ့ပုံစံ သူ့သဘောများ နားကျေလွန်းလို့။ ဝမ်းသာမိပါတယ် ရီးမရယ်။

နင့်ရော ငါရောဟာ အဖေရော အမေပါ မရှိတော့ တဲ့ မိဘမဲ့တွေလို့ သိထားရတဲ့ အခြေအနေကနေ နင့်မှာ ဖခင်ရင်း ပေါ်ထွက်လာတာ ပြန်ဆုံတွေ့ရတာကို ငါ ဝမ်းသာပါ



တယ်။ ပြီးတော့ ပေါ်လာတဲ့အဖေဟာ ဂုဏ်ယူလောက်တဲ့အဖေ။ အောင်မြင်ကျော်ကြားတဲ့ အနုပညာရှင်ကြီး။ ပြီးတော့ ချမ်းသာ ကြွယ်ဝတဲ့ ပြည့်စုံမှုတွေနဲ့။

နင့်ဘဝဟာ လိုလေသေးမရှိ ပြီးပြည့်စုံသွားပြီပဲ။

တစ်နံနက်ခင်းလုံး နုမို့ မတက်ကြွတော့ပါ။ အား လုံးဟာ ဒီသတင်းပဲ ပြောမဆုံးပေါင် တောသုံးထောင် ဖြစ်နေကြ သော်လည်း နုမို့ နှုတ်ဆိတ်နေခဲ့သည်။ တနင့်တပိုး ဆင်ခြင်တွေး တောစရာ ရှိလာခဲ့ပြီလေ။ ရီးမအတွက် ဝမ်းသာစရာ ဖြစ်ပေမယ့် ဒီအခြေအနေဟာ နုမို့ အတွက် ဝမ်းသာစရာ မဖြစ်တော့။

"ဆရာ့လိုလူကို ငြင်းခဲ့တယ်၊ ငါ့ တကယ်ချစ်တဲ့သူ ဟာ နင်ပဲမို့လို့ပေါ့"လို့ သူ့ကို ပြောပြချင်ခဲ့တာ။ ပြည့်စုံမှုကို နောက်ထားပြီး တကယ့်အချစ်စစ်စစ်ကို သူ့ထံပေးအပ်ခဲ့တာပါလို့ သူ ဂုဏ်ယူကျေနပ်စေလိုခဲ့တာ။ အဲဒီတနင်္လာနေ့ကသာ သူနဲ့ တွေ့ခွင့် ပြောခွင့် ရခဲ့ရင် ဒီစကားလေးတစ်ခွန်းဟာ (ကံကောင်း ထောက်မစွာ) တန်ဖိုးကြီးမားခဲ့မှာပါ။

ခုမှ ဒီစကားကို သူ့ကို ပြောရမယ်ဆိုရင် ဒီစကားရဲ့ တန်ဖိုးဟာ အချိန်အခါကြောင့် နိမ့်ဆင်းလျော့ကျသွားပြီ။ သူ့မှာ ပိုက်ဆံမချမ်းသာလည်းပဲ ချစ်မယ့် လူနုမို့ ဆိုတာ သူ ဂုဏ်ယူလို့ မရတော့ဘူးပေါ့။ ဦးနေထွဋ်သားဖြစ်သွားတဲ့ သူ့ကိုချစ်တဲ့ လူနုမို့ လို့ပဲ ယူဆချင်စရာ ရှိတော့တာ။

www.burmeseclassic.com

www.burmeseclassic.com



ဟင့်အင်း ... ရှိးမရယ်။ နင် ချမ်းသာသွားမှ ငါက ချစ်နိုင်တဲ့သူလို့ နင် ထင်သွားမှာကို ဝမ်းနည်းတယ်။

❣ ✧ ❣

တကယ်တမ်းတော့ သူ အိမ်နဲ့ မိသားစုနဲ့ အလုပ်ခွင်နဲ့ နုပျိုနဲ့ ခပ်လှမ်းလှမ်းမှာခွဲပြီး ကြာကြာမနေနိုင်ပေ။ လွမ်းလိုက်တာ လွမ်းလိုက်တာ ဆိုတာ ထိုင်မရ ထမရ ဖြစ်နေလောက်အောင်ပင်။ သူတို့သတင်းပါတဲ့ သူတို့တိုက်ထုတ် ဂျာနယ်ဟာ ပဲခူးမြို့မှာလည်း ရောင်းမလောက်။

ဦးနေထွန်းရဲ့အင်တာဗျူးထဲမှာ မေမေ့ကို ပဲခူးသူလေးအဖြစ် ဖော်ပြထားခဲ့တာကိုး။ မေမေ့ကို ရှိးမကို သိသူတွေလည်း သိကြသည်။ ရှိးမက ဘကြီးအိမ်မှာ တည်းနေပေမယ့် အဲဒီနေ့က အိမ်မှာ အနီးတစ်ဝိုက်က မေမေ့အမျိုးတွေ ပြည့်လျှံသွားလိုက်တာ အလှူပွဲ ကျင်းပနေလား ထင်ရသည်။

သူ့ကိုတအံ့တဩ မေးကြ မြန်းကြ၊ ကြည့်ကြရှုကြ လုပ်မယ့်ဒဏ် မခံလိုလို့ ထွက်လာခဲ့တာ ဖြစ်ပေမယ့် ဒီမှာလည်း သူ့အသိုင်းအဝိုင်းတစ်ခု ရှိနေရာ အဲဒီဒဏ်က လုံးလုံးမကင်းလွတ်နိုင် မရှောင်နိုင်ပါ။ မထူးပါဘူး၊ အလွမ်းဒဏ်ကိုခံပြီး အဝေးနှင်နေလည်းပဲ ရောက်လေရာအရပ်မှာ သိတဲ့သူက စိတ်ဝင်တစား မေးမြန်းမှာပဲ။





ဘယ်ကိုရောက်နေနေ လွတ်တော့ မလွတ်နိုင်။ သူ့ရဲ့လက်တလော ဓာတ်ပုံကလည်း ဖေဖေ, ကိုကိုတို့နှင့်တွဲကာ ပါလာတာဆိုတော့ သူ့ကို ပတ်ဝန်းကျင်က မသိကြတဲ့ မြို့တစ်မြို့ကို ထွက်သွားရင်တောင် ဂျာနယ်နဲ့တိုက်ကြည့်ပြီး မှတ်မိတဲ့လူက မေးချင်မေးဦးမှာပင်။ လူသူမနီး တောကြီးမျက်မည်းလည်း သွားရှောင်နိုင်တာ မဟုတ်ဘဲနှင့်။

အဲသည်လိုနှင့် ...။

သူတို့ဂျာနယ်ထွက်ရက်က ဗုဒ္ဓဟူး။ သောကြာနေ့မှာ သူ ရန်ကုန်ပြန်ချလာခဲ့ပါသည်။ ခွင့်တွေကျန်ပေမယ့် ရန်ကုန်မှာပဲ ဒီခွင့်ရက်တွေ ခံစားတော့မည်လေ။ သော[illegible]နေ့ ပြန်တော့ စနေမနက် နုပျို ဆေးခန်းမသွားမီအချိန် ဘတ်စ်ကားဂိတ်ကို သွားတွေ့လို့ရသည်။ တနင်္ဂနွေဆိုရင် မတွေ့နိုင်တော့ဘူးလေ။ သောကြာနေ့က ညနေမှ ထွက်လာ၍ ညဘက်မှ သူ ပြန်ရောက်လာပါသည်။

"ဘယ်လိုလဲ ငါ့သား၊ စတေးရှောင်လို့ ပြီးပြီလား၊ ဂျာနယ်ကို ဟိုမှာတွေ့တယ် မဟုတ်လား"

"ဟုတ်ကဲ့၊ တွေ့ပြီးပါပြီ ဖေဖေ၊ ကိုကို ပြန်ရောက်နေပြီလား ဖေဖေ"

"အေး ... စာကြည့်ခန်းထဲမှာရှိတယ် သွား"



www.burmeseclassic.com

www.burmeseclassic.com



ရီးမက စာကြည့်ခန်းတံခါးကို နှစ်ချက် သုံးချက် ခေါက်ပြီးနောက် ဖွင့်ဝင်သွားတဲ့ အချိန်မှာ သူ့ရဲ့ညာလက်ကို ကိုကို ထိုင်နေရာ စားပွဲဆီ လျှောက်သွားရင်းက တစ်ချိန်လုံး ဆန့်တန်းသွားပါသည်။ လှမ်းကြည့်နေတဲ့ ကိုကိုက သူ့ကို ခပ်ပြုံးပြုံးနှင့် လက်ပြန်ကမ်းထားလိုက်ပါသည်။

"ကွန်ဂရက်ကျူလေးရှင်း ကိုကို"

"ကွန်ဂရက်ကျူလေးရှင်းပါကွာ ... ငါ့ညီမ"

"ဟင် ... ကျွန်တော်က ဘာဖြစ်လို့ !! "

"မင်းကသာ ဘာဖြစ်လို့ ငါ့ကို ကွန်ဂရက်ကျူလိတ် လုပ်ရလဲ ပြောပါဦး၊ မင်းသာ မှားနေတာကွ"

"တနင်္ဂနွေနေ့က နုပျို ကိုကို့ကို အဖြေပေးတာ ကျွန်တော် သိပါတယ်၊ အဖြေပေးလိုက်တော့မယ်လို့ သူ ပြောတယ်"

"အင်း ... အဖြေပေးပါတယ်၊ ဒါပေမဲ့ သူ ငြင်းတာကွ"

"ဗျာ"

"တကယ်တော့ မင်းသူငယ်ချင်းလေး ကြည့်ရတာ အားကိုးရာမဲ့ ကျောထောက်နောက်ခံ ဗလာဘဝကနေ ရုန်းထွက်နိုင်ချင်တယ်နဲ့ တူပါတယ်၊ မှီခိုအားကိုးရာ တစ်ခုကို လိုအပ်ရှာတဲ့သဘောပါ၊ သူ ဒါကို ရှေ့တန်းတင်ထားပေမယ့် တကယ်တမ်းကျတော့ သူ နောက်တန်းကို ပို့ထားတဲ့ သူ့ရင်ထဲက အချစ်စစ်ကို သူ ဆန့်ကျင်လို့ ရုန်းထွက်လို့မရ





ဘူး ဖြစ်နေတာ၊ နောက်ဆုံးတော့ သူက အချစ်စစ်ကိုပဲ ရွေးလိုက်တာပဲ ရီးမ"

"အချစ်စစ် ! "

"သူ ဒီအတိုင်း ငါ့ကိုပြောတာပါ၊ ငါလည်း ရိပ်တော့ရိပ်မိနေပါတယ်၊ မင်းအပေါ် နုပျို့ အင်မတန် သံယောဇဉ်ကြီးတာကို၊ တနင်္ဂနွေနေ့တွေ စကားပြောဖြစ်တိုင်း မင်းအကြောင်းက သုံးပုံနှစ်ပုံလောက်ပါတာ၊ အမြဲပြောဖြစ်နေတာ အမြဲစိတ်ထဲရှိနေလို့ပေါ့။ အဲဒီနေ့ကတော့ ငါမေးလိုက်ပါတယ်၊ မင်းရဲ့အချစ်စစ်ဆိုတာက ရီးမအတွက်လားလို့၊ သူ ငြိမ်နေတယ်ကွ၊ မင်းပဲ ရအောင်ဆက်မေးတော့ပေါ့ကွာ"

"အ ... ကိုကို ... ကျွန်တော် ..."

"မင်း ငါ့အပေါ် မျက်နှာပူတာတွေ အားနာတာတွေ စိတ်မထားနဲ့၊ ငါကိုယ်တိုင်လည်း နုပျိုကို သူ့အနေအထားလေးကို ကရုဏာသက်တာ၊ စောင့်ရှောက်မှုပေးချင်တာမျိုးနဲ့ လက်ထပ်ခွင့်တောင်းတာပါ၊ သူ [illegible]က်မခံတဲ့ အပေါ်လည်း ငါ နားလည်မှုရှိတယ်၊ အဲဒီနောက်ရက်တွေ ဆေးခန်းမှာ သူလည်း ပျော်ပျော်ရွှင်ရွှင် အလုပ်ဆက်ဆင်းခဲ့တာပဲ၊ ဒါပေမဲ့ ဂျာနယ်ထွက်တဲ့ရက်ကျမှ"

"ကိုကို ... နုပျိုက ဘာတဲ့လဲ"

ရီးမက အမောတကော မေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညဘက် ဆေးခန်းပိတ်မှ သူနဲ့ နုနုဝေက မီးခံသေတ္တာထဲ ပိုက်ဆံလာသိမ်းနေကျဆိုတော့ လာသိမ်းကြတယ်လေ၊ အဲဒီတုန်းမှာ ငါ့စားပွဲပေါ် သူ တိတ်တိတ်တင်ခဲ့တယ်ထင်တယ်၊ ငါက နောက်နေ့မနက်မှ တွေ့တယ်ကွ၊ ထွက်စာပေးပြီး မလာတော့တာ ဒီနေ့ပါဆို နှစ်ရက်ပေါ့ကွာ"

"… … …"

"မင်းသတင်းကို သူ တော်တော် Shock ဖြစ်သွားတဲ့ပုံပဲ၊ တစ်ဆေးခန်းလုံးတော့ ဗူးဝါးဖြစ်နေကြတာပေါ့ကွာ၊ သူ့အဖို့တော့ တစ်ခုခု ဖြစ်သွားစေတယ် ထင်တယ်"

နုပျို ဘာဖြစ်သွားသလဲ သူသိပါသည်။ ဂျာနယ်ထွက်တဲ့နေ့က သူ ဖော်လွင်တို့ဆီ ဖုန်းလှမ်းဆက်ဖြစ်သေးသည်။ တနင်္ဂနွေနေ့က မိုးထဲလေထဲ နုပျိုရောက်လာခဲ့တာ သိရသည်။ ကိုကို့ကို ငြင်းခဲ့တာ သူက မသိတော့ ခေါင်းညိတ်လက်ခံပြီးတဲ့နောက် ရှီးမကို ပြေရာပြေကြောင်း ချွေးသိပ်ဖို့လာတာမျိုးလို့ ထင်ခဲ့မိပါသည်။

တကယ်တော့ ကိုကို့ကို ငြင်းဆန်ပြီး သူ့ဆီပြေးလာခဲ့တာကိုး။ အောင်မြင်တဲ့ ရုပ်ရှင်မင်းသားကြီးရဲ့သား၊ သူဌေးသားလည်း သူဌေးသား၊ ကိုယ်ပိုင်စီးပွားရေးနဲ့လည်း ပြည့်စုံနေတဲ့ ဆရာဝန်တစ်ယောက်ရဲ့ လက်ထပ်ခွင့်ကို ငြင်းပယ်ခဲ့ပြီး အညတြ သာမန်ကောင်လေးတစ်ယောက်ဆီ မင်း အပြေးလာခဲ့တာ။ အဲဒီ



အညတြကောင်ကလေးကို မင်းရဲ့ အချစ်စစ်တစ်ခုကို မင်း ပေးအပ်ချင်ခဲ့တာ။ အဲဒီလို မဟုတ်လား။

ဂျာနယ်ထွက်လိုက်တော့ အညတြ ကောင်ကလေးလို့ သူ ထင်ထားခဲ့တဲ့သူဟာ မမျှော်လင့်ဘဲ ပြည့်စုံတဲ့ဘဝတစ်ခုကို မြင့်တက်သွားသူ ဖြစ်နေတာ သိခဲ့ရတဲ့အခါ …။ ငါကလည်း အချိန်မီ ရှိမနေခဲ့တော့ နင်ပေးမယ့် အချစ်စစ်ဟာ ငါ့ရဲ့ဘဝသစ်နဲ့ ချိတ်တွယ်ငြိဆက်နေသလို ဖြစ်သွားတော့မှာ နင် စိတ်ဓာတ်အကျကြီးကျ၊ ဝမ်းအနည်းကြီး နည်းသွားခဲ့တာ မဟုတ်လား နုပျို။ ဒါကြောင့် ထွက်ပြေးရှောင်ပုန်းသွားတာ မဟုတ်လား။

"အဆောင်မှာတော့ မရှိဘူး၊ ငါကလည်း အဆောင်လိပ်စာပဲ သိတာလေ"

"ကျွန်တော် ရအောင်လိုက်ရှာမယ်"

❣ ✧ ❣

စနေမနက် စောစောကြီးမှာ နုပျို မိတွေးအိမ်ကို ရောက်သွားပါသည်။ သူ့ကိုတွေ့တွေ့ချင်းပင် နုပျိုမိတွေးဖြစ်သူက …

"မင်းလည်း ဦးနေထွဋ် သားကိုး၊ မင်းအစ်ကိုနဲ့ နုပျိုက မပတ်သက်ဘူးဆိုတော့ နုပျို ချစ်သူက ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ပဲ အန်တီ၊ နပျို အခု ဘယ်သွားလဲ၊ အန်တီ သိရင် ပြောပြပေးပါ ခင်ဗျာ"

"သူ့သေတ္တာတစ်လုံးတော့ လာထားသွားတယ်၊ ဘယ်သွားမယ်တော့ အန်တီ့ကို မပြောပါဘူး၊ ဒါပေမဲ့ ပဲခူးက သူ့အဖေညီမက သူ့အဖေဆုံးတုန်းက သူ့အဖေဓာတ်ပုံတစ်ပုံ လောက်ပေးဖို့ သူ့ကို ပြောထားတာရှိတယ်၊ အခု သူ ဒီက သွားခါနီး ဖေဖေ့ပုံ တစ်ပုံလောက် ပေးနိုင်တဲ့ပုံ ဆေးလိုက်ပါဦးလို့ တောင်းတယ်လေ၊ သူ့အဒေါ်ဆီပဲ သွားမှာ ထင်တာပဲ"

"ကျေးဇူးပါပဲ အန်တီ"

နပျိုအဒေါ်ရဲ့အိမ်တော့ သူ မသိပါ။ ဒါပေမဲ့ ပဲခူးမြို့ကြီးမှာ သူ့ခြေရာတွေ ဒင်းကြမ်းထပ်နေတာပဲ။ နပျို တကယ်သာ ရှိနေခဲ့ရင် ပုန်းလို့ရလည်း ခဏပေါ့။

❦ ◇ ❦





သောကြာညမှာ ပြန်သွားပြီး စနေမနက်မှာ အစောကြီး ချက်ချင်းပြန်ရောက်လာတဲ့ သူ့ကို ဘကြီးက အံ့သြနေခဲ့သေးသည်။ နပျိုအဒေါ်ကို မသိသော်လည်း နပျိုအဖေနာမည်ကို တပ်ပြီးမေးတော့ ဘကြီးက ...

"ဦးလင်းဆွေညီမတစ်ယောက်တော့ ညောင်ဝိုင်းဘက်မှာနေတယ်ကွ၊ အဲဒီတစ်ယောက် ဟု[illegible]မဟုတ်တော့ မသိဘူး။ ဒေါ်ထားဆွေတဲ့၊ ဈေးကြီးမှာ အထည်ရောင်းတာပဲ၊ ဟုတ်မဟုတ် သွားတော့မေးကြည့်လိုက်ပေါ့၊ သူ မဟုတ်လည်း တခြားတစ်ယောက်ယောက် ရှိသေးရင် သူ့ဆီက လိပ်စာ ရမှာပေါ့"

ညောင်ဝိုင်းက နပျိုအဒေါ်အိမ်ရောက်လျှင် နပျိုအဒေါ်သည် ဂျာနယ်ကောင်းမှုကြောင့် ရီးမင့်ကို ကောင်းကောင်းကြီး သိနေကာ ဝမ်းသာအယ်လဲ ကြိုဆိုသည်။

"သားအမေကို မရင်းနှီးပေမယ့် သိတော့ သိတယ် သားရဲ့၊ နပျိုကိုပြောတော့ သားက သူ့ကျောင်းနေဖက်ငယ်သူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်းဆို၊ နုပျို ကျောင်းထဲ အလွမ်းပြေသွားကြည့်မယ်ဆို ပြီး ထွက်သွားလေရဲ့ သား၊ သား လိုက်သွားလိုက်လေ"

ဂျာနယ်ထဲ ဦးနေထွင့်သားအဖြစ် ပါလာတော့ မျက်နှာတွေပွင့်ကာ တစ်ခါမှ မမြင်ဖူးတဲ့သူပေမယ့် ဖော်ဖော်ရွေ ရွေ ကောင်းကောင်းမွန်မွန် ဆက်ဆံခဲ့ရပါသည်။

သူတို့ငယ်ငယ်က အတူတကွ တက်ခဲ့တဲ့ အထက် တန်းကျောင်းဝင်းကြီးထဲ သူ ရောက်လာတဲ့အခါ ကျောင်းရဲ့အထင် ကရ ကုက္ကိုပင် အကြီးကြီးရဲ့အောက်မှာ နုပျိုကို လှမ်းတွေ့လိုက် ရတော့တာပင်။ သစ်မြစ်ပေါ်ထိုင်ကာ ဒူးပေါ်လက်ပိုက်တင်ရင်း မေးလေးထောက်ကာ ငေးမောနေတဲ့ နုပျိုရဲ့အတွေးထဲမှာ ဘာတွေ ရှိနေခဲ့မလဲ သူ သိပါသည်။

အချစ်ကို ဦးစားပေးပြီး ဘဝရှေ့ရေးကို ဆုံးဖြတ်ခဲ့ တဲ့ ကောင်မလေးကို သူက သူ့ရဲ့ချစ်ခြင်းမေတ္တာ၊ သူ့ရဲ့သံယော ဇဉ်၊ သူ့ရဲ့အကြင်နာကရုဏာ၊ သူ့ရဲ့သစ္စာတရား၊ သူ့မှာရှိရှိသမျှ အရာအားလုံးသာမက သူ့ဘဝတစ်ခုလုံးပါ ထိုးပုံအပ်နှံချင်တဲ့ အကြောင်း မရမက ခွင့်တောင်းယူရဦးမှာပါ။

❣ ✧ ❣

လမင်းမိုမို

www.burmeseclassic.com